http://www.dhammadownload.com

# ဗုဒ္ဓဓမ္မပြဿနာများ
# (၄)



ဓမ္မဒူတ အရှင်ပညာဇောတ

http://www.dhammadownload.com

# ဗုဒ္ဓဓမ္မပြဿနာများ-၄

ဧတဒဂ်

အရှင်ပညာဓောတ

http://www.dhammadownload.com

ဘာသာရေးဆိုင်ရာစာမူခွင့်ပြုအမှတ် - (၁၃၄)

ပထမအကြိမ်
၁၉၇၉ ခုနှစ်၊ ဖွန်လ

အုပ်ရေ - ၂၀၀၀

ပန်းချီ
စံတိုး

ဘလောက်
လွင်

တန်ဖိုး - ကျပ်

ဒေါ်တင်မေ၊ ပိတောက်စာပေ(၀၁၅၁၇) ၁၁၆/၇ ရန်ကင်း၊ ရန်ကုန်မြို့က ထုတ်ဝေ၍ ဦးအုန်းစိန် (မြဲ-၀၃၀၇) ရွှေပြည်စိုးပုံနှိပ်တိုက် ၅၄ ဇောတိကလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်က ရိုက်နှိပ်သည်။

http://www.dhammadownload.com

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | နိဒါန်း | (က) |
| ၁။ | ရောင်တော်ပြန်ဘုရားဆိုတာရှိပါသလားဘုရား | ၁ |
| ၂။ | ကျောင်းဆောက်ခိုင်းရင် ဘယ်နှယ်လုပ်မလဲတဲ့ဘုရား | ၁၀ |
| ၃။ | အမေခေါ်သင့် မခေါ်သင့် | ၂၂ |
| ၄။ | သာစုသံနည်းနေတယ် | ၃၁ |
| ၅။ | ပန်းတစ်ပွင့်နဲ့ ဘဝများစွာအကျိုးပေးပုံ ရှင်းပြပါဘုရား | ၄၂ |
| ၆။ | ကျောင်းကိုပံ့သုကူပစ်ကောင်းပါသလားဘုရား | ၅၂ |
| ၇။ | ဘုရားကိုးဆူဆိုတာ ဘုရားချည်းကိုးဆူပါလားဘုရား | ၆၂ |
| ၈။ | တပည့်တော်မေတ္တာသုတ်ယုံသွားပြီဘုရား | ၇၆ |
| ၉။ | ကြ္လာသာ၊ မဇ္ဈိမဃသဘော ပြောပြပါဘုရား | ၈၃ |
| ၁၀။ | တို့တော့အောက်ကြည့်ပြီး ပြေးရတုန်းပဲ | ၉၈ |
| ၁၁။ | တရားပွဲတွေများလိုက်တာ ဘယ်တရားနာရမှန်းတောင်မသိဖြစ်နေပြီဘုရား | ၁၀၇ |

http://www.dhammadownload.com


၁၂။ လူသာခုခေါ် နတ်သာခုခေါ် ၁၁၈
၁၃။ သီလညှိုးတယ်ဆိုတာ ဘယ်လိုပါလဲဘုရား ၁၃၁
၁၄။ ကုသိုလ်လုပ်ကာမှ အဆင့်ကျလို့တဲ့ဘုရား ၁၃၈
၁၅။ လူကိုဘုန်းကြီးက ဦးချကောင်းပါလားဘုရား ၁၅၁
၁၆။ ဓမ္မကထိကဆိုတာ သွားကျိုးတတ်တယ် ၁၆၇
၁၇။ တေဒင်္ဂဆိုတာ ဘွဲ့ထူးမဟုတ် ၁၇၂
၁၈။ မေတ္တာသုတ်ရွတ်ပါဦးလား? ၁၇၉
၁၉။ တရားပွဲမှ ပြဿနာပေါ်ခြင်း ၁၉၁
၂၀။ သံဃိကလိုက်တတ်တယ် ၂၀၀
၂၁။ အရှင်ဘုရား အံ့ဩစရာကြီးပါလားဘုရား ၂၁၄
၂၂။ ဓမ္မကထိကကလည်းတယ်ရိုးတာပဲ ၂၂၂
၂၃။ ကိုယ်ထောင်တဲ့လှေကား ကိုယ်မဖျက်ဆီးနဲ့ ၂၃၄
၂၄။ သောတာပန်ရဟန်း လူထွက်ပါသေးသလား? ၂၄၁
၂၅။ အရက်သောက်ခြင်းဘုရားမကြိုက် ၂၆၆
၂၆။ ခိုးသူဓားပြကြီးငါးမျိုးပြောပြပေးပါဘုရား ၂၈၀
၂၇။ မနောချမ်းသာအောင်ကျင့်သုံးနေပါတယ်ဘုရား ၂၉၄
နိဂုံး ၃၀၃

http://www.dhammadownload.com



# နိဒါန်း

## ပြဿနာများ

လူသုံးပါးတို့၏ ကိုးစားအားထားရာဖြစ်သော ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ လေးဆယ့်ငါးဝါ ကာလကြာအောင် ဟောကြားတော်မူခဲ့သည့် တရားဓမ္မတို့သည် ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင် များပြားလှကုန်၏။ သို့ဖြစ်ရကား ယင်းဗုဒ္ဓ၏ ဓမ္မတို့ကို မသိသူတို့၏ အဖို့ရာမှာလည်း ပြဿနာများ များလှလေ၏။

## အမှတ် (၄)

ယင်းသို့ များလှသော ပြဿနာများကို မိမိနှင့်တိုက်ဆိုင်တွေ့ကြုံရသမျှထဲမှ အများနှင့်သက်ဆိုင်၍ ပြုပြင်ရေးလည်းပါ အကျိုးလည်းများ စိတ်ဝင်စားဖွယ်ရာလည်းကောင်းသော ပြဿနာများကို မိမိရေးသား တင်ပြခဲ့ရာ ယခုအခါ ပြဿနာများ (၄) သို့ပင် ရောက်ချေပြီ။

http://www.dhammadownload.com

(ခ)

## စာများရောက်ခြင်း

ပြဿနာများ (၁-၂-၃) ထွက်ပြီးသည့်မှစ၍ မိမိထံသို့ ပြဿနာများကို စိတ်ဝင်စားကြောင်း ဆက်လက်ရေးသားပါရန် အကြံဉာဏ်များပေးခြင်း၊ မေးမြန်းခြင်း စသည့် စာများရောက်ရှိပါသည်။ အချို့စာများမှာ မိမိတို့နှင့် တိုက်ဆိုင်နေသည့်အတွက် ပေးစာများလည်း ပါပါသည်။

## ဓမ္မစိဒ္ဓာန်သာ

မိမိအနေနှင့် ဤပြဿနာများကို ရေးသားရာ၌ မည်သူ့ကိုမျှ သာစေ-နာစေလိုသော စိတ်ဆန္ဒမပါ၊ သိစေ မြင်စေ လိုက်နာ ရှောင်ကြဉ်စေလိုသော စိတ်စေတနာဖြင့်သာ ရေးသားကြောင်း ဓမ္မစိဒ္ဓာန်ကျကျ ရေးသားကြောင်းကို အမှတ် (၁) ထဲကပင် ဖော်ပြဝန်ခံထားပါသည်။

## ပေါ်ချင်-ပျောက်ချင်

မိမိအနေနှင့်မူ သုံးလူ့ထွတ်ထား မြတ်ဘုရား၏ သာသနာ့ဂုဏ်ရောင် ပေါ်စေချင်ပါသည်။ သို့ဖြစ်၍ သာသနာ့ဂုဏ်ရောင် ပေါ်စေမည့် ပြဿနာများကို ရွေးချယ်တင်ပြပါသည်။ တစ်ဖန် သာသနာ့ဂုဏ်ရောင် ညှိုးနွမ်းစေမည့် ပြဿနာများကိုလည်း ရှောင်ရှားနိုင်ရန် ဖော်ပြပါသည်။

http://www.dhammadownload.com



## အမည်မဖော်

ယင်းသို့ဖော်ပြရာ၌ ဓမ္မဓိဋ္ဌာန်ကျနိုင်စေရန် ပုဂ္ဂိုလ်အမည် မြို့ရွာဒေသ စသည်တို့ကို ထိန်ချန်ထားခဲ့ပါသည်။ သို့မှသာ ဓမ္မဓိဋ္ဌာန်ကျ၍ ရိုးသားမည်ဟု မိမိထင်သည်။ ကဲ့ရဲ့စရာ ပြဿနာများနှင့်ကြုံလျှင် တို့ကို အများက ကဲ့ရဲ့နေပါလား တို့ရှောင်မှပဲဟု ရှောင်နိုင်ရန်၊ ရှောင်နိုင်လျှင် ဂုဏ်တက်ရန် ဖြစ်ပါသည်။ အကောင်း ပြဿနာများကို အတုလိုက်လျှင် ဂုဏ်တက်သည့်ထက်တက်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ မိမိအကြောင်းရော အများ အကြောင်းပါ ရိုးသားစွာ ဖော်ပြပါသည်။

## အကုန်လက်မခံ

ယခုအခါကား သိပ္ပံပညာ ထွန်းကားသောအခါ ဖြစ်သည်။ သိပ္ပံပညာ ထွန်းကားသည်နှင့်အမျှ ခေတ်ပညာတတ်တို့သည် သိပ္ပံပညာကို အားတက်သရော သင်ယူကြလေသည်။ ထိုသူ တို့သည် ခေတ်ဗဟုသုတ သိပ္ပံဗဟုသုတ ရှိကြ၏။ အလုံးစုံပုံ၍ မယုံတော့။ စူးစမ်းပြီးမှ ယုံကြတော့သည်။

## တခြားစီမဖြစ်ရန်

သို့ဖြစ်ရကား သာသနာတော်တွင် တာဝန်ရှိသူတို့သည် အဟောတခြား အလုပ်တခြားဟူ၍ တခြားစီမဖြစ်ရန် အထူးလို အပ်လှသည်။ အလုပ်ကား ဝိပဿနာ သံသရာကျွတ်လမ်း

http://www.dhammadownload.com

(ဃ)

လွတ်လမ်း၊ ဟောနေသည့်ပုံက အသံနေအသံထားနှင့် ဆွဲလား ငင်လားဆိုက သံသရာက ကျွတ်လမ်းလော၊ မျှောလမ်း မြုပ်လမ်းလောဟု စဉ်းစားသင့်၏။ တခြားစီမဖြစ်ရန်သတိပြု သင့်၏။ ရှောင်ရှားသင့်၏။

## ဝေဖန်ပြောဆိုသံများသာ

မိမိသည် ဤ၌ ယင်းသို့ ယင်းသို့ စသည့် အလုပ်နှင့် အပြော အံချော်နေသည့်အတွက် ဖြစ်ပေါ်လာသော ပြဿနာ များကိုသာ ရွေးချယ်ဖော်ပြထားပါသည်။ သို့ဖြစ်၍ မသိနားမလည် သူအချို့က သူများအပြစ်တွေ ရေးထားသည်ဟု ထင်ကောင်း ထင်ပါမည်။ သိနားလည်သူ အများကမူ တကယ့်အဖြစ်သနစ် တွေမို့ သိထိုက်သော ပြဿနာများပါတကားဟု ချီးမွမ်းကောင်း ချီးမွမ်းကြပါလိမ့်မည်။

## ထွန်းကားရေးသာ

မိမိအနေနှင့်မူ ချီးမွမ်းခြင်းကိုလည်း မလိုလား၊ ကဲ့ရဲ့ခြင်း ကိုလည်း မကြောက်ရွံ့ပါ။ မိမိလိုလားသည်မှာ သာသနာတော် ထွန်းကားရေးနှင့် မိမိကြောက်သည်မှာ သာသနာတော် ညှိုးမည် သာ ကြောက်ပါသည်။

## အနှောင်–အဆောင်

လမ်းသည် များစွာရှိသော်လည်း ခွဲလိုက်က နှစ်လမ်းသာ ထွက်ပေါ်လာမည်ဖြစ်သည်။ ယင်း နှစ်လမ်းမှာ ရှောင်ရမည့်လမ်း

နှင့် ဆောင်ရမည့်လမ်း သို့မဟုတ် သွားရမည့်လမ်း ဟူ၍ နှစ်လမ်းသာ ဖြစ်ပါသည်။ မိမိသည် ဤတွင် ဤလမ်းနှစ်မျိုးနှင့် ပတ်သက်သော ပြဿနာများကိုသာ ဖော်ပြထားပါသည်။

## ရေးရကျိုးနပ်ပြီ

ယင်းဖော်ပြချက်မှ ရှောင်စရာများကို သိရ၍ ရှောင်နိုင်သဖြင့် အကျိုးရကြပါလျှင် ဆောင်စရာများကို ဆောင်နိုင်၍ အကျိုးရကြပါလျှင် မိမိအဖို့ ပြဿနာများကို ရေးရကျိုးနပ်ပြီ ဖြစ်ပါသည်။ ရေးရကျိုးနပ်ရန် ရှောင်နိုင် ဆောင်နိုင်ကြပါစေ ကုန်သတည်းဟု ဆုတောင်းရင်း နိဒါန်းရပ်လိုက်ပါသတည်း။

**တေဒဂ်–အရှင်ပညာဇောတ**
မွန်စိန်တောရ
ရေးမြို့နယ်–အစင်ရွာ
၁၃၄၀–ပြည့်နှစ်၊ ကဆုန်လဆန်း (၈)ရက်။

http://www.dhammadownload.com



"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

# ရောင်တော်ပြန်ဘုရားဆိုတာရှိပါသလားဘုရား

{ ၁ }

ဝိဇ္ဇာမယပညာကို အစိုးရသော ဝိဇ္ဇာဓိုရ်ယောက်ျားမည်သည် လောက၌ အလွန်တွေ့ရခဲ၏။ တွေ့ကြုံ၍ လိမ္မာလျှင် လောက၌ မတွေ့ရဖူးသေးသော ဝိဇ္ဇာမယ ဆေးဝါးပညာ အာယုသိဒ္ဓိ နေသိဒ္ဓိ မျိုးကို ရတတ်၏။

မလိမ္မာသူ လူတစ်ယောက်သည် ထိုကဲ့သို့သော ဝိဇ္ဇာဓိုရ်ကို တွေ့၍ "သင် ဘာကိုအလိုရှိသနည်း" ဟု မေးလေရာ ဓာတ်ဝင် ဆေးနည်းကို အလိုရှိပါသည်ဟု ဆိုလေ၏။ ဓာတ်ဝင် ဆေးနည်းကို ပေး၍ သွားလေ၏။

လောက၌ ဘယ်အခါမဆို အိမ်တိုင်းမှာရှိကြသော ဓာတ်ဝင် ဆေးနည်း တစ်ခုရလိုက်၏ ဆိုဘိသကဲ့သို့လည်းကောင်း၊

http://www.dhammadownload.com



တောင်သူ လူမိုက်တစ်ဦးသည် သိကြားမင်းကိုတွေ့၍ "သင် ဘာကိုအလိုရှိပါသလဲ၊ ငါ သိကြားမင်းဖြစ်သည်၊ အလိုရှိရာကို ပေးမည်" ဟု ဆိုပေရာ တစ်ချက်နှစ်ချက်ခတ်လျှင် မီးရသော မီးခတ်ကောင်းကောင်း အလိုရှိပါသည်ဟုဆို၏။ သူအလိုရှိရာကို ပေး၍ သွားလေ၏။

ဘယ်အခါမဆို လူတိုင်းမှာရှိကြသော မီးခတ်ငယ်တစ်ခု ရလိုက်၏ ဆိုဘိသကဲ့သို့လည်းကောင်း၊ အင်းဝမင်းတစ်ပါးသည် အောင်ပင်လယ်အရပ်သို့ တောကစားထွက်လေရာ ကောင်းကင်မှ ကျရောက်လာသော ဝိဇ္ဇာဓိုရ်နှင့်တွေ့ရာ "သင်မင်းကြီး ဘာကို အလိုရှိသလဲ" ဟု မေးရာ နတ်သမီးနှင့်တွေ့ရသော ဆေးကို အလိုရှိပါသည်ဆို၍ ထိုကဲ့သို့သောဆေးကို ပေး၍သွားလေ၏။

ထိုဆေး၏ အစွမ်းဖြင့် နတ်သမီးနှင့် တစ်ကြိမ်တစ်ခါမျှ တွေ့ရ၏။ တစ်ကြိမ်တွေ့သည့်နောက် စိတ်ဖောက်ပြန်၍ နန်းက ကျ၏။ အရူးအဖတ်တင်၏။

လူတို့သည် အများအားဖြင့် ရေရာတိကျသော အရွယ် အချိန်ကာလတို့ကို မရေရာသော အရွယ်အချိန်သို့ ရွှေ့လျက် တိကျရေရာသော အရွယ်အချိန်တို့ကို အလဟဿ ဖြုန်းတီးပစ် တတ်ကြ၏။

ထိုကဲ့သို့ ဖြုန်းတီးသူအများထဲမှ တစ်ယောက်နှင့်တွေ့ရ၏။

တစ်ချိန်သော နွေရာသီ ပူပြင်းလှသော လကွယ်ဥပုသ်နေ့ တစ်နေ့ဖြစ်၏။ ဥပုသ်သည်များ တရားနာအပြီး မိမိထံသို့ ဒကာ နှစ်ယောက် ရောက်လာသည်။ ရှိခိုးပြီး ထိုင်ကာ ဟိုဟိုသည်သည်

http://www.dhammadownload.com



မေးလျှောက်ရာမှ ရောင်တော်ပြန်ဘုရားအကြောင်းကို လျှောက်ထားလေသည်။

"အရှင်ဘုရား၊ ရောင်တော်ပြန်ဘုရားဆိုတာ ရှိပါသလား ဘုရား"

"ရှိတယ်ဒကာကြီး"

"အဲဒီ ရောင်တော်ပြန်ဘုရားက ရောင်ခြည်တော်များ လွှတ်ကာ တရားဟောဦးမယ်ဆိုတာ ဟုတ်ပါသလား ဘုရား"

"ဒါတော့ မဟုတ်ဘူး ဒကာကြီး"

"တချို့က ဟောမယ်တဲ့၊ အဲဒီအခါမှာ အများကြီးကျွတ်တမ်းဝင်ကြဦးမယ်လို့ ပြောကြပါတယ်ဘုရား"

"ဒါ အလကား နားမလည်လို့ ပြောကြတာပဲ"

"မှန်ပါ၊ တပည့်တော်လည်း ဒီလိုပဲ ထင်ပါတယ်ဘုရား၊ ဒါပေမယ့် ပြောတဲ့လူတွေက အခိုင်အမာပြောနေတော့ ကိုယ်လည်း ယောင်ဝါးဝါး ဖြစ်နေပါတယ်ဘုရား"

"ဒါကတော့ သဘာဝပဲ ဒကာကြီး"

"မှန်ပါ၊ အဲဒီအကြောင်း နည်းနည်းရှင်းပြပါဘုရား"

"ရှင်းပြဆိုရင် ပရိနိဗ္ဗာန်သုံးမျိုးကို မှတ်ထားရမယ်နော်"

"မှန်ပါ၊ မှတ်ထားပါမယ်ဘုရား"

"ပရိနိဗ္ဗာန်သုံးမျိုးက ဘာတွေလဲဆိုတော့–

၁။ ကိလေသပရိနိဗ္ဗာန် = ကိလေသာငြိမ်းခြင်း၊
၂။ ခန္ဓာပရိနိဗ္ဗာန် = ခန္ဓာငြိမ်းခြင်း၊
၃။ ဓာတုပရိနိဗ္ဗာန် = ဓာတ်တော်ငြိမ်းခြင်း

လို့ ပရိနိဗ္ဗာန်သုံးမျိုး ရှိတယ်မဟုတ်လား"

http://www.dhammadownload.com



"မှန်ပါ ရှိပါတယ်ဘုရား"

"အဲဒီသုံးမျိုးမှာ ကိလေသပရိနိဗ္ဗာန်ဟာ ဗောဓိပင်နှင့် ရွှေပလ္လင်အောက်မှာထဲက စံခဲ့ပြီး၊ ကိလေသာငြိမ်းခဲ့ပြီပေါ့နော်"

"မှန်ပါဘုရား"

"ခန္ဓာပရိနိဗ္ဗာန်က ကုသိနာရုံပြည် မလ္လာမင်းတို့ရဲ့ အင်ကြင်း ဥယျာဉ်တောမှာ စံခဲ့တယ်မဟုတ်လား"

"မှန်ပါဘုရား"

"ဓာတုပရိနိဗ္ဗာန်တော့ မစံရသေးဘူးနော်"

"မှန်ပါဘုရား"

"လူတွေက ဘာမှန်းညာမှန်းမသိဘဲနဲ့ အဲဒီ ဓာတုပရိနိဗ္ဗာန် စံခန်းကို ရောင်တော်ပြန်ဘုရားဆိုပြီး မျှော်နေကြတယ်"

"မှန်ပါဘုရား"

"ရောင်တော်ပြန်ဘုရားက ဘယ်ကလာ တရားဟောတော့ မှာလဲ၊ သာသနာကုန်နေပြီဟာ"

"မှန်ပါဘုရား"

"သာသနာကုန်ဆုံးတဲ့အခါ ဓာတ်တော်တွေဟာ သီဟိုဠ်ကျွန်း မဟာစေတီမှာ စုမယ်"

"မှန်ပါဘုရား"

"အဲဒီက နာဂဒီပကျွန်း လင်းလွန်းပင်စေတီမှာ စုမယ်"

"မှန်ပါဘုရား"

"ဒီကနေပြီးတော့ ဗောဓိပင်နှင့် ရွှေပလ္လင်သို့ သွားပြီး စုလိမ့်မယ်"

http://www.dhammadownload.com



"မွန္ပါဘုရား"

"နဂါးျပည္၊ နတ္ျပည္၊ ျဗဟၼာျပည္တကပါမက်န္ ဓာတ္ေတာ္အားလံုး အကုန္ ေဇာ၀ိပင္နွင့္ ေရႊပလႅင္မွာ စုလိမ့္မယ္"

"မွန္ပါဘုရား"

"မုန္ညင္းေစ့မွ် ဓာတ္ေတာ္တစ္ဆူေတာင္မွ မၾကြင္းေစဘဲ အကုန္စုမယ္ေနာ္"

"မွန္ပါဘုရား"

"အဲဒီဓာတ္ေတာ္အားလံုးဟာ ေဇာ၀ိပင္နွင့္ ေရႊပလႅင္မွာ အစုအပံုႀကီး ျဖစ္ၿပီး ေရႊတံုးႀကီးကဲ့သို႔ တခဲနက္ျဖစ္ကာ ေရာင္ျခည္ေတာ္ ေျခာက္သြယ္ လႊတ္လိမ့္မယ္တဲ့"

"ဘုရားပံု ေပၚမလာဘူးလားဘုရား"

"မေပၚဘူး ဒကာႀကီး"

"ဒါနဲ႔ ေျပာၾကတာက ဘုရားပံုေတာ္အတိုင္း ျဖစ္ၿပီး ေရာင္ျခည္ေတာ္လႊတ္ တရားေဟာဦးမယ္၊ အဲဒီတရားပြဲမွာ အမ်ားႀကီး ကၽြတ္ၾကဦးမယ္လို႔ ေမွ်ာ္တဲ့လူေတြက ေမွ်ာ္ေနၾကတယ္ဘုရား"

"အင္း၊ အဲဒီလို သူမ်ားေျပာသံၾကားနဲ႔ ရမ္းေမွ်ာ္ၿပီး ခုလုပ္သင့္လုပ္ထိုက္တာကို မလုပ္တဲ့လူေတြ ေတာ္ေတာ္သနားစရာေကာင္းတယ္ေနာ္"

"မွန္ပါဘုရား"

"ကဲ...အဲဒီ ေရာင္ေတာ္ျပန္ဘုရားကပဲ တရားေဟာတယ္ထားပါဦးေတာ့၊ အဲဒီအခ်ိန္မွာ မိမိက ဘယ္ေရာက္လို႔ ဘယ္ေပါက္မွန္း သိပါ့မလား"

http://www.dhammadownload.com



"မသိနိုင်ပါဘုရား"

"ပြီးတော့ ယခုအချိန်တောင်မှ ဘုရား တရားဝေးပြီး ဟိုမျှော် ဒီမျှော် မျှော်နေတဲ့လူဟာ ဟိုအချိန်ကျရင် သာပြီး ဘုရားတရား မဝေးနိုင်ဘူးလား"

"ဝေးနိုင်ပါတယ်ဘုရား"

"ခု...သာသနာတော် ဆုတ်လာပုံ ကြည့်ပါလား"

"မှန်ပါဘုရား"

"မြန်လိုက်တာနော်"

"မှန်ပါဘုရား"

"အဲဒီအချိန်ကျရင် ယခုလက်ရှိ အိန္ဒိယ အခြေအနေမျိုး ဖြစ်သွားမှာပေါ့"

"မှန်ပါဘုရား"

"ဒီတော့ ရောင်တော်ပြန်ဘုရား မျှော်တဲ့သူဟာ ရောင်တော် ပြန်ဘုရားထံ သွားပါဦးမလား"

"မသွားတော့ပါဘုရား"

"အမှန်က အဲဒီဓာတ်တော် အစုအပုံမှ ရောင်ခြည်တော် ခြောက်သွယ်ဟာ တစ်သောင်းသော လောကဓာတ်ပြန့်နှံ့မယ် နော်"

"မှန်ပါဘုရား"

"အဲဒီလိုပြန့်တော့မှ စကြဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာ အများ စုဝေးလာကြလိမ့်မယ်တဲ့"

http://www.dhammadownload.com



"မှန်ပါ၊ တပည့်တော် ကြားဖူးတာလဲ နတ်တွေ အများဆုံး ကျွတ်မယ်ကြားဖူးပါတယ်ဘုရား"

"နေပါဦး၊ ကျွတ်–မကျွတ်"

"မှန်ပါဘုရား"

"အဲဒီလို နတ်ဗြဟ္မာတွေစုဝေးလာပြီးတော့ 'ဒီနေ့ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီ၊ ဒီနေ့ သာသနာဆုတ်ပြီ၊ ကွယ်ပြီ၊ ယခုအခါ ဤဖူးမြင်ရခြင်းဟာ နောက်ဆုံးဖူးမြင်ရခြင်းပဲ'လို့ ဆိုပြီးတော့ ငိုကြွေးလိမ့်မယ်"

"မှန်ပါဘုရား"

"ဘုရားရှင် ပရိနိဗ္ဗာန်စံတုန်းကထက် ပိုပြီးငိုကြွေးလိမ့်မယ်တဲ့"

"မှန်ပါဘုရား"

ထိုစဉ်တွင် မိမိအနီးရှိ အရှင်မြတ်က ထောက်ခံအားပေး ပြောပြ၏။

"ဟုတ်တယ်၊ ဦးပဥ္စင်းလည်း အဲဒီလို ရောင်တော်ပြန် ဘုရားက တရားဟောဦးမယ် ကြားတာနဲ့ စာကို သေသေချာချာ ကြည့်တယ်၊ မတွေ့ဘူး၊ နတ်ဗြဟ္မာတွေငိုပွဲကြီးပဲလို့တွေ့တယ်"

"မှန်ပါဘုရား"

"အနာဂါမ် ရဟန္တာမှတစ်ပါး ကျန်ပုဂ္ဂိုလ်အများတို့ဟာ မငိုဘဲ ဘယ်သူမှ မတည်နိုင်ဘူးတဲ့"

"မှန်ပါဘုရား"

"ဓာတ်တော်တွေ တေဇောဓာတ်လောင်တာဟာ ဗြဟ္မာပြည် အထိ အရောင်အလင်းတက်မယ်တဲ့နော်"

http://www.dhammadownload.com



"မှန်ပါဘုရား"

"""မုန့်ညင်းစေ့ကလေးမျှ ခါတ်တော်ဟာလည်း တစ်ခဲနက် အရောင်အလင်း တစ်ခုပဲတဲ့နော်"

"မှန်ပါဘုရား"

"ဓာတ်တော်တို့ကုန်သော် အလင်းရောင်တွေလည်းပြတ်၊ သာသနာတော်လည်း ကွယ်ပြီတဲ့"

"မှန်ပါဘုရား"

"ဒီတော့ ဒကာကြီး ကိုယ်မပိုင်တဲ့ အနာဂတ်ကို မျှော်ပြီး လက်ရှိ ပစ္စုပ္ပန်လုပ်ငန်းတွေ အလွတ်မခံနဲ့"

"မှန်ပါဘုရား"

ထိုတွင် မိမိက တစ်ဖန် ဝင်၍ပြောပြပေးလိုက်ပြန်၏။

"ဟုတ်တာပေါ့၊ ယခု တရားနာတယ်ဆိုပါတော့၊ အဲဒီတရား ထဲက လိုရင်းက ဘာလဲ၊ ရှောင်ရမှာက ဘာလဲ၊ လိုက်နာရ မှာက ဘာလဲလို့ အချက်ကိုသိဖို့ အရေးကြီးတယ်မဟုတ်လား"

"မှန်ပါဘုရား"

"အဲဒီလိုသိအောင် နာပြီးတော့ ရှောင်စရာကိုရှောင်၊ လိုက်နာစရာကို လိုက်နာရင် အကျိုးရမယ်မဟုတ်လား"

"မှန်ပါဘုရား"

"တကယ်လို့ မသိရင်လဲ နာတဲ့လူအချင်းချင်း ဆွေးနွေးပေါ့ ဟုတ်လား"

"မှန်ပါဘုရား"

"အဲဒီလို အချင်းချင်း ဆွေးနွေးလို့မရရင် ဟောသူကို ပြန်မေး ပေါ့နော်"

http://www.dhammadownload.com



"မှန်ပါဘုရား"

"အဲဒီလိုဆိုရင် တရားတစ်ပုဒ်သည်ပင်လျှင် မိမိတို့အဖို့ အများကြီး ကျေးဇူးရှိမယ်၊ တရားအများကြီးဆိုလျှင် ဆိုဖွယ်ရာ ရှိပါဦးမလား"

"မရှိပါဘုရား"

"ခုခေတ် တရားနာတာက တရားနာပြီး တရားပွဲမဏ္ဍပ်မှာ ချိတ်ထားခဲ့တယ်၊ ဘယ်ကိုယ်တော်က ဘယ်လိုနဲ့ ပြီးတာပဲ၊ ဆွေးနွေးတဲ့အဆင့် ကျင့်တဲ့အဆင့် မရောက်ဘူး"

"မှန်ပါဘုရား"

"ဆွေးနွေးပြီး ကျင့်တဲ့အဆင့် ရောက်မှ တရားနာရကျိုး နပ်မယ်"

"မှန်ပါဘုရား"

"နို့မဟုတ်လျှင် ဝိဇ္ဇာခိုရ်နဲ့ တွေ့ပါတယ်၊ ဇာတိဝင်ဆေး တောင်းသလောက်ပဲ အကျိုးရှိမယ်နော်"

"မှန်ပါဘုရား"

"ကဲ...တော်ကြစို့"

❀ ရောင်တော်ပြန်အား မျှော်ကိုးစား မေ့မှားမနေနဲ့။
❀ ခုသာသနာ လက်ရှိမှာ သေချာကြိုးစားကြွယ့်။
❀ လက်ရှိဖယ်ထား လက်မဲ့အား ကိုးစားလွဲမည်ကွယ့်။
❀ ကိုးစားလွဲက ဘေးဘယ ဒုက္ခတွေ့မည်ကွယ့်။

http://www.dhammadownload.com



# ကျောင်းဆောက်ခိုင်းရင် ဘယ့်နှယ်လုပ်မလဲတဲ့ဘုရား

## { ၂ }

### ရောင့်ရဲလွယ်သူ

ရတတ်သမျှ ရှိသမျှ ဖြစ်သမျှနှင့် တင်းတိမ်ကျေနပ်သူကို "**ရောင့်ရဲလွယ်သူ**" ဟု ဆို၏။ ရတတ်သမျှနှင့် မရောင့်ရဲသူမှာ ရှာဖွေရ ကြောင့်ကြစိုက်ရသဖြင့် ဗျာပါရတွေ များခြင်း၊ ရှာ၍မရလျှင် စိတ်မချမ်းသာခြင်း၊ စိတ်ဆိုးခြင်း၊ ရပြန်လျှင် ပိုရအောင် ရှာခြင်း၊ ရှာတိုင်းမရသောအခါ စိတ်မသက်သာခြင်း၊ စိတ်ဆိုးခြင်း စသည် ဖြစ်တတ်ပေသည်။

ရတတ်သမျှ ဖြစ်သမျှနှင့် အားရတင်းတိမ်နေသူမှာ ပစ္စည်းမရမှုနှင့် စပ်လျဉ်း၍လည်းကောင်း၊ တစ်ပါးပုဂ္ဂိုလ်နှင့် စပ်လျဉ်း၍လည်းကောင်း၊ စိတ်မချမ်းသာဖွယ်၊ စိတ်ဆိုးဖွယ်မရှိ၊ စိတ်အစဉ်အေးချမ်းလျက် ရှိပေ၏။

http://www.dhammadownload.com



## ကျေနပ်တတ်သူသုံးမျိုး

မိမိရတတ်သမျှနှင့် အားရတင်းတိမ်နေတတ်သူ သုံးမျိုးရှိကြောင်းကို အနက်သုံးမျိုးပြ၍ အဋ္ဌကထာဖွင့်ပြ၏။ ယင်းကို ဤ၌ ဖော်ပြပါအံ့။ မှတ်သားလိုက်နာသင့်သော အနက်များဖြစ်ပါသည်။ ယင်းတို့ကား–

၁။ မိမိဥစ္စာဖြင့် နှစ်သက်ကျေနပ်တတ်သူ

၂။ ရှိနေသောဥစ္စာဖြင့် နှစ်သက်ကျေနပ်တတ်သူ

၃။ အညီအမျှအားဖြင့် နှစ်သက်ကျေနပ်တတ်သူ

ဟူ၍ သုံးမျိုးရှိ၏။ ထိုသုံးမျိုးတို့တွင်–

## မိမိဥစ္စာ

ရဟန်းများအဖို့ ရဟန်းခံရာ သိမ်အပြင်ရှိ "သလုံး မြင်းခေါင်းဖြင့် ရင်းနှီး၍ ရအပ်သော ဆွမ်း၊ ပံ့သုကူသင်္ကန်း၊ သစ်ပင်ရင်းကျောင်း၊ နွားကျင်ငယ်ပုပ်ရေဖြင့် ထုံအပ်သောဆေး ဤလေးပါးကို အားထား၍ သင် ရဟန်းဖြစ်ခဲ့ရသည်။ ထိုလေးမျိုးကို သုံးဆောင်ရေး၌ သင်ကြိုးစားရမည်။ လာဘ်လာဘ ပေါများသူဖြစ်ပါမူ အခြားဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးတို့ကိုလည်း သုံးဆောင်လေဦး" ဟု ညွှန်ကြားခဲ့၏။ မိမိလည်း လက်ခံခဲ့၏။ ထို့ကြောင့် ပစ္စည်းလေးပါးကို "မိမိဥစ္စာ" ဟု ဆိုရ၏။

## မိမိဥစ္စာဖြင့် ကျေနပ်သူ

ထိုပစ္စည်းလေးပါးဖြင့် ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ၊ ကောင်းစွာပြု၍ လှူသည်ဖြစ်စေ၊ ကောင်းအောင်မပြုဘဲ လှူသည်

http://www.dhammadownload.com



ဖြစ်စေ အလှူခံသောအခါ၌လည်းကောင်း၊ သုံးဆောင်သောအခါ၌လည်းကောင်း ဖောက်ပြန်မှုကိုမပြဘဲ မျှတသူကို "မိမိဥစ္စာဖြင့် ကျေနပ်သူ" ဟု ဆိုရ၏။

## ရှိသောပစ္စည်းဖြင့် ကျေနပ်သူ

အကြွင်ပစ္စည်းကို မိမိရခဲ့၏။ မိမိ၌ ထင်ရှားရှိ၏။ ထိုရှိနေသော ပစ္စည်းဖြင့် မျှတရောင့်ရဲသူကို "ရှိသော ပစ္စည်းဖြင့် ကျေနပ်သူ" ဟု ဆိုရ၏။

## အညီအမျှကျေနပ်သူ

ကောင်း မကောင်း အာရုံနှစ်မျိုး၌ နှစ်သက်ခြင်း၊ စိတ်ဆိုးခြင်း မဖြစ်သည်ကို အညီအမျှစိတ်ထားခြင်းဟု ဆို၏။ ထိုအညီအမျှစိတ်ထားခြင်းဖြင့် အာရုံဟူသမျှတို့၌ ကျေနပ်သူကို "အညီအမျှအားဖြင့် ကျေနပ်သူ" ဟု ဆိုရ၏။

## မွေးမြူခက်သူ မွေးမြူလွယ်သူ

သူတစ်ပါးကို မှီနေရသူဖြစ်လျက် သူကျွေးသမျှ ပေးသမျှနှင့် မကျေနပ်သူကို "မွေးမြူခက်သူ" ဟုဆိုရ၏။ ယင်းသို့ မဟုတ်ဘဲ ကျွေးသမျှ ပေးသမျှနှင့် ကျေနပ်သူကား "မွေးမြူလွယ်သူ" ပင်တည်း။

၁။ မိမိကိုယ်ကို မိမိ မွေးမြူခက်သူ

၂။ မိမိကိုယ်ကို မိမိ မွေးမြူလွယ်သူ

http://www.dhammadownload.com



၃။ မိမိကိုယ်ကို သူတစ်ပါး မွေးမြူခက်သူ
၄။ မိမိကိုယ်ကို သူတစ်ပါး မွေးမြူလွယ်သူ

ဟု လူလေးမျိုးတို့တွင်–

၁။ အချိုရလျှင် အချဉ်ရှာ၊ အချဉ်ရလျှင် အချိုရှာ စသည်ဖြင့် ရှာတတ်သူကို မိမိကိုယ်ကို မိမိ မွေးမြူခက်သူဟု ဆိုရ၏။

၂။ ထိုသို့မဟုတ်ဘဲ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ ရတတ်သမျှနှင့် ကျေနပ်စွာစားပြီး မိမိအလုပ် အားထုတ်သူကို မိမိကိုယ်ကို မိမိမွေးမြူလွယ်သူဟု ဆိုရ၏။

၃။ အကောင်းကို လှူစေကာမူ မျက်နှာမသာ မနှစ်သက်သည့်အမူအရာကို ပြတတ်၍ အလှူဒကာရှေ့မှာပင် "ဘယ်လိုဟာများ လှူရသလဲ" ဟု မောင်းမဲလျက် လှူ ရှင်တို့အား ပေးလိုက်သော ရဟန်းမျိုးကား သူတစ်ပါး မွေးမြူခက်သော ရဟန်းမျိုးတည်း။

၄။ ကောင်းကောင်း ဆိုးဆိုး နည်းနည်း များများ ဒကာ လှူသမျှ ရသမျှနှင့် ကျေနပ်နှစ်သက်စွာ ကြည်လင်သော မျက်နှာရှိသည်ဖြစ်၍ မျှတသောရဟန်းကား သူတစ်ပါး မွေးမြူလွယ်သော ရဟန်းမျိုးတည်း။

## ကိုယ်စိတ်ဆင်းရဲမည်

ယင်းတွင် မွေးမြူခက်သူမှာ ပဋိပတ်အကျင့်စခန်းများ ပြည့်စုံရေးအတွက် အလွန်ပင် ခက်လိမ့်မည်။ ထို့ကြောင့် ဘုရားရှင်

http://www.dhammadownload.com



သည် ပဋိပတ်အကျင့်စခန်းများ ပြည့်စုံရေးအတွက် မွေးမြူလွယ်ကူသူဖြစ်ရေးကို ညွှန်ပြတော်မူခဲ့သည်။

လူများထံမှ ရ-မရနှင့် စပ်၍ စိတ်ထိခိုက်မှု မရှိရန် သဘောထားမှန်ကန်ရေးအတွက် ကဿပသံယုတ်၌ ရှင်တော်ဘုရား ဟောကြားချက်မှာ ရောင့်ရဲလွယ်သူ၊ မွေးမြူလွယ်သူ ဖြစ်ရေးနှင့် သက်ဆိုင်၍ ထုတ်ပြပါဦးမည်-

"ငါ့ကို မလှူမရှိပါစေနှင့် လှူကြပါစေ၊ နည်းနည်းမလှူကြပါစေနှင့် များများလှူကြပါစေ၊ အညံ့ကို မလှူကြပါစေနှင့် အကောင်းကို လှူကြပါစေ၊ နှေးနှေးမလှူကြပါစေနှင့် မြန်မြန်လှူကြပါစေ၊ ကောင်းမွန်အောင် မစီမံဘဲ မလှူကြပါစေနှင့် ကောင်းအောင် စီမံကာ လှူကြပါစေ"

ဤသို့သော စိတ်ထားမျိုးဖြင့် အိမ်များသို့ ချဉ်းကပ်သောအခါ ရဟန်းသည် မိမိတောင့်တသည့်အတိုင်း မရသော် စိတ်ထိခိုက်ကာ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်ရတော့သည်။

## ကိုယ်စိတ်မဆင်းရဲရ

ရဟန်းတစ်ပါးကား "မလှူမရှိပါစေနှင့် လှူကြပါစေ" စသော တောင့်တချက်များအတိုင်း သူစိမ်းပြင်ပဖြစ်သော သူတစ်ပါးအိမ်တို့မှာ ဘယ်မှာလျှင် ရကောင်းပါအံ့နည်း" ဟူသော စိတ်ထားမျိုးဖြင့် အိမ်များသို့ ချဉ်းကပ်ကာ ထိုရဟန်းမှာ မရခြင်းစသော အကြောင်းကြောင့် ကိုယ်စိတ်ဆင်းရဲ မဖြစ်ရတော့ပေ။

http://www.dhammadownload.com



"ကဿပသည် ယင်းစိတ်ထားမျိုးဖြင့် အိမ်များသို့ချဉ်းကပ်သည်ဖြစ်၍ မရခြင်းမျိုး စသည်ကြောင့် စိတ်ထိခိုက်ခြင်းမရှိ၊ မဆင်းရဲရ၊ ကဿပနမူနာဖြင့် သင်တို့အား ဆုံးမရတော့မည်၊ ထိုနမူနာအတိုင်း ကျင့်ကြလေ" ဟု ဘုရားရှင် ဟောတော်မူခဲ့လေသည်။

## ကြောက်နေသည်

ဘုရားရှင်၏ ယင်းအဆုံးအမတိုင်းသာ လိုက်နာပါလျှင် ဒကာ–ဒကာမတွေရော ရှင်ရဟန်းတွေပါ များစွာ ကိုယ်စိတ်ချမ်းသာ၍ ကုသိုလ်တရားများ ပွားများနိုင်မည် ဖြစ်ပါသည်။ ယခုမူ ယင်းသို့မဟုတ်၍ ဒကာ ဒကာမအချို့သည် ရဟန်းတွေကို ကြောက်နေကြသည်။

မိမိသည် ယင်းသို့ ကြောက်နေသူတစ်ဦးနှင့် တစ်ခါက တွေ့ခဲ့သည်။ မိမိရွာတစ်ရွာတွင် တရားဟောခိုက်ဖြစ်၏။ ဇနီးမောင်နှံနှစ်ဦးသည် မိမိကို လွန်စွာ ကြည်ညိုကြ၏။ တစ်နေ့ ဥပုသ်နေ့တွင် ဇနီးမောင်နှံနှစ်ဦး သီလယူ တရားနာအပြီးတွင် ရောက်ရှိလာသည်။ ရှိခိုးဦးချပြီးသောအခါ ဒကာမကြီးက လျှောက်ထားသည်–

"အရှင်ဘုရား၊ တပည့်တော်တို့ကို ချီးမြှောက်သောအားဖြင့် အလိုရှိတဲ့အခါ အလိုရှိတဲ့ ပစ္စည်းလေးပါးတို့ကို အလှူခံတော်မူပါဘုရား၊ တပည့်တော်တို့ အရှင်ဘုရားရဲ့ ပစ္စည်းလေးပါးဒကာခံယူပါတယ်ဘုရား"

http://www.dhammadownload.com



မိမိသည် ဆိတ်ဆိတ်နေသောအားဖြင့် ဒကာမကြီး၏ ပစ္စည်းလေးပါး ဖိတ်ကြားမှုကို လက်ခံလိုက်၏။ ပြီးသော် ဒကာမကြီးက လျှောက်ထားပြန်၏။

"တပည့်တော် မောင်(......)ကို ပစ္စည်းလေးပါး ဖိတ်ပါ ဖိတ်ပါနှင့် လျှောက်ခိုင်းတာ ကြာပြီဘုရား၊ အဲဒါ သူမဖိတ်တာနှင့် တပည့်တော် ဖိတ်ပါတယ်ဘုရား"

"ဒကာကြီးက ဘာဖြစ်လို့ မဖိတ်တာတဲ့လဲ"

"ကျောင်းဆောက်ခိုင်းရင် ဘယ့်နှယ်လုပ်မလဲတဲ့ဘုရား"

"နို့...ဟုတ်သားပဲ၊ ကျောင်းဆောက်ခိုင်းရင် ဘယ့်နှယ်လုပ်မလဲ"

"တပည့်တော်က ပြောလိုက်တယ်ဘုရား၊ ကျောင်းဆောက်ခိုင်းရင် အိမ်ဖျက်ဆောက်မယ်လို့..."

"အဟုတ် ဆောက်နိုင်ပါ့မလား"

"ဆောက်နိုင်ပါတယ်ဘုရား"

"ကြုံကြုံဖန်ဖန် မကြောက်သင့်တာ ကြုံကြောက်တယ်၊ ဘုန်းကြီးက ပစ္စည်းလေးပါး ဖိတ်ထားတာနဲ့ပဲ ကျောင်းဆောက်ခိုင်းရမလား"

"ဟုတ်ပါတယ်ဘုရား"

"ဒကာမကြီးတွေ ဒကာလေးမျိုး မှတ်ထားသင့်တယ်"

"မှန်ပါ၊ အမိန့်ရှိပါဘုရား"

"ပစ္စည်းလေးပါး ဖိတ်ထားတဲ့ ပစ္စည်းလေးပါးဒကာရယ်၊ ဆွေမျိုးရယ်က တောင်းသာ တောင်းကောင်း၍ မပေးကောင်းတဲ့ ဒကာတဲ့"

http://www.dhammadownload.com



"မှန်ပါ ဘုရား"

"ဝေယျာဝစ္စ ဝတ်ကြီးဝတ်ငယ် လုပ်ပေးတဲ့ ဒကာ ဒကာမတွေက ပေးသာပေးကောင်း၍ မတောင်းကောင်းတဲ့ ဒကာ ဒကာမတွေတဲ့"

"မှန်ပါဘုရား"

"ဖိတ်လည်း မဖိတ်၊ ဆွေမျိုးလည်းမတော်၊ ဝေယျာဝစ္စ ဝတ်ကြီးဝတ်ငယ်လည်း လုပ်မပေးတဲ့ ဒကာ–ဒကာမတွေက မပေးလည်း မပေးကောင်း၊ မတောင်းလည်း မတောင်းကောင်းတဲ့ ဒကာ ဒကာမတွေတဲ့"

"မှန်ပါဘုရား"

"ဖိတ်လည်းဖိတ်ထား၊ ဝေယျာဝစ္စ ဝတ်ကြီးဝတ်ငယ်လည်း ပြုလုပ်ပေးသူ ဒကာ ဒကာမတွေတော့ တောင်းလည်းတောင်းကောင်း ပေးလည်းပေးကောင်းတယ်တဲ့"

"မှန်ပါဘုရား"

"ရဟန်းတွေဟာ ဆွေမျိုးမတော်သူကို ဖိတ်မထားရင် ကွမ်းတစ်ရိုး၊ ဆေးတစ်ငုံစာမျှတောင်မှ မတောင်းကောင်းဘူး၊ တောင်းရင် တောင်းလို့ရတဲ့ အဲဒီပစ္စည်းဟာ မအပ်တော့ဘူး"

"မှန်ပါဘုရား"

"ယခုလို ဖိတ်ထားတော့ အဲဒီအတိုအထွာ ဆေးဝါးဓာတ်စာစသည် တောင်းခံလို့ ရတာပေါ့"

"မှန်ပါဘုရား"

"ဘယ်ကလာ မတန်တဆေး ကျောင်းဆောက်ခိုင်းရမလဲ"

http://www.dhammadownload.com



"မှန်ပါဘုရား၊ အဲဒါကို သူက ကြောက်နေတယ်ဘုရား"

"သူတော်ကောင်း ရဟန်းတွေမှာ အတိုင်းအရှည် သိရမှု လေးမျိုးရှိတယ်"

"အမိန့်ရှိပါဘုရား"

"ရှာမှီးခြင်း၊ ခံယူခြင်း၊ သုံးဆောင်ခြင်း၊ စွန့်ပေးခြင်းဆိုတဲ့ လေးဌာနတို့၌ အတိုင်းအရှည်ပမာဏကို သိရတယ်" **(ဝိသုဒ္ဓိမဂ်)**

"မှန်ပါဘုရား"

"မဖိတ်ထားတဲ့ ဒကာ ဒကာမတွေထံမှာ ကွမ်းတစ်ရိုး၊ ဆေးတစ်ငုံစာမျှ မတောင်းခြင်း၊ ဗေဒင်ဟောခြင်း၊ ဆေးကုခြင်း စသည်ဖြင့် လာဘ်မရှာဘဲ တရားသဖြင့် ရှာဖွေခြင်းဟာ ရှာမှီး ခြင်း၌ အတိုင်းအရှည်ကို သိတယ်လို့ ခေါ်တယ်"

"မှန်ပါဘုရား"

"အလှူခံရာ၌ ဒကာရဲ့ အလိုဆန္ဒ၊ လှူဖွယ်ဝတ္ထုရဲ့ပမာဏ၊ မိမိရဲ့ အသုံး အဲဒီသုံးမျိုးကို နှိုင်းချိန်ပြီး ခံယူတာကို ခံယူခြင်း၌ အတိုင်းအရှည် သိတယ်လို့ ခေါ်တယ်"

"မှန်ပါဘုရား"

"လှူဖွယ်ပစ္စည်းတွေက ပေါများနေသော်လည်း အလှူ့ရှင်က နည်းနည်းပဲလှူရင် ဒကာရဲ့ အလိုဆန္ဒ သဒ္ဓါစေတနာလိုက်ပြီးတော့ နည်းနည်းပဲ အလှူခံရတယ်တဲ့"

"မှန်ပါဘုရား"

"အလှူ့ရှင်က များများလှူလိုသော်လည်း လှူဖွယ်ပစ္စည်းက နည်းနေရင် လှူဖွယ်ပစ္စည်းကို လိုက်ပြီးတော့ နည်းနည်းပဲ အလှူခံ ရတယ်တဲ့"

http://www.dhammadownload.com



"မှန်ပါဘုရား"

"အလှူ့ရှင်ကလည်း သဒ္ဓါစေတနာ အားကောင်းတယ်၊ လှူဖွယ်ပစ္စည်းအင်အားကလည်း ကောင်းရင် မိမိရဲ့ အသုံးကို ကြည့်ပြီးတော့ လိုသလောက်သာ အလှူခံရတယ်တဲ့"

"မှန်ပါဘုရား"

"အဲဒီလို အလှူခံတတ်တဲ့ပုဂ္ဂိုလ်ကို 'ခံယူမှု၌ အတိုင်းအရှည် ကို သိသူ' လို့ ခေါ်တယ်တဲ့"

"မှန်ပါဘုရား"

"အဲဒီလို ပုဂ္ဂိုလ်မျိုးဟာ မဖြစ်သေးတဲ့ လာဘ်ကိုလည်း ဖြစ်စေနိုင်တယ်၊ ဖြစ်ပြီးသားလာဘ်ကိုလည်း နိုင်မြဲစေနိုင်တယ်တဲ့"

"မှန်ပါဘုရား"

"ကြောက်လို့ရှိရင် မိမိကြည်ညိုတဲ့ ပုဂ္ဂိုလ်ဟာ ယခုပြောတဲ့ ပုဂ္ဂိုလ်မျိုး ဟုတ် မဟုတ် ကြည့်ပေါ့၊ ဟုတ်မှဖိတ်ပေါ့၊ မဟုတ်ရင် မဖိတ်နဲ့ပေါ့ ဟုတ်လား"

"မှန်ပါဘုရား"

"ပစ္စည်းလေးပါး ရတဲ့အခါ ပစ္စဝေက္ခဏာ ဆင်ခြင်၍ သုံးစွဲလေ့ရှိသူကို 'သုံးဆောင်ရာ၌ အတိုင်းအရှည်ကိုသိသူ' လို့ ခေါ်တယ်တဲ့"

"မှန်ပါဘုရား"

"မိမိရတဲ့ ပစ္စည်းကို သူတစ်ပါးတို့အား ပေးရာ၌ မအပ်သော ပေးခြင်း မဖြစ်စေခြင်း၊ အလှူဒကာတွေ သဒ္ဓါတရားပျက်အောင် မစွန့် မပေးခြင်းဟာ စွန့်ကြဲမှု၌ အတိုင်းအရှည်သိသူတဲ့"

http://www.dhammadownload.com



"မှန်ပါဘုရား"

"ဒီလို သိတတ်တဲ့ပုဂ္ဂိုလ်တစ်ယောက်ဖြစ်ရင် ဘယ့်နှယ် ပစ္စည်းလေးပါး ဖိတ်ထားတာမျှနဲ့ ကျောင်းဆောက်နိုင်းပါ့မလဲ"

"မှန်ပါဘုရား၊ အဲဒါ သူက ကြောက်နေတယ်"

"အင်း...အဲဒီသဘောမသိတဲ့ အချို့ဒကာ အချို့ရဟန်း တွေတော့ ရှိတယ်ပေါ့လေ၊ ဘယ်လိုလဲဆိုတော့ ပစ္စည်းလေးပါး ဖိတ်ထားရင် အားလုံး တို့တာဝန်ပဲလို့ တချို့က ထင်တယ်"

"မှန်ပါဘုရား"

"ဘယ်ဒီလိုဟုတ်မလဲ၊ ကိုယ်နှင့် တန်သလောက် နိုင် သလောက်ပေါ့၊ မဖိတ်ထားရင် ဘာမှ အလှူခံလို့မှ မအပ်လို့ အပ်အောင်သာ ဖိတ်ရတာပဲ"

"မှန်ပါဘုရား"

"အချို့ ရဟန်းတွေကလည်း ပစ္စည်းလေးပါး ဖိတ်ထားရင် ငါ့ဒကာရင်းပဲ၊ ငါလိုတာ အကုန်တောင်းရတော့မယ်ဆိုပြီးတော့ ကိုယ်နဲ့ မတန်မရာတွေပါ တောင်းတတ်တယ်"

"မှန်ပါဘုရား"

"အဲဒ ရဟန်းမျိုးတွေတွေ့ပြီး တချို့ဒကာတွေ ပစ္စည်းလေးပါး ဖိတ်ရမှာ ကြောက်နေတယ်၊ အဲဒီအထဲမှာ ဒကာကြီးလည်း ပါနေ ပြီပေါ့ ဟုတ်လား"

"မှန်ပါဘုရား"

"မကြောက်ပါနဲ့၊ ပစ္စည်းလေးပါး ဖိတ်ထားလျှင် မိမိတို့ လည်း ကုသိုလ်ရတယ်၊ ရဟန်းတွေလည်း အသက်မွေးစင်ကြယ်

http://www.dhammadownload.com



တယ်၊ ပရိယတ် ပဋိပတ်တရား အားထုတ်ရတာ ချမ်းသာတယ်နော်"

"မှန်ပါဘုရား"

"မဖိတ်ထားတော့ မိမိတို့လည်း ကုသိုလ်မရဘူး၊ ရဟန်းတွေလည်း အတိုအထွာလေးမှစပြီး မအပ်တော့ အသက်မွေးမစင်ကြယ်ဘူး၊ ပရိယတ် ပဋိပတ်တရား အားထုတ်ရတာ မချမ်းသာဘူးနော်"

"မှန်ပါဘုရား"

"ဒါကြောင့် ဆရာဒကာ ချမ်းသာရေးအတွက် ပစ္စည်းလေးပါး ဖိတ်ထားခြင်းသည် ကောင်းတယ်လို့ မှတ်၊ ဖိတ်သင့်တယ်လို့ မှတ်၊ ကဲ...တော်ကြစို့။

❀ မိမိလေးစား ရဟန်းများ လေးပါးပစ္စည်း ဖိတ်သင့်သည်။
❀ မဖိတ်မကြား လှူခံငြား အပ်ကားမအပ် ဖြစ်တော့သည်။
❀ မအပ်မရာ စားသုံးရာ ပါယ်ရွာသေချာရောက်တော့မည်။

http://www.dhammadownload.com



# အမေခေါ်သင့် မခေါ်သင့်

## { ၃ }

၁၃၃၉ ခုနှစ် နွေရာသီကား ခါတိုင်းနှစ် နွေရာသီထက် ပူပြင်းလှသည်ဟု ပြောကြသည်။ မိမိသည် ထိုပူပြင်းလှသော အပူဒဏ်ကို ခံစားရင်း ဓမ္မဒေသနာခရီး လှည့်ရင်း မိမိနားနေရာ စခန်းသို့ တစ်ဖန်ပြန်ရောက်ချိန်တွင် စာများက ဆီးကြိုလျက် ရှိသည်။ စာအိတ်တစ်အိတ်ကို ဖောက်ဖတ်လိုက်သည်။

သို့
မိတ်ဆွေ
တေဒဂ်အရှင်ပညာဇောတ
၁၃၃၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၂)ရက်
စာရေးလျှောက်ထား သိစေအပ်ပါသည်။

အရှင်ဘုရား၏ ဗုဒ္ဓဓမ္မပြဿနာများ (၁-၂)တို့ကို ကြည့်ရှုခဲ့ရာ လောကီရှုထောင့် လောကုတ္တရာရှုထောင့်မှ ပြုပြင်စရာ အဖြာဖြာတို့ကို တိုစိတိုစိ အလိုရှိသလို တစ်ခဏချင်း

http://www.dhammadownload.com



ဆုံးဖြတ်ချက် ချနိုင်ပါသဖြင့် ကြည့်ရှုသူ အားလုံးတို့မှာ များစွာပင် အကျိုးရှိလှသည်ဟူ၍ ထင်မိပါသည်။

ဗုဒ္ဓဓမ္မပြဿနာ အမှတ်(၃)ကိုလည်း စောင့်မျှော်လျက်ရှိပါသည်။ မိမိထံတွင်ရှိသော အမှတ် (၁–၂) တို့မှာ ကျောင်းတွင် နားရသည်ဟူ၍မရှိ၊ ဟိုက ငှားဖတ်၊ ဒီက ငှားဖတ်နှင့် တစ်ကြိမ်သာ ကြည့်ရှုရပါသေးသည်။

ယခု အထူးတင်ပြလိုသည့်ပြဿနာမှာ ရဟန်းတော်များအနေဖြင့် မွေးသည့်အမေ မယ်တော်မဟုတ်ပါဘဲလျက် ပစ္စည်းလေးပါးလှူ၍ ရဟန်းခံပေးသော ပုဂ္ဂိုလ်များကို အမေခေါ်သင့် မခေါ်သင့်ကို ကျမ်းဂန်စာပေ အထွေထွေဖြင့် ဆုံးဖြတ်ချက် ချပေးပြီးလျှင်–

အကယ်၍ အမေအစား မည်သို့သော အသုံးအနှုန်းမျိုး ဖြစ်သင့်သည်ကိုပါ ညွှန်ကြားပေးပါရန်–

(အမှတ်(၃)တွင် ဒီပြဿနာ ပါဝင်လိမ့်မည်လို့ မျှော်လင့်ပါ၏။)

**ကျန်းမာစွာဖြင့်သာသနာပြုနိုင်ပါစေ**
**သင့်မိတ်ဆွေ**
**စစ်ကိုင်းတောင်ရိုး**

"အင်း..."

မိမိသည် စာဖတ်၍ ဆုံးသွားသောအခါ အမှတ်မထင်ပင် "အင်း..."ဟု သက်ပြင်းချမိပါသည်။ "ဘယ်သို့ အဖြေပေးရပါမည်နည်း" ဟုလည်း စဉ်းစားမိသည်။

http://www.dhammadownload.com



မှန်၏။ သူ့အမေးတွင် အဖြေကို ဗုဒ္ဓဓမ္မပြဿနာများ (၃) တွင် မျှော်လင့်နေမည်လို့လဲ ပါဝင်၏။ ပြဿနာများ (၃)ကား ရေးပြီးပြီ။ ဘယ်သို့ ပါဝင်နိုင်အံ့နည်း။

တရားဟောဆဲလည်းဖြစ်၍ ဒ ဘွဲ့အထူး ဆက်လက် မစဉ်းစားတော့ဘဲ စာကို သိမ်းထားလိုက်သည်။ အချိန်ကား ကုန်လွယ်လှသည်။ ၁၃၃၉ ခုနှစ်ကုန်ပြီ။ ၁၃၄၀ ခုနှ ဆန်းသို့ ရောက်ပြီ။ မိမိသည် တရားပွဲများသိမ်းကာ အနားယူရန် စာရေးရေးရန် စီစဉ်ရတော့သည်။ ထိုအခါ "အမေခေါ်သင့် မခေါ်သင့်" ပြဿနာကို ဦးစားပေးရေးရန် စိတ်ဖြစ်မိသည်။ သို့နှင့် ပြန်စာရေးလိုက်သည်။

**သို့**
**အဆွေတော်**
**စစ်ကိုင်းတောင်ရိုး**
**ပြန်ကြားသိစေပါသည်-**

အဆွေ့ထံမှ မမျှော်လင့်သောစာကိုရ၍ ဝမ်းသာစွာနှင့် စာကို ဖောက်ဖတ်မိသည်။ ခါတိုင်းစာမျိုးနှင့်မတူ တစ်မူထူးခြားသော စာကို ရ၍ အံ့သြမိပါသည်။

အဆွေနှင့်တကွ အဆွေ့ပတ်ဝန်းကျင်က တပည့်တော်ရဲ့ ဗုဒ္ဓဓမ္မပြဿနာများကို စိတ်ဝင်စားကြောင်းသိရ၍ ဝမ်းသာပါသည်။ အခြားပရိသတ်များထံမှလည်း ယင်းသို့သော စာသတင်း၊ ပါးစပ်သတင်းများ ရပါသည်။ ယင်းသို့ဖြင့်

http://www.dhammadownload.com



တပည့်တော်တွင်လည်း ပြဿနာပေါင်းများစွာကို ရရှိပါသည်"

ပြဿနာများ (၃)မှာ ရေးပြီး ရိုက်ခွင့်လည်း ရပြီးနေပါပြီအဆွေ၊ ဒါနဝတ္ထုနှင့် ခတ်ကမ္ဗဋ္ဌာန်းကျမ်းကို တောင်းဆိုနေကြ၍ ယင်းတို့ကို ပွဲထုတ်ရသဖြင့် မထွက်နိုင်သေးပါ။ သို့မဟုတ်မူ ထွက်နေပါပြီ။

သို့ဖြစ်၍ အဆွေ့ပြဿနာ (၃)မှာ မပါနိုင်တာကိုတော့ ခွင့်လွှတ်ပါနော်။ အမေခေါ်သင့် မခေါ်သင့်ဆိုတဲ့ အဆွေ့ပြဿနာကို တပည့်တော်လည်း စိတ်ဝင်စားလှပါသည်။ သို့ဖြစ်၍ စိတ်ဝင်စားသော တခြားတပည့်တော် မိတ်ဆွေများနှင့် တိုင်ပင်ကာ ဖြေကြားလိုက်ပါသည်။

အဖြေအချုပ်ကတော့ 'မခေါ်သင့်' လို့ပဲ ဖြေလိုက်ပါသည်။ အကျယ်ကတော့–အမေ မဟုတ်သူကို အမေခေါ်လျှင် မိမိသည် ယင်းအမေအောက် ငယ်သွားပြီး မိမိကိုယ်ကို အောက်ချထားပြီ မဟုတ်ပါလားအဆွေ"

ယင်းသို့ဆိုသော် ဝိသုဒ္ဓိမဂ် အဋ္ဌကထာလာ "စာချကမျတာဘိ နိစရတ္တိတာ အတ္တာနံ ဟေဋ္ဌတော ဟေဋ္ဌတော ဋ္ဌပေတွာ ဝတ္တနံ=စာချကမျတာဟူသည့်ကား မိမိကိုယ်ကို မိမိ နှိမ့်ချဆိုသော သူ၏ အဖြစ် မိမိကိုယ်ကို အောက်ကထား၍ ဆိုခြင်း၊ ကျင့်ခြင်းတည်း" လို့ ဆိုတဲ့အဖွင့်ကို

http://www.dhammadownload.com



ထောက်သော် မခေါ်သင့် ဆိုတာဟာ ထင်ရှားတယ်မဟုတ်လား အဆွေ။

အဆွေရေ...ပြီးတော့ "စာချုကမျတာ အတ္တာနံ ဒါသံဝိယနီစဉ္စာနေ ဌပေတွာ ပရဿ ခလိတဝစနံ သုဏာပေတွာ ပိယကာမတာယ ပဂ္ဂယှဝစနံ=မိမိကိုယ်ကို ကျွန်ကဲ့သို့ နိမ့်သောအရာ၌ ထား၍ သူတစ်ပါး၏ ချွတ်ချော်တိမ်းပါးသော စကားကို တည်စေ၍ မိမိအား ချစ်ခြင်းကို အလိုရှိသည့်အဖြစ်ဖြင့် လူဒါယကာတို့ကို မြှောက်ပင့်၍ ဆိုခြင်းသည် စာချုကမျတာ မည်၏" လို့ ဝိသုဒ္ဓိမဂ်မဟာဋီကာ ဖွင့်ဆိုထားပါတယ်။

အဲဒီအဖွင့်ကတော့ ပိုပြီးတော့ ထင်ရှားတယ်မဟုတ်လား အဆွေ၊ အမေ မတော်သူကို အမေခေါ်တာဟာ မိမိကိုယ်ကို ချစ်စေလိုလို့ ခေါ်တာမဟုတ်လား၊ အခေါ်ခံရသူကလည်း သဘောကျတယ် မဟုတ်လား၊ သဘောကျရင် များများလှူတာပေါ့ ဟုတ်လား။

အမှန်က မိမိက အသိဉာဏ်ကြီးသူ၊ သီလသမာဓိကြီးသူ မဟုတ်လား၊ အမေခေါ်တော့ ကိုယ်က ငယ်သွားတယ် မဟုတ်လား။ ငယ်သွားတာဟာ နှိမ့်ထားလို့ ငယ်တာပေါ့၊ အဲဒီလို နှိမ့်ပြီးခေါ်လို့ သဘောကျသူတွေက လှူတဲ့ပစ္စည်းလေးပါးဟာ မသုံးဆောင်သင့်တော့ဘူး၊ အဆိပ်အတောက်နှင့် တူတယ်မဟုတ်လား အဆွေ။

http://www.dhammadownload.com



အဲဒီလို အမေမဟုတ်သူကို အမေ၊ အဖေမဟုတ်သူကို အဖေလို့ခေါ်ပြီး* နှစ်ဆယ့်တစ်ပါးသော မရှာမှီးအပ်သည်ကို ရှာမှီးခြင်း၌ တည်၍ ချမ်းသာစွာ အသက်မွေးခြင်းငှာ တတ်ကောင်းတယ်လို့ ဓမ္မပဒအဋ္ဌကထာ ဆိုပါတယ်။

ရှင်းရှင်းပြောရရင်တော့ အသက်မွေးချောင်တယ်ပေါ့ အခွေရယ်၊ အဲဒီလိုပုဂ္ဂိုလ်မျိုးကို ကျီးရဲနှင့်တူတယ်လို့ ဆိုပါတယ်။ ကျီးရဲလည်း ရဲတယ်ဆိုတော့ အသက်မွေး ချောင်တယ်၊ စားစာရာပေါတယ် မဟုတ်လား။

ခုလည်း အဲဒီလိုပေါ့၊ အမေမဟုတ်သူကို အမေလို့ ခေါ်တော့ အခေါ်ခံရသူက သဘောကျတာပေါ့၊ သဘောကျတော့ လှူတယ်ပေါ့၊ လှူတော့ ပစ္စည်းပေါတယ်၊ အသက်

---

* ၁။ ဒါယကာတို့အား လာဘ်လာဘရခြင်းအကျိုးငှာ ဝါးပေးခြင်း၊ ၂။ အပွင့် ပေးခြင်း၊ ၃။ အသီးပေးခြင်း၊ ၄။ ဒန်ပူပေးခြင်း၊ ၅။ မျက်သစ်ရေပေးခြင်း၊ ၆။ ခေါင်းလျှော်စရာ ကင်ပွန်းရည်ပေးခြင်း၊ ၇။ ချေးတွန်းစရာ ကာသယ်မှုန့်, ကုက္ကိုမှုန့်ပေးခြင်း၊ ၈။ သုံးစရာ မြေနီ မြေဖြူပေးခြင်း၊ ၉။ မိမိကိုယ်ကိုနှိမ့်ချ၍ ကျွန်ုပ်, ဗျာ စသည်ဖြင့် ပြောခြင်း၊ ၁၀။ ပဲနောက်ဟင်းကဲ့သို့ မမှန်တစ်ချက် မှန် တစ်ချက်ပြောခြင်း၊ ၁၁။ ရွာသူ သားမောင်တို့ကိုထိန်းခြင်း၊ ၁၂။ လူတို့မှာကြား လိုက်သော သတင်းစကားကို ဆောင်ခြင်း၊ ၁၃။ ဆေးကုခြင်း၊ ၁၄။ တမန်သည်မှု ပြုခြင်း၊ ၁၅။ ဆွမ်းဘုဉ်းပေးခြင်း၊ ၁၆။ တာဝန်သတင်းစကားကိုဆောင်ခြင်း၊ ၁၇။ လယ်ကြွန်ကိုကြားခြင်း၊ ၁၈။ ယောက်ျား မိန်းမတို့၏ လက္ခဏာကြွန်ကို ကြားခြင်း၊ ၁၉။ မိတ္တသန္ထဝပြု၍ နိစ္စဘတ်ဆွမ်း မခံအပ်သော ပြည့်တန်ဆာ စသော ပြဋ္ဌာနတို့၌ နိစ္စဘတ်ဆွမ်းခံခြင်း၊ ၂၀။ မင်း၏ အမတ်စသည်တို့နှင့် အကျွမ်းတဝင်မိတ်ဖွဲ့ခြင်း၊ ၂၁။ သာသနာတော်၌ မကြည်ညိုသူကို မှီဝဲခြင်း။

http://www.dhammadownload.com



မွေး ချောင်တယ်ပေါ့၊ ဒါကြောင့် အဲဒီလိုခေါ်နည်းမျိုးကို မခေါ်သင့်ဘူးလို့ပဲ မှတ်ပါအဆွေ။

အမေအစား မည်သို့အသုံးအနှုန်းမျိုး ဖြစ်သင့်သည်ကို ညွှန်ကြားပေးပါအရ ညွှန်ကြားရရင်တော့ လူတတ်သူမို့ "ဒကာကြီး၊ ဒကာမကြီး" လို့ပဲ ခေါ်တာဟာ အကောင်းဆုံး ပါပဲ၊ အမှန်ဆုံးပါပဲ။

ဒီနေရာမှာ ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ကာနီး ရှင်အာနန္ဒာ လျှောက်ထားချက်ကို အဆွေ သတိရမှာပေါ့၊ ရှင်အာနန္ဒာက ဘုရားကို လျှောက်တယ်လေ–

"မြတ်စွာဘုရား၊ အကျွန်ုပ်တို့သည် ဒကာများနှင့် စပ်လျဉ်း၍ ဘယ်လိုကျင့်သုံးရပါမည်နည်း"

"ရှင်အာနန္ဒာ၊ မတွေ့မမြင်ရအောင် ကျင့်သုံးရမည်၊ မကြည့်နှင့်"

အဲဒီမှာကြည့်ပါလားအဆွေ၊ မာတုဂါမ ဒကာမများကို မကြည့်ခြင်းဟာ အကောင်းဆုံးသော ကျင့်ထုံးအဖြစ် ဘုရား ဟောတယ် မဟုတ်လား၊ ဟုတ်တာပေါ့၊ မကြည့်လို့ မမြင်ရင် လောဘမဖြစ်ဘူး၊ စိတ်မတုန်လှုပ်ဘူး၊ ကြည့်လို့မြင်မှ လောဘဖြစ်မယ်၊ စိတ်တုန်လှုပ်မယ်မဟုတ်လား၊ ဒါကြောင့် ဘုရားရှင်က "မကြည့်နှင့်အာနန္ဒာ" လို့ အကောင်းဆုံး ကျင့်ထုံးကို ဟောတာပေါ့နော်၊ ဆက်ကြဦးစို့နော်–

"မြတ်စွာဘုရား၊ ဒကာမများကို တွေ့မြင်ခဲ့သော် ဘယ်လိုကျင့်သုံးရပါမည်နည်း"

http://www.dhammadownload.com



"အာနန္ဒာ၊ စကားမပြောဘဲနေရမည်၊ စကားမပြောနှင့် အာနန္ဒာ"

ကဲ...အဆွေ၊ ဒကာမကို မတွေ့မမြင်အောင်လည်း ဘယ်ရှောင်လို့ လွတ်မှာလဲ၊ တွေ့မြင်လျှင် ဘယ်လိုကျင့်သုံးရပါမည်နည်းဆိုတဲ့ အချက်ဟာ အင်မတန်ကောင်းပါတယ်၊ ဘုရားရှင်ရဲ့ အဖြေလည်း အင်မတန်ကောင်းပါတယ်၊ ကဲ...ရှေ့ဆက်ကြဦးစို့နော်–

"မြတ်စွာဘုရား၊ မလွှဲမရှောင်သာ၍ ဒကာမနှင့် စကားပြောရသော် ဘယ်လိုကျင့်သုံးရပါမည်နည်း"

"အာနန္ဒာ...အမိရင်း စသည်ကဲ့သို့ အမှတ် သတိထား၍ ပြောဆိုရမည်"

အဆွေ အဲဒီမှာ သတိထားပါ၊ အမိရင်းအနေ စိတ်မှာ ထားဖို့သာ ပြောတာပါ၊ အမေခေါ်ဖို့ ပြောတာမဟုတ်ပါနော်။

ဆိုလိုရင်းကတော့ အမိအရွယ်ကို အမိရင်းပမာ မေတ္တာစိတ်ထား၊ သမီးအရွယ်ကို သမီးရင်းပမာ မေတ္တာစိတ်ထားပြီးတော့ စကားပြောရမည်လို့ ဆိုလိုပါတယ်။

ဘာပြုလို့ အမိရင်း၊ အစ်မရင်း၊ နှမရင်း၊ သမီးရင်းပမာ စိတ်ထားရလဲဆိုတော့ ရာဂစိတ်၊ လောဘစိတ် မဖြစ်အောင် ပြောတာပေါ့နော်၊ အဲဒါ စိတ်ထဲထားရမှာ မထားနိုင်ဘဲ အခေါ်ခံရသူမှာ လောဘတဏှာဖြစ်ပြီး တဏှာစွဲ လောဘစွဲနဲ့ပဲ လှူတယ်မဟုတ်လား၊ အလှူ့ရှင်မှာ အကျိုးလည်း နည်းမသွားဘူးလား။

http://www.dhammadownload.com



ကဲ...အဆွေရေ၊ စာလည်းရှည်သွားပြီး အဖြေလည်း စုံလောက်ပါပြီနော်၊ ဗုဒ္ဓဓမ္မပြဿနာများ (၃)တွင် မပါနိုင်ဘဲ (၄) တွင်မှ ပါနိုင်သည်ကိုလည်း ခွင့်လွှတ်ပါနော်။

**သာသနာတော်အကျိုးသည်ပိုးနိုင်ပါစေသော်**

**သည်ပိုးလျက်နှင့်**

**အဆွေရဲ့ အဆွေ......**

**၁၃၄၀ ခုနှစ်၊ ကဆုန်လဆန်း (၇)ရက်**

- ❀ အမေမတော် အမေခေါ် အတော်ကြိုက်ကြသည်။
- ❀ အကြိုက်ကိုမျှော် လိုက်၍ခေါ် အတော်ကျင့်ပျက်သည်။
- ❀ အကျင့်ပျက်က အပါယ်ကျ ဒုက္ခတွေ့ရမည်။
- ❀ ဒုက္ခကြောက်သော် မေမတော် မေခေါ်ရှောင်ရမည်။

http://www.dhammadownload.com



# သာစုသံနည်းနေတယ်

{ ၄ }

လူတစ်ကိုယ် အကြိုက်တစ်မျိုးစီရှိကြ၏။ တစ်ယောက်နှင့် တစ်ယောက် အကြိုက်ချင်း မတူညီပါပေ။ သို့ဖြစ်၍ ဘုရားရှင်သည် သတ္တဝါတို့၏ အလိုဆန္ဒကို ကြည့်ရှု၍ တရားဟောတော်မူသဖြင့် တရားတော်တွေမှာ များပြားရ၏။ များပြားလှ၏။

ယင်းသို့ မြတ်စွာဘုရားရှင်သည် သတ္တဝါတို့၏ အလိုဆန္ဒ ကြည့်ရှုပုံနှင့် မိမိတို့ ယခုအခါ တရားပွဲများတွင် သတ္တဝါတို့၏ အလိုဆန္ဒ ကြည့်ရှုပုံ တူညီပါသလား၊ ယင်းကို ညှိနှိုင်းရန်သင့်၏။

ဘုရားရှင်က သတ္တဝါတို့၏ အလိုဆန္ဒ အာသယကို ကြည့်ပုံမှာ သတ္တဝါဆန္ဒနှင့် ကိုက်ညီမည့်တရားကို ရွေးချယ်ရန် ကြည့်ခြင်းဖြစ်၏။ ယင်းသို့ကြည့်ရှုပြီး သတ္တဝါနှင့်ကိုက်ညီမည့် တရားကို ဟောပေးလိုက်၏။ ထိုအခါ ယင်းသတ္တဝါသည် အကျွတ်တရား ရသွား၏။

http://www.dhammadownload.com



မိမိတို့ ယခု ဟောပြောနေသည့်တရားမှာ ယင်းသို့ ဟုတ်ပါ ရဲ့လား၊ မဟုတ်ဟု ထင်၏။ မိမိတို့သည် ဘုရားဟော တရား တစ်ပုဒ်ပုဒ် သို့မဟုတ် မိမိဟောလိုသည့် တရားတစ်ပုဒ်ပုဒ်ကို လက်ကိုင်ထားပြီး ပရိသတ်ကိုကြည့်သည်။ ဘယ်လိုကြည့်လဲ။ "ငါဟောမယ့် တရားနဲ့ ပရိသတ်နဲ့ ကိုက်မှကိုက်ပါ့မလား၊ ပရိသတ်မှ လက်ခံပါ့မလား၊ တရားကနက်နေတယ်၊ ခက်နေ တယ်၊ ရယ်စရာဘယ်လိုထည့်ရပါ့၊ သာဓုဘယ်နှစ်ခါ ချရပါ့" စသည် စသည် ကြည့်သည်။

ယင်းသို့ကြည့်ခြင်းသည် ဘုရားရှင်ကြည့်ခြင်းနှင့် မတူပေ။ မှန်၏။ မိမိတို့မှာလည်း ဘုရားရှင်နှင့်တူသော ဉာဏ်မရှိရကား အဘယ်မှာ ဘုရားရှင်နှင့် အကြည့်ခြင်းတူရအံ့နည်း။ မတူပါပေ။

အကြည့်ချင်းမတူ၍ တရားဟောချင်းလည်း မတူညီပေ။ ယင်းသို့မတူညီရကား အကြိုက်အမျိုးမျိုးရှိသော တရားနာပရိသတ် ထံမှ ပွဲတင်သံအမျိုးမျိုး ထွက်ပေါ်လာ၏။ ဟောပြောသူသည် ယင်းပွဲတင်သံကိုလည်း နားထောင်ရသေးသည်။

တရားနာပရိသတ်ထံမှပြန်လာသော ပွဲတင်သံသည် အမျိုးမျိုး ရှိ၏။ တချို့ကား ကဲ့ရဲ့သံ၊ တချို့ကား ချီးမွမ်းသံ၊ တချို့ကား အကြံပေးသံ၊ တချို့ကား ဝေဖန်ပေးသံ စသည်တို့ ဖြစ်၏။

မည်သည့်အသံပင်ဖြစ်စေ တရားဟောသူသည် သေချာစွာ စိစစ်၍ ပြန်လည်ဆန်းစစ်ရမည်ဖြစ်၏။ ကဲ့ရဲ့သံကြားရသော် ဘာ့ကြောင့် ကဲ့ရဲ့ခံရသလဲ၊ ကဲ့ရဲ့သူသည် ဘယ်လိုအတန်း အစားလဲ။ သူကဲ့ရဲ့တာ စိစစ်ပြီးကဲ့ရဲ့တာလား၊ မစိစစ်ဘဲ မလိုလို့

http://www.dhammadownload.com



တစ်ဖက်သတ်ကဲ့ရဲ့တာလား၊ သို့မဟုတ် ကဲ့ရဲ့သင့်လို့ ကဲ့ရဲ့တာလား စသည်စသည် ဆန်းစစ်ရမည်။

ယင်းသို့ ဆန်းစစ်ပြီးလျှင် ကဲ့ရဲ့သင့်လို့ ကဲ့ရဲ့ခံရတာမျိုးဖြစ်လျှင် နောင်အခါ ယင်းသို့အကဲ့ရဲ့ မခံရအောင် ပြင်၍ဟောရမည်ဖြစ်၏။ ယင်းသို့ ဟောသော် နောင်အခါ အကဲ့ရဲ့ခံဘဝမှလွတ်မည်ဖြစ်၏။

တစ်ဖန် ချီးမွမ်းသံကို စိစစ်ကြစို့။ ချီးမွမ်းမှုအမျိုးမျိုးရှိသလို ချီးမွမ်းသူလည်း အတန်းအစားအလိုက် အမျိုးမျိုးရှိ၏။ သို့ဖြစ်၍ ချီးမွမ်းတာတိုင်းကို ကြိုက်ဖို့မဟုတ်ပေ။ ဘဝင်မြင့်ဖို့မဟုတ်ပေ။ မှန်၏။ "လူမိုက်ချီးမွမ်း ဂုဏ်ရည်နွမ်း၏" ဆိုသည့်စကား ထင်ရှားရှိသည် မဟုတ်ပါလော။ သို့ဖြစ်၍ ချီးမွမ်းသံတိုင်းကို လိုက်ပြီး အကြိုက်ဟော၍တော့ မဖြစ်ပါပေ။

ပညာရှိသူတော်ကောင်းတို့၏ စိစစ်၍ ချီးမွမ်းသည့် အသံကိုသာ လိုက်နာပြီး ကျင့်သုံးသင့်၏။ ပညာမဲ့တို့၏ ချီးမွမ်းသံကို လိုက်နာကျင့်သုံးသော် ဆုံးရှုံးမှုသာ ကြုံရမည်ဖြစ်ပေ၏။

ဆက်လက်၍ အကြံပေးသံကို စိစစ်ကြပါစို့၊ အကြံဉာဏ်အမျိုးမျိုးရှိသလို အကြံပေးသူလည်း အမျိုးမျိုးရှိပေသည်။ အကြံပေးသူသည် မိမိအနေနှင့် အကြံဉာဏ်ပေးခြင်း၊ အများအတွက်ကြည့်ပြီး အကြံဉာဏ်ပေးခြင်း စသည်စသည် အမျိုးမျိုးရှိပေ၏။

ယင်းအမျိုးမျိုးတွင် အကြံပေးသူအတွက်ဆိုလျှင် အကြံပေးသူသည် ဘယ်လို အဆင့်အတန်းလဲ၊ အများအတွက်ဆိုလျှင် အများသည် ဘယ်လိုအဆင့်အတန်းလဲ စသည်စသည် ဆန်းစစ်

http://www.dhammadownload.com



ရမည်။ ယင်းသို့ ဆန်းစစ်ပြီးမှ ယင်းအကြံပေးချက်ကို လက်ခံသင့်က လက်ခံ၊ ပယ်ချသင့်က ပယ်ချရမည်။

ဝေဖန်မှုသည် အကြံဉာဏ်ပေးမှုနှင့် သဘာဝတရားမထူးခြားလှပေ။ မိမိအနေနှင့် ဝေဖန်ခြင်း၊ အများကိုချိန်ပြီး ဝေဖန်ခြင်း အမျိုးမျိုးရှိ၏။ ယင်းတို့ကို တရားဟောသူသည် တွေ့ရမည် ကေန်ပင်။

မိမိသည် တစ်ချိန်သောနွေကာလက မြို့တစ်မြို့တွင် တရားဟော၏။ ဟောရသည်မှာ အချိန်က နောက်ကျ၏။ ညဥ့်နက်သော် ပရိသတ်က ငိုက်မျဉ်းလာ၏။

တရားပွဲပြီးသော် ဒကာတစ်ယောက်ရောက်လာပြီးလျှင် "အရှင်ဘုရား တရားဟောတာ ကောင်းပါတယ်ဘုရား၊ ဒါပေမယ့် သာဓုနည်းနေတယ် ဘုရား" ဟု လျှောက်၏။ မိမိမှာနားမလည်။ သို့နှင့် မေးရ၏။

"ဘယ်လို သာဓုနည်းတာလဲ ဒကာကြီး"

"တရားဟောတဲ့အခါ ခဏခဏ "သတည်း" ချရတယ်ဘုရား၊ အဲဒီလို ခဏခဏ "သတည်း" ချတော့ ပရိသတ်က "သာဓု" ခေါ်တော့ အိပ်ချင်ပြေတယ်ဘုရား၊ ယခု အရှင်ဘုရားက တစ်ခါမှ သတည်းမချတော့ သာဓုမခေါ်ရတော့ အိပ်ချင်တာပေါ့ ဘုရား"

"ဒါဖြင့် သာဓုက အိပ်ချင်ပြေသာဓုလား"

ဒကာသည် ထိုအခါတွင် ပြုံးယောင်သန်းလာသည်။ အဖြေကို ရှာသည်။ ပြီးမှ ပြောသည်။

http://www.dhammadownload.com



"ဒီလိုတော့လဲ မဟုတ်ပါဘုရား"

"ဒီလိုမဟုတ်ရင် ဘယ်လိုဟုတ်လဲ"

"သာဓုခေါ်တဲ့ ပရိသတ်က သာဓုခေါ်တော့ အိပ်နေတဲ့ ပရိသတ်တွေ ငိုက်မျဉ်းနေတဲ့ ပရိသတ်တွေ နိုးလာတယ်၊ ငိုက်မျဉ်း ပျောက်သွားတာပေါ့ဘုရား"

ဒီလိုဆိုတော့ နိုးသာဓု၊ ငိုက်မျဉ်းဖျောက် သာဓုပေါ့၊ ဟုတ်လား"

"မှန်ပါ၊ ဒီသဘောပေါ့ဘုရား"

"ဒီသဘောတော့ မကောင်းပါဘူး ဒကာကြီးရာ၊ အိပ်ချင်တဲ့ လူကလည်း အိပ်မှာပဲ၊ ငိုက်ချင်တဲ့လူကလည်း ငိုက်မှာပဲ၊ သူတို့ အတွက် "သတည်း" ချပြီး သာဓုခေါ်စေရတာဟာလည်း ပုံမှန် သေးပါဘူး"

"နို့...ဘယ်လိုမှ ပုံမှန်ပါသလဲဘုရား"

"သာဓုဆိုတာက ပါဠိစကား ဒကာကြီးရဲ့"

"မှန်ပါဘုရား"

"မြန်မာလိုက 'ကောင်းပါတယ်' သို့မဟုတ် 'ကောင်းပေစွ' သို့မဟုတ် 'ကောင်းပေ၏–ကောင်းပေတယ်' လို့ အဓိပ္ပာယ် ရှိတယ်"

"မှန်ပါဘုရား"

"ဒီတော့ သာဓုဆိုတာ 'ကောင်းပါတယ်' လို့ ချီးမွမ်းတာပဲ မဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

http://www.dhammadownload.com



"အဲဒီလို ကောင်းပါတယ် ချီးမွမ်းတဲ့သာဓုကို အိပ်နိုးသာဓု အဖြစ် ငိုက်မျဉ်းဖျောက် သာဓုအဖြစ် အသုံးပြုလို့ တော်ပါ့မလား ဒကာကြီး"

"ဒီလိုဆိုတော့လဲ ဘယ်တော်မလဲဘုရား"

"ပြီးတော့ မငိုက်တဲ့ပရိသတ်က ကောင်းလို့ပဲ ဆိုပါတော့ 'သာဓု' ခေါ်တော့ အိပ်ငိုက်တဲ့ ပရိသတ်က အိပ်ချင်မှုတွေ 'သာဓု' ခေါ်တော့လည်း အဓိပ္ပာယ်ရှိရဲ့လား"

"မရှိပါဘုရား"

"ပြီးတော့ ဒကာကြီးပဲ ခုနက ပြောတယ်၊ ခဏခဏ 'သတည်း' ချရတယ်၊ "သတည်း" ချတော့ ပရိသတ်က သာဓု ခေါ်တော့ အိပ်ချင်ပြေတယ်လို့ ပြောတယ်မဟုတ်လား"

"မှန်ပါ၊ ပြောပါတယ်ဘုရား"

"ကဲ...ဒါဖြင့် မေးပါရစေ၊ သာဓုသံပုံမှန်က 'သတည်း' ချလို့ သာဓုခေါ်ရတာလား၊ ကောင်းလို့ သာဓုခေါ်ရတာလား"

"ပုံမှန်ကတော့ ကောင်းလို့ သာဓုခေါ်ရတာပါဘုရား"

"ခုဘယ့်နှယ်ဖြစ်နေလဲ"

"ခုတော့ 'သတည်း' ချလို့ သာဓုခေါ်ရတာဖြစ်နေပါတယ် ဘုရား"

"ဒါဖြင့် 'ရမ်းသမ်းပမ်းသမ်း သာဓု' မျှ ဟုတ်လား"

"တင်ပါဘုရား၊ ခုတော့ ဒီအတိုင်းဖြစ်နေပါတယ်ဘုရား"

"အဲဒါ ခက်တာပဲ ဒကာကြီးရဲ့၊ တချို့ကလည်း ခဏခဏ 'သတည်း' ချပြီး သာဓုခေါ်တာကို မကြိုက်ဘူး"

http://www.dhammadownload.com



"မှန်ပါဘုရား"

"ဘာဖြစ်လို့လဲဆိုတော့ အာရုံပြတ်သွားလို့တဲ့"

"တင်ပါဘုရား၊ ဒီလိုတော့ ဟုတ်သားပဲ ဘုရား"

"တချို့ကလည်း ခေါ်သင့်တဲ့နေရာမှာ သာဓုခေါ်ပြီး မခေါ်သင့်တဲ့နေရာမှာ သွားပြီးသာဓုခေါ်မိရင် ငရဲကြီးမှာ ကြောက်သတဲ့"

"အဓိပ္ပာယ် ရှင်းပါဦးဘုရား"

"ပဋာစာရီအကြောင်း ဟောတယ်ဆိုပါတော့နော်"

"မှန်ပါဘုရား"

"ပဋာစာရီဟာ သားနှစ်ယောက်ကလည်းသေ၊ လင်ကလည်းသေ၊ မိဘနှစ်ပါးနှင့် မောင်ကလည်းသေတော့ ငိုပွဲမဆင်ဘူးလား"

"မှန်ပါ၊ ငိုပွဲဆင်ပါတယ်ဘုရား"

"ပဋာစာရီငိုနေတာဟာ ကောင်းလို့ ငိုနေတာလား"

"မကောင်းလို့ ငိုနေတာပါဘုရား"

"ဉာတိဗျသန ဘေးကြီးတွေ့လို့ ဆင်းရဲဒုက္ခရောက်လို့ ငိုနေတာနော်"

"မှန်ပါဘုရား"

"အဲဒါကို ပဋာစာရီသည် သားသေ လင်ဆုံး မိဘမောင်ဘွားတွေ အကုန်ဆုံးသဖြင့် အပူလုံးကြွ ယူကျုံးမရနိုင်ဘဲ ငိုပွဲကြီး ဆင်ရလေတော့သတည်းလို့ 'သတည်း' ချတော့ ပရိသတ်က ဘယ့်နှယ်လဲ သာဓုခေါ်မလား"

"မှန်ပါ၊ သာဓုခေါ်ပါ့မယ်ဘုရား"

http://www.dhammadownload.com



"ကဲ...သတည်းချလို့ သာခုခေါ်တာလား၊ ပဋာစာရီ ဒုက္ခရောက်နေတာကို သဘောကျ ဝမ်းမြောက်လို့ သာခုခေါ်တာလား"

"အဲဒါမှ ခက်တာပဲဘုရား"

"ဘာခက်တာလဲ"

"သတည်းချလို့ သာခုခေါ်တယ်ဆိုရင်လည်း အရှင်ဘုရားက ပြောဦးမယ်၊ သဘောကျဝမ်းမြောက်လို့ သာခုခေါ်တယ်ဆိုရင်လည်း အရှင်ဘုရားက ပြောဦးမယ်၊ ဒီတော့ ခက်တာပေါ့ဘုရား"

"အဲဒါမျိုးကို အသိဉာဏ်ရှိတဲ့ ပရိသတ်က သာခုမခေါ်ချင်ဘူး ဒကာကြီးရဲ့"

"ဟိုမှာက ဒုက္ခရောက်လို့ ငိုနေတာ၊ ကိုယ်ကသွားပြီးတော့ 'ကောင်းပေစွ' 'ကောင်းပေစွ' လို့ သွားပြီး လက်ခုပ်သြဘာပေးလို့ ဖြစ်မလား"

"မဖြစ်ပါဘုရား"

"ယခုနေ ကိုယ့်မှာ ဒုက္ခတစ်ခုခုနှင့် ကြုံနေလို့ ငိုနေတဲ့အခါ တစ်ယောက်ယောက်က 'ကောင်းပေစွ-ကောင်းပေစွ' လို့ ဝမ်းသာအားရ လာပြောရင် ကြိုက်မလား"

"မကြိုက်ပါဘုရား"

"မကြိုက်တဲ့အပြင် ဖြစ်နိုင်ရင် ထ,တောင် ရိုက်မှာ၊ သတ်မှာ မဟုတ်လား"

"မှန်ပါဘုရား"

"ဆင်းရဲဒုက္ခရောက်နေတဲ့ ဒုက္ခိတသတ္တဝါကို သနားကရုဏာ ဖြစ်ရမလား၊ ဝမ်းသာမှု မုဒိတာဖြစ်ရမှာလား"

http://www.dhammadownload.com



"သနားကရုဏာ ဖြစ်ရမှာပါဘုရား"

"သာဓုဆိုတော့ ကရုဏာလား၊ မုဒိတာလား"

"မုဒိတာပါဘုရား"

"ဒီနေရာမှာ ပွားသင့်၊ မပွားသင့်"

"မပွားသင့်ပါဘုရား"

"မပွားသင့်တာပွားက ကုသိုလ်ရမလား၊ အကုသိုလ်ရမလား"

"အကုသိုလ်ရပါတယ်ဘုရား"

"တရားနာတာ အကုသိုလ်ရအောင် နာတာလား၊ ကုသိုလ်ရအောင်နာတာလား"

"ကုသိုလ်ရအောင် နာတာပါဘုရား"

"အေး...အဲဒါကို သဘောပေါက်ကြတဲ့ တချို့ပရိသတ်က ကုသိုလ်မရဘဲ အကုသိုလ်ရမှာစိုးလို့ နေရာတကာမှာ သာဓုမခေါ်ချင်ဘူး"

"တပည့်တော်တို့ ကြားဖူးတာက 'တရားဟောတဲ့အခါ သာဓုသာဓုလို့ သာဓုခေါ်တဲ့သူမှာ ခံတွင်းမှ ကြာညိုပန်းနံ့မွှေးတယ်' လို့ ကြားဖူးပါတယ်ဘုရား"

"ကြာညိုပန်းနံ့ဆိုတာ ကောင်းတဲ့အနံ့ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ကောင်းတဲ့အနံ့ဟာ ကောင်းတဲ့အကြောင်းကြောင့် ထွက်တဲ့အနံ့ပဲ၊ ကောင်းတာကို ကောင်းတယ်လို့ သာဓုခေါ်လို့ ထွက်တဲ့အနံ့ပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

http://www.dhammadownload.com



"ဒါဖြင့် မကောင်းတာကို ကောင်းပါတယ်လို့ သာဓုခေါ်ရင် ဘယ်လိုအနှံ့ထွက်မလဲ"

"ဒါတော့ တပည့်တော် မလျှောက်တတ်ပါဘုရား"

"အဲဒါမှ ခက်တာ၊ ဒကာကြီးတို့ဥစ္စာက ဉာဏ်နဲ့စိစစ်ပြီးမှ လက်မခံဘဲ ရမ်းပြီး လက်ခံထားတာပဲဟာ"

"မှန်ပါဘုရား၊ ဒီအတိုင်းဖြစ်နေပါတယ်"

"မကောင်းတာ သာဓုခေါ်လည်း မကောင်းနံ့ထွက်မှာပေါ့၊ ဒါကို ကြောက်လို့ တချို့က သာဓုမခေါ်ချင်တာလို့ ပြောခဲ့ပြီကော"

"မှန်ပါဘုရား၊ တပည့်တော် သတိမထားမိလို့ပါ"

" '**ကိုယ်တိုင်တိုက်တွန်း ချီးမွမ်းစိတ်တူ**' ဆိုတာ ရှိတယ် မဟုတ်လား"

"မှန်ပါ၊ ရှိပါတယ်ဘုရား"

"ကိုယ်တိုင်လုပ်တာရယ်၊ သူတစ်ပါးကို တိုက်တွန်းတာရယ်၊ သူတစ်ပါးလုပ်တာ ချီးမွမ်းတာရယ်၊ သူတစ်ပါးလုပ်တာ စိတ်တူတာရယ်၊ အဲဒီလေးမျိုးဟာ ကုသိုလ်မှာလည်း အတူပဲနော်"

"မှန်ပါဘုရား"

"အကုသိုလ်မှာလည်း ဘယ့်နှယ်လဲ"

"အတူပါပဲဘုရား"

"မကောင်းကျိုးတူ ကောင်းကျိုးတူပေါ့နော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"ဒါဖြင့် ကုသိုလ်မှာ ကိုယ်တိုင်လည်း လုပ်သင့်တယ်၊ သူတစ်ပါးလုပ်တာလည်း တိုက်တွန်းသင့်တယ်၊ ချီးမွမ်းသင့်တယ်၊ စိတ်တူသင့်တယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"အကုသိုလ်ကျတော့ ဘယ့်နှယ်လဲ"

"ကိုယ်တိုင်လည်း မလုပ်သင့်ပါ။ သူများလည်း မတိုက်တွန်းသင့်ပါ၊ သူများလုပ်တာလည်း မချီးမွမ်းသင့်ပါ၊ စိတ်မတူသင့်ပါ ဘုရား"

"တရားနာတာ ဘာအတွက်လဲ"

"ကုသိုလ်ရအောင်ပါဘုရား"

"အင်း...ကုသိုလ်ရအောင်သာနာပါ။ သာဓုသံနည်းသလေး ဘာလေး လုပ်မနေနဲ့နော်"

"မှန်ပါဘုရား"

"ကဲ...တော်ကြစို့..."

❀ သာဓုခေါ်လျှင် ကြိုကြိုတင်တင် ဆင်ခြင်ခေါ်ကြပါ
❀ ကောင်းတဲ့နေရာ သာဓုဟာ လွန်စွာကျိုးရှိတာ။
❀ မကောင်းနေရာ သာဓုဟာ လွန်စွာ ကျိုးယုတ်တာ။
❀ အကျိုးရှိကြည့် ကျိုးမဲ့ကြည့် နှစ်မျိုးကြည့်ကြည့်ကြပါ။
❀ ကျိုးမဲ့ကိုရှောင် ကျိုးရှိဆောင် ခုနောင်ချမ်းသာမှာ။

http://www.dhammadownload.com



# ပန်းတစ်ပွင့်နဲ့ ဘဝများစွာအကျိုးပေးပုံရှင်းပြပါဘုရား

{ ၁ }

"ဤ ဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ ထိန်ပန်းလှူမှုကို ပြုခဲ့ရသောအခါမှစ၍ အပါယ်လေးပါးလားရသည်ကို မသိစဖူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ပစ္စေကဗုဒ္ဓအား ပန်းပူဇော်ခြင်း၏ အကျိုးပေတည်း" **(သတ္တကဒမ္ဗပုပ္ဖိယ ထေရအပဒါန်)**

"ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်နှစ်ကမ္ဘာထက်၌ လိပ်ဆူးရွှေပန်းလှူဒါန်းခြင်းကောင်းမှုကို ပြုခဲ့သော အခါမှစ၍ အပါယ်လေးပါးလားရသည်ကို မသိစဖူးပေ။ ဤသို့ဖြစ်ရခြင်းသည် ခြေတော်ရာအား လိပ်ဆူးရွှေပန်း ပူဇော်ရခြင်း၏ အကျိုးပေတည်း"

**(ကောရဏ္ဍပုပ္ဖိယ ထေရအပဒါန်)**

"ဤဘဒ္ဒကမ္ဘာ၌ ဗောဓိပင်ကို မြစ်သေးပန်းပူဇော်ခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဖူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ဗောဓိပင်သို့ ပူဇော်ခြင်း၏ အကျိုးပေတည်း"

**(ဥဒ္ဒာလပုပ္ဖိယ ထေရအပဒါန်)**

http://www.dhammadownload.com



"ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတစ်သိန်းထက်၌ ဦးဆောက်ပန်းကို တင်လှူခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိ စဖူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် ကိုယ်တော်အား ဦးဆောက်ပန်း ပူဇော်ရခြင်း၏ အကျိုးပေတည်း" **(ဓာတိပုပ္ဖိယ ထေရအပဒါန်)**

"ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတစ်သိန်းထက်၌ ကြာပိုင်ပန်းပွင့်ကို ပူဇော်ခဲ့ရသောအခါမှစ၍ အပါယ်လေးပါးလားရသည်ကို မသိ စဖူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် အလောင်းတော်ကို ကြာပိုင်ပွင့် ပူဇော်ရခြင်း၏ အကျိုးပေတည်း" **(ပဒ္မပုပ္ဖိယ ထေရအပဒါန်)**

"ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတစ်သိန်းထက်၌ အင်ကြင်းပန်းကို တင်လှူပူဇော်ခဲ့ရသောအခါမှစ၍ အပါယ်လေးပါးလားရသည်ကို မသိစဖူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် နံ့သာထင်းပုံကို အင်ကြင်းပန်း ပူဇော်ရခြင်း၏ အကျိုးပေတည်း"

**(သာလကုသုမိယ ထေရအပဒါန်)**

"ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်ကမ္ဘာထက်၌ စကားပန်းကို တင်လှူပူဇော်ခဲ့ရသောအခါမှစ၍ အပါယ်လေးပါးလားရသည်ကို မသိ စဖူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် နံ့သာထင်းပုံကို စကားပန်း ပူဇော်ရခြင်း၏ အကျိုးပေတည်း"

**(စိတကပူဇက ထေရအပဒါန်)**

"ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တစ်ကမ္ဘာထက်၌ ကျူပန်းကို လှူဒါန်းပူဇော်ခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဖူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ကျူပန်း ပူဇော်ခြင်း၏ အကျိုးပေတည်း" **(နဠမာလိယ ထေရအပဒါန်)**

http://www.dhammadownload.com



"ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ သောဘိတ မြတ်စွာဘုရားကို တောင်ပုန်းညက်ပန်း ပူဇော်ခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဖူးပေ၊ ဤသို့ ဖြစ်ရခြင်း သည် သောဘိတမြတ်စွာဘုရားအား တောင်ပုန်းညက်ပန်း ပူဇော် ရခြင်း၏ အကျိုးပေတည်း" **(ဂိရိပုန္နာဂိယ ထေရအပဒါန်)**

"ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တစ်ကမ္ဘာထက်၌ ဝိပဿီမြတ်စွာ ဘုရားကို ဆည်းလည်းပန်း ပူဇော်ခဲ့ရသောအခါမှစ၍ မကောင်းမှု ပြုသူတို့၌ လားရာဒုဂ္ဂတိဘဝကို မသိစဖူးပေ၊ ဤသို့ ဖြစ်ရခြင်း သည် ဝိပဿီမြတ်စွာဘုရားကို ဆည်းလည်းပန်း ပူဇော်ရခြင်း၏ အကျိုးပေတည်း" **(တိကိဏ်ဏိပုပ္ဖိယ ထေရအပဒါန်)**

"ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တစ်ကမ္ဘာထက်၌ ပေါက်ပွင့် ပူဇော်မှုကို ပြုခဲ့ရသောအခါမှစ၍ မကောင်းမှု ပြုသူတို့၏ လားရာ ဒုဂ္ဂတိဘဝကို မသိရစဖူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာ ဘုရားကို ပေါက်ပွင့် ပူဇော်ရခြင်း၏ အကျိုးပေတည်း"

**(ကိံသုကပုပ္ဖိယ ထေရအပဒါန်)**

"ကမ္ဘာသုံးသောင်းထက်၌ သုမေဓာမြတ်စွာဘုရားကို မဟာ လှေကားပန်း ပူဇော်ခဲ့ရသောအခါမှစ၍ မကောင်းမှုပြုသူတို့၏ လားရာဒုဂ္ဂတိဘဝကို မသိစဖူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် မြတ်စွာ ဘုရားကို မဟာလှေကားပန်း ပူဇော်ရခြင်း၏ အကျိုးပေတည်း"

**(တိကဏ္ဏိကာရပုပ္ဖိယ ထေရအပဒါန်)**

"ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တစ်ကမ္ဘာထက်၌ မြတ်စွာဘုရား အား ဆပ်သွားပန်း ပူဇော်ခဲ့ရသောအခါမှစ၍ မကောင်းမှုပြုသူ

http://www.dhammadownload.com



တို့၏ လားရာဒုဂ္ဂတိဘဝကို မသိစဖူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားကို ဆပ်သွားပန်း ပူဇော်ရခြင်း၏ အကျိုးပေတည်း"

**(ကေတကပုပ္ဖိယ ထေရအပဒါန်)**

"ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ ကျူပန်းပွင့်ကို ပူဇော်ခဲ့ရသောအခါမှစ၍ မကောင်းမှု ပြုသူတို့၏ လားရာဒုဂ္ဂတိဘဝကို မသိစဖူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ကျူပန်းပူဇော်ရခြင်း၏ အကျိုးပေတည်း"

**(နဠမာလိက ထေရီအပဒါန်)**

"ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တစ်ကမ္ဘာထက်၌ ကြာပန်းပွင့်ကို ပူဇော်ခဲ့ရသောအခါမှစ၍ မကောင်းမှုပြုသူတို့၏ လားရာဒုဂ္ဂတိဘဝကို မသိစဖူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ကြာညိုပန်းပွင့် ပူဇော်ရခြင်း၏ အကျိုးပေတည်း"

အထက်ဖော်ပြပါ ပန်းလှူရခြင်း၏ အကျိုးတရားများမှာ ထေရီ-ထေရအပဒါန်လာ ထေရာ-ထေရီ အချို့အဝက်၏ ကောင်းမှုများကို ဖော်ပြထားခြင်းဖြစ်၏။ ယင်းထေရာ-ထေရီတို့အပြင် တခြားသော ထေရာ-ထေရီတွေလည်း များစွာရှိပါသေး၏။

လှူဒါန်းသောပန်းများမှာ တောပန်း၊ တောင်ပန်းများသာ များပါ၏။ ပန်းများမှာ အလကားရသော၊ အဖိုးမတန်သော ပန်းများသာ များပါ၏။ ယင်းတွင် မပါဝင်သော ဖောက်ကြွပန်း၊ လက်ထုပ်ကြီးပန်း၊ ထင်းရှူးပန်းစသည်လှူဒါန်း၍ အကျိုးများစွာရသည်များလည်း ရှိပါသေး၏။

http://www.dhammadownload.com



ယင်းသို့ ပန်းအမျိုးမျိုး လှူဒါန်းမှုကြောင့် အကျိုးအမျိုးမျိုးကို ထေရီထေရာအပဒါန်တွင် ဖော်ပြထားပါသည်။ သို့ရာတွင် ဤ၌ အပါယ်မကျသည့် ဘဝ, ကမ္ဘာကိုမျှကိုသာ ဖော်ပြထားပါသည်။

ယင်းသို့ ကမ္ဘာများစွာ၊ ဘဝများစွာ အပါယ်သို့မကျဘဲ နတ်ဘဝ၌ စည်းစိမ်ခံစားပြီးလျှင် ရဟန္တာထေရီ ရဟန္တာထေရာ ဖြစ်သွားကြပါသည်။

ယင်းသို့ အဖိုးမတန်သည့် ပန်းတစ်ပွင့်နဲ့ ဘဝများစွာ အကျိုးပေးတာကို အချို့က သံသယရှိလာပါသည်။ အကျိုးပေးတွေ များလှချည်လားဟု ထင်လာသည်။

သံသယရှိသူနှင့်မူ ကိုယ်တိုင် မတွေ့ရပါ။ သံသယရှိသူက မေးသဖြင့် အမေးခံရသူ ကျောင်းဆရာနှင့်မူ တစ်ခါက ဆုံခဲ့၏။

တစ်ချိန်သော နွေကာလဖြစ်ခဲ့၏။ မိမိသည် နွေရာသီ အနားယူ၍ တောရွာတစ်ရွာတွင် စာရေးနေခိုက်ဖြစ်၏။ မိမိ၏ စာဖတ်ပရိသတ်တစ်ယောက်သည် အဖော်တစ်ယောက်နှင့် ရောက်လာသည်။

ရှိခိုးပြီးထိုင်လျက် ပြဿနာအစုံလျှောက်ထားရာမှ "အရှင်ဘုရား၊ ခုခေတ်လူငယ်တွေက ကပ်သီးကပ်သပ် မေးတတ်လာတယ်ဘုရား၊ သူတို့ကျေနပ်လောက်အောင် ဖြေနိုင်တာလဲ ရှိပါတယ်၊ မဖြေနိုင်တာလဲ ရှိပါတယ်"

"အဲဒီလိုမေးလို့ ဖြေရာမှ တပည့်တော်မဖြေနိုင်တဲ့ အမေးပုစ္ဆာ ရှိပါတယ်ဘုရား၊ ပန်းတစ်ပွင့်နဲ့ ဘဝများစွာ အကျိုးပေးတဲ့

http://www.dhammadownload.com



ပြဿနာပါပဲဘုရား။ အဲဒါ ပန်းတစ်ပွင့်လှူတာနဲ့ ဘဝများစွာအကျိုး ပေးပုံ ရှင်းပြပါဘုရား"

"ဒါက ဒီလိုရှိတယ်၊ သူ့မှာ တခြားထူးထူးခြားခြား ကုသိုလ် တစ်ခါမှ မပြုတဲ့လူ ဆိုပါတော့နော်"

"မှန်ပါဘုရား"

"အဲ...ကြည်ညိုစရာကောင်းတဲ့ အလှူခံပုဂ္ဂိုလ်ကိုတွေ့တော့ ကြည်ညိုသဒ္ဓါတွေ ဖြစ်လာတယ်ပေါ့နော်"

"မှန်ပါဘုရား"

"အဲဒီလို ကြည်ညိုစရာကောင်းတဲ့ အလှူခံပုဂ္ဂိုလ်ကို ဖူးရခိုက် သဒ္ဓါတရားဖြစ်ခိုက်မှာ မိမိမှာလည်း ဝတ္ထုကြေးငွေမရှိတော့ လှူလည်း လှူချင်တော့ ရရာပန်းကို ရသလောက် လှူလိုက်ရတယ် ပေါ့နော်"

"မှန်ပါဘုရား"

"အဲဒီလိုလှူလိုက်တဲ့အခါမှာ အလှူခံပုဂ္ဂိုလ်ဖြစ်တဲ့ ဘုရား အစရှိတဲ့ သူတော်ကောင်းတွေကလည်း အလှူ့ရှင်စေတနာကို စောင့်ရှောက်သောအားဖြင့် ကြည်ညိုဖွယ်ဖြစ်အောင် အသုံးချ ပြတယ်နော်"

"မှန်ပါဘုရား"

"ဒီတော့ တစ်ခါမှ မလှူဖူးတဲ့ အလှူရှင်အား ကြည်ညိုသဒ္ဓါ အား ကောင်းသထက်ကောင်းမလာဘူးလား"

"ကောင်းလာပါတယ်ဘုရား"

http://www.dhammadownload.com



"ဘယ်လောက်ကောင်းလဲဆိုရင် မမေ့တော့ဘူး၊ လူ့နေပုံ၊ အလှူခံပုဂ္ဂိုလ်က အလှူခံပုံ၊ လှူဖွယ်ပစ္စည်းကို အသုံးပြုပုံတွေကို မျက်စိထဲမြင်ယောင်နေတယ်၊ စိတ်ကူးတိုင်းပေါ်နေတယ်နော်"

"မှန်ပါဘုရား"

"အဲဒီလိုဖြစ်နေတော့ ကုသိုလ်အာရုံ ကုသိုလ်စိတ်တွေ ဖြစ်မနေဘူးလား"

"ဖြစ်နေပါတယ်ဘုရား"

"အေး...သေကာနီးမှာလည်း ဒီအာရုံနှင့် ဒီစိတ်နှင့်သေတော့ ကောင်းရာသုဂတိသို့ ရောက်သွားရောနော်"

"မှန်ပါဘုရား"

"ရောက်သွားတော့၊ ငါဟာ ဒီလောက်ကြီးကျယ်တဲ့စည်းစိမ်ချမ်းသာတွေ ဘယ်ကုသိုလ်ကြောင့် ရတာလဲလို့ ပြန်ကြည့်တော့ သူ့ပြုထားတဲ့ အနည်းငယ်သော ကုသိုလ်ပန်းတစ်ပွင့် လှူရတာ သိတယ်ဆိုပါတော့နော်"

"မှန်ပါဘုရား"

"အနည်းငယ် ပန်းတစ်ပွင့်လေးလှူရတဲ့ ကုသိုလ်ကောင်းမှုကတောင်မှ ဒီမျှ ကြီးကျယ်တဲ့စည်းစိမ်ချမ်းသာတွေပေးတယ်ဆိုရင် ဒီထက် ကြီးကျယ်တဲ့ စည်းစိမ်ချမ်းသာတွေဆိုလျှင် အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်းလို့ စဉ်းစားမယ်နော်"

"မှန်ပါဘုရား"

"အဲဒီတော့ အဲဒီ သုဂတိဘုံမှာ ကုသိုလ်တွေကို ဆက်လက်ပြီးတော့ လုပ်မယ်မဟုတ်လား"

http://www.dhammadownload.com



"မှန်ပါ လုပ်ပါမယ်ဘုရား"

"သူတော်ကောင်းတွေမှီဝဲ၊ သူတော်ကောင်းတရားတွေ နာကြား အားထုတ်မယ်မဟုတ်လား"

"မှန်ပါဘုရား"

"ဒီတော့ အနည်းငယ်မျှ ပန်းတစ်ပွင့် အလှူကနေပြီး သုဂတိဘုံရောက်၊ သုဂတိဘုံကနေပြီး သူတော်ကောင်းတွေနဲ့ တွေ့၊ သူတော်ကောင်းတရားနာကြား အားထုတ်ခြင်း စတဲ့ ကုသိုလ်တွေ ဆက်ဆက်ပြုတော့ ကုသိုလ်အားကောင်းမသွားဘူးလား"

"အားကောင်းသွားပါတယ်ဘုရား"

"အကုသိုလ်တွေ ပြုလုပ်ခွင့်မရတော့ဘူးပေါ့နော်"

"မှန်ပါဘုရား"

"အကုသိုလ်တွေ အကျိုးပေးခွင့်လည်း ရသေးလား"

"မရတော့ပါဘုရား"

"အဲဒါ အရေးကြီးတယ်၊ ကုသိုလ်အကျိုးပေးနေခိုက် ဆက်ပြီးတော့ ကုသိုလ်ပြုနော်"

"မှန်ပါဘုရား"

"တချို့က ကုသိုလ်အကျိုးပေးကောင်းခိုက် ဖိမ်နဲ့ထိုင်ခံစားနေတယ်၊ ဆက်ပြီးတော့ ကုသိုလ်မပြုဘူး၊ အဲဒီလိုမပြုတော့ အဲဒီကုသိုလ်အားနည်းလာခိုက်၊ အကုသိုလ်အားကောင်းခိုက်ကြုံရင် အကုသိုလ် အကျိုးပေးခွင့် ရမသွားနိုင်ဘူးလား"

"ရသွားနိုင်ပါတယ်ဘုရား"

http://www.dhammadownload.com



"အကုသိုလ်အကျိုးပေးခွင့်ရသွားရင်လည်း ကုသိုလ်ဘက် ပြန်လည်ဖို့ မလွယ်တော့ဘူး"

"မှန်ပါဘုရား"

"အကုသိုလ်ကံကြောင့် ငရဲကျသွားတဲ့သူဟာ အဲဒီကုသိုလ် ကံကုန်လို့ငရဲကလွတ်ပြီ၊ လူဖြစ်သော်လည်း လူစဉ်မမီဘူးတဲ့နော်"

"မှန်ပါဘုရား"

"အကျိုး အကန်း အချည့် အအ စသည့် လူမျိုးဖြစ် အသိဉာဏ်မမီသူများ ဆင်းရဲနွမ်းပါးသူများ ဖြစ်ရတတ်တယ်"

"မှန်ပါဘုရား"

"အဲဒီလိုဖြစ်တော့ ခုခေတ် ပြောကြသလို 'အူမမတောင့် တော့ သီလမစောင့်နိုင်' ဖြစ်တော့ အကုသိုလ်တွေ ပြုလုပ်ပြန် ရော မဟုတ်လား"

"မှန်ပါဘုရား"

"သွားပြန်ရော၊ အပါယ်သို့တစ်ကြိမ်၊ ဒီတော့ အကုသိုလ် တစ်ခုကြောင့် အပါယ်ကျလျှင်လည်း ကျွတ်လမ်း လွတ်လမ်း ဝေးတယ်နော်"

"မှန်ပါဘုရား"

"ကုသိုလ်တစ်ခုခုနှင့် သုဂတိဘုံ ရောက်သွားတဲ့လူလည်း သတိသံဝေဂ လက်ကိုင်ထားပြီး သူတော်ကောင်းအမှီရပြီး ဒါန-သီလ-ဘာဝနာ ကုသိုလ်တွေဆက်ပြီး ပြုတော့ အပါယ်မကျ ရတော့ဘဲ ဘဝပေါင်းများစွာ လူနတ်စည်းစိမ်ခံစားပြီး နိဗ္ဗာန် ရောက်ရတယ်မဟုတ်လား"

http://www.dhammadownload.com



"မှန်ပါဘုရား"

"အဲဒါကို သဘောပေါက်လား"

"ပေါက်ပါတယ်ဘုရား"

"ဒီတော့ ပထမတော့ ကုသိုလ်တစ်ခုထဲ၊ နောက်တော့ ကုသိုလ်တွေ အများကြီးနော်"

"မှန်ပါဘုရား"

"ဒါပေမယ့် အဲဒီတစ်ခုထဲ ကုသိုလ်ကျေးဇူးက ကြီးလွန်းလို့ သူ့ပဲ ဖော်ပြတာပဲ၊ သူ့အကြောင်းပြုပြီး နောက်ဖြစ်တဲ့ ဒါန သီလ–ဘာဝနာကုသိုလ်တွေ ဖော်မပြတော့ဘူးနော်"

"မှန်ပါဘုရား"

"အကုသိုလ်မှာလည်း ဒီသဘောပဲ၊ ကဲ...သဘောပေါက်လား"

"မှန်ပါ၊ ပေါက်ပါတယ်ဘုရား"

"ကဲ...ဒါဖြင့် တော်ကြစို့..."

"ဦးတင်ပါတယ်ဘုရား"

❀ ကုသိုလ်တစ်ပါး အကျိုးများ ယုံမှားမရှိရာ။
❀ မျိုးစေ့တစ်မှ ပင်များစွာ ပေါက်ရပုံပမာ။
❀ မျိုးမှန်ကန်က ပင်သန်ရ ရကြသီးများစွာ။
❀ မျိုးစေ့မမှန် ပင်မသန် သီးနှံမအောင်ရာ။

http://www.dhammadownload.com



# ကျောင်းကိုပံ့သူကျွပစ်ကောင်းပါသလားဘုရား

{ ၆ }

ဒါနဟူသည် "ဒါနံ ဒေတိ=အလှူလှူ၏" စသော အချို့ အရာ၌ လှူဖွယ်ဝတ္ထုကို ဟော၏။

စေတနာရှိမှ ပေးလှူဖြစ်၏။ စေတနာမရှိက အလှူမဖြစ်၊ ထို့ကြောင့် ဒါနဖြစ်မြောက်ရေးမှာ စေတနာက အကြောင်းဖြစ်ရာ အလှူဖြစ်မြောက်ကြောင်း စေတနာကိုလည်း ဒါနဟု ဆိုရ၏။

ထို့ပြင် ပစ္စည်း၌ တွယ်တာသော လောဘရှိနေသူ၌ ဒါန မဖြစ်၊ တွယ်တာမှုကင်းသော အလောဘရှိသူ၌သာ ဒါနဖြစ်၏။ ထို့ကြောင့် အလောဘလည်း ဒါနဖြစ်ကြောင်းဖြစ်၍ ထိုစေတနာ နှင့်ယှဉ်သော အလောဘကိုလည်း ဒါနဟု အဋ္ဌကထာဖွင့်၏။

စေတနာဆိုရာ၌ "ဒါနမည်သည်မှာ တစ်ပါးသူကို ရည်၍ ဖြောင့်မှန်သော အသိဉာဏ်ရှေ့သွားရသော ထမင်း အစရှိသော ဆယ်မျိုးသော အလှူဝတ္ထုတို့ကို စွန့်လှူကြောင်း စေတနာပင်

http://www.dhammadownload.com



တည်း" ဟူသော အဋ္ဌကထာအရ ဉာဏ်ရှေ့သွားရှိသော လှူကြောင်း စေတနာကို ဒါနဟု သိရ၏။

ဉာဏ်ရှေ့သွားရှိသည်ဆိုရာ၌ ကံ-ကံ၏ အကျိုးကို သိနားလည်သော "ကမ္မဿကတာ သမ္မာဒိဋ္ဌိ" ရှိရမည်ကို ဆို၏။ အလှူကြောင့် ကောင်းကျိုးရလိမ့်မည်ဟု သိခြင်းပင်တည်း။

ဉာဏ်ရှေ့သွားရှိရမည်ဆိုသောကြောင့် ဤဉာဏ်မရှိလျှင် ဒါနမဖြစ်ဟုကား မမှတ်အပ်။ အကောင်းဆုံးဉာဏ်ယှဉ်သော ကုသိုလ်ဖြစ်ရန်သာ ဆိုခြင်းဖြစ်၏။

ထိုဉာဏ်ပင် မရှိစေကာမူ ပုဂ္ဂိုလ်ကို ကြည်ညိုခြင်း စသည်ဖြင့် ပေးကမ်းရာ၌ ဒါနဖြစ်သည်သာ။ သို့သော် ဉာဏ်မယှဉ်သော ဒါနတည်း။

အချို့ကလေးများ အချို့အရပ်က လူများမှာ "အကျိုးပေးလိမ့်မည်" ဟု မသိသော်လည်း ချစ်ခင်မြတ်နိုး၍ ပေးခြင်း၊ သနား၍ပေးခြင်း၊ အကျိုးလိုလား၍ပေးခြင်း စသည် ရှိတတ်ရာ ထိုအပေးမျိုးမှာလည်း ဒါနသာတည်း။

ဒါနမဖြစ်သော အပေးမျိုးလည်း ရှိသေး၏။ ယင်းတို့မှာ ကြောက်လို့ပေးခြင်း၊ လာဘ်ကိုမျှော်ကိုး၍ပေးခြင်း၊ ချစ်ကြိုက်၍ ပေးခြင်း စသော အပေးမျိုးတည်း။

မိမိပစ္စည်း၌ တွယ်တာတတ်သည်မှာ ဓမ္မတာပင် ဖြစ်၏။ သို့သော် ပုဂ္ဂိုလ်ကို ကြည်ညိုသောအခါဖြစ်စေ၊ မေတ္တာ ကရုဏာ သက်ရောက်၍ သူ့အကျိုးလိုလားသောအခါဖြစ်စေ တွယ်တာမှုကို ဖြတ်တောက်နိုင်ကြ၏။ ပေးနိုင်ကမ်းနိုင်ကြ၏။

http://www.dhammadownload.com



အလောင်းတော်များမှာ ပစ္စည်းဥစ္စာသာမက ကိုယ်အသက်ပါ စွန့်နိုင်အောင် ရက်ရောကြ၏။ ယင်း၏ အကြောင်းကား မေတ္တာ ကရုဏာပင်ဖြစ်၏။

ထိုမေတ္တာ ကရုဏာကြောင့် ရက်ရောစွာ စွန့်လာခဲ့ရာမှ အလောဘစေတ် ရင့်သန်လာသောအခါ တွယ်တာမှုဟု မရှိတော့ပေ။

မေတ္တာ ကရုဏာ မထားနိုင်ခြင်း၊ သဒ္ဓါနည်းပါးခြင်းကြောင့် အချို့သူတို့မှာ ပစ္စည်းတွယ်တာတတ်ခြင်း၊ မတွယ်တာလှသော်လည်း မလှူလိုခြင်းဖြင့် ဒါန မဖြစ်တတ်သော်လည်း ကြည်ညိုတတ်ခြင်း၊ သူ့အကျိုးလိုလားခြင်းရှိသူတို့မှာမူ မိမိအလွန်နှစ်သက်သော ပစ္စည်းကိုပင် နှမြောရမှန်းမသိ ရက်ရောစွာ လှူဒါန်းနိုင်ကြသည်။

သို့မဟုတ်မူ တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေ၏။ ယင်းသို့ တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေသူ ဒကာတစ်ယောက်နှင့် တစ်ချိန်က တွေ့ခဲ့၏။ မိမိသည် တောရကျောင်း တစ်ကျောင်းတွင် နေခိုက်ဖြစ်၏။

ထိုစဉ် ဒကာတစ်ယောက်ရောက်လာပြီး တရားစကားများ ပြောဆိုရာမှာ ပံသုကူအကြောင်း ရောက်သွားတော့၏။ ထိုအခါ ဒကာက မိမိအား မေးတော့၏။

"အရှင်ဘုရား၊ ကျောင်းကို ပံသုကူ ပစ်ကောင်းပါသလား ဘုရား"

http://www.dhammadownload.com



"ဒကာကြီးကလည်း ကပ်သီးကပ်သပ် ကျောင်းကို ပံသုကူ ပစ်ကောင်းရဲ့လားလို့ မေးမှမေးတတ်ပလေ"

"အကြောင်းရှိလို့ မေးတာပါဘုရား"

"အကြောင်းရှိလို့ဆိုတာ ဒကာကြီးကျောင်း ပံသုကူပစ်ဖို့ ရည်ရွယ်ချက်ရှိလို့လား"

"မှန်ပါ၊ ရှိပါတယ် ဘုရား"

"ကဲ...ပြောစမ်းပါဦး၊ ရည်ရွယ်ရင်းအကြောင်းကို"

"တပည့်တော်အိမ်မှာ ကိုယ်တော်ကြီးတစ်ပါး ဆွမ်းခံနေတယ် ဘုရား"

"တောထွက်ကြီးလား"

"မှန်ပါဘုရား"

"ကဲ...ဆက်ပြောပါဦး"

"အဲဒီ တောထွက် ကိုယ်တော်ကြီးက တပည့်တော်ကို ကျောင်းဆောက်လှူဖို့ ခဏခဏ ပြောနေတယ် ဘုရား"

"အင်း...အင်း"

""တပည့်တော်ကလည်း မဆောက်လှူချင်ဘူး ဘုရား"

"ဘာဖြစ်လို့ မဆောက်လှူချင်တာလဲ"

"သူ့အကျင့်လည်း တပည့်တော်ကသိနေတော့ မလှူချင်ဘူး ဘုရား"

"နို့...မလှူချင်လည်း မလှူဘဲနေလို့ ရသားပဲဟာ ဘာပူစရာ ရှိလဲ"

"သူကလည်း ခဏခဏ ဆောက်ခိုင်းနေတယ်ဘုရား"

http://www.dhammadownload.com



"ခဏခဏဆောက်နိုင်းတော့ ဆောက်နိုင်လည်း ဆောက်လှူလိုက်၊ မဆောက်နိုင်ရင်လည်း မဆောက်နိုင်ပါဘုရားလို့ လျှောက်ရင် ပြီးတာပဲဟာ"

"မှန်ပါ၊ တပည့်တော်က ဆောက်တော့လည်း ဆောက်ချင်တယ်ဘုရား"

"ဆောက်ချင်လည်း ဆောက်လိုက်ပေါ့၊ ဟိုက အလှူခံနေတဲ့ဟာပဲ"

"ဒါပေမယ့် ကျောင်းဆောက်ပြီး သူ့တော့လည်း မလှူချင်ဘူးဘုရား"

"ဟင်...အဲဒါမှ ခက်တာ၊ သူဆောက်နိုင်းလို့ ဆောက်တယ်၊ သူ့တော့ မလှူချင်၊ ဘယ်သူ့လှူမလဲ"

"အဲဒါကြောင့် အရှင်ဘုရားကို ကျောင်းကို ပံသုကူပစ်ကောင်းသလားလို့ မေးလျှောက်တာပါဘုရား"

"ဒါဖြင့် ဒကာကြီးသဘောက ကျောင်းတော့ဆောက်မယ်၊ ကျောင်းဆောက်ပြီးတော့ ပံသုကူပစ်လိုက်မယ်၊ ဒီလိုလား"

"မှန်ပါဘုရား"

"ကြံကြံဖန်ဖန် ဒကာကြီးကလည်း၊ ကျောင်းပံသုကူပစ်ရတယ်လို့"

"နို့...ဘယ့်နှယ်လုပ်ပါ့မလဲဘုရား"

"ဩော်...ဒကာကြီးအနေနဲ့ အဲဒီကိုယ်တော်ကြီးကို ပုဂ္ဂိုလ်အနေနဲ့ မကြည်ညိုဘူးမဟုတ်လား"

"မှန်ပါ၊ မကြည်ညိုပါဘုရား"

http://www.dhammadownload.com



"မကြည်ညိုတော့ သူ့ကို ပုဂ္ဂလိကမလှူချင်ဘူးမဟုတ်လား"

"မှန်ပါဘုရား"

"ဒီတော့ ကျောင်းဆောက်ပြီးတော့ သံဃာအများကို ရည်မှန်းပြီးတော့ သံဃိကလှူလိုက်ပေါ့၊ သံဃိကကျောင်းအလှူဟာ အကျိုးအင်မတန်ကြီးတာပဲ"

"မှန်ပါဘုရား"

"ပံသုကူဆိုတာက ပံသုကူလဆိုတဲ့ ပါဠိကလာတဲ့ စကား ဒကာကြီးရဲ့၊ မြန်မာလိုက မြေမှုန့်လိမ်းကျံနေတဲ့ ပစ္စည်းကို ခေါ်တယ်"

"မှန်ပါဘုရား"

"ဓုတင် (၁၃)ပါးမှာ ပံသုကူဓုတင်ဆိုတာ ပါတယ်မဟုတ်လား"

"မှန်ပါ၊ ပါပါတယ်ဘုရား"

"အဲဒီမှာ သင်္ကန်းပံသုကူသာရှိတယ်၊ ကျောင်းပံသုကူ ဘယ်ရှိမလဲ၊ ကျောင်းပံသုကူရယ်လို့ ဘယ်ရှိမလဲ ဒကာကြီး၊ မရှိဘူး"

"မှန်ပါဘုရား"

"သင်္ကန်းပံသုကူ ဆောက်တည်လိုတဲ့ ရဟန်းဟာ 'အိမ်ရှင်ဟုဆိုအပ်သော အလှူဒါယကာ လက်ဖြင့်ကပ်၍ လှူအပ်သော သင်္ကန်းကို ပယ်ပါ၏။ ပံသုကူသင်္ကန်းကို ဆောက်တည်ခြင်းတည်းဟူသော အင်္ဂါကို ဆောက်တည်ပါ၏' လို့ ဆောက်တည်ရမယ် ဒကာကြီးရဲ့"

"မှန်ပါဘုရား"

http://www.dhammadownload.com



"အဲဒီလို ပံသုကူစုတင် ဆောက်တည်ပြီးတဲ့ ရဟန်းဟာ သုသာန်အစရှိတဲ့ (၂၃)ပါးသော ပံသုကူသင်္ကန်းတို့ကို ရှာမှီးပြီး တော့ သုံးဆောင်ရတယ် ဒကာကြီး"

"အဲဒီ (၂၃) ဌာန အမိန့်ရှိပါဘုရား"

၁။ သုသာန်သင်္ချိုင်း၌ စွန့်ပစ်ကျရစ်သော အဝတ်၊

၂။ ဈေးပြင်တံခါး၌ စွန့်ပစ်ချထားသော အဝတ်၊

၃။ ကောင်းမှုလိုလား လမ်း၌စွန့်ပစ်ထားသော အဝတ်၊

၄။ ကိုယ်ဝန် အညစ်အကြေးကို သုတ်ပြီး စွန့်ပစ်အပ်သော အဝတ်၊

"အဲဒီအဝတ်ဟာ တိဿအမတ်ရဲ့အမိ သားဖွားစဉ်က တစ်သိန်းထိုက်တဲ့ပုဆိုးနဲ့ ကိုယ်ဝန်အညစ်အကြေး သုတ်ပြီးတော့ ပံသုကူဆောင်ရဟန်းတို့ ကောက်ယူစေသတည်းလို့ လမ်းခရီးမှာ ပစ်ဖူးသတဲ့ ဒကာကြီး"

"မှန်ပါဘုရား"

"ပံသုကူဆောင် ရဟန်းတွေကလည်း အလိုနည်းတဲ့တရား၌ တည့်ကုန်၍ မိမိသင်္ကန်းဟောင်းတွင် အိမ်မြှောင်းရှိရာ၌ လဲလှယ် လောက်ရုံသာ ကောက်ယူသတဲ့ဒကာကြီး"

"မှန်ပါဘုရား"

"တော်လိုက်တာနော်"

"မှန်ပါဘုရား"

၆။ သင်္ချိုင်းကုန်းက ပြန်တဲ့အခါ ဦးခေါင်းနှင့်တကွ ရေချိုး ပြီးမှ ယုတ်မာတဲ့ အဝတ်ဆိုပြီး စွန့်ပစ်တဲ့အဝတ် တဲ့။

http://www.dhammadownload.com



"ခုခေတ် အဲဒီလို စွန့်တာမရှိတော့ဘူးနော်"

"မှန်ပါဘုရား"

၇။ ဦးခေါင်းလျှော်ပြီး စွန့်ပစ်တဲ့အဝတ်၊

၈။ ဘုတ်–ဆေးသမားတို့ ရေချိုးပြီး စွန့်ပစ်တဲ့အဝတ်၊

၉။ တစ်ကွက်တစ်စောင်း မီးလောင်၍ စွန့်ပစ်တဲ့အဝတ်၊

၁၀။ နွားစားရာရှိသောအဝတ်၊

၁၁။ ခြကိုက်သော အဝတ်၊

၁၂။ ကြွက်ကိုက်ရာရှိသော အဝတ်၊

၁၃။ အနားပြတ်သော ပုဆိုးအဝတ်၊

၁၄။ အဆာပြတ်သော အဝတ်၊

"အဲဒီအဝတ်တွေကို မင်္ဂလာမရှိဘူးဆိုပြီး စွန့်ပစ်တဲ့ အလေ့ရှိတယ်၊ အဲဒီလို စွန့်ပစ်တာကို ကောက်ယူပြီး သင်္ကန်းအဖြစ် ဝတ်ရမယ်တဲ့ ဒကာကြီး"

"မှန်ပါဘုရား"

၁၅။ သင်္ဘောသွားသောသူတို့ သင်္ဘောဆိပ်မှာ ဖွဲ့အပ်တဲ့ တမ်းခွန်အဝတ်၊

၁၆။ တောင်ပို့ကို ရစ်ပတ်ပြီးတော့ ပူဇော်အပ်တဲ့ အဝတ်၊

၁၇။ ရဟန်းပဉ္စင်းသည် ပစ်အပ်သော သင်္ကန်း၊

၁၈။ မင်း၏ အဘိသိက်ခံရာအရပ်၌ စွန့်ပစ်အပ်တဲ့အဝတ်၊

၁၉။ တန်ခိုးဖြင့်ပြီးတဲ့ ဧဟိဘိက္ခုသင်္ကန်း၊

၂၀။ ခရီးသွားသောသူတို့ ခရီး၌ သတိမေ့၍ ကျနေတဲ့ အဝတ်၊

http://www.dhammadownload.com



"အဲဒီအဝတ်မျိုးကိုတော့ ချက်ချင်း ပံသုကူမကောက်ရဘူး၊ ခဏလောက် ဆိုင်းငံ့ပြီးမှ ကောက်ယူရတယ်၊ ယူတဲ့အခါမှာလည်း ပံသုကူအမှတ်နဲ့ပဲ ကောက်ယူရတယ်၊ ခိုးလိုတဲ့စိတ်နဲ့ မကောက်ယူရဘူး၊ အရှင်က ပြန်တောင်းလျှင်လည်း ပြန်ပေးရတယ် ဒကာကြီးရဲ့"

"မှန်ပါဘုရား"

၂၁။ လေခတ်လို့ အဝေးသို့လွင့်သွားတဲ့အဝတ်၊ အဲဒီအဝတ်လည်း အရှင်ကိုကြည့်ပြီးတော့ အရှင်မမြင်မှ ကောက်ယူရတယ်။

၂၂။ အရှင်အနုရုဒ္ဓ အရှင်မြတ်အား နတ်သမီးလှူသကဲ့သို့ နတ်လှူသောအဝတ်၊ အဲဒီအဝတ်ကို နတ်သမီးသည် တံမြက်ချေးစွန့်ရာအရပ်၌ အမြိတ်ကို ဖော်ပြီးထားတယ် ဒကာကြီးရဲ့။

"မှန်ပါဘုရား"

၂၃။ သမုဒ္ဒရာ လှိုင်းတံပိုးက ကုန်းပေါ်သို့ ပစ်တင်အပ်တဲ့ ပုဆိုးလို့ ပံသုကူသက်န်းဖြစ်ကြောင်း (၂၃)ပါးရှိတယ် ဒကာကြီး။

"မှန်ပါဘုရား"

"အဲဒီ (၂၃) ပါးထဲက တစ်ပါးပါးသော သင်္ကန်းကို ကောက်ယူပြီးတော့ ဝတ်ရုံတာကို ပံသုကူဓုတင်ဆောင်တယ်လို့ ခေါ်တယ် ဒကာကြီး"

"မှန်ပါဘုရား"

http://www.dhammadownload.com



"ကျောင်းကို ဒကာကြီးက အဲဒီလို မငဲ့မကွက် စွန့်နိုင်ပါ့မလား"

"ဒီလိုတော့ ဘယ်ပစ်နိုင်ပါ့မလဲဘုရား"

"ပစ်လို့လည်း ဖြစ်တာမှ မဟုတ်တာပဲ"

"မှန်ပါဘုရား"

"ဒီတော့ သက်နိုးကို ပံသုကူပစ်ချင်ပစ်နော်"

"မှန်ပါဘုရား"

"ကျောင်းတော့ ပုဂ္ဂလိကမလှူနိုင်ရင် သံဃိကလှူပါ၊ ပံသုကူ မပစ်ပါနဲ့ ဒကာကြီး"

"မှန်ပါဘုရား"

"ကဲ...တော်ကြပါစို့..."

- လှူဒါန်းချင်လျှင် ပညာရှင် ကြိုတင်တိုင်ပင်ပါ။
- မတိုင်ပင်က နောင်ခါကျ နောင်တရတတ်ပါ။
- နောင်တဆိုတာ အပူသာ ဖြစ်တာမသင့်ပါ။

http://www.dhammadownload.com



# ဘုရားကိုးဆူဆိုတာ ဘုရားချည်းကိုးဆူပါလားဘုရား

{ ၇ }

ကြောက်ရွံ့ ထိတ်လန့်ကုန်သော များစွာသော လူတို့သည် တောင်တို့ကိုလည်းကောင်း၊ တောတို့ကိုလည်းကောင်း၊ အသိကရုက္ခ(သစ်ပင်) စသော ကိုးကွယ်ရာတို့ကိုလည်းကောင်း ကိုးကွယ်ကြကုန်၏။

ဤတော၊ တောင်၊ အရံ အသိကရုက္ခ(သစ်ပင်) စသော ကိုးကွယ်ရာဟူသမျှကို ကိုးကွယ်ခြင်းသည် ဘေးကင်းသော ကိုးကွယ်ခြင်း မဟုတ်၊ မြတ်သော ကိုးကွယ်ခြင်းမဟုတ်၊ ဤကိုးကွယ်ရာဟူသမျှကို ကိုးကွယ်ဆည်းကပ်ခြင်းကြောင့် ဒုက္ခခပ်သိမ်းမှ မလွတ်မြောက်နိုင်။

အကြင်သူသည် မြတ်စွာဘုရားကိုလည်းကောင်း၊ တရားတော်ကိုလည်းကောင်း၊ သံဃာကိုလည်းကောင်း ကိုးကွယ်ဆည်းကပ်၏။ ထိုသူသည်-

http://www.dhammadownload.com



၁။ ဆင်းရဲအမှန်=ဒုက္ခသစ္စာ၊

၂။ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်=သမုဒယသစ္စာ၊

၃။ ဆင်းရဲလွတ်မြောက်ရာအမှန်=နိရောဓသစ္စာ၊

၄။ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်းအမှန် အင်္ဂါရှစ်ပါးရှိသော မြတ်သော=မဂ္ဂသစ္စာဟူသော အရိယသစ္စာလေးပါးတို့ကို ကောင်းစွာ မဂ်ပညာဖြင့် မြင်နိုင်၏။

ဤရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ခြင်းသည် ဘေးမရှိသော ကိုးကွယ်ဆည်းကပ်ခြင်းမည်၏။ မြတ်သော ကိုးကွယ်ဆည်းကပ်ခြင်း မည်၏။ ဤရတနာသုံးပါးကို ကိုးကွယ်ခြင်းကြောင့် ဒုက္ခခပ်သိမ်းမှ လွတ်မြောက်၏။ (ဓမ္မပဒ)

လူတို့သည် ဒုက္ခကို ကြောက်၏။ ဒုက္ခကို မလိုလား။ ဒုက္ခမှ လွတ်မြောက်ချင်၏။ သို့ဖြစ်၍ ဒုက္ခလွတ်မြောက်ကြောင်း အမျိုးမျိုးကို ရှာ၏။ တွေ့သူလည်းရှိ၏။ မတွေ့သူလည်း ရှိသည်။

အချို့သည် နေလ–နက္ခတ်–တာရာ–ဂြိုဟ်တို့ကို ဘေးလွတ်ကြောင်းအနေ ကိုးကွယ်ကြ၏။ ယင်း ကိုးကွယ်သည့်အထဲ ယိုးဒယားပြည် ဇင်းမယ်မြို့ရှိ ဇင်းမယ်မြို့သားတို့လည်း အပါအဝင်ဖြစ်၏။

မှန်၏။ သူတို့လည်း ဘေးရန်မရောက် အန္တရာယ်ကင်းပျောက်လိုခြင်း၊ အမှုကိစ္စပြီးစီးခြင်း အကျိုးငှာ ဂြိုဟ်ကိုးလုံးကို ပူဇော်ကြ၏။ ဂြိုဟ်နတ်ကို ပူဇော်ကြ၏။ သို့သော် အန္တရာယ်ကား တကယ်မကင်းပေ။

http://www.dhammadownload.com



ယင်းကို မြင်ရသိရသော ရဟန်းတော်တို့သည် ဒကာ ဒကာမ အများ အကျိုးများစေရန် ပူဇော်မှု ကိုးကွယ်မှု အစားထိုးပေးရလျှင် ကောင်းမှာပဲဟု စဉ်းစားမိ၏။

အဘယ်သို့စဉ်းစားသနည်း၊ ဂြိုဟ်ကိုးလုံးအမှတ်အသားနှင့် ဘုရားကိုးဆူ ပူဇော်စေရသော် ဂြိုဟ်ကိုးလုံး ပူဇော်ခြင်း၊ ရတနာသုံးပါးကို ပူဇော်ခြင်း နှစ်ပါးပြီးစေလိမ့်မည်။

ဤနည်းသည် သရက်ပင်ကို ရေသွန်းလောင်းခြင်း၊ ဆရာကို ရေချိုးစေခြင်း ကိစ္စနှစ်ပါးကို တစ်ပြိုင်နက် ပြီးစေ၍ အကျိုးများစွာ ခံစားရာသကဲ့သို့ ပြီးစီးရာ၏ဟု စဉ်းစား၏။

ယင်းသို့ စဉ်းစားပြီးလျှင် ယင်းအကြောင်းကို ဒကာ ဒကာမ အများအား ဟောပြောပြသ၏။ ဒကာ-ဒကာမ အများသည် ရဟန်းတော်တို့၏ ဟောပြချက်ကို နှစ်သက်သဖြင့် ဂြိုဟ်ကိုးလုံး အရေအတွက်ဖြင့် ဘုရားကိုးဆူ ပူဇော်ရိုး ထုံးတမ်းစဉ်လာသည် ဇင်းမယ်မှ စခဲ့သည်ဟု အဆိုရှိ၏။

ယခု မြန်မာပြည်တွင်လည်း ယင်းဘုရားကိုးဆူ ပူဇော်မှု များစွာ ပြု၏။ တစ်ချိန်က မိမိကိုယ်တိုင် ကြုံခဲ့၏။ မြို့တစ်မြို့ရှိ အိမ်ကြီးတစ်အိမ်တွင် ဘုရားကိုးဆူပူဇော်ပွဲ ကျင်းပ၏။

အရှေ့ဘက်ကျောင်း၏ အလင်းရောက်သော် သံဃာတော်အရှင်မြတ်များအား ဆွမ်းကပ်၏။ လူပရိသတ်များအား ထမင်းကျွေး၏။ ယင်းတွင် မိမိအား ဆရာတော်များက အနုမောဒနာတရား ဟောခိုင်း၏။ ထိုအခါ မိမိက-

http://www.dhammadownload.com



"တဏှာ, ဒိဋ္ဌိ, မာနတည်းဟူသော ပပဉ္စတရားသုံးပါးကို ကူးမြောက် ကျော်လွန်တော်မူကုန်ပြီးသော၊ ကူးမြောက်ကျော်လွန်ပြီးသော စိုးရိမ်ပူဆွေးခြင်း၊ ငိုကြွေးမြည်တမ်းခြင်းရှိတော်မမူကုန်သော ပူဇော်ခြင်းငှာ ထိုက်တော်မူကုန်သော သက်တော်ထင်ရှားရှိသည့် မြတ်စွာဘုရားတို့ကိုလည်းကောင်း၊ ထိုသို့ သက်တော်ထင်ရှားရှိသည့် တပည့်သား သာဝကတို့ကိုလည်းကောင်း ပူဇော်သောသူ၏ ကောင်းမှုကိုလည်းကောင်း-

"ပရိနိဗ္ဗာန်စံလွန်တော်မူကုန်ပြီးသော မည်သည့်အရပ်မှ၊ မည်သည့်အကြောင်းကြောင်းမှ ဘေးမရှိကုန်သော အချင်းခပ်သိမ်း အေးငြိမ်းတော်မူကုန်ပြီးသော မြတ်စွာဘုရားရှင်နှင့်တကွ တပည့်သား သာဝကတို့ကိုလည်းကောင်း၊ ပူဇော်သောသူ၏ ကောင်းမှုသည် ဤမျှသာ အစွမ်းရှိသည်။ ဤမျှသာအကျိုးပေးနိုင်သည်ဟု လူနတ်ပြဟ္မာ သတ္တဝါတို့တွင် တစ်စုံတစ်ယောက်မျှလည်း ရေတွက်ခြင်းငှာ မစွမ်းနိုင်" လို့ ဘုရားရှင်မိန့်တော်မူခဲ့သော ဒေသနာတော်အရ ယနေ့ အလှူ့ဒကာ-အလှူ့ဒကာမတွေဟာ သက်တော်ထင်ရှားရှိသည့် ဘုရားရှင်၏ တပည့်သား သာဝက သံဃာ ၁၄-ပါးနှင့် သက်တော်ထင်ရှားမရှိသည့် ရဟန္တာ (၈)ပါးနှင့် ဘုရားရှင် ဟူသော ဘုရားလျှင် ကိုးဆူမြောက်ဖြစ်တဲ့ ဗုဒ္ဓပမုခ အရိယာသံဃာတော်တွေ သရဏဂုံသီလရှိတဲ့ လူပရိသတ်တွေ လှူဒါန်းရတဲ့ အကျိုးဟာ မည်မျှကြီးမည်လဲဆိုတာ ဘယ်မှာ မှန်းဆလို့ ရမှာလဲ"

http://www.dhammadownload.com



အဲဒီလို မမှန်းဆနိုင်တဲ့ များမြတ်တဲ့ အကျိုးကို ပေးနိုင်တဲ့ ကုသိုလ် အကျိုးထဲမှာ မျက်မှောက်ဘဝတွင် မရောက်သေးတဲ့ ဘေးရန် အန္တရာယ်တွေ မရောက်ခြင်း၊ ရောက်ပြီးသား ဘေးရန် အန္တရာယ်တွေ ကင်းပျောက်ခြင်း၊ စီးပွားဥစ္စာ တိုးတက်ခြင်းစတဲ့ များမြတ်တဲ့ အကျိုးတွေ ပေးနိုင်တယ် စသည်ဖြင့် ဟောပြောကာ ဒေသနာနိဂုံး အဆုံးသတ်လိုက်၏။

ထိုအခါ ဒကာတစ်ယောက်က မေးလျှောက်၏။

"အရှင်ဘုရား၊ ဘုရားကိုးဆူဆိုတာ ဘုရားချည်းပဲ ကိုးဆူ ပါလားဘုရား" တဲ့။

မေးသင့်သော အမေးဖြစ်၏။ အခေါ်ကလည်း ဘုရားကိုးဆူ ဟူ၍ ခေါ်ထား၏။ ဘုရားချည်း ကိုးဆူထင်စရာဖြစ်နေ၏။ ယင်းသို့ ဖြစ်သော် အဘယ်ဘုရားကိုးဆူပါနည်းဟု မေးစရာ ဖြစ်လာမည်။

မှန်၏။ ဖြစ်နိုင်၏။ နှစ်ကျိပ်ရှစ်ဆူ၊ ဘုရားခုနစ်ဆူ၊ ဘုရားငါးဆူ စသည့် သူ့သတ်မှတ်ချက်နှင့်သူ သတ်မှတ်ကာ ခေါ်ဝေါ်သုံးစွဲ ပူဇော်နေတာ ရှိသည်မဟုတ်လော။ သို့ဖြစ်၍ ယခု ဘုရားကိုးဆူ လည်း ဘုရားကိုးဆူလားဆိုတာ မေးသင့်၏။ မေးရမည် ဖြစ်၏။

ဘုရားချည်း ကိုးဆူဖြစ်လျှင် ဘယ်ဘုရားတွေပါလဲဟု ဆက်၍ မေးရမည်ဖြစ်၏။ ယခုသော် ဘုရားချည်း ကိုးဆူမဟုတ်ချေ၊ သို့ဖြစ်၍ မိမိက ဖြေ၏။

"ဘုရားချည်း ကိုးဆူမဟုတ်ဘူး ဒကာကြီး၊ အရိယာသံဃာ ရှစ်ပါးနှင့် ဘုရားရှင်ရယ်လို့ ဘုရားအမွှန်းရှိတဲ့ အရိယာသံဃာ ကိုးပါးပေါ့၊ ဒါကို ဘုရားလျှင် ကိုးဆူမြောက်ဖြစ်လို့ ဘုရားကိုးဆူ ခေါ်တာပဲ ဒကာကြီး"

http://www.dhammadownload.com



"မှန်ပါဘုရား"

"ဘာပြုလို့ ဘုရားကိုးဆူ ပူဇော်ရပါသလဲဘုရား"

"ရှေးကတော့ ဘုရားကိုးဆူ ပူဇော်ရိုးထုံးတမ်းစဉ်လာ မရှိပါဘူး ဒကာကြီး"

"မှန်ပါဘုရား"

"ရှေးကတော့ နက္ခတ်တွေ၊ နတ်တွေ၊ တောတွေ၊ တောင်ပို့တွေ၊ တောင်တွေ၊ သစ်ပင်ကြီးတွေ၊ ဂြိုဟ်တွေ ပူဇော်ကြတယ် မဟုတ်လား"

"မှန်ပါဘုရား"

"ခုခေတ်လည်း ဒါမျိုးတွေ ရှိသေးတာပဲဟာ"

"မှန်ပါဘုရား"

"အဲဒီအထဲမှာ ဂြိုဟ်ကြီးကိုးလုံးပူဇော်ပွဲက ကြီးကျယ်တော့ အဲဒီအထဲကို အကျိုးရှိအောင် ဘုရားလျှင် ကိုးဆူမြောက်ရှိတဲ့ အရိယာ သံဃာပူဇော်ပွဲကို အစားထိုးပေးလိုက်ရာကစပြီး ဘုရားကိုးဆူ ဖြစ်လာတာပဲ ဒကာကြီး"

"မှန်ပါဘုရား"

"တချို့က ဘယ်လိုဆိုကြလဲဆိုတော့ သံဃာဆိုတာ ဘုရားရှင်လျှင် အမွန်အစရှိတော့ မြတ်စွာဘုရားကို အလယ်ကထားပြီးတော့ ရဟန္တာ၈ရှစ်ဆူကို ဘေးကထားပြီး ပူဇော်ရိုးထုံးစံဖြစ်တယ်တဲ့"

"မှန်ပါဘုရား"

http://www.dhammadownload.com



"ဒါ့ကြောင့် ယခု ဘုရားကိုးဆူပူဇော်တာ သွားပြီးကြည့်ပါလား၊ ဘုရားက အလယ်က ရဟန္တာ၇ရှစ်ပါးက ဘေးကလို့ တွေ့လိမ့်မယ်"

"ဟုတ်လားဘုရား"

"ဟုတ်လားလို့ ဘုန်းကြီး မမေးဘဲ အဲဒီဘုရားကိုးဆူဆရာ မေးကြည့်ပါလား"

ထိုအခါ ဒကာကြီးသည် ဘုရားကိုးဆူ ဆရာကြီးကို မေးကြည့်သည်။

"ဟုတ်လား ဆရာကြီး"

"ဟုတ်ပါတယ်၊ ဆရာတော်ပြောတဲ့အတိုင်းပါပဲ"

ထိုအခါ မိမိက ဆက်လက်၍ ဒကာကြီးအား ပြောပြန်သည်။

"အချို့က ဂုဏ်တော်ကိုးပါး ရည်ပြီးတော့ ဘုရားကိုးဆူ ပူဇော်တယ်လို့လဲ ဆိုကြပြန်တယ်"

"မှန်ပါဘုရား"

"အချို့ကလည်း တြင်းကျေနဝင်းကျေလို့ ဆိုကြမှာပေါ့နော်"

"မှန်ပါဘုရား"

"ဘာဖြစ်ဖြစ်ပေါ့၊ အကျိုးမရှိတဲ့ဘက်ကနေပြီး အကျိုးရှိတဲ့ ဘက် ရောက်လာတာ ကောင်းတာပေါ့နော်"

"မှန်ပါဘုရား"

"အဲဒီမှာ ရဟန္တာ၇ရှစ်ပါး ဘုရားတစ်ဆူသာ ဖြစ်ပါလျက် ဘုရားကိုးဆူလို့ ခေါ်တာ နေတ္တိလက္ခဏာဟာရ နည်းအားဖြင့် ခေါ်တာတဲ့ ဒကာကြီး"

http://www.dhammadownload.com



"မှန်ပါဘုရား"

"ဒက္ခိဏေယျ–ပူဇာရဟ လက္ခဏာအားဖြင့် တူလို့ ဘုရားကိုးဆူဆိုတဲ့ သဒ္ဒါနဲ့ပဲ ရှင်သာရိပုတ္တ၊ ရှင်မဟာမောဂ္ဂလာန အစရှိတဲ့ ရဟန္တာများကိုလည်း ယူတယ်တဲ့"

"ဒက္ခိဏေယျ–ပူဇာရဟ အဓိပ္ပာယ် ရှင်းပါဦး အရှင်ဘုရား"

"ဪ...ဟုတ်တယ်၊ ပါဠိလိုသုံးနေကျဆိုတော့ နှုတ်ကျိုးပြီးပါသွားတယ် ဒကာကြီး"

"မှန်ပါဘုရား"

"**ဒက္ခိဏေယျ**ဆိုတာ မြတ်သော အလှူကိုခံထိုက်တယ်တဲ့"

"မှန်ပါဘုရား"

"**ပူဇာရဟ**ဆိုတာက လှူနတ်ဦးခိုက် ပူဇော်ထိုက်တယ်၊ ပူဇော်ဖွယ်အမျိုးမျိုးနဲ့ ပူဇော်ထိုက်တယ်တဲ့"

"မှန်ပါဘုရား"

"အဲဒီ အလှူခံထိုက်တဲ့ ဒက္ခိဏေယျ၊ ပူဇော်ထိုက်တဲ့ ပူဇာရဟတို့ဟာ ဘုရားရဟန္တာတို့မှာ ရှိတယ်မဟုတ်လား ဒကာကြီး။ အဲဒါကြောင့် ဘုရားကိုးဆူလို့ ခေါ်တာ၊ ရဟန္တာအရှင်မြတ်တွေပါ ခေါ်တယ်လို့ မှတ်နော်"

"မှန်ပါဘုရား"

"အဲဒီလို ယူခဲ့သော် သံဃာတော်အများပင် ဘုရားဟူသော အနက်ဖြင့် ယူသင့်ရကား အလိုရှိအပ်သည်ကိုသာ ယူလို၍ 'ရှစ်ပါး' လို့ အပိုင်းအခြား ပြဆိုတာတဲ့ ဒကာကြီးရဲ့"

"မှန်ပါဘုရား"

http://www.dhammadownload.com



"တစ်နည်းပြောရရင် 'မင်းလာတယ်' ဆိုရာ၌ကဲ့သို့ ပြတန်းတဲ့ နည်းအားဖြင့် ဘုရားဟူသော သဒ္ဒါဖြင့်ပင် သံဃာတော်အများကိုလည်း ယူရတယ်တဲ့"

"မှန်ပါဘုရား"

" 'မင်းလာတယ်' ဆိုပေမယ့် နောက်က မင်းပရိသတ်တွေ အများကြီး ပါမလာဘူးလား"

"ပါလာပါတယ်ဘုရား"

"ပြောတော့ ပရိသတ်မပါဘဲ မင်းလာတယ်လို့ပဲ မပြောဘူးလား"

"ပြောပါတယ်ဘုရား"

"အင်း...ခုလည်း ဒီမှာ ဘုရားကိုးဆူဆိုပေမယ့် အရိယာ ရှစ်ပါးနှင့်တကွ ကိုးဆူလို့ နောက်ပါသံဃာတော်ကို ကိုးဆူဖြင့် သတ်မှတ်ပြတာတဲ့ ဒကာကြီးရဲ့"

"မှန်ပါဘုရား"

"သဘောကျပြီလား ဒကာကြီး"

"မှန်ပါ၊ ကျပါပြီဘုရား"

"သဘောကျရင် ဘုရားကိုးဆူ သီတင်းသုံးပုံကို ပြောကြစို့နော်"

"မှန်ပါ၊ ပြောပါဘုရား"

"ဘုရားရှင်က အလယ်ကနော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"ရှင်သာရိပုတ္တရာ အရှင်မြတ်က လက်ျာတော်ရံဖြစ်လို့ ရှင်သာရိပုတ္တကို ဘုရားရှင်ရဲ့ တောင်ဘက်က ထားရတယ်တဲ့"

"မှန်ပါဘုရား"

"ရှင်မဟာ မောဂ္ဂလာန်က လက်ဝဲရံဖြစ်လို့ ရှင်မဟာ မောဂ္ဂလာန်ကို ဘုရားရှင်ရဲ့ မြောက်ဘက်က ထားရတယ်တဲ့"

"မှန်ပါဘုရား"

"'ရှင်ကောဏ္ဍညအရှင်မြတ်က 'ရတ္တညျူတေဒဂ်' ဖြစ်လို့ သိက္ခာဝါကြီးသဖြင့် ဘုရားရှင်ရဲ့ အရှေ့အရပ်က ရှင်ကောဏ္ဍညကို ထားရတယ်တဲ့"

"မှန်ပါဘုရား"

"ရှင်အာနန္ဒာ အရှင်မြတ်က ဘုရားရှင်ရဲ့ အလုပ်အကျွေး နောက်တော်ပါဖြစ်လို့ ဘုရားရှင်ရဲ့ နောက်ပါးက ရှင်အာနန္ဒာကို ထားရတယ်တဲ့"

"မှန်ပါဘုရား"

"ပသုသဒ္ဒါက ရာဟုဂြိုဟ်ကိုလည်း ဟောတယ်၊ နွားကိုလည်း ဟောတယ် ဒကာကြီး"

"မှန်ပါဘုရား"

"ပသုသဒ္ဒါနဲ့ ပရိယာယ်ချင်းတူတဲ့ ဂေါသဒ္ဒါလည်း ရာဟု ဂြိုဟ်လည်းဟောတယ်၊ နွားလည်းဟောတာပဲ ဒကာကြီး"

"မှန်ပါဘုရား"

"ဒါ့ကြောင့် ရာဟုဂြိုဟ်ကို ဟောတဲ့ ပသုသဒ္ဒါ၊ ဂေါ–သဒ္ဒါကို စွဲပြီးတော့ 'ဂန္တ–ရာဟုဂြိုဟ်တို့၏၊ ပတိ–အရှင်တည်း။

http://www.dhammadownload.com



ဂဝံပတိ–ရာဟုဂြိုဟ်တို့၏ အရှင်' လို့ ဝစနတ်ပြုပြီးလျှင် အနောက်မြောက်အရပ်၌ အရှင် ဂဝံပတိကို ထားတယ် ဒကာကြီး"

"မှန်ပါဘုရား"

"ရာဟုဂြိုဟ် တစ်ခုသာဖြစ်လျက် 'ဂုန္နံ ပတိ ဂဝံပတိ' လို့ ဝစနတ်ပြုသည်မှာ လောကီသမယအားဖြင့် အလေးပြုအပ်တဲ့ ဂရုကာတဗ္ဗ ဗဟုဝစနတ်တဲ့ ဒကာကြီး"

"မှန်ပါဘုရား"

"ရှင်ရာဟုလာက ရဟန္တာရှစ်ပါးမှာ အသက်သိက္ခာ အငယ်ဆုံးမို့ ဂြိုဟ်သက်အငယ်ဆုံးသော တနင်္ဂနွေဂြိုဟ်အရပ်မှာ ထားသတဲ့ ဒကာကြီး"

"မှန်ပါဘုရား"

"ရှင်ရေဝတမှာ ရှင်သာရိပုတ္တရဲ့ ညီတော်နော်"

"မှန်ပါဘုရား"

"ရေမြေ့ရှင် မင်းတရားကြီး ထွက် စမွယ်တော်မူလျှင် အိမ်ရှေ့မင်း ရှေးဦးဖျား ထွက်စံတော်မူရသကဲ့သို့ ရှင်ရေဝတကို ရှင်သာရိပုတ္တရဲ့ ရှေ့တူရူမှာ ထားသတဲ့"

"မှန်ပါဘုရား"

"စနေဂြိုဟ်ဟာ ရှေးကာလ တရားကောက်ယူ ဆုံးဖြတ်တတ်သော အမတ်ကြီးဖြစ်တယ်ဆိုတဲ့ လောကီသမယစွဲရှိသတဲ့"

"မှန်ပါဘုရား"

"အဲဒါကြောင့် ဝိနည်းအရာ လိမ္မာကျွမ်းကျင် သိမြင်ကောက်ယူတတ်သဖြင့် တရား ဆုံးဖြတ်တတ်တဲ့ တရားသူကြီးနဲ့

http://www.dhammadownload.com



တူကြောင်းကို ဥပါလိအရှင်မြတ်သည်ပင်လျှင် ဥဒါန်းကျူးရင့်ထားသည်နှင့်အညီ တရားဆုံးဖြတ် လိမ္မာသူ ဖြစ်ဖူးသော စနေဂြိုဟ်အရပ်မှာ တရားဆုံးဖြတ်သော ရှင်ဥပါလိကို ထားသတဲ့"

"မှန်ပါဘုရား"

"ဘုရားကိုးဆူက ဂြိုဟ်ကိုးလုံးကို အစားထိုးတာဆိုတော့ ယှဉ်တွဲတန်အောင် ဂြိုဟ်သမားတွေ စိတ်ကျေနပ်အောင် ထားရတာပေါ့နော်"

"မှန်ပါဘုရား"

"တခြားရဟန္တာတွေ အများကြီးရှိပါရက်ကနဲ့ ဒီရဟန္တာကိုသာ ရွေးကောက်တာကလည်း၊ ဒီရဟန္တာရှစ်ပါးသာလျှင် အရပ်ရှစ်မျက်နှာ ဂြိုဟ်တွေနဲ့ လျော်လို့တဲ့နော်"

"မှန်ပါဘုရား"

"အဲဒီ ဘုရားကိုးဆူ ပူဇော်ပွဲမှာ 'ဗုဒ္ဓေါ မင်္ဂလေ' စတဲ့ ဂါထာ၊ "အဋ္ဌရသ ဟတ္ထုဗ္ဗေဓော" စတဲ့ ဂါထာတွေကို ရွတ်ဆိုပူဇော်စမှတ်ပြုကြတယ်နော်"

"မှန်ပါဘုရား"

"ဘာဖြစ်လို့ အဲဒီဂါထာတွေ ရွတ်ဆိုပူဇော်စမှတ်ပြုလည်းဆိုတော့ 'ရတနာရွှေချိုင့်၊ ဥပ္ပါဒသန္တိ' ဂါထာများကို ဖွဲ့စီကုံးတဲ့ဆရာတို့သည်ပင်လျှင် ဘုရားကိုးဆူ ပူဇော်နည်းကို ဥပဒေပြုစီရင်လို့တဲ့ သူတို့စီရင်တဲ့ ဂါထာတွေပဲ ရွတ်ဆို ပူဇော်သတဲ့ဒကာကြီး"

"မှန်ပါဘုရား"

http://www.dhammadownload.com



"နမက္ကာရ ထောမနာ ဂါထာတွေ ရွတ်ဆိုပူဇော်ရာ၌လည်း အထူးအထွေ မရှိပါဘူး။ ပူဇော်တာဖြစ်တော့ သင့်မြတ်တယ်လို့ပဲ မှတ်နော်"

"မှန်ပါဘုရား"

"ကဲ...ဘုရားကိုးဆူအကြောင်း ပြောတာ စုံသင့်သလောက် စုံသွားပါပြီ။ ပရိသတ်လည်းစုံတုန်း ပြောချင်တာလေး တစ်ခု တော့ ရှိတယ်"

"အမိန့်ရှိပါဘုရား"

"ဘုရားကိုးဆူ ပူဇော်တော့ ဘုရားနှင့်တကွ ရဟန္တာရှစ်ပါး နော်"

"မှန်ပါဘုရား"

"အဲဒါ ညဦးပိုင်းမှာ စားဖွယ်ခဲဖွယ်တွေနဲ့ မပူဇော်ဘဲနဲ့ ရေချမ်း၊ ပန်း၊ ဆီမီးတွေနဲ့ ပူဇော် ဂုဏ်တော်တွေ၊ ဂါထာတွေ ရွတ်ဖတ် ပူဇော်ပေါ့ ဟုတ်လား"

"မှန်ပါဘုရား"

"အရုဏ်ကျင်းလို့ အလင်းရောက်မှ ဆွမ်းခဲဖွယ် ဘောဇဉ် တွေနဲ့ ပူဇော်ပြီး ဆွမ်းတော်ကပ်နော်"

"မှန်ပါဘုရား"

"ညပိုင်းမှာ ဆွမ်းခဲဖွယ် ဘောဇဉ်တွေ ကပ်လှူ ဘုရား ရဟန္တာတွေ ညဆွမ်း ဘုဉ်းပေးသလိုဖြစ်နေမယ်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"အဲဒီလိုဆိုရင် ပူဇော်ရာမရောက်ဘဲ ဖျက်ဆီးရာရောက်နေလိမ့်မယ်နော်"

"မှန်ပါဘုရား"

"အဲ...စနစ်တကျ ပူဇော်တတ်ရင် ဘုရားနှင့် ရဟန္တာအကျော်အမော်များကို ပူဇော်တော့ တရားတော်လည်း ပူဇော်ရာရောက်လို့ ဘုရားကိုးဆူ ပူဇော်တာဟာ ရတနာသုံးပါး ပူဇော်တာပဲနော်"

"မှန်ပါဘုရား"

"ကဲ...တော်ကြစို့..."

- မြတ်စွာဘုရား ပူဇော်ငြား ကြီးထွားတန်ခိုးတွေ။
- တရားတော်အား ပူဇော်ငြား ကြီးမားပညာတွေ။
- သံဃာတော်အား ပူဇော်ငြား တိုးပွားဉစ္စာတွေ။
- ကောင်းကျိုးလိုလား သူတော်များ ကြိုးစားပူဇော်လေ။

http://www.dhammadownload.com



# တပည့်တော် မေတ္တာသုတ် ယုံသွားပြီဘုရား

{ ၁ }

“မိမိသည် တစ်ချိန်သော ဆောင်းကာလက ရွာတစ်ရွာတွင် ကမ္မဋ္ဌာနယောဂီ တောမှီ ရဟန်းတို့ကို အကြောင်းပြု၍ ဘုရားရှင် ဟောကြားတော်မူသော မေတ္တသုတ်ကို ဟောပြောပြသ၏။

ယင်းမေတ္တာသုတ်တွင် မေတ္တာပွားလိုသော ယောဂီသည် မေတ္တာ မပွားမီကပင် ကြိုတင်၍ ကျင့်ကြံအားထုတ် ပြည့်စုံစေရမည့် တရား (၁၅) ပါးတို့ကို ဟောထားပုံ၊ ထိုတရားတို့ကို “မေတ္တာပုဗ္ဗဘာဂတရား=မေတ္တာမပွားခင် ရှေးအဖို့က ကြိုတင် ပြည့်စုံစေရမည့်တရား (၁၅)ပါး” ဟူ၍ ခေါ်ဆိုပုံကို ရှင်းပြ၏။

ထို့နောက် “ကောင်းမြတ်သော အကျိုးစီးပွားအရာ လိမ္မာသည်ဖြစ်၍ အေးမြငြိမ်းချမ်းလှစွာသော နိဗ္ဗာန်တရားကို ဉာဏ်ဖြင့်

http://www.dhammadownload.com



သက်ဝင်ကာ နေလိုသောသူသည် ပြုသင့်ပြုထိုက် ပြုရမည့် တရား (၁၅)ပါးကား-

၁။ ကောင်းမြတ်သော အရာတို့ကို ကျင့်ခြင်း၌ စွမ်းနိုင်ရမည်။
၂။ ဖြောင့်မတ်သော အကျင့်တရားရှိရမည်။
၃။ တစ်ခါတစ်ရံမျှ ကွေ့ကောက်ခြင်းမရှိဘဲ ကောင်းကောင်းကြီး ဖြောင့်မတ်ရမည်။
၄။ ပညာရှိတို့ ကောင်းစွာ ဆုံးမလွယ်သူဖြစ်ရမည်။
၅။ ကောင်းမြတ်သော အရာတို့၌ နူးညံ့ပျော့ပြောင်းသောသူဖြစ်ရမည်။
၆။ မာန်မာန တက်ကြွခြင်းမရှိစေရ။
၇။ မိမိမှာ ထင်ရှားရရှိသော ပစ္စည်းဖြင့်သာ ရောင့်ရဲတင်းတိမ်၊ ကျေနပ်သောသူဖြစ်ရမည်။
၈။ သူတစ်ပါးတို့ စောင့်ရှောက် မွေးမြူရန် လွယ်ကူသောသူဖြစ်ရမည်။ ချေးမများသူဖြစ်ရမည်။
၉။ ကျင့်ဝတ်တရားအတွက် မလိုလားအပ်သည့် အပိုကိစ္စများ နည်းပါးသောသူ ဖြစ်ရမည်။
၁၀။ ပေါ့ပါးလွယ်ကူသော အသက်မွေးခြင်း ရှိသူဖြစ်ရမည်။
၁၁။ ငြိမ်သက်တည်ကြည်သော ဣန္ဒြေရှိသူ ဖြစ်ရမည်။
၁၂။ အပြစ်ကင်းသော အရာတို့၌ ကောင်းစွာ သိမြင်ကျွမ်းကျင် လိမ္မာသော ဉာဏ်ပညာရှိသူဖြစ်ရမည်။
၁၃။ ကိုယ် နှုတ် နှလုံး သုံးပါးလုံး ကြမ်းကြုတ်ခြင်းမရှိစေရ။

http://www.dhammadownload.com



၁၄။ ဒါယကာ–ဒါယိကာမတို့အပေါ်မှာ တွယ်တာ ကပ်ငြိခြင်း မရှိစေရ။ (လူများ အနေနှင့်မှု မိတ်ဆွေတို့အပေါ်မှာ တွယ်တာခင်မင်ခြင်း ငြိကပ်ခြင်းမရှိစေရ)။

၁၅။ ပညာရှိများ စွပ်စွဲကဲ့ရဲ့မည့် အရာမှန်လျှင် တစ်စုံတစ်ရာ အနည်းငယ်ကိုမျှ မပြုကျင့်ရ။

အဲဒီတရား (၁၅)ပါးတို့ပဲ။ အဲဒီတရား (၁၅)ပါးတို့ကို ရှေးဦးစွာ ပြည့်စုံစေပြီးမှ မေတ္တာပို့ရမည်။ မေတ္တာဘာဝနာ မပြည့်စုံသေးမီ ဒီတရား (၁၅)ပါးပြည့်စုံနေလျှင်ပင် အကျိုးကြီးလှပါတယ်။ မေတ္တာဘာဝနာ ပြည့်စုံလျှင် ဘယ်မျှ အကျိုးရှိမည်လဲ။ စသည်ဖြင့် ဟောပြောကာ မေတ္တာပို့ပုံ၊ မေတ္တာအကျိုးစသည် အကျယ်တဝင့် ဟောပြလိုက်၏။

တရားပွဲကားပြီး၏။ လက်တွေ့ကျင့်သူကား မည်မျှရှိသလဲ။

တစ်နေ့သော နေ့လယ်ဖြစ်၏။ မိမိထံသို့ ဒကာမ ကြီးငယ် နှစ်ယောက် ရောက်ရှိလာပြီး ရှိခိုးပြီးသော် ဒကာမငယ်က လျှောက်ထား၏။

"ဘုန်းဘုန်း တပည့်တော်တော့ မေတ္တာသုတ် ယုံသွားပြီ ဘုရား"

"ဩော်...မေတ္တာသုတ်ဆိုတာ ဘုရားဟောပဲ မယုံလို့ဖြစ်မလား၊ ယုံရမှာပေါ့"

"ဘုန်းဘုန်းဟောတုန်းက အကျိုး (၁၁)ပါးဟောတော့ တပည့်တော်လည်း ဝမ်းသာပြီး ပါဠိလိုရော လက်ာနဲ့ပါ မေတ္တာပို့တယ် ဘုန်းဘုန်း"

http://www.dhammadownload.com



"တပည့်တော် လက်တွေ့တွေ သုံးလေးမျိုးပဲ ဘုရား၊ အဲဒီတုန်းက သိပ်မယုံလှသေးဘူးဘုရား"

"အင်း...ဘယ်တော့မှ ယုံလဲ"

"ခု နောက်ဆုံးတစ်ခါ ကို(......) အိမ်ခြံထဲမှာ ပျားစွဲတယ်ဘုရား"

"အင်း..."

"ပျားဆိုတာ တောကောင်တဲ့၊ တောကောင် ရွာဝင်တာ မကောင်းဘူးတဲ့ဘုရား"

"အင်း"

"အဲဒါနဲ့ တပည့်တော်တို့ ပျားတွေကို အာရုံပြုပြီး မေတ္တာသုတ်ရွတ်တယ်၊ မေတ္တာပို့တယ်ဘုရား"

"အင်း"

"သုံးရက်သာ ရွတ်ရ၊ မေတ္တာပို့ရပါတယ်၊ ပျားတွေပြောင်းသွားပြီဘုရား၊ လူတွေလည်း ဘာမှမဖြစ်ပါဘူးဘုရား"

"အင်း"

"မေတ္တာအကျိုး သိပ်ကြီးတာပဲနော် ဘုန်းဘုန်း"

"ကြီးတာပေါ့၊ ဒါ့ကြောင့် မေတ္တာပို့ချင်စိတ်ဖြစ်အောင် ဟောပေးတာပဲ"

"တပည့်တော်တို့ ပို့ပါတယ် ဘုန်းဘုန်း"

"အေး...နင်တို့ ကြားဖူးသားပဲ၊ ဘုရားအမှူးရှိတဲ့ သံဃာတော်တွေ ရာဇဂြိုဟ်ပြည်အတွင်း ဆွမ်းခံဝင်တဲ့အခါ ဒေဝဒတ်ဟာ

http://www.dhammadownload.com



အဇာတသတ်နဲ့တိုင်ပင်ပြီး အလွန်မုန်ယစ်တဲ့ နာဠာဂီရိဆင်ကို ဘုရားရှင်သို့ ရှေ့ရှုတိုက်လွှတ်လိုက်တယ် မဟုတ်လား"

"မှန်ပါတယ်ဘုရား"

"အဲဒီအခါ ဘုရားရှင်ဟာ နာဠာဂီရိဆင်ကို မေတ္တာရေချမ်း သွန်းဖျန်းတော်မူခြင်းဖြင့် အောင်မြင်တော်မူတယ် မဟုတ်လား"

"မှန်ပါ ဘုရား"

"နင်တို့လည်း ခုပျားတွေကို မရိုက်မပုတ်ဘဲနှင့် မေတ္တာရေချမ်း သွန်းဖျန်းတာနဲ့ အောင်မြင်တယ် မဟုတ်လား"

"မှန်ပါဘုရား"

"ငါတို့ လက်တွေ့တစ်ခုလည်း တွေ့ဖူးတယ်"

"မှန်ပါဘုရား"

"အိမ်တစ်အိမ်မှာ ဥစ္စာစောင့် ညီအစ်မနှစ်ယောက်က ညညကျရင် အိမ်ရှင်တွေကို လာလာနှင်ချနေသတဲ့"

"မှန်ပါဘုရား"

"အိမ်ရှင်တွေက ကြောက်တော့ ဘုန်းကြီးတွေပင့်ပြီး ပရိတ်ရွတ်မယ်လုပ်သတဲ့"

"မှန်ပါဘုရား"

"အဲဒီ ဘုန်းကြီးတွေထဲမှာ ဘုန်းကြီးတစ်ပါးက နှင်တဲ့ ပရိတ်ကမ္မဝါတွေ မရွတ်ပါနဲ့လို့ ပြောသတဲ့"

"မှန်ပါဘုရား"

"အဲဒါနဲ့ သဘောတူပြီး အဲဒီနေ့နံနက်မှာ နှင်တဲ့ပရိတ်တွေ ကမ္မဝါတွေ မရွတ်၊ မဖတ်ဖြစ်ဘူး"

http://www.dhammadownload.com



"မှန်ပါဘုရား"

"ညနေကျ ဘုန်းကြီး (၅)ပါးကြွပြီး မေတ္တာသုတ်ရွတ်ပေးလိုက်တယ်"

"မှန်ပါဘုရား"

"အဲ...ညလည်းကျရော ဥစ္စာစောင့် ညီအစ်မနှစ်ယောက်က သူတို့ သွားပါတော့မယ်၊ ယခုတော့ ခဏ သည်းခံပါ၊ နေရာရှာပါရစေဦးလို့ ပြောသတဲ့"

"မှန်ပါဘုရား"

"ကဲ...မေတ္တာသုတ်ရွတ်တာ နှင်တာလည်းမဟုတ်ဘူး၊ မေတ္တာပို့တာပဲ မဟုတ်လား"

"မှန်ပါဘုရား"

"ကဲ...နဂိုက အိမ်ရှင်တွေ လာလာနှင်ချနေတဲ့ ဥစ္စာစောင့် ညီအစ်မနှစ်ယောက် သူတို့ သွားမယ်တဲ့"

"မှန်ပါဘုရား"

"ခုလည်း နှင်တို့ ပျားတွေကို မေတ္တာပို့တာလား၊ နှင်တာလား"

"တပည့်တော်တို့က နှင်တို့လည်း တို့ကို မညှင်းဆဲ မနှိပ်စက်နဲ့၊ တို့ကလည်း နှင်တို့ကို မညှင်းဆဲ မနှိပ်စက်ဘူး၊ နေမြဲတိုင်း နေဆိုပြီး မေတ္တာသုတ်ရွတ်၊ မေတ္တာပွားတာပဲ ဘုန်းဘုန်း"

"အေး...မေတ္တာလက်နက် လွန်ထက်မြက်တယ်၊ ကြိုးစားပြီးတော့ ဆက်လက်ပွားပါနော်"

http://www.dhammadownload.com



"မှန်ပါဘုရား၊ ဦးတင်ပါတယ် ဘုန်းဘုန်း"
"အေး...အေး..."

❀ မေတ္တာလက်နက် လွှန်ထက်မြက် ယူလျက်သွားကြပါ။
❀ အရိပ်ပမာ ကိုယ်မကွာ ယူကာသွားလေပါ။
❀ မေတ္တာခြုံထား ထိုလူအား ဘေးများမရှိပါ။

http://www.dhammadownload.com



# ဏ္ဏသာမည္ဆရိယသဘောပြောပြပါဘုရား

## ( ၉ )

မြန်မာစကားသည် ပါဠိဘာသာနှင့် များစွာ ဆက်နွယ်လျက်ရှိ၏။ မြန်မာနှင့် ပါဠိသည် ခွဲ၍မရနိုင်ပါ။ ပါဠိစကားလုံးများစွာသည် မြန်မာစကားတွင် မြန်မာစကားအနေနှင့်ပင် ပါဝင်လျက်ရှိ၏။ အချိုးကျကျ သုံးတတ်လျက်ရှိ၏။

ယင်းပါဠိစကားတို့ကို အချိုးကျကျ သုံးတတ်ပင် သုံးတတ်သော်လည်း အဓိပ္ပာယ်အပြည့်အစုံကိုမူ သိသူနည်းပါးလှ၏။ သိအောင်လည်း မကြိုးစားသူ များ၏။ ကြိုးစားသူကား ရှားပါး၏။

ယင်းသို့ ရှားပါးသူတစ်ယောက်နှင့် တစ်ချိန်က တွေ့ခဲ့၏။ မိမိသည် အနားယူနေချိန်ဖြစ်၏။ ဒကာတစ်ယောက် ရောက်လာ လျှောက်ထားသည်။

http://www.dhammadownload.com



"ဦးပဉ္စင်းဘုရား၊ 'ကုက္ကုစ္စ-ကုက္ကုစ္စ' နဲ့ တွဲတွဲပြီး သုံးကြပါတယ်ဘုရား"

"အင်း...အင်း"

"ကုက္ကုစ္စ မဖြစ်စေနဲ့၊ ကုက္ကုစ္စဟာ သိပ်ကြောက်စရာကောင်းတယ်နဲ့ သုံးကြပါတယ်ဘုရား"

"အင်း...အင်း"

"သုံးလို့သာသုံးတယ်ဘုရား။ အဲဒီ ကုက္ကုစ္စရဲ့ သဘောကို တပည့်တော်လည်း သေသေချာချာ မသိပါဘုရား"

"အင်း...အင်း"

"အဲဒီ ကုက္ကုစ္စ သဘောကို ပြောပြပါဘုရား"

"ကဲ...မှတ်ထား၊ သူတစ်ပါးရဲ့ စည်းစိမ်ချမ်းသာကို ငြူစူတတ်တာက ကုက္ကုစ္စရဲ့ သဘောပဲ၊ ဒီစည်းစိမ်ချမ်းသာ ဂုဏ်သိမ်သတင်း ကျော်ဇောခြင်း စသော အရာအစုဟာ သူတစ်ပါးတို့မှာ မဖြစ်ပါစေနှင့်လို့ ဝန်တိုတတ်တဲ့သဘောဟာ မစ္ဆရိယပဲ"

"ဒါဖြင့် ကုက္ကုစ္စဟာ တတယ်ဆိုးပါလား ဘုရား"

"ဆိုးတာပေါ့၊ ဒီကုက္ကုစ္စကြောင့် သတ္တဝါတွေ သံသရာမှာ ဒုက္ခရောက်နေကြရတယ်"

"မှန်ပါ၊ ရှင်းပါဦးဘုရား"

"ကုက္ကုစ္စဟာ သူတစ်ပါးရဲ့ နဂိုက ရပြီး၊ ရှိပြီးဖြစ်တဲ့ စည်းစိမ်ချမ်းသာကို မြင်၍သော်လည်းကောင်း၊ ကြား၍သော်လည်းကောင်း၊ ဝမ်းမြောက်ရွှင်လန်းခြင်း မရှိဘူး။ မမြင်လို မကြားလိုသော သဘောရှိတယ်"

http://www.dhammadownload.com



"ဒါဖြင့် ဣဿာ ကိုယ့်မှာဖြစ်ရင် သိနိုင်တာပေါ့ ဘုရား"

"သိနိုင်တာပေါ့၊ သူ့သဘော သိထားမှပဲဟာ"

"ဆက်ရှင်းပါဦးဘုရား"

"အဲဒီ သူတစ်ပါးတို့ရဲ့ စည်းစိမ်တွေ ပျက်စီးခြင်း ဆုတ်ယုတ် ချို့ယွင်းခြင်းကို အလိုရှိတာဟာ ဣဿာပဲ"

"ဣဿာဟာ တယ်ဆိုးပါလားဘုရား"

"ဆိုးတာပေါ့"

"ရှင်းပါဦးဘုရား"

"ဒီလူတော့ ဒီလို စည်းစိမ်ချမ်းသာ ဂုဏ်သိမ်အခြံအရံတွေ တွေ့ရလိမ့်မယ်ကြားရင်လည်း အဲဒီဣဿာက မခံနိုင်ဘူးတဲ့"

"မှန်ပါဘုရား"

"အဲဒီလူရဲ့ စည်းစိမ်ချမ်းသာ ဂုဏ်သိမ်အခြံအရံတွေ မရခြင်းကိုသာ အလိုရှိတာဟာ ဣဿာပဲ"

"တော်တော်မကောင်းတဲ့ တရားပဲနော်ဘုရား"

"ကြောက်စရာအကုသိုလ်ပေါ့"

"ရှင်းပါဦးဘုရား"

"အဲဒီ မနာလိုတဲ့ ဣဿာဟာ ဝမ်းမြောက်မှု မုဒိတာနှင့် ဆန့်ကျင်ဘက်ပဲ"

"ဒီနေရာမှာ ဣဿာနဲ့ မုဒိတာရဲ့ လက်ာနှစ်ပုဒ်ကို ယှဉ်ပြီး တော့ မှတ်ထားပေါ့"

"အမိန့်ရှိပါဘုရား"

http://www.dhammadownload.com



"ပရမ္မရ၊ ကံကောင်း မသဖြင့် ပြည့်ဝဂုဏ်သိမ်၊ သူ့စည်းစိမ်ကို၊ မငြိန်နိုင်ကောင်း၊ စောင်းမြောင်းမဲ့ရွဲ့၊ ကဲ့ရဲ့ငြိုရူ၊ ရှုတ်ချမှု မှတ်ယူဣဿာသဘောတည်း"

"သုခိတလျှင်၊ သတ္တဝါမြင်သော် သူတော်စင်များ၊ ဝမ်းမြောက်ငြား၊ မှတ်သားမုဒိတာသဘောတည်း"

(သင်္ဂြိုဟ်ဘာသာဋီကာ)

"ရှင်းပါတယ်နော်၊ ဣဿာက သူတစ်ပါးစည်းစိမ် ဂုဏ်သိမ်ကို မနာလိုဘူး၊ မုဒိတာက ဝမ်းသာတယ်၊ နာလိုတယ်ပေါ့ဟုတ်လား"

"မှန်ပါ၊ ရှင်းပါတယ်ဘုရား"

"ဒီဣဿာဟာ သံသရာလမ်းခရီးမှာ တစ်ဘဝအောက်တစ်ဘဝ ယုတ်နိမ့်ညှိုးနွမ်း ခြောက်ခန်း သေးသိမ်စေတတ်တဲ့ အလေ့ ဖြစ်တယ်"

"ဒါဖြင့် ဣဿာဖြစ်ရင် ဖြစ်တဲ့လူပဲ ဒုက္ခရောက်မှာပေါ့ဘုရား"

"အင်းပေါ့၊ အကုသိုလ်ဆိုတာ ဖြစ်သူသာ ခံပေါ့၊ တခြားသူမှာ ဘာဖြစ်မှာလဲ၊ ဘာမှမဖြစ်ဘူး"

"ရှင်းပါပြီဘုရား"

"ဒီဣဿာဟာ ညီညွတ်ခြင်းတရားကိုလည်း ကောင်းစွာဖျက်ဆီးတတ်တဲ့ ဖျက်ဆီးရေးတရားကြီးတဲ့"

"မှန်ပါဘုရား"

http://www.dhammadownload.com



"ဒီဣက္ကသာရှိနေရင် တစ်ဦးနဲ့တစ်ဦး၊ တစ်ယောက်နဲ့ တစ်ယောက် ဘယ်တော့မှ မညီညွတ်နိုင်တော့ဘူး။ ကွဲပြားမှာ သေချာပြီတဲ့၊ ဟုတ်တာပေါ့။ ဣက္ကသာက မနာလိုနေတော့ ဘယ်မှာတည့်တော့မလဲ ဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ကဲ...ဣက္ကသာရဲ့ အနက်သဘောကို မှတ်ထား"

၁။ ဣက္ကသာဟာ သူတစ်ပါးရဲ့စည်းစိမ်ကို ငြူစူခြင်းလက္ခဏာရှိတယ်။

၂။ သူတစ်ပါးရဲ့ စည်းစိမ်၌ ဝမ်းမမြောက်ခြင်းကိစ္စရှိတယ်။

၃။ သူတစ်ပါးရဲ့ စည်းစိမ်မျက်ကွယ်ပြုလိုခြင်း မမြင်လိုမကြားလိုခြင်း ပစ္စုပဋ္ဌာန်ရှိတယ်။

၄။ သူတစ်ပါးရဲ့ စည်းစိမ်လျှင် ပဒဋ္ဌာန်ရှိတယ်တဲ့၊ ဒီလောက်ဆို ဣက္ကသာ သဘောပေါက်လောက်ရောပေါ့နော်"

"မှန်ပါ ပေါက်ပါပြီဘုရား"

"အေး...ဣက္ကသာ သဘောပေါက်ရင် ဣက္ကသာကို ကြောက်ပြီးတော့ ဣက္ကသာ မဖြစ်အောင် ရှောင်နော်"

"မှန်ပါ ကြိုးစားရှောင်ပါမယ်ဘုရား"

"မရှောင်ရင် ခုရော နောင်ပါ ဒုက္ခရောက်မယ်"

"မှန်ပါဘုရား"

"ကဲ...မစ္ဆရိယသဘော ပြောကြစို့၊ မစ္ဆရိယဆိုတာက ဝန်တိုတာနော်၊ ဣက္ကသာက မနာလိုတာ"

http://www.dhammadownload.com



"မှန်ပါဘုရား"

"ဝန်တိုတဲ့ သဘောဆိုတာ မိမိရပြီးတဲ့ဥစ္စာ စည်းစိမ်ဂုဏ်သိမ် အမျိုးမျိုးတို့ကို သူတစ်ပါးနဲ့ မဆက်ဆံလိုခြင်း၊ သူတစ်ပါးမှာ မိမိလို မဖြစ်စေလိုခြင်း သဘောကို ခေါ်တယ်"

"မှန်ပါဘုရား"

"ဒီတော့ မစ္ဆရိယဟာ ရပြီးတဲ့ စည်းစိမ်၊ ရလတ္တံ့ဖြစ်တဲ့ စည်းစိမ်ကို စွဲပြီးတော့ ဖြစ်တတ်တဲ့အတွက် မစ္ဆရိယနှစ်ပါး ပြားတယ်လို့မှတ်နော်"

"မှန်ပါဘုရား"

"ဘယ်လိုလဲဆိုတော့ မိမိရရှိ ပိုင်ဆိုင်ပြီးတဲ့ စည်းစိမ်ဥစ္စာတွေဟာ သူတစ်ပါးတွေနဲ့ ဆက်ဆံသွားမှာ စိုးရိမ်တယ်၊ တစ်စုံတစ်ခုသော အကြောင်းအချက်နဲ့ မိမိပိုင်ဆိုင်ခွင့်မှ လွတ်ပြီးတော့ သူတစ်ပါးရဲ့ လက်ထဲရောက်သွားမှာကို မြင်ရ ကြားရ တွေးတောဆင်ခြင်မိပြီးတော့ များစွာပင် နှလုံးမသာယာဖြစ်ရတယ်"

"မှန်ပါဘုရား"

"အဲဒါ ရပြီးသားပစ္စည်းအပေါ်မှာ ဝန်တိုမှု မစ္ဆရိယပဲပေါ့၊ တော်တော်ဆိုးတယ်နော်"

"မှန်ပါ၊ ဆိုးပါတယ်ဘုရား"

"ရသင့်-ရထိုက်တဲ့ ဥစ္စာစည်းစိမ် ဂုဏ်သိမ်အမျိုးမျိုးတွေမှာလည်း ဤမည်သော ဌာနမှာ ဤမည်သော ဥစ္စာစည်းစိမ်ဂုဏ်သိမ် အမျိုးမျိုးကို ရလတ္တံ့လို့ ကြံစည်ကြားသိရတဲ့အခါ အဲဒီ ရသင့်

http://www.dhammadownload.com



ရထိုက်တဲ့ အရာဟူသမျှကို မိမိချည်းသာ ရယူလိုတယ်၊ သူတစ်ပါးတွေ ရမှု, ယူမှုကို အလိုမရှိဘူး၊ အဲဒါ မစ္ဆရိယသဘောပဲ"

"မှန်ပါဘုရား"

"သူတစ်ပါးတွေ ရယူကြလိမ့်မယ်လို့ ကြံစည်ကြားသိရရင် နှလုံးမသာမယာ မျက်နှာမလှ ဖြစ်တယ်၊ အဲဒါ ဝန်တိုမှု မစ္ဆရိယပဲ"

"မှန်ပါဘုရား၊ ဒီသဘောတွေဟာ တပည့်တော်တို့မှာ တော်တော်များများ ဖြစ်ပါတယ်ဘုရား"

"အင်း...ဖြစ်မှန်းသိရင် သူတော်ကောင်းပဲ၊ ပယ်နိုင်အောင် ကြိုးစားပေါ့နော်"

"မှန်ပါဘုရား"

"ကဲ...မစ္ဆရိယရဲ့ အနက်သဘောကို မှတ်ထားဦး-

၁။ မစ္ဆရိယဟာ မိမိရဲ့ ဥစ္စာစည်းစိမ်တို့ကို လျှို့ဝှက်ခြင်း လက္ခဏာရှိတယ်။

၂။ သူတစ်ပါးတို့နဲ့ ဆက်ဆံခြင်းငှာ သည်းမခံနိုင်ခြင်းကိစ္စ ရှိတယ်။

၃။ မပေးရက်လို တွန့်တိုခြင်း ပစ္စုပဋ္ဌာန်ရှိတယ်။

၄။ မိမိရဲ့ ပြည့်စုံမှုလျှင် ပဒဋ္ဌာန်ရှိတယ်တဲ့၊ အဲဒါ မစ္ဆရိယ သဘောပဲ။ ဒီလောက်ဆို မစ္ဆရိယသဘောပေါက်ရော ပေါ့နော်"

"မှန်ပါ၊ ပေါက်ပါပြီဘုရား"

"ပေါက်ရင် ဣဿာနဲ့ မစ္ဆရိယ အထူးပြောပြမယ်"

"ပြောပါဘုရား"

http://www.dhammadownload.com



"ရသင့်-ရထိုက်တဲ့ ဥစ္စာစည်းစိမ်တွေမှာ သူတစ်ပါးရဲ့ ရယူမှုကို အလိုမရှိဘူး၊ သူတစ်ပါးရယူ၍နေတာ၊ ရလတ္တံ့စင်စစ်ဖြစ်တာကို ကြံစည်ကြားသိရလို့ စိတ်ပင်ပန်းတဲ့ သဘောဟာ ဣဿာပဲနော်"

"မှန်ပါဘုရား"

"မိမိအလိုရှိနေတဲ့ ဥစ္စာစည်းစိမ်ကို မိမိရမှ ရပါ့မလားလို့ မိမိမရသည့်အတွက် ကြံစည်ပြီးတော့ စိတ်ပင်ပန်းခြင်းသဘောဟာ မစ္ဆရိယပဲ"

"မှန်ပါဘုရား"

"ဣဿာနဲ့ မစ္ဆရိယဟာ အပြောအားဖြင့် ပေါင်းပြီးတော့ ဣဿာမစ္ဆရိယ မဖြစ်စေနဲ့လို့ သုံးပေမယ့် ဖြစ်တော့ တစ်ပေါင်းတည်းဖြစ်လေ့ မရှိဘူးနော်"

"မှန်ပါဘုရား"

"မစ္ဆရိယသဘော လက္ခဏာကို ဒီလိုမှတ်ထား"

"ရလတ္တံ့-ရပြီး ငါ့ပစ္စည်းနှယ်၊ အံ့ချီးဖွယ်ကား များကြွယ်သူတစ်ပါး မဖြစ်စေသားဟု ဖြစ်ပွားတတ်လျှင်း ဝန်တိုခြင်း၊ မယွင်းမစ္ဆရိယသဘောတည်း" **(သဂြိုဟ်ဘာသာဋီကာ)**

"ကဲ...မစ္ဆရိယသဘော သိပြီးတော့ အဲဒီ မစ္ဆရိယအမျိုးအစားကို ပြောကြစို့၊ မစ္ဆရိယဟာ-

၁။ အာဝါသမစ္ဆရိယ- ကျောင်းကန်တိုက်တာ နေရာထိုင်ခင်းတို့၌ ဝန်တိုမှု၊

၂။ ကုလမစ္ဆရိယ- ဆွေမျိုးဉာတိ တပည့် ဒကာဒကာမတို့၌ ဝန်တိုမှု၊

http://www.dhammadownload.com



၃။ လာဘမစ္ဆရိယ– ပစ္စည်းလာဘ်လာဘတို့၌ ဝန်တိုမှု၊
၄။ ဝဏ္ဏမစ္ဆရိယ– ကိုယ်အဆင်း ဂုဏ်သတင်းတို့၌ ဝန်တိုမှု၊
၅။ ဓမ္မမစ္ဆရိယ– မိမိတတ်သိသော အတတ်ပညာ၌ ဝန်တိုမှု

ရယ်လို့ မစ္ဆရိယ ၅–မျိုးရှိတယ်၊ အဲဒီ မစ္ဆရိယ ၅–မျိုးဟာ ဈာန်တို့ ဝိပဿနာဉာဏ် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တွေ မဖြစ်ပေါ်အောင် ကာကွယ်ထားတတ်တယ်တဲ့"

"တယ်ကြောက်စရာကောင်းပါလား ဘုရား"

"အဲဒီလို ကြောက်စရာ ကောင်းလို့ ဘုရားရှင်က ပဥ္စကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်မှာ–

"ချစ်သားရဟန်းတို့...၊ မစ္ဆရိယတရား ငါးပါးကို မပယ်စွန့်နိုင်ရင် ပဌမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်ကို ဝင်စားလို့ မရဘူး။ သောတာပတ္တိဖိုလ်၊ သကဒါဂါမိဖိုလ်ဉာဏ်၊ အနာဂါမိဖိုလ်ဉာဏ်၊ အရဟတ္တဖိုလ်ဉာဏ်ကိုလည်း မျက်မှောက်မပြုနိုင်ဘူး"

လို့ ဟောထားတာရှိတယ်၊ မစ္ဆရိယအပြစ် မကြီးဘူးလား"

"အလွန်တရာ ကြီးပါတယ်ဘုရား"

"ဒီတော့ အရပ်ထဲမှာ နေတဲ့အခါဖြစ်ဖြစ် တရားအားထုတ်တဲ့ အခါဖြစ်ဖြစ် အချင်းချင်း မနာလိုမှု ဝန်တိုမှုများဟာ မဖြစ်တတ်ဘူးလား"

"ဖြစ်တတ်ပါတယ်ဘုရား"

http://www.dhammadownload.com



"အစား အသောက်နဲ့ အဝတ်နဲ့ အနေအထိုင်နဲ့ ရုပ်ဆင်း အင်္ဂါနဲ့ စသည်များစွာ ဖြစ်တတ်တယ်နော်"

"မှန်ပါဘုရား"

"အာဝါသ မစ္ဆရိယဆိုတာ မိမိကျောင်း မိမိအရာမ် မိမိအခန်းသို့ သီလဂုဏ်၊ ပညာဂုဏ်နဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ရောက်လာရင် အဲဒီကျောင်းပိုင် အရာမ်ပိုင် အခန်းပိုင် ပုဂ္ဂိုလ်က သီလ သမာဓိ ပညာဂုဏ်ရှိတဲ့ ပုဂ္ဂိုလ်ကို မလာစေဘူး၊ ရောက်ပြီးလည်း ခဏပဲ နေပြီးတော့ ပြန်သွားစေချင်တယ်၊ အဲဒီသဘောဟာ အာဝါသ မစ္ဆရိယပဲနော်"

"မှန်ပါဘုရား"

"မိမိဆွေထဲ မျိုးထဲ မိမိကို ပစ္စည်းလေးပါးတို့ဖြင့် ဖိတ်ကြားထားတဲ့ ဒကာ-ဒကာမတွေဆီသို့ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်သာတဲ့ ပုဂ္ဂိုလ်တွေ ရောက်လာတာကို မကျေနပ်တာဟာ ကုလမစ္ဆရိယပဲ"

"မှန်ပါဘုရား"

"ကိုယ့်ဆွေမျိုး၊ ကိုယ့်ဒကာ ဒကာမတွေ သူ့ဒကာ ဒကာမ ဖြစ်သွားမှာစိုးတာပေါ့နော်"

"မှန်ပါဘုရား"

"ကိုယ့်ကျောင်းက ဒကာ ဒကာမတွေ ကိုယ့်အဖွဲ့အသင်းက လူတွေ သူ့ကျောင်း သူ့အဖွဲ့အသင်းပါသွားမှာ စိုးတာဟာလည်း မစ္ဆရိယပဲနော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"ပစ္စည်းလာဘ်လာဘနဲ့ ပတ်သက်ရင် မိမိသာရချင်တယ်၊ သူတစ်ပါးကို မရစေချင်ဘူး၊ သူတစ်ပါးရမှာ စိုးတာဟာ လာဘ မစ္ဆရိယပဲ"

"မှန်ပါဘုရား"

"မိမိရဲ့ ရုပ်အဆင်းအင်္ဂါမျိုး၊ မိမိရဲ့ဂုဏ်သိက္ခာမျိုး၊ မိမိရဲ့ ကျော်စောသတင်းမျိုး သူတစ်ပါးမှာ မဖြစ်စေချင်တာက ဝဏ္ဏ မစ္ဆရိယပဲ"

"မှန်ပါဘုရား"

"ကိုယ်သိထားတဲ့ တရားဓမ္မတွေ သူတစ်ပါးမသိအောင် လျှို့ဝှက်ထားမယ်၊ သူတစ်ပါးမသိစေချင်ဘူးဆိုရင် ဓမ္မမစ္ဆရိယပဲ"

"မှန်ပါဘုရား"

"မစ္ဆရိယ ငါးမျိုးမှာ အဲဒီ တရားကို ဝန်တိုတဲ့ ဓမ္မမစ္ဆရိယ ဖြစ်တာ အဆိုးဆုံး အယုတ်မာဆုံးတဲ့"

"မှန်ပါဘုရား"

"အဲဒီ မစ္ဆရိယငါးပါးရဲ့ အပြစ်တွေကို အဋ္ဌကထာလာတိုင်း မဃဒေဝလင်္ကာမှာ ဒီလိုဖော်ပြထားတယ်"

> "ဝမ်းတွင်းမကောင်း၊ ရှင်အပေါင်းကား၊ ကိုယ့်ကျောင်း
> ကိုယ့်ကံ၊ ကိုယ်ပိမာန်ဟု၊ အမှန်တစ်၊ ရလာရှိက၊ မိမိနေရာ၊
> ဝန်တိုစွာသား၊ အာဝါသမစ္ဆေရ၊ ကံပါပကြောင့်၊ ဘဝပြောင်း
> ကာ၊ ပြိတ္တာဘီလူး၊ ညစ်ညူးယောနီ၊ ဒုဂ္ဂတိ၌၊ တပ်မိတပ်ရာ၊
> ဖြစ်တတ်စွာ၏"

တဲ့။ အဲဒါ အာဝါသမစ္ဆရိယပဲနော်။ ပေါ်တယ်မဟုတ်လား"

http://www.dhammadownload.com



"မှန်ပါ ပေါ်ပါတယ်ဘုရား"

"ပေါ်ရင် ကုလမစ္ဆရိယရဲ့ အပြစ်ဒေါသ အာဒီနဝကို ပြောမယ်၊ ဘာတဲ့လဲ-

"ဒါယကာတပည့်၊ သူ့ထံလှည့်က၊ မကြည့်နိုင်လို၊ ဝန်တိုကုလ၊ မစ္ဆေရဖြင့်၊ ကြီးလှဒေါမနသ်၊ တုန်ဆတ်ဆတ်နှင့်၊ အူပြတ်သည်းကြွေ ပူထွေနှလုံး၊ မီးအုံးပွက်လျှံ သွေးစိမ်းအန်၏"

တဲ့။ ဒါလည်း ရှင်းပါတယ်။ ကိုယ့်ဒကာတွေထံ၊ ကိုယ့်လူတွေထံ သူတစ်ပါးတွေ မလာစေလိုတဲ့အတွက် ခံရတဲ့ အပြစ်ပေါ့နော်"

"မှန်ပါဘုရား"

"ပြီးတော့ လာဘမစ္ဆရိယတဲ့၊ သူတစ်ပါးလာဘ်ရမှာ စိုးတဲ့ အပြစ်ပေါ့၊ ဘာတဲ့လဲ-

"သံဃသန္တက၊ ဂဏိကဟု၊ ထိုမျှအပြား၊ ပစ္စည်းများကို၊ ဝေခြားမပြု၊ သိမ်းစုဝှက်ထား၊ သုံးစားကိုယ်သာ၊ ဝန်တိုစွာဖြင့်၊ လာဘမစ္ဆေ ကံညစ်တေကြောင်း၊ သေသော်ပေတ၊ ယက္ခတသီး၊ စပါးကြီးပြိတ္တာ၊ ဖြစ်ယုတ်မာ၏"

တဲ့။ ဒါက သံဃ-လာဘ်လာဘ-ဂိုဏ်းရဲ့ လာဘ်လာဘ ကိုယ်ချည်းထဲသုံးတာ သူများလာဘ်ရမှာ စိုးတာကြောင့်၊ သေတဲ့အခါ ဘီလူးပြိတ္တာတို့ စပါးကြီးမြွေတို့ ဖြစ်တယ်လို့ ပြောတာ"

"မှန်ပါဘုရား"

"ပြီးတော့ ဝဏ္ဏမစ္ဆရိယနဲ့ ဓမ္မမစ္ဆရိယရဲ့ အပြစ်ကို ပေါင်းတော့-

http://www.dhammadownload.com



"ရုပ်ဝါရူပ၊ သီလကျေးဇူး၊ သူ့ဂုဏ်ထူးကို၊ မနှုးညွတ်
တတ်၊ ပရိယတ်ဖြင့် သူတတ်သည်ကို၊ မနာလိုကြ၊ ဝဏ္ဏမွေ့၊
မစ္ဆေရဖြင့်၊ ဘဝဘဝ၊ ဖြစ်သမျှဝယ်၊ မလှအဆင်း၊ ကင်း၏
ပညာ"

တဲ့။ အဲဒီလိုပြထားတယ်။ အဲဒါ မစ္ဆရိယငါးပါးရဲ့ အပြစ်တွေပဲ။ ကြောက်စရာတွေမဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"နောက်တစ်မျိုး အပြစ်တွေ ပြထားတာရှိသေးတယ်၊ ဘာတွေလဲဆိုတော့-

၁။ အာဝါသမစ္ဆရိ၊ မီးအတိဖြင့်၊ တောက်ညီးပူပြင်း၊ မြေတွင်း
မြုပ်တိမ်၊ ကော့၍လိမ်အောင်၊ သံအိမ်ငရဲ၊ အမြဲခံရ။

၂။ ကုလမစ္ဆရာ၊ ဖြစ်တိုင်းမှာလျှင်၊ ဥစ္စာနည်းပါး၊ ချမ်းသာ
ရှား၏။

၃။ တခြားလာဘ၊ မစ္ဆေရကား၊ တလွှစက်ဆုပ်၊ နံ့ခေါင်း
ချုပ်သည့်၊ ဘင်ပုပ်နိရယ၊ ငရဲကျ၏။

၄။ ဝဏ္ဏတုံသော်၊ ထင်ပေါ်မဲ့မော၊ ကျော်စောမဟုတ်၊ ချို့တဲ့
တတ်စွာ။

၅။ ဓမ္မာမှာမူ၊ ပြာပူနရက်၊ ငရဲကျက်၏"

တဲ့။ အဓိပ္ပာယ်တွေ ရှင်းပါတယ်နော်၊ ရှင်းစရာလိုသေးလား"

"မလိုတော့ပါဘုရား"

"အေး...အဲဒီမစ္ဆရိယတွေရှိနေရင် ဈာန်တွေ မဂ်တွေ ရပ့်မလား"

"မရနိုင်ပါဘုရား"

http://www.dhammadownload.com



"အေး...သောတာပန်ပုဂ္ဂိုလ်မှာ ဣဿာနဲ့ မစ္ဆရိယ မရှိဘူးတဲ့၊ ကိုယ်သောတာပန် ဟုတ်လား-မဟုတ်လား ဆိုတာ အဲဒီ တရားနှစ်ပါး ကိုယ့်မှာ ရှိသေးလား-မရှိတော့ဘူးလားနဲ့ ကိုက်ကြည့်နော်"

"မှန်ပါဘုရား"

"အဲဒီသဘောတရားတွေ ကိုယ့်မှာတွေ့နေသေးရင် သောတာပန် မဟုတ်သေးဘူး၊ အဲဒီ တရားနှစ်ပါး ကိုယ့်မှာ မတွေ့တော့ရင် သောတာပန်ပဲနော်"

"မှန်ပါဘုရား"

"ဒီ ဣဿာ မစ္ဆရိယတရားနှစ်ပါးဟာ မျက်မှောက်ဘဝမှာလည်း အမျိုးမျိုးသော ကြီးပွားဖွယ်တို့ ပိတ်ပင်တားမြစ်တယ်၊ ကြီးပွား၍နေတဲ့ အညွန့်အဖူးတို့ကိုလည်း ချိုးဖဲ့ဖျက်ဆီးပစ်တတ်တယ်နော်"

"မှန်ပါဘုရား"

"ပြီးတော့ နောင်တမလွန်ဘဝမှာ ကြီးပွားချမ်းသာခြင်း ဟူသမျှကိုလည်း အတင်း ဖိစီးနှိပ်စက်တတ်တယ်၊ အညွန့်မရှိ သတ္တဝါ တုံးတိတွေဖြစ်အောင် စီရင်တတ်တယ်နော်"

"မှန်ပါဘုရား"

"ဒါကြောင့် မျက်မှောက် မျက်ကွယ် နှစ်သွယ် နှစ်ဘဝ နှစ်လောကတို့၌ ကြီးပွားချမ်းသာကို အလိုရှိတဲ့ အမျိုးကောင်းသားသမီးတွေဟာ ဒီလောက်ဆိုးယုတ်တဲ့ အယုတ်တရားနှစ်ပါးကို ရှောင်ရှား သတ်ဖြတ်ရမယ်နော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"ဒါ့ကြောင့် ရှေးဆရာတို့က–

**ဣဓ ပေစ္စ န ဝိန္ဒန္တိ၊**

**ဣဿာ မစ္ဆေရ ပီဠိတာ။**

**တသ္မာ ဝုဒ္ဓိ ကာမာ တေ၊**

**ဟာနေယျုံ သကဝေရိနော။ ။**

**ဣဿာမစ္ဆေရပီဠိတာ**=ဣဿာမစ္ဆရိယ နှစ်ပါး၏ နှိပ်စက် ညှင်းပန်းမှုကို ခံနေကြရကုန်သော သတ္တဝါအပေါင်း တို့သည်။ **ဣဓ**=ဤမျက်မှောက်ဘဝ၌လည်းကောင်း။ **ပေစ္စ**= နောင်တမလွန် ဘဝ၌လည်းကောင်း။ **နဝိန္ဒန္တိ**=ကြီးပွား ကင်းပျောက် ညှိုးခြောက် သိမ်ငယ်ကြကုန်၏။ **တသ္မာ**= ထို့ကြောင့်။ **ဝုဒ္ဓိကာမာ**=ကြီးပွားမှုကို အလိုရှိကြကုန်သော သူတို့သည်။ **သကဝေရိနော**=မိမိတို့၏ ရန်သူ ရန်ဘက်ကြီး ဖြစ်ကြကုန်သော။ **တေ**=ထိုဣဿာမစ္ဆရိယတရား တို့ကို။ **ဟာနေယျယျုံ**=အတင်းအကြပ် သတ်ဖြတ်ချိုးနှိမ်ကြကုန် ရာ၏"

လို့ မိန့်တော်မူခဲ့ကြတယ်။ ကဲ...တော်လောက်ရောပေါ့"

"မှန်ပါ တော်ပါပြီဘုရား"

❀ ဣဿာ–မစ္ဆရိ နှစ်ပါးရှိ၊ ပျက်ဘိနှစ်လောကာ။
❀ ထို့ကြောင့် သေချာ၊ ထိုနှစ်ဖြာ ပယ်ခွာကြလေပါ။
❀ မပယ်ခွာက ခုနောင်ပ၊ ဒုက္ခတွေ့ကြမှာ။
❀ ပယ်ခွာလောက ခုနောင်ပ၊ သုခချမ်းသာမှာ။

http://www.dhammadownload.com



# တို့တော့ အောက်ကြည့်ပြီး ပြေးရတော့နှင့်ပဲ

{ ၁၀ }

အပါယ်သို့ တစ်ကြိမ်ကျရောက်၍ သွားကြသောသူ အသိန်း အသောင်းတွင်မှ တစ်ယောက်တစ်လေမျှသာ လူ့ပြည်သို့ ပြန်သူ ရှိကြ၏။ ထို့ကြောင့် **"လူ့အဖြစ်ရခဲသည်"** ဟူ၍လည်း ဟောတော် မူလေသည်။

မေတ္တေယျ မြတ်စွာဘုရားသည်လည်း ယခု အန္တရကပ် ကုန်၍ နောက် အန္တရဆုတ်ကပ်တွင် လူတို့အသက် တစ်သိန်း တမ်း၌ ပွင့်တော်မူလိမ့်မည်။ အနှစ်နှစ်သိန်း သုံးသိန်းမျှသာ သာသနာတော်တည်ထွန်း၍ ကွယ်လိမ့်မည်။

အနှစ် နှစ်သိန်း သုံးသိန်းဆိုသော ကာလသည် ငရဲဘုံ၌ တစ်ဘဝ နှစ်ဘဝစာမျှသာရှိနေ၏။ မေတ္တေယျ မြတ်စွာဘုရား သာသနာတော် ကွယ်သည့်နောက် ဤကမ္ဘာမှ ပွင့်လာရန် ဘုရား မရှိပြီ။

http://www.dhammadownload.com



ဤကမ္ဘာကုန်လျှင်လည်း သုညကမ္ဘာတွေ များစွာရှိလာ၍ မှောင်တောကြီးအတိ သွားလိမ့်မည်။ ယခုအခါ ငါတို့ဘုရား သာသနာတော်တွင် လူ့အဖြစ် ရှင်အဖြစ်ကို ရကြကုန်သော သူတို့မှာ နောက်ဘုရား သာသနာတော်နှင့် အလွန် အခွင့်သင့် လျော်ကြကုန်ပေ၏။ အလွန် စခန်းဆိုက် တိုက်ကြကုန်၏။

လူ့အဖြစ်ကို ရကြသော်လည်း ရင်းနှီးရန် လက်ရှိဘုရား သာသနာနှင့် ကျွတ်လွတ်ရန် နောက်ဘုရားသာသနာ နီးလှစွာကို အလွန်ကြုံကြိုက်ခဲလှ၏။ ယခု ကြုံကြိုက်ကြရပေကုန်၏။

ယခု သာသနာတော်၌ ပြုသော ဒါန–သီလ–ဘာဝနာ ကုသိုလ်ကြောင့် ယခုဘဝမှ စုတေ၍ သာသနာတည်ထွန်းရာ လူမျိုးမှာ ဖြစ်ရလျှင်လည်း ကုသိုလ်ပါရမီတရား ပွားများခွင့်ရကြ ပြန်လိမ့်မည်။

အထက်ပါ စတုမဟာရာဇ် နတ်ဘုံမှာ ဖြစ်ရလျှင်လည်း မြတ်စွာဘုရား သားတော်စစ် ဖြစ်ကြပေကုန်သော သောတာပန်၊ သကဒါဂါမ် အရိယာသူမြတ်တို့၏ အလယ်၌ဖြစ်၍ ဘုရာဂုဏ် ကျေးဇူး၊ တရားဂုဏ်ကျေးဇူး၊ သံဃာတော်ဂုဏ်ကျေးဇူး၊ နက်နဲ သော သတိပဋ္ဌာန်၊ သမ္မပ္ပဓာန် စသော တရားစကားတို့ကို ကြားနာ၍ နေကြရလိမ့်မည်။

တာဝတိံသာမှာဖြစ်လျှင်လည်း ထို့အတူပင်။ ထိုနတ်ပြည် တို့၌လည်း ယခုအခါ ဘုရားသာသနာ စည်ကားဆဲ စည်ကားတုန်း ပေတည်း။ အစိုးရဖြစ်သော နတ်မင်းကြီး သိကြားမင်းကြီးတို့ ကလည်း ဘုရားသားတော်အစစ် အရိယာတို့ပေတည်း။

http://www.dhammadownload.com



ယခုအခါ စတုမဟာရာဇ် နတ်ပြည်မှာ ဘုရားပရိနိဗ္ဗာန်စံ၍ ရက်ပိုင်းမျှသာ ရှိသေးသည်။ တာဝတိံသာမှာလည်း ထို့အတူ ရက်ပိုင်းမျှသာ ရှိသေးသည်။ ယခုအခါ ဘုရားသာသနာ၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်မှာ ထွန်းကားဆဲ ထွန်းကားတုန်း ဖြစ်သည်။

ဘုရားလက်ထက်တော်၌ ရှိကြသော သာဝတ္ထိပြည်သူ၊ ရာဇဂြိုဟ်ပြည်သူ အစရှိကုန်သော များလှစွာကုန်သော မဇ္ဈိမတိုင်းသူတိုင်းသား ဘုရားသားတော် သမီးတော် အစစ်ဖြစ်ကြပေကုန်သော သူတို့သည် ယခုအခါ စတုမဟာရာဇ် နတ်ဘုံမှာ အပြည့်၊ တာဝတိံသာ ယာမာ တုသိတာမှာ အပြည့်ရှိနေကြကုန်သည်။

မေတ္တေယျဘုရား အလောင်းတော်သည်လည်း တုသိတာမှာ ရှိသည်။ ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် အနှစ်နှစ်ဆယ် ကျော်ခန့်အတွင်းမှာ ဖြစ်ကြကုန်သော မဇ္ဈိမတိုင်းသူ တိုင်းသား ဘုရားသားတော် သမီးတော်တို့လည်း ယခု နတ်ပြည်မှာ အပြည့် ရှိကြသည်။

ထို့နောက် သီဟိုဠ်သို့ သာသနာတော်ရောက်၍ သီဟိုဠ်မှ ဖြစ်ကြကုန်သော ဘုရားသားတော် သမီးတော်အစစ်တို့သည်လည်း ယခု နတ်ပြည်မှာ အပြည့်ရှိကြကုန်သည်။

ယခုဘဝမှ စုတေ၍ နတ်ပြည်သို့ ရောက်ကြလျှင် နတ်ပြည်ရှိ ဘုရားသားတော် သမီးတော်အစစ်တို့နှင့် ပေါင်းဖော်ကြရလျက် သူတို့ကို ကြည်ညိုအားကျ၍ အဆုံးအမကို ခံယူကာ သောတာပန် သကဒါဂါမ် ဖြစ်နိုင်၏။

http://www.dhammadownload.com



ယင်းသို့ပင် မဖြစ်ရသော်လည်း ယခုဘဝ၌ ပြုကြရသော ဒါန–သီလ–ဘာဝနာ ကုသိုလ်တို့ကြောင့် နတ်ပြည်မှသည် လူ့ပြည်၊ လူ့ပြည်မှသည် နတ်ပြည် ဆက်ကာ–ဆက်ကာ ဖြစ်၍ မေတ္တေယျဘုရားသာသနာတော်နှင့် တွေ့ကြုံ၍ အတုမရှိသော ဘုရားရှင်၏ အနန္တ ဘုန်းတန်ခိုးတော်တို့ကို ကိုယ်တိုင်ဒိဋ္ဌ ဖူးမြင်ကြရ၍ အကျွတ်တရား ရကြလိမ့်မည်။

ယင်းသို့ အကျွတ်တရားရရေးအတွက် ယခုဘဝတွင် အပါယ်ဘေးမှ လွတ်ရေး၊ ကျွတ်ရေးကို အရိုးကြေကြေ အရေခန်းခန်း မသွေတမ်း နောက်မဆုတ်ဘဲ အားထုတ်သင့်သည် မဟုတ်ပါလော။ အားထုတ်သူ အများမှ ဆရာတော်ကြီးတစ်ပါးကိုမူ ထူးခြားစွာ ဖူးတွေ့ခဲ့ရပါ၏။

တစ်ချိန်သော နွေရာသီလတစ်လတွင် ဖြစ်၏။ မိမိသည် မြို့တစ်မြို့တွင် တရားဟောနေခိုက် ဖြစ်၏။ ယင်းမြို့တွင် နာမည်ကျော် တောရဆရာတော်ကြီးတစ်ပါးရှိ၏။ မိမိသည် တောရဝါသနာပါသူပီပီ ယင်းဆရာတော်ထံသို့ သွား၏။

ရောက်သော် ဆရာတော်ကြီးကို ရှိခိုးဦးချ၍ ထိုင်ကာ စကားပြော၏။ ဆရာတော်ကြီးမှာ သက်တော် (၈၀) ရှိပြီး ၂–မိုင်ကျော် ၃–မိုင်ခရီးကို ဆွမ်းခံဆဲဖြစ်၏။ ကြည်ညိုလှသဖြင့် မိမိက မေးလျှောက်၏။

"ဆရာတော်ဘုရား၊ တရားအားထုတ်ရတာ ကျေနပ်နှစ်သိမ့်ပါပြီလားဘုရား"

http://www.dhammadownload.com



မိမိသည် ဆရာတော်ကြီးအား ဘယ်အခြေအနေ ရောက်နေပါပြီလဲဟု တိုက်ရိုက်မမေးလို၍ ယင်းသို့ မေးခြင်းဖြစ်၏။

"ဒို့တော့ **အောက်ကြည့်ပြီး ပြေးရတုန်းပဲ** ရှိသေးတယ်၊ အားရတယ်လို့ မရှိသေးပါဘူး"

မိမိမှာ အဖြေကို ရုတ်တရက် နားမလည်နိုင်။ သို့နှင့် ပြန်လည်လျှောက်ထားရသည်။

"ဆရာတော်ဘုရား၊ အောက်ကြည့်ပြေးရတုန်းဆိုတာ ဘယ်လိုပါလဲဘုရား"

"အောက်ဆိုတာ အပါယ်လေးဘုံပေါ့၊ အဲဒီ အပါယ်လေးဘုံ ကြည့်ပြီး ကိုယ့်ကိုယ်ကို အပါယ်နဲ့ ချောက်ပြီး ကျင့်ဆဲ အားထုတ်ဆဲကို ပြေးရတုန်းလို့ ဆိုတာပေါ့"

"အပါယ်နဲ့ ဘယ်လိုချောက်ပါသလဲ ဘုရား"

"ဆွမ်းခံသွားတဲ့အခါ ပြန်တဲ့အခါ ပူတယ်မဟုတ်လား"

"မှန်ပါ၊ ပူပါတယ်ဘုရား"

"အဲဒီအခါ နင်ဟာ ဒီနေပူကလေးမျှ ကြောက်ပြီး ဆွမ်းခံစားရမည်ဆိုတဲ့ ဘုရားစကား နားမထောင်ရင် အပါယ်ကျလိမ့်မည်။ အပါယ်ကျလျှင် ဒီအပူထက် အဆပေါင်းများစွာပူတဲ့ အပူကို ခံရလိမ့်မည်လို့ အောက်ကြည့်ပြီး ဆွမ်းခံကြွတယ်"

"မှန်ပါဘုရား"

"ပြီးတော့ အခုလို လူဖြစ်ခိုက် သာသနာနှင့် ကြုံခိုက်တာ၊ သာသနာ့တာဝန်ထမ်းရတာ၊ ဘာမှ ပင်ပန်းတာမဟုတ်ဘူး၊ ဘဝ

http://www.dhammadownload.com



များစွာက ကာမတာဝန်တွေ ထမ်းရတာလောက် မပင်ပန်းပါဘူး လို့လဲ ကြည့်တယ်"

"မှန်ပါဘုရား"

"တစ်ထပ်ထဲစားနေရလို့ ဆာတဲ့အခါ ပြိတ္တာဘုံမှာ ဖြစ်ခဲ့ရတုန်းက မစားရတဲ့ ဘဝတွေအများကြီးပဲ၊ ယခု ဆာတယ်ဆိုတာ ခဏလေးပဲ၊ တော်တော်ကြာ စားရမှာ၊ မစားရတာမှ မဟုတ်ဘဲလို့ အောက်ကြည့်တယ်"

"မှန်ပါဘုရား"

မိမိမှာ ဆရာတော်ကြီး ပြောဟောနေစဉ် ရှက်တောင်လာမိ၏။ အဘယ့်ကြောင့်ဆိုသော် အသက် ရှစ်ဆယ်ကျော် ဆရာတော်ကြီး ခြေလျင် ဆွမ်းခံသွားပြန်နေသည်။ မြို့မှ တောရကျောင်းသို့ ခြေလျင်မလာဘဲ ကားနှင့် လာမိရက်သား ဖြစ်နေလို့ပင် ဖြစ်ပါသည်။ ဆရာတော်ကြီးသည် ဆက်၍ မိန့်ကြား၏။

"အားထုတ်ကြနော်၊ မပေါ့ကြနဲ့"

"မှန်ပါဘုရား"

"ဒို့တော့ တရားမဟောနိုင်၊ တရားမပြနိုင်သေးဘူး"

"ဘာဖြစ်လို့ပါလဲဘုရား"

"ခက်တယ်၊ လူတွေက တော်တော်ကြာ ရဟန္တာလုပ်ကြမှာ၊ အဲဒါ မခံနိုင်ဘူး"

မှန်ပေသည်။ တရားပြဆရာ၊ နာမည်ကြီးလာ၊ ပရိသတ်များလာလျှင် ရဟန္တာဟု ဝိုင်းသမုတ်ကြ၏။ ကြောက်စရာ ခေတ်ကြီးပါတကား"

http://www.dhammadownload.com



"ဆရာတော် ဘယ်တရားကို အဓိကထားပြီး ကျင့်ပါသလဲဘုရား"

"သီလတရား အဓိကထားတဲ့ပြီး ကျင့်တယ်။ သီလရှိက သမာဓိရမယ်၊ သမာဓိရှိက မဂ်ဖိုလ်ပညာရမယ် ဟုတ်လား"

"မှန်ပါဘုရား"

"ကိုယ့်ကိုယ်ကို ရဟန္တာမဟုတ်ဘဲနဲ့ သူများတွေက ရဟန္တာလုပ်တာ ငြိမ်ခံနေရင် သီလရှိပါဦးမလား"

"မရှိတော့ပါဘုရား"

"သီလမရှိရင် သမာဓိကော ရနိုင်ပါ့မလား"

"မရနိုင်ပါဘုရား"

"သမာဓိမှ မရရင်လည်း မဂ်ဖိုလ်ဘယ်မှာရတော့မှာလဲ"

"မှန်ပါ၊ မရနိုင်ပါဘုရား"

"အဲဒီလို ကိုယ့်ကိုယ်ကို ရဟန္တာလို့ အထင်ကြီး ကျေနပ်နေတဲ့ ပုဂ္ဂိုလ်မျိုးကို ဆရာလုပ်မိရင် မြန်မြန်ခွာရမယ်"

"မှန်ပါဘုရား"

"မခွာရင် သူလုပ်သလို လိုက်လုပ်ရော၊ အဲဒါ အပါယ်ကျဖို့ပဲ"

"မှန်ပါဘုရား"

"ဆရာဆိုတော့ သူ့ထံက နည်းတော့ ယူရတယ်၊ သူ့ကျေးဇူးရှိလို့ ကျေးဇူးတော့လည်း ဆပ်ရတယ်၊ ဒါပေမယ့် ဆရာနဲ့တော့ မြန်မြန်ခွာရမယ်၊ ဆရာလုပ်တိုင်း လိုက်ပြီးမလုပ်မိစေနဲ့"

http://www.dhammadownload.com



"မှန်ပါဘုရား"

"ဆရာတော်ကြီး၏ အဆုံးအမမှာ တိကျလှသည်။ ပြတ်သားလှသည်။ ရဟန္တာအမည်ခံများနေသော ဤခေတ်တွင် အထူးသတိထားလိုက်နာသင့်၏။ ဆရာတော်ကြီးသည် ဆက်မိန့်ပြန်၏။

"ဒို့ဆရာတော်ဟာ ရဟန္တာအမည်ခံပဲ၊ အတူနေကြည့်တော့ ပေါ်လာတယ်၊ ရဟန္တာမဟုတ်မှန်း သိလာတယ်၊ သိကတည်းက ခွာခဲ့တယ်၊ အနားမကပ်တော့ဘူး"

"မှန်ပါဘုရား"

"ကျေးဇူးတော့သိပါတယ်၊ ခဏခဏလည်း အမှတ်ရပါတယ်၊ ဆရာပြလို့လည်း ဒီလောက် အားထုတ်တတ်တာပဲ"

"မှန်ပါဘုရား"

"တချို့က ကိုယ့်ဆရာ မဟုတ်မှန်းသိတဲ့အခါမှာ မခွာဘူး၊ လူမသိအောင် ဖုန်းပြီးဆက်ပြီးတော့ သူကပါရဟန္တာလုပ် ညာတတ်သေးတယ်"

"မှန်ပါဘုရား"

"ဒီတော့ ဆရာရော တပည့်ပါ နစ်နာတာပေါ့"

"မှန်ပါဘုရား"

"ဒါမျိုး မလုပ်သင့်ဘူး၊ ဆရာကို တပည့်က သတိပေးနိုင်ရင်ပေး၊ မပေးနိုင်ရင် ပေးလို့မရရင် ဆရာ့ထံမှ ခွာရမယ်၊ အားမနာနဲ့"

"မှန်ပါဘုရား"

http://www.dhammadownload.com



ဆရာတော်ကြီးထံမှောက် ရောက်ရခြင်းကား ကျေးဇူးများလှ၏။ ရှိထားသော သံဝေဂစိတ်များ တိုးတက်ပွားများလာ၏။ တရားသံဝေဂ ရမိပေတော့၏။

- ဆရာသည့်ကား ကျေးဇူးများ ပြစ်မှားရှောင်ပါလော။
- ဆရာမှားလျှင် တပည့်မြင် ဆောလျင် ရှောင်ခွာလော။
- ဆရာမှားရာ တပည့်ပါ မှားတာရှောင်နိုင်စေ။
- ဥပတိဿ ကောလိတ ယူကြပမာပေ။

http://www.dhammadownload.com



# တရားပွဲတွေများလိုက်တာ အယ်တရား နာရမှန်းတောင်မသိ ဖြစ်နေပြီဘုရား

{ ၁၁ }

"သူတစ်ပါးအကျိုးကို မပြုသောသူ၏ အဖို့ရာမှာ မိမိအကျိုးသည် မရှိနိုင်။ တကယ့်ကိုမရှိနိုင်။ ဤစကားသည် မှန်၏။ တစ်ဖန်လည်းမှန်၏။ ဤသို့ လက်ရုံး လက်မောင်းကို ချီမြှောက်၍ဆိုလော့"

"ဤသို့ ကဝိထိုထို ပုဂ္ဂိုလ်ကျော်တို့ ဆိုတော်မူကြခြင်းကြောင့် သူတော်ကောင်းမှန်သမျှတို့သည် သူတစ်ပါး၏ အကျိုးကိုသာလျှင် အဦးထားပြုထိုက်စွာ၏။ သူတစ်ပါး၏ အကျိုးကို ပြည့်စုံစေအပ်သည်ရှိသော်ကား မိမိအကျိုးသည် ပြည့်စုံသည်သာလျှင်မည်၏"

မိမိသည် အထက်ပါ သာရတ္ထဝိလာသိနီ အမည်ရှိသော ပဋိကာဋီကာကျမ်းလာ အရှင်သံဃရက္ခိတ မဟာသာမိထေရ်၏ အမှာစကားအရပ်ရပ်ကို အထပ်ထပ် ဖတ်နေ၏။ ထိုစဉ် ဒကာ တစ်ယောက် ရောက်လာပြီးလျှင် ရှိခိုးလျှောက်ထားသည်။

http://www.dhammadownload.com



"ဆရာတော်ဘုရား **ဒီနှစ် တရားပွဲတွေကလည်း များလိုက်တာ၊ တပည့်တော်တို့တော့ ဘယ်တရား နာရမှန်းတောင် မသိဖြစ်နေပြီဘုရား**"

မိမိ ဖတ်လက်စစာကို အသာဘေးချထားပြီး "အင်း" ဟု တစ်ချက်အသံထွက်လိုက်မိသည်။ ပြီးတော့ ထိုဒကာဆီသို့ မျက်နှာမူလိုက်သည်။ သက်နှင်းအခြေအနေကို ပြင်လိုက်သည်။ ပြီးတော့ ပြောလိုက်သည်။

"မှန်တဲ့တရား ရွေးနာပေါ့ ဒကာကြီးရဲ့"

"အဲဒီ မှန်တဲ့တရားကို အရွေးခက်နေတာပဲ ဘုရား"

"ဘာခက်ရမှာလဲ၊ ဘုရားဟောထားတဲ့ "ဓမ္မ" အဓမ္မ" တရား, မတရား သို့မဟုတ် အမှန်၊ အမှား ခွဲပြချက်တွေ ရှိနေတာပဲဟာ"

"အဲဒါကို တပည့်တော်တို့က မသိလို့ ခက်နေတာပေါ့ဘုရား"

"ဘာမှမခက်နဲ့၊ မသိတာ သိအောင်လုပ်ရင် သိမှာပေါ့၊ သိရင် မခက်တော့ဘူး"

"ဒါဖြင့် အဲဒီ ဓမ္မ–အဓမ္မ ခွဲပုံကို တပည့်တော်အား အကျဉ်းချုပ်မျှ မိန့်ကြားပါဘုရား"

"လာလာသေးတယ် ဒကာကြီးဥစ္စာကလည်း၊ သိလည်း သိချင်တယ်၊ ပြီးတော့ အကျဉ်းချုပ်ကလေးတဲ့"

"တပည့်တော်က အရှင်ဘုရား အားနာလို့ပါဘုရား"

http://www.dhammadownload.com



"အားနာရင် နဂိုက ဘာဖြစ်လို့လာလဲ၊ မလာဘဲနေပါလား၊ လာပြီးမှ အားနာတာ ဘာအဓိပ္ပာယ်ရှိသေးလဲ"

"ဒါဖြင့်လည်း အမိန့်ရှိပါဘုရား"

"တစ်ချိန်က ရဟန်းတော်တွေဟာ သူမှား ငါမှန် အငြင်းပွားကြတယ် ဒကာကြီးရဲ့"

"မှန်ပါဘုရား"

"အဲဒီအခါ တရားစစ်သူကြီးဖြစ်တဲ့ ရှင်သာရိပုတ္တရာ အရှင်မြတ်က 'မြတ်စွာဘုရား၊ သူမှား ငါမှန် ခိုက်ရန်ဖြစ်ပွား ရဟန်းများ ရောက်လာပါတယ်ဘုရား၊ တပည့်တော် အဲဒီရဟန်းတွေအပေါ်ဝယ် အဘယ်ကဲ့သို့ ပြုကျင့်ရပါ့မလဲဘုရား' လို့ လျှောက်ထားတယ်"

"မှန်ပါဘုရား"

"အဲဒီလို လျှောက်ထားတော့ ဘုရားရှင်က 'ချစ်သား သာရိပုတ္တ၊ ထိုသို့ဖြစ်လျှင် သင်ချစ်သားသည် တရားလမ်းအတိုင်း တည်လေလော့' လို့ မိန့်တော်မူတယ်"

"မှန်ပါဘုရား"

"ဒီတော့ ဒကာကြီးလည်း တရားလမ်းအတိုင်း တည်ပေတော့ပေါ့ ဟုတ်လား"

"မှန်ပါ၊ အဲဒီတရားလမ်းအတိုင်း တည်ဖို့က ခက်နေတာပေါ့ဘုရား၊ ဘယ်လို တရားလမ်းအတိုင်း တည်ရပါ့မလဲဘုရား"

"အင်း...အင်း...ဟုတ်ပြီ၊ ရှင်သာရိပုတ္တ အရှင်မြတ်ကလည်း 'ဘုန်းတော်ကြီးသော မြတ်စွာဘုရား ဘုရားတပည့်တော်

http://www.dhammadownload.com



သည် တရားသည် မတရားသည်ကို အဘယ်သို့ သိရပါမည်နည်း' လို့ လျှောက်တယ်"

"မှန်ပါဘုရား"

"ဒီတော့ ဘုရားရှင်က 'ချစ်သား သာရိပုတ္တရ (၁၈)ပါးသော အကြောင်းတို့ဖြင့် အဓမ္မဝါဒီ ပုဂ္ဂိုလ်ကို သိရမည်' လို့ ဟောပြီး (၁၈)ပါးသော အကြောင်းတို့ကို ဟောပြတယ်"

"မှန်ပါဘုရား"

"အဲဒီ (၁၈)ပါးက ဘာတွေလဲဆိုတော့-

၁။ တရားမဟုတ်သည်ကို တရားဟု ပြ၏။

၂။ တရားကို တရားမဟုတ်ဟု ပြ၏။

၃။ ဝိနည်းမဟုတ်သည်ကို ဝိနည်းဟုပြ၏။

၄။ ဝိနည်းကို ဝိနည်းမဟုတ်ဟု ပြ၏။

၅။ မြတ်စွာဘုရား မဟောအပ် မပြောအပ်သည်ကို မြတ်စွာဘုရား ဟောအပ် ပြောအပ်၏ဟု ပြ၏။

၆။ မြတ်စွာဘုရား ဟောပြောအပ်သည်ကို မြတ်စွာဘုရား မဟောအပ် မပြောအပ်၏ဟု ပြ၏။

၇။ မြတ်စွာဘုရား မလေ့ကျင့်အပ်သည်ကို မြတ်စွာဘုရား လေ့ကျင့်အပ်၏ဟု ပြ၏။

၈။ မြတ်စွာဘုရား လေ့ကျင့်အပ်သည်ကို မြတ်စွာဘုရား မလေ့ကျင့်အပ်၏ဟု ပြ၏။

၉။ မြတ်စွာဘုရား မပညတ်အပ်သည်ကို မြတ်စွာဘုရား ပညတ်အပ်၏ဟု ပြ၏။

http://www.dhammadownload.com



၁၀။ မြတ်စွာဘုရား ပညတ်အပ်သည်ကို မြတ်စွာဘုရား မပညတ်အပ်၏ဟု ပြ၏။

၁၁။ အာပတ်မသင့်သည်ကို အာပတ်သင့်၏ဟု ပြ၏။

၁၂။ အာပတ်သင့်သည်ကို အာပတ်မသင့်၏ဟု ပြ၏။

၁၃။ ပေါ့သော အာပတ်ကို လေးသောအာပတ်ဟု ပြ၏။

၁၄။ လေးသောအာပတ်ကို ပေါ့သောအာပတ်ဟု ပြ၏။

၁၅။ အကြွင်းရှိသော အာပတ်ကို အကြွင်းမရှိသော အာပတ်ဟု ပြ၏။

၁၆။ အကြွင်းမရှိသော အာပတ်ကို အကြွင်းရှိသော အာပတ်ဟု ပြ၏။

၁၇။ ရုန့်ရင်းကြမ်းတမ်းသော အာပတ်ကို မရုန့်ရင်း မကြမ်းတမ်းသော အာပတ်ဟု ပြ၏။

၁၈။ မရုန့်ရင်း မကြမ်းတမ်းသော အာပတ်ကို ရုန့်ရင်း ကြမ်းတမ်းသော အာပတ်ဟု ပြ၏။

"အဲဒီ (၁၈) ပါးပဲ ဒကာကြီး၊ အဲဒီ (၁၈) ပါးကို သေသေချာချာ မှတ်ထားနော်"

"မှန်ပါဘုရား"

"ပြီးတော့ ဓမ္မဝတ္ထု (၁၈) ပါးကို ဘုရားရှင် ဘယ်လိုဟောလဲဆိုတော့ 'ချစ်သားသာရိပုတ္တ (၁၈)ပါးသော အကြောင်းဝတ္ထုတို့ဖြင့် ဓမ္မဝါဒီပုဂ္ဂိုလ်ကို သိရမည်' လို့ အမိန့်ရှိတယ်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"အဲဒီ (၁၈)ပါးက ဘာတွေလဲဆိုတော့-

၁။ တရားမဟုတ်သည်ကို တရားမဟုတ်ဟု ပြ၏။
၂။ တရားဟုတ်သည်ကို တရားဟုတ်၏ဟု ပြ၏။
၃။ ဝိနည်းမဟုတ်သည်ကို ဝိနည်းမဟုတ်ဟုပြ၏။
၄။ ဝိနည်းဟုတ်သည်ကို ဝိနည်းဟုတ်၏ဟု ပြ၏။
၅။ မြတ်စွာဘုရား မဟောအပ် မပြောအပ်သည်ကို မြတ်စွာဘုရား မဟောအပ် မပြောအပ်၏ဟု ပြ၏။
၆။ မြတ်စွာဘုရား ဟောအပ် ပြောအပ်သည်ကို မြတ်စွာဘုရား ဟောအပ် ပြောအပ်သည်ဟု ပြ၏။
၇။ မြတ်စွာဘုရား မလေ့ကျင့်အပ်သည်ကို မြတ်စွာဘုရား မလေ့ကျင့်အပ်၏ဟု ပြ၏။
၈။ မြတ်စွာဘုရား လေ့ကျင့်အပ်သည်ကို မြတ်စွာဘုရား လေ့ကျင့်အပ်၏ဟု ပြ၏။
၉။ မြတ်စွာဘုရား မပညတ်အပ်သည်ကို မြတ်စွာဘုရား မပညတ်အပ်ဟု ပြ၏။
၁၀။ မြတ်စွာဘုရား ပညတ်အပ်သည်ကို မြတ်စွာဘုရား ပညတ်အပ်၏ဟု ပြ၏။
၁၁။ အာပတ်မသင့်သည်ကို အာပတ်မသင့်ဟု ပြ၏။
၁၂။ အာပတ်သင့်သည်ကို အာပတ်သင့်၏ဟု ပြ၏။
၁၃။ ပေါ့သော အာပတ်ကို ပေါ့သောအာပတ်ဟု ပြ၏။
၁၄။ လေးသောအာပတ်ကို လေးသောအာပတ်ဟု ပြ၏။
၁၅။ အကြွင်းရှိသော အာပတ်ကို အကြွင်းရှိသော အာပတ်ဟု ပြ၏။

http://www.dhammadownload.com



၁၆။ အကြွင်းမရှိသော အာပတ်ကို အကြွင်းမရှိသော အာပတ်ဟု ပြ၏။

၁၇။ ရုန့်ရင်းကြမ်းတမ်းသော အာပတ်ကို ရုန့်ရင်းကြမ်းတမ်းသော အာပတ်ဟု ပြ၏။

၁၈။ မရုန့်ရင်း မကြမ်းတမ်းသော အာပတ်ကို မရုန့်ရင်း မကြမ်းတမ်းသော အာပတ်ဟု ပြ၏။

"အဲဒီ (၁၈)ပါးပဲ ဒကာကြီး၊ အဲဒီ (၁၈)ပါးကို သေသေချာချာ မှတ်ထားနော်"

"မှန်ပါဘုရား"

"အဲဒီမှာ ဓမ္မ–အဓမ္မတရား ဟုတ်သည် မဟုတ်သည်ကို သိဖို့ မလိုဘူးလား"

"လိုပါတယ်ဘုရား"

"အင်း...မလိုဘူးလားဆိုကာမှ လိုပါတယ် ဘုရားတဲ့"

"တပည့်တော်လည်း လျှောက်မလို့ပဲဘုရား"

"သုတ္တန်နည်းအားဖြင့် ကုသိုလ်ကမ္မပထတရား (၁၀)ပါးဟာ ဓမ္မတရားပဲ၊ အကုသိုလ် ကမ္မပထတရား (၁၀)ပါးဟာ အဓမ္မတရားပဲနော်"

"မှန်ပါဘုရား"

"အဲဒီအတူပဲ သတိပဋ္ဌာန် ၄–ပါး၊ သမ္မပ္ပဓာန် ၄–ပါး စသော ဗောဓိပက္ခိယတရား (၃၇)ပါးတို့လည်းပဲ ဓမ္မတရားပဲနော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"အဲဒီ ဓမ္မတရားတွေကို သတိပဋ္ဌာန် ၄–ပါး၊ သမ္မပ္ပဓာန် ၄–ပါး စသည်ဆိုက မဟုတ်မမှန်တဲ့ တရားအစုမည်တယ်နော်"

"မှန်ပါဘုရား"

"ပြီးတော့ ဥပါဒါန် ၄–ပါး၊ နီဝရဏ ၅–ပါး၊ အနုသယ ၇–ပါး၊ မိစ္ဆာဒိဋ္ဌိတရား ၈–ပါး ယင်းသို့စတဲ့ မကောင်းတဲ့တရား အစုဟာလည်း အဓမ္မ–မတရားပဲ"

"မှန်ပါဘုရား"

"အဲဒီပြောခဲ့တဲ့ အဓမ္မ–မတရားအစုတို့အနက် တစ်ခုခုကို ယူပြီးတော့ 'ဒီအဓမ္မ–မတရားကို ဓမ္မတရားလို့ ပြကြ ပြောကြ ကုန်အံ့၊ ယင်းသို့ ပြကြ ပြောကြသည်ရှိသော် ငါတို့အဖို့ရာ ဆရာ၏ အမျိုးကိုအမှီပြု၍ အထက်တန်းကျခြင်း ဖြစ်မည့်အပြင် ငါတို့ ကိုယ်တိုင်လည်း လောက၌ ထင်ရှားကြပေလိမ့်မည်' လို့ တိုင်ပင် ညှိနှိုင်းကြပြီးတော့ အဲဒီ အဓမ္မမတရားအစုကို "ဒီဟာ ဓမ္မတရား" လို့ ပြောဆိုလို့ရှိရင် "တရားမဟုတ်သည်ကို တရား ဟုတ်၏" ဟု ပြသည်မည်တယ်"

"မှန်ပါဘုရား"

"အဲဒီအတူပဲ၊ ဓမ္မတရားအစုတို့အနက်မှ တစ်ခုခုကို ယူပြီး တော့ 'ဒီတရားသည် အဓမ္မတည်း' လို့ ပြောဆိုကြလျှင် 'တရား ဟုတ်သည်ကို တရားမဟုတ်' ဟု ပြသည်မည်တယ်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"ဝိနည်းပရိယာယ်အားဖြင့် ဟုတ်မှန်သော ဝတ္ထုဖြင့် စောဒကပြု၍ အောက်မေ့စေ၍ ဝန်ခံသည့်အတိုင်း ပြုအပ်သော ကံဟာ ဓမ္မကံပဲ"

"မှန်ပါဘုရား"

"မဟုတ်မမှန်သော ဝတ္ထုဖြင့် စောလည်း မစောဒနာဘဲ အောက်မေ့လည်း မအောက်မေ့စေဘဲ ဝန်ခံချက်မရရှိဘဲ ပြုအပ်တဲ့ ကံဟာ အဓမ္မကံပဲ"

"မှန်ပါဘုရား"

"အဓမ္မကံကို ဓမ္မကံလို့ ပြောကြားရင် "တရားမဟုတ်သည်ကို တရားမဟုတ်"လို့ ပြောကြားတယ် ပြတယ်မည်တယ်"

"မှန်ပါဘုရား"

"သုတ္တန်အားဖြင့် ရာဂ–ဒေါသ–မောဟကို ပယ်ဖျောက်ခြင်း၊ သီလသံဝရ၊ သတိသံဝရ၊ ဉာဏသံဝရ၊ ခန္တိသံဝရ၊ ဝီရိယသံဝရ တည်းဟူသော သံဝရ (၅)ပါး၊ တဒင်္ဂပဟာန် စတဲ့ ပဟာန် (၅) ပါး၊ ရာဂ–ဒေါသ–မောဟ မဖြစ်အောင် ဉာဏ်ဖြင့်ဆင်ခြင်ခြင်း၊ အဲဒီတရားအစုဟာ ဝိနယပဲ။ ဝိနည်းပေါ့နော်"

"မှန်ပါဘုရား"

"အဲဒီမှ အပြန်အားဖြင့် ရာဂ စသည်ကို မပယ်ဖျောက်ခြင်း၊ မစောင့်စည်းခြင်း၊ မဆင်ခြင်ခြင်း၊ ဒီတရားအစုဟာ အဝိနယပဲ၊ ဝိနည်းမဟုတ်ဘူးပေါ့နော်"

"မှန်ပါဘုရား၊ ဒီလိုဆိုတော့ ညှသံ၊ ခရာသံ၊ တာသံ၊ ဆွဲကာ ငင်ကာ ချွဲကာ ပြစ်ကာ ရှိုက်ကာ ငင်ကာ ဟောရင်

http://www.dhammadownload.com



ကိုယ့်အသံလည်း ကိုယ်ရာဂဖြစ်၊ နာသူတွေလည်း ရာဂဖြစ် ဆိုတော့ ဘယ်ကလာ ဝိနည်းနဲ့ ညီပါ့မလဲဘုရား"

"အင်းပေါ့ ဘယ်ညီမလဲ၊ အဲဒီလို ဝိနည်းနဲ့ မညီအောင် ဟောတဲ့ ဓမ္မကထိကရဲ့ တရားကိုနာရင် ဟောရင် အပြစ် (၅)မျိုး ဖြစ်တယ်"

"မှန်ပါ၊ အမိန့်ရှိပါဘုရား"

"အပြစ် (၅)မျိုးက ဘာလဲဆိုတော့-

၁။ မိမိကိုယ်တိုင် မိမိအသံ၌ ပြန်ပြီးတပ်မက်နှစ်သက်တဲ့ တဏှာရာဂ ဖြစ်တယ်။

၂။ တရားနာသူတွေလည်း အဲဒီလို သီချင်းသံနဲ့ဟောတဲ့ တရားသံပေါ်မှာ သာယာတပ်မက်တဲ့ တဏှာရာဂ ဖြစ်တယ်။

၃။ ပညာရှိ သူတော်ကောင်းတွေရဲ့ အကဲ့ရဲ့ခံရတတ်တယ်။

၄။ တရားဟောသူဟာ အဲဒီအသံကို ပြုပြင်နေရတာနဲ့ သမာဓိတရား ပျက်ပြားတယ်။

၅။ နောင်လာနောင်သားတွေလည်း ဒီလိုပဲ တရားဟော ရပါလားဆိုပြီး သံနေသံထားနဲ့ ချွဲကာပြစ်ကာ ဟော ခြင်းဖြင့် အတုလိုက်တတ်တယ်တဲ့။ အဲဒီအပြစ် (၅)မျိုး ဖြစ်တယ်။ ကဲ...ကောင်းသေးလား"

"မကောင်းပါဘုရား"

"ယခု များနေတဲ့ တရားပွဲတွေမှာ ယခုပြောခဲ့တဲ့ ဓမ္မဝိနယ တွေနဲ့ညီ ဟုတ်လား"

"မှန်ပါဘုရား"

http://www.dhammadownload.com



"အဲဒီ ဓမ္မဝိနယတွေနဲ့ မညီညွတ်ဘဲ အဓမ္မဝိနယဖြစ်မယ်ဆိုရင် ဒီတရားမျိုးဟာ မနာသင့်ဘူး မဟုတ်လား"

"မှန်ပါဘုရား"

"ဒီတော့ တရားပွဲတွေများတာဟာ ယခုလို ပြောတဲ့ ဓမ္မဝိနယနဲ့ ညီတဲ့ တရားပွဲတွေ များဖို့လိုတယ်။ အဓမ္မ အဝိနယဖြစ်တဲ့ တရားပွဲတွေများရင် မကောင်းဘူး မဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

"အရေးကြီးတာက ဒကာကြီးတို့ ဒကာ ဒကာမတွေဘက်က ယခုလို ဓမ္မဝိနယလည်း သတိထားရမယ်၊ အဓမ္မအဝိနယလည်း သိထားရမယ်၊ အဲဒီလို သိထားမှသာ ရှောင်နိုင်မယ်၊ လိုက်နာမှတ်သား နာကြားနိုင်မယ်မဟုတ်လား"

"မှန်ပါဘုရား"

"အဲဒီလိုသာ ဒကာ ဒကာမတွေက ဓမ္မဝိနယနဲ့ မညီလို့မနာရင် ဟောတဲ့ဓမ္မကထိကက ဘယ်ဟောလို့ ဖြစ်တော့မလဲ"

"မှန်ပါဘုရား"

"မှန်ရင် ပြန်ပေတော့၊ ပြည့်စုံပါပြီ"

- ❀ တရားမတရား ဤနှစ်ပါး ခွဲခြားသိရမည်။
- ❀ ဝိနည်းမညီ ဝိနည်းညီ နှစ်လီသိရမည်။
- ❀ မတရားရှောင် တရားအောင် မှတ်ဆောင်ဟောရမည်။
- ❀ ဝိနည်းမညီ ရှောင်ရမည် အညီဟောရမည်။

http://www.dhammadownload.com



# လူသာစွခေါ်-နတ်သာစွခေါ်

## {၁၂}

"အလွန်မြတ်သော အရဟတ္တဖိုလ်စိတ်ရှိသော မမေ့မလျော့ အပြစ်ကင်းသော တရားတို့ကို အားထုတ်လေ့ရှိသော အရဟတ္တမဂ်ဉာဏ်၏ အကြောင်း သိက္ခာသုံးပါးတို့၌ ကျင့်ပြီးသော ရာဂ စသည်တို့၏ ငြိမ်းခြင်းဖြင့် ငြိမ်းပြီးသော အခါခပ်သိမ်း သတိနှင့် ပြည့်စုံသော ရဟန္တာအား ဣဿာရုံ ကွေကွင်းခြင်း စသည်ကြောင့် ဖြစ်သော စိုးရိမ်ခြင်းတို့ မဖြစ်ကြကုန်" **(ဓမ္မပဒ)**

အို...စာရှုသူ၊ ဤအထက်ပါ ဂါထာစာသားကို အထင်မသေးပါနှင့်။ ဤဂါထာစာသား **"ကောဒါန"** ဘွဲ့မည်ရသည့် ရဟန္တာအရှင်မြတ်တစ်ပါးသည် တစ်ပါးတည်းသာလျှင် တောအုပ်တစ်ခု၌ သီတင်းသုံးတော်မူစဉ် ရွတ်ပွားသော ဥဒါန်းဂါထာတော် ဖြစ်၏။

http://www.dhammadownload.com



ယင်းဥဒါန်းဂါထာတော်ကို ရဟန္တာအရှင်မြတ်က ဥဒါန်းအဖြစ် ရွတ်ပွားတိုင်း နတ်တွေက သာခုခေါ်၏။ ယင်းသို့ဖြင့် ယင်းဂါထာ သည် နတ်သာခုခေါ်ဂါထာ ဖြစ်၏။

"သူရောကိုယ်ပါ အများသတ္တဝါတို့သည် ကိုယ့်အမြင်နှင့် ကိုယ်တော့ ကောင်းအောင်ဆိုပြီး ပြုလုပ်–ပြောဆို–ကြံစည် နေကြသူများ ဖြစ်ပေသည်။"

သို့သော် လူသာခုခေါ်–နတ်သာခုခေါ် ကောင်းအောင်ဖြစ်ဖို့ တော့ မလွယ်ကူလှဟု မိမိသည် ခဏခဏ စဉ်းစားမိသည်။ ယင်းသို့ စဉ်းစားမိတိုင်း ဘယ်အလုပ်ပဲလုပ်လုပ် လူနတ် သာခု ခေါ်ထိုက်အောင် လုပ်မှ တော်မည်ဟုလည်း စဉ်းစားမိသည်။

မိမိသာ စဉ်းစားသလားထင်မှတ်သည်။ မိမိကဲ့သို့ပင် စဉ်းစား သူလည်း ရှိပေသေးသည်။

တစ်ချိန်က ဖြစ်ခဲ့၏။ အမှတ်မထင် ဒကာတစ်ဦးနှင့် စကား လက်ဆုံကျရာမှ ယင်းဒကာက လျှောက်၏။

"အရှင်ဘုရား '**လူသာခုခေါ်–နတ်သာခုခေါ်** ' လို့ ပြောလေ့ ပြောထရှိကြပါတယ်ဘုရား၊ လူသာခုခေါ်တာတော့ ဟုတ်ပါပြီ ဘုရား၊ နတ်သာခုခေါ်တာက ဘယ်လိုပါလဲ ဘုရား"

"နေပါဦးဒကာကြီး၊ လူသာခုခေါ်တာတော့ သိပါပြီ၊ နတ် သာခုခေါ်တာ မသိလို့ မေးပါတယ် ဒီလိုလား"

"မှန်ပါဘုရား"

"ကဲ...လူသာခုခေါ်ကို ဒကာကြီးက ဘယ်လိုသိလဲ ပြော စမ်းပါဦး"

http://www.dhammadownload.com



"လူတွေက အမျှဝေတဲ့အခါ သာဓု-သာဓု-သာဓု ခေါ်တာ လူသာဓုခေါ်ပေါ့ဘုရား"

"ဟင်...ဒကာကြီးဥစ္စာကလည်း မဟုတ်သေးပါဘူးနဲ့တူတယ်"

"နို့...ဘယ်လိုလဲ ဘုရား"

"ဒကာကြီး ပြောသလိုဆိုရင် ဒီက လူတစ်ယောက်က ကုသိုလ်ပြုပြီး အမျှဝေတဲ့အခါ လူသာမက နတ်တွေကပါ သာဓု ခေါ်တော့ တစ်ခါတည်း လူသာဓုခေါ် နတ်သာဓုခေါ် ဖြစ်မသွားဘူးလား"

"မှန်ပါ၊ ဟုတ်တာပေါ့ဘုရား၊ ဒါဆို တစ်ခါတည်းနဲ့ လူသာဓုခေါ် နတ်သာဓုခေါ် ဖြစ်သွားတာပေါ့"

"ကဲ...ဒါဖြင့် တရားဟောဘုန်းကြီးတွေ တရားဟောတဲ့အခါ 'သတည်း' လို့ 'သတည်း' ချတဲ့အခါလည်း သာဓုမခေါ်ကြဘူးလား"

"မှန်ပါ၊ ခေါ်ကြပါတယ်ဘုရား"

"အဲဒါလည်း လူနတ်သာဓုခေါ်တာပဲလား"

"ဒကာကြီး အလုပ်တိုင်း လူသာဓုခေါ် နတ်သာဓုခေါ် မဖြစ်သလို အမျှဝေတိုင်း၊ တရားဟောတဲ့အခါ သတည်းချတိုင်း လူသာဓုခေါ် နတ်သာဓုခေါ် မဖြစ်တာတွေ အများကြီးရှိတယ်"

"အမိန့်ရှိပါဘုရား"

"တရားဟောတဲ့အခါ နတ်သာဓုခေါ်တဲ့ အကြောင်းတစ်ခု ပြောပြမယ်နော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးစဉ် တစ်ချိန်ကပေါ့၊ ကေဒါနထေရ်ဆိုတဲ့ ထေရ်တစ်ပါးရှိတယ်"

"မှန်ပါဘုရား"

"အဲဒီထေရ်ဟာ ရဟန္တာထေရ်ပဲ၊ အဲဒီရဟန္တာ အရှင်မြတ်ဟာ ဥပုသ်နေ့မှာဆိုရင် သူကိုယ်တိုင်ပဲ တရားနာဖို့ ဖိတ်လိုက်တယ်တဲ့"

"မှန်ပါဘုရား"

"ဖိတ်ပြီးတော့ ဂါထာ တစ်ဂါထာကိုဟောတယ်၊ အဲဒီအခါ နတ်တွေရဲ့ ကောင်းချီးနုမော် သာဓုခေါ်သံဟာ မြေပြိုကွဲမတတ်ဖြစ်သတဲ့"

"မှန်ပါဘုရား"

"အဲဒါ နတ်သာဓုခေါ်ပေါ့ ဒကာကြီး"

"မှန်ပါဘုရား"

"အဲဒီလို နတ်သာဓုခေါ်တဲ့ အကြောင်းတွေ အများကြီးရှိသေးတယ်"

"မှန်ပါ၊ အမိန့်ရှိပါဦးဘုရား"

"အမိန့်ရှိလို့ မဖြစ်သေးဘူး။ နတ်သာဓုမခေါ်တဲ့ အကြောင်းကို ဆက်ပြောရဦးမယ်"

"မှန်ပါ ပြောပါဘုရား"

"အဲဒီလို နတ်သာဓုခေါ်နိုင်စွမ်းအောင် တရားဟောနိုင်တဲ့ ကေဒါနထေရ်ရှိရာသို့ အခြံအရံ ငါးရာစီရှိတဲ့ ပိဋကတ်သုံးပုံဆောင် ထေရ်နှစ်ပါးဟာ ဥပုသ်နေ့တစ်နေ့မှာ ရောက်လာသတဲ့ ဒကာကြီးရဲ့"

http://www.dhammadownload.com



"မှန်ပါဘုရား"

"အဲဒီလို ကြွလာတာကို ကေဒါနထေရ်က မြင်တော့ ရှင်လန်း နှစ်သက်တဲ့ စိတ်ထားနှင့်။

"အရှင်ဘုရားတို့သည် ဒီအရပ်သို့ ကြွလာတော်မူသဖြင့် ကောင်းသောအမှုကို ပြုအပ်ပေ၏၊ ယနေ့ တပည့်တော်တို့သည် အရှင်မြတ်ဘုရားများ၏ တရားတော်ကို နာကြားရကုန်တော့အံ့' လို့ လျှောက်ထားသတဲ့"

"မှန်ပါဘုရား"

"အဲဒီအခါ အရှင်မြတ်တွေက 'ငါ့ရှင် ဒီအရပ်မှာ တရား တော်ကို နာကြားလိုသူတို့ ရှိပါကုန်သလော' လို့ မေးတယ်"

"မှန်ပါဘုရား"

"ဒါက မေးစရာပေါ့၊ လူသူမနီးတဲ့ တောကြီးထဲမှာကိုးနော်"

"မှန်ပါဘုရား"

"အဲဒီလိုမေးတော့ ကေဒါန ရဟန္တာအရှင်မြတ်က-

"အရှင် ဘုရားတို့၊ ဒီအရပ်မှာ တရားတော်ကို နာလိုသူတို့ ရှိကြပါသည်ဘုရား။ ဒီတောအုပ်ဟာ တရားနာသောနေ့၌ နတ်တို့ရဲ့ ကောင်းချီးပေးသောအသံဖြင့် တစ်ခဲနက် ပဲ့တင်ထပ်သောအသံ ရှိပါသည်ဘုရားလို့ လျှောက်ထားတယ်"

"မှန်ပါဘုရား"

"အဲဒီလို လျှောက်ထားတော့ ပိဋကတ်သုံးပုံဆောင် ထေရ် နှစ်ပါးအနက် ထေရ်တစ်ပါးက တရားဟောတာပေါ့နော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"တစ်ပါးသော ပိဋကတ်သုံးပုံဆောင် ထေရ်ကလည်း အနက်အဓိပ္ပာယ်ချဲ့ထွင်ပြီး ဟောပြောတယ်"

"မှန်ပါဘုရား"

"အဲဒါ တစ်ယောက်သော နတ်မျှ ကောင်းချီးနှမော် သာဓုမခေါ်ဘူးတဲ့"

"မှန်ပါဘုရား"

"ဒါဖြင့် တရားတိုင်း နတ်သာဓုမခေါ်ဘူးဆိုတာ ဒီဝတ္ထုကြောင်းဖြင့် မထင်ရှားဘူးလား"

"ထင်ရှားပါတယ်ဘုရား"

"အဲဒီလို နတ်တွေက ကောင်းချီးနှမော် သာဓုခေါ်တယ်ပြောပြီး ယခုမခေါ်တော့ တရားဟောတဲ့ အရှင်မြတ်နှစ်ပါးက–

"ငါ့ရှင် သင်ကား တရားဟောသောနေ့၌ ဒီတောအုပ်ထဲက နတ်တွေဟာ ကျယ်စွာသောအသံဖြင့် ကောင်းချီးနှမော် သာဓုခေါ်တယ်လို့ ပြောတယ်၊ အဲဒီ ကောင်းချီးနှမော် သာဓုခေါ်တဲ့ အသံဟာ ဘယ်လိုအသံလဲလို့ မေးတယ်ဒကာကြီး"

"မှန်ပါဘုရား"

"အဲဒီတော့ တောနေဖြစ်တဲ့ ကေ့ဒါန ရဟန္တာအရှင်မြတ်က–

"အရှင်ဘုရားတို့ တစ်ပါးသောနေ့တို့မှာတော့ တပည့်တော် တရား ဟောတဲ့အခါ နတ်တို့ ကောင်းချီးနှမော် သာဓုခေါ်သံဟာ တစ်ပြိုင် နက် ပဲ့တင်ထပ်သည့်သာ ဖြစ်ပါတယ်ဘုရား၊ ယနေ့ နတ်တွေ ကောင်းချီးနှမော် သာဓုမခေါ်ခြင်းသည် အကြောင်း ဘယ်လိုလဲဆိုကာ မလျှောက်ထားတတ်ပါဘုရား' လို့ လျှောက်ထားသတဲ့"

http://www.dhammadownload.com



"မှန်ပါဘုရား"

"အဲဒီလိုလျှောက်တော့ ပိဋကတ်သုံးပုံဆောင်ထေရ်နှစ်ပါးက-

"ငါ့ရှင် ဒီလိုဆိုရင် သင်တရားဟောပါဦးလို့ မိန့်ကြားလိုက်တယ်"

"မှန်ပါဘုရား"

"ဒီတော့ ကေုဒါန တောနေအရှင်မြတ်က "မှန်ပါဘုရား" လို့ ဝန်ခံပြီး ယပ်ကိုကိုင်ကာ တရားဟောပလ္လင်မှာ ဟောနေကျဂါထာကိုပဲ ဟောသတဲ့"

"မှန်ပါဘုရား"

"အဲဒီအခါ နတ်တွေက ကျယ်စွာသောအသံဖြင့် ကောင်းချီးနုမော် သာဓုခေါ်ကြတယ်တဲ့"

"မှန်ပါဘုရား"

"အဲဒီအခါ ပိဋကတ်သုံးပုံဆောင် ထေရ်နှစ်ပါးရဲ့ အခြံအရံ တပည့်များက-

"ဒီတောအုပ်၌နေတဲ့ နတ်တွေဟာ မျက်နှာကြည့်လျက် ဆွမ်းကို လှူကြတယ်၊ ပိဋကတ်သုံးပုံဆောင်ကုန်သော ရဟန်းတို့သည် ဒီမျှလောက်သော တရားကို ဟောကြားကြပါကုန်လျက် တစ်စုံတစ်ခု ချီးမွမ်းသော စကားကိုမျှလည်း မပြောဆိုမူ၍ ဒီမျှလောက်သော မထေရ်အိုကြီးသည် ဂါထာလေးတစ်ဂါထာကို ဟောတဲ့အခါကျမှ ကျယ်စွာသော အသံဖြင့် ကောင်းချီးနုမော် သာဓုခေါ်တယ်လို့ ကဲ့ရဲ့ကြသတဲ့ ဒကာကြီးရဲ့"

"မှန်ပါဘုရား"

http://www.dhammadownload.com



"အဲဒီလိုနဲ့ အဲဒီ ရဟန်းတော်တွေလည်း တောထဲမှာ ကိစ္စပြီးတော့ သာဝတ္ထိပြည် ဇေတဝန်ကျောင်း ပြန်ကြွတာပေါ့နော်"

"မှန်ပါဘုရား"

"ဇေတဝန်ကျောင်း ရောက်တယ်ဆိုရင်ပဲ မကျေနပ်တဲ့ ရဟန်းတော်တွေက တောထဲမှာ ကြုံတွေ့ခဲ့ရတဲ့ အကြောင်းကို မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားတယ်"

"မှန်ပါဘုရား"

"အဲဒီလို လျှောက်ထားတော့ တရားမင်းဘုရင် ဘုရားရှင်က–

"ချစ်သားရဟန်းတို့ ငါသည် များစွာ သင်လည်းသင်၊ ဟောလည်း ဟောသော ထိုရဟန်းကို "တရားဆောင်သော=ဓမ္မဓရ" ဟူ၍ ဟောတော်မမူ"

"ချစ်သားရဟန်းတို့၊ တစ်ခုသော ဂါထာကိုသာ သင်ယူ၍ သစ္စာတရားတို့ကို ထိုးထွင်း၍သိသော ရဟန်းကိုသာ "တရားဆောင်သော=ဓမ္မဓရ" ဟူ၍ ဟောတော်မူ၏"

လို့ ဟောတော်မူလိုက်တယ် ဒကာကြီး"

"မှန်ပါဘုရား"

"အဲဒီလို ဟောပြီးတော့ ဘယ်လိုဆက်ဟောသလဲဆိုတော့–

"ရဟန်းတို့၊ အကြင်မျှလောက်သော သင်ကြားခြင်း ဆောင်ထားခြင်း စသော အကြောင်းဖြင့် များစွာပြောဟောတတ်၏။ ထိုမျှလောက်သော ဟောပြောတတ်ကာမျှဖြင့် တရားကို ဆောင်သူ "ဓမ္မဓရ" မဖြစ်နိုင်ဘူး"

တဲ့။ အဲဒီလို ဟောတယ်ဒကာကြီး"

http://www.dhammadownload.com



"မှန်ပါဘုရား"

"တရားကို ဆောင်သူမဟုတ်ရင် ဘာဟုတ်သလဲဆိုတော့ အနွယ်အဆက်မပျက်အောင် စောင့်ရှောက်သူသာ ဟုတ်သတဲ့ ဒကာကြီး"

"မှန်ပါဘုရား"

"အေး...ခုခေတ်မှာလည်း တရားဟောပုဂ္ဂိုလ်တွေ မှိုလို ပေါက်နေတာပဲ၊ တရားပွဲတွေလည်း မှိုလိုပေါက်နေတာပဲ၊ တချို့က ဓမ္မကထိကတွေ ဖောင်းပွကုန်ပြီတဲ့ ပြောကြတယ် ဒကာကြီး"

"မှန်ပါဘုရား"

"တရားကိုဆောင်-မဆောင် ဓမ္မဓရ ဟုတ်မဟုတ် ကြည့်သာ နာကြပေတော့နော်"

"မှန်ပါဘုရား"

"ကဲ...ဘုရားဟောတာ ဆက်ကြဦးစို့၊ ဘုရားရှင်က အဲဒီ ရဟန်းတော်တွေကို-

"ရဟန်းတို့ အကြင်သူသည်ကား အနည်းငယ်မျှသော တရားစကားကိုသာ ကြားနာရ၍ သစ္စာလေးပါးတရားကို နာမကာယဖြင့် ထိုးထွင်းသိမြင်၏" တဲ့"

"မှန်ပါဘုရား"

"ဆိုလိုတာက အနည်းငယ်မျှ နာကြားရတဲ့ တရားကို လျော်စွာ ကျင့်သဖြင့် ဒုက္ခစသည်ကို သိပြီးတော့ သစ္စာလေးပါး သိသွားတယ်လို့ ဆိုလိုတယ်ဒကာကြီး"

"မှန်ပါဘုရား"

http://www.dhammadownload.com



"ပြီးတော့ ဘယ်လိုဆက်ဟောလဲဆိုတော့ "ရဟန်းတို့ အကြင်သူသည် တရားကို မမေ့မလျော့" တဲ့"

"မှန်ပါဘုရား"

"ဒါက ဘာကိုဆိုလိုတာလဲဆိုတော့ လှံ့လကြိုးကုတ်အား ထုတ်လျက် "ယန္ဒေ ယန္ဒေပင်" ဟု မင်ဖိုလ်နိဗ္ဗာန်ကို အလို ရှိပြီး တရားမမေ့တဲ့သူကို ဆိုတယ်ဒကာကြီး"

"မှန်ပါဘုရား"

"ဘုရားရှင်က ဆက်ပြီးတော့–

"ရဟန်းတို့ အဲဒီသူ နှစ်ယောက်သည် စင်စစ် တရား ဆောင်သူ "ဓမ္မဓရ" မည်တယ်လို့ မိန့်တော်မူတယ်ဒကာကြီး"

"မှန်ပါဘုရား"

"ဒါဖြင့် ဒေသနာတော်ကို ပြန်ချုပ်ကြည့်စို့နော်"

"မှန်ပါဘုရား"

၁။ များစွာသင်ကြား ဟောကြားကာမျှဖြင့် တရားဆောင် သူ "ဓမ္မဓရ" မဟုတ်။

၂။ အနည်းငယ်မျှ သင်ကြား ဟောကြားပြီး သစ္စာလေးပါး သိသူသည် "ဓမ္မဓရ" ဟုတ်တယ်။

၃။ တရားကို မမေ့ မလျော့သူလည်း "ဓမ္မဓရ" ဟုတ် တယ်" လို့ အချုပ်မှတ်နော်"

"မှန်ပါဘုရား"

"အရှင်ဘုရား၊ တရားမမေ့သူဆိုတာ ဘယ်လိုပုဂ္ဂိုလ်ပါလဲ ဘုရား"

http://www.dhammadownload.com



"အေး...အဲဒါ မေးဖို့ကောင်းတယ် ဒကာကြီး၊ မေးတာလည်း ကောင်းတယ်"

"မှန်ပါဘုရား၊ အမိန့်ရှိပါဦး"

"အာရုံ ငါးပါး ကာမဂုဏ်တရား လိုက်စားအားကြီးသူဟာ တရားမေ့သူတဲ့ ဒကာကြီး"

"ဒါဖြင့် အရှင်ဘုရား၊ တရားဟောတဲ့အခါ ကိုယ့်အသံကိုယ်သာယာပြီး အသံလုပ်ဟောရင် တရားမေ့နေပြီပေါ့ ဘုရား"

"နာတဲ့လူကလည်း ဒီအသံကို မက်ပြီး နာနေရင် တရားမေ့နေပြီပေါ့ ဘုရား"

"အင်းပေါ့"

"ဒါကြောင့် တရားပွဲတွေ များသော်လည်း တရားမရကြတာပဲ ဘုရား"

"သဘောပေါက်ပြီလား"

"မှန်ပါ၊ ပေါက်ပါပြီဘုရား"

"ဒါဖြင့် တရားဟောတဲ့အခါ လူသာစုခေါ် နတ်သာစုဖြစ်အောင် ဟောရမယ်ဆိုတာ သဘောပေါက်ပြီလား"

"မှန်ပါ ပေါက်ပါပြီဘုရား"

"ဒါဖြင့် နာတဲ့အခါကော"

"လူသာစုခေါ်–နတ်သာစုခေါ် ဖြစ်အောင် နာရပါမယ်ဘုရား"

"**လူကြားကောင်း တရားနာ**တာမျိုးဆိုရင် လူသာစုခေါ် နတ်သာစုခေါ် ဖြစ်ပါ့မလား"

"မဖြစ်ပါဘုရား"

"ဒါဖြင့် **လူကြားကောင်း တရားဟော**ကော"

http://www.dhammadownload.com



"လူသာစုခေါ် နတ်သာစုခေါ် မဖြစ်နိုင်ပါဘုရား"

"အေ...ဒီခေတ်မှာ လူကြားကောင်း တရားဟောနဲ့ လူကြားကောင်း တရားနာတွေသာ များနေပါသေးတယ်၊ အဲဒါ လူသာစုခေါ် နတ်သာစုခေါ် အဆင့်ရောက်အောင် ကြိုးစားဖို့ အများကြီး လိုသေးတယ်နော်"

"မှန်ပါဘုရား"

"ကဲ...တော်ကြစို့"

"နေပါဦးဘုရား၊ နတ်သာစုခေါ်တဲ့ ဂါထာတော်ကို ရွတ်ပြပါဦးဘုရား"

"ဘာလဲ ဒကာကြီးက စမ်းကြည့်မလို့လား"

"မဟုတ်ပါဘုရား"

"မစမ်းနဲ့၊ တရားမရှိရင် နတ်က သာစုခေါ်မှာမဟုတ်ဘူး၊ လူကတော့ 'သတည်း' ချရင် သာစုခေါ်တယ်"

"မှန်ပါ၊ အမိန့်ရှိပါဘုရား"

**အဝိစေတသော အပ္ပမဇ္ဇတော၊**

**မုနိနော၊ မောနပထေသု သိက္ခတော။**

**သောကာ န ဘဝန္တိ တာဒိနော၊**

**ဥပသန္တဿ သဒါ သတိမတော။**

"အဲဒါပဲ ဒကာကြီး၊ အဲဒါ နတ်သာစုခေါ်တဲ့ဂါထာပဲ"

"အရှင်ဘုရား အနက်ပေးပြပါဦးဘုရား"

"လာ-လာသေးတော့တယ်၊ ခုနက ဂါထာ၊ ခုတော့တစ်ခါ အနက်တဲ့"

"သည်းခံပါဘုရား"

http://www.dhammadownload.com



"အင်း…ခုတော့ သည်းခံရတော့မပေါ့၊ ပြီးနေမှပဲ၊ ကဲ… မှတ်ထား၊ အနက်က ဘာတဲ့လဲ"

"**အနိစေတသော**-အလွန်မြတ်သော အရဟတ္တဖိုလ်စိတ်ရှိထသော။ **အပ္ပမတ္တဿ**-မမေ့မလျော့ အပြစ်ကင်းသော တရားတို့ကို အားထုတ်လေ့ရှိထသော။ **မောနပထေသု**-အရဟတ္တမဂ်ဉာဏ်၏ အကြောင်းသိက္ခာသုံးပါးတို့၌။ **သိက္ခတော**-ကျင့်ပြီးထသော။ **တာဒိနော**-တာဒိဂုဏ်နှင့်ပြည့်စုံထသော။ **ဥပသန္တဿ**-ရာဂစသည်တို့၏ ငြိမ်းခြင်းဖြင့် ငြိမ်းပြီးထသော။ **သဒါ**-အခါခပ်သိမ်း။ **သတိမတော**-သတိနှင့်ပြည့်စုံထသော။ **မုနိနော**-ရဟန္တာအား။ **ဝါ**-ရဟန္တာ၏ကိုယ်တွင်း၌။ **သောကာ**-ဣဋ္ဌာရုံကွေကွင်းခြင်း စသည်ကြောင့်ဖြစ်သော စိုးရိမ်ခြင်း သောကတို့သည်။ **နသာဝန္တိ**-မဖြစ်ကြကုန်"တဲ့။ (ဓမ္မပဒ)

"ကဲ…ပြီးရောပေါ့"

"မှန်ပါဘုရား"

❀ လူနတ်နမော် သာဝုဓော် အကျော်ဖြစ်ပါစေ။
❀ လူနတ်မကြိုက် အမှားလိုက် အမိုက်ရှောင်ပါလေ။
❀ နည်းဟောများဟော တရားသဘော ထင်သောကိုယ်မှာ ရှိပါစေ။
❀ နည်းနာများနာ တရားဟာ ထင်စွာကိုယ်မှာရှိပါစေ။

http://www.dhammadownload.com



# သီလညှိုးတယ်ဆိုတာ ဘယ်လိုပါလဲဘုရား

{ ၁၃ }

"ပဥ္စသီဥပုသ်, မယုတ်အားကြိုး
ဤကျင့်ရိုးကား၊ ကောင်းကျိုးကုသိုလ်
မကင်းလိုတည့်၊ နေ့ကိုစောင့်က
နေ့ဖို့ရ၏၊ ညလည်းထို့တူ
မှတ်လေမူလော့၊ ဆယ်ဆူသီလ
နိယမလည်း၊ ကာလပိုင်းခြား
နေ့ရက်အားဖြင့်၊ မမှားမှန်လှ
စောင့်အပ်စွရှင့်"

**(မဃဒေဝ)**

ဘုရားရှင်၏ သာသနာတော်သည် သီလ–သမာဓိ–ပညာ ဟူ၍ ၃–ပါးသာရှိ၏။ ယင်းတွင် သီလကား သာသနာတော်၏

http://www.dhammadownload.com



အစသာ ဖြစ်၏။ သာသနာ၏ အစဖြစ်သော သီလအကြောင်းမျှ မသိရှိ၍ သီလမျှမဖြည့်နိုင်ပါလျှင် သမာဓိပညာသည်အသို့နည်း။

မှန်၏။ သီလအကြောင်း သိသင့်၏။ သီလလည်း ဖြည့်သင့်၏။ ယင်းသို့ သိသင့်၍ သိချင်သူတစ်ယောက်နှင့် တစ်ခါက တွေ့ခဲ့၍ သူက မေး၏။

"အရှင်ဘုရား သီလပျက်တာတော့ သိလွယ်ပါတယ်ဘုရား။ **သီလညှိုးတယ်ဆိုတာ ဘယ်လိုပါလဲ ဘုရား**"

"အင်း...ခက်ခက်ပဲ ဒကာကြီး"

"ဘာဖြစ်လို့ပါလဲ ဘုရား"

"မပျက်အောင်စောင့်ဖို့ လွယ်တယ်၊ မညှိုးအောင်စောင့်ဖို့က မလွယ်ဘူး ဒကာကြီး"

"မလွယ်ပုံ သိပါရစေဘုရား"

"ပုထုဇဉ် လူ ရှင် ရဟန်းတို့ရဲ့ သီလဟာ အညှိုးလွတ်ဖို့ မလွယ်ဘူးဒကာကြီး"

"အမိန့်ရှိပါဘုရား"

"မေထုံငယ် (၇) ပါးဆိုတာ ရှိတယ်ဒကာကြီး။ ဘာတွေလဲ ဆိုတော့-

၁။ မိန်းမရဲ့ အနင်းအနှိပ် အဆုပ်အနယ်ကို သာယာခြင်း၊

၂။ မိန်းမနှင့်တကွ ရယ်ရွှင်ဖွယ်တွေ ကျီစယ်ပြောဆို သာယာခြင်း၊

၃။ မိန်းမနှင့် မျက်နှာချင်းဆိုင်ပြီး စိန်းစိန်းခိုက်ခိုက် ကြည့်ရှုသာယာခြင်း၊

http://www.dhammadownload.com



၄။ မိန်းမ၏ အသံကို အနီးအဝေးကကြား၍ သာယာခြင်း၊
၅။ ရှေးရှေးသောအခါက မိန်းမနှင့်ပျော်ပါးဖူးသည်ကို အမှတ်ရ၍ တအောက်မေ့မေ့ သာယာခြင်း၊
၆။ သူတစ်ပါးကို မိန်းမနှင့် ပျော်ပါး၍နေတာကို မြင်၍ ကြား၍ သာယာခြင်း၊
၇။ နတ်သား နတ်သမီးဖြစ်ပြီး ခံစားစံစားလိုတဲ့ စိတ်ထားနဲ့ သီလစောင့်ခြင်း။

"အဲဒီ ၇–ပါးကို မေထုံငယ်ခေါ်တယ် ဒကာကြီး၊ အဲဒီ ၇–ပါးတွင် တစ်ပါးပါးနှင့် စွန်းငြိရင် သီလညှိုးတယ် ဒကာကြီး"

"မလွယ်ပါလား ဘုရား"

"ဒါကြောင့် အလုပ်ပျက်ခံပြီး တစ်နေ့တစ်ရက်မျှ စောင့်ထိန်းရတဲ့ သီလကို အဲဒီ (၇) ပါးသော ညှိုးနွမ်းခြင်းမှ ကင်းလွတ်စင်ကြယ်စေဖို့ရာ ဥပုသ်နေ့မှာ ထမင်းစောစောစား သီလခံယူပြီး တစ်နေ့လုံး မာတုဂါမတို့နှင့် မတွေ့ရ မမြင်ရ အသံစကားကိုမျှ မကြားရသော နေရာတွေမှာ နေဖို့သင့်တယ်နော်"

"မှန်ပါ၊ မြတ်စွာဘုရားက ဒါကြောင့် တောကို ညွှန်းတာပဲဘုရား၊ ခုမှ အဓိပ္ပာယ်ပေါက်တယ်ဘုရား"

"အင်း...အဲဒီအဓိပ္ပာယ်မသိတဲ့ ဓမ္မကထိက တစ်ပါးက တောထဲနေတိုင်း တရားရရင် တောထဲက မျောက်တွေ တရားရကုန်ရောပေါ့တဲ့ ဒကာကြီး"

"တော်တော်ဆိုးတဲ့ ဓမ္မကထိကဘုရား"

http://www.dhammadownload.com



"ဆိုးမှာပေါ့၊ ကဲ...ထားပါ၊ သီလညှိုးနွမ်းကြောင်းတွေ အများကြီးရှိသေးတယ်၊ ဘာတွေလဲဆိုတော့–

၁။ အမျက်ထွက်ခြင်း၊
၂။ ရန်ငြိုးဖွဲ့ခြင်း၊
၃။ သူ့ကျေးဇူးကို ချေဖျက်ခြင်း၊
၄။ သူတစ်ပါးအညံ့အဖျင်းဖြစ်အောင် ပြုခြင်း၊
၅။ သူတစ်ပါးကို မနာလိုခြင်း၊
၆။ ဝန်တိုစေးနှဲခြင်း၊
၇။ မိဂ္ဂရှိသော အပြစ်ကိုဖုံးလွှမ်းခြင်း၊
၈။ မိမိ၌မရှိတဲ့ဂုဏ်ကို အရှိပြု၍ပြခြင်း၊
၉။ ကိုင်းညွှတ်ထိုက်သူကို မကိုင်းညွှတ်ခြင်း
၁၀။ မာနကြီးခြင်း၊
၁၁။ အလွန်မာနကြီးခြင်း၊
၁၂။ မာန်ယစ်ခြင်း၊
၁၃။ မေ့လျော့ကြောင်းဖြစ်တဲ့ အဖျင်းအဖျော် ရယ်စရာတွေ ပြောခြင်း၊
၁၄။ မိမိဘက်ကို အမြတ်အသားပြုခြင်း၊
၁၅။ သူတစ်ပါးဘက်ကို အယုတ်အညံ့ပြုခြင်း၊
၁၆။ သူတစ်ပါးကို မျက်မှောက်ကဲ့ရဲ့ခြင်း၊
၁၇။ သူတစ်ပါးကို မျက်ကွယ်ကဲ့ရဲ့ခြင်း စသည်ဖြင့် သီလညှိုးရန်၊ ဥပုသ်ညှိုးရန် တရားတွေ အများကြီးပဲ ဒကာကြီး"

http://www.dhammadownload.com



"အဲဒါတွေက တပည့်တော်တို့နှင့်သာဆိုင်ပါသလား၊ အရှင်ဘုရားတို့နှင့်ကော မဆိုင်ဘူးလားဘုရား"

"ဆိုင်တာပေါ့၊ သီလစောင့်တယ်ဆိုမှ အားလုံးပေါ့"

"မလွယ်ပါလားဘုရား"

"ပြီးတော့ ရှိသေးတယ်၊ အကြောင်းမရှိဘဲ နေလွဲ ကွမ်းစား၊ ဆေးငုံ၊ ဆေးသောက်မှုဟာလည်း သာယာတဲ့ ကိလေသာမို့ ဝိကာလဘောဇနေသိက္ခာပုဒ် ညှိုးတယ်"

"နို့...တချို့က ဆေးသောက်တာတော့ အပြစ်ကြီးတစ်ခု လုပ်နေကြပါလားဘုရား"

"ငုံတာက အဖတ်တွေရော၊ အရည်တွေရောဆိုတော့ ပိုပြီးတောင် မဆိုးဘူးလား၊ သောက်တာက အငွေ့ရယ်"

"ဆိုးပါတယ်ဘုရား"

"ရှိသေးတယ်၊ ဆိုးတာတွေ အများကြီးပဲ၊ ဘာတဲ့လဲ–

၁။ မိမိအကျင့်ကို သူတစ်ပါးတို့ သိကြားစေဖို့ ထင်ရှားစေလိုခြင်း၊

၂။ မကောင်းတဲ့ အဝတ်အစား အခင်း အခြုံ အရုံတို့၌ ရောင့်ရဲခြင်းမပြုဘဲ အဝတ်အစားကောင်း၊ အခင်းအခြုံ အရုံ ဖဲမွေ့ရာ ကမ္ဗလာကော်ဇော စသော အိပ်ရာနေရာ ကောင်းတို့ကို သာယာခြင်း၊

၃။ သိက္ခာပုဒ် အပျက်အင်္ဂါ လွတ်ရုံမျှ အားရပြီးတော့ ထို့ထက်အလွန် ခြိုးခြံမှုမရှိခြင်း၊

၄။ အပေါင်းအဖော်နှင့် မွေ့လျော်ခြင်း၊

http://www.dhammadownload.com



၅။ သူတော်ကောင်းတရားမှ အလွတ်ဖြစ်သော စကား၌ မွေ့လျော်ခြင်း စသည်တို့ဟာလည်း သီလညှိုးနွမ်း ကြောင်းတွေပဲ ဒကာကြီး"

"ဒါလည်း လူကော ရဟန်းကော အတူတူပဲလားဘုရား"

"ရဟန်းသီလ လူသီလ အတူတူပေါ့ ဒကာကြီး"

"သီလတောင် မလွယ်ပါလားဘုရား"

"ရဟန်းတော်လည်း ပြောခဲ့ပြီးတဲ့ တရားတွေ မလွတ်ရင် ညှိုးတာပဲ ဒကာကြီး"

"ဖြူစင်တဲ့ သီလဆိုတာ မလွယ်ပါလားဘုရား"

"ယခုပြောဆိုခဲ့တဲ့ တရားတွေ ကင်းမှ ဖြူစင်တဲ့သီလ မညှိုး နွမ်းတဲ့ သီလဖြစ်မယ် ဒကာကြီး"

"ဒါကြောင့် ဘုရားရှင်က တစ်ယောက်တည်းနေဖို့ တောနေဖို့ ချီးမွမ်းတာလို့ တပည့်တော် အခုမှ အဓိပ္ပာယ်ပေါက်တယ်ဘုရား။ မြို့မှာ ရွာမှာ သီလတောင် မလွယ်ပါဘုရား"

"သီလဆိုတာ နိဗ္ဗာန်ရဲ့ တံခါးပေါက်ပဲ၊ သီလပြည့်ရင် နိဗ္ဗာန်တစ်လှမ်းပဲ"

"ဒါဖြင့် နိဗ္ဗာန်ရဖို့ သီလအရေးကြီးတယ်လားဘုရား"

"ကြီးတာပေါ့ ဒကာကြီး"

"ခက်တယ်၊ ဒကာကြီးတို့ကလည်း တရားနာတာတောင် ဂုဏ်ထူးတွေပြောပြမှ၊ အသံသာသာနဲ့ ချဲ့ပြောမှ၊ ရယ်စရာတွေ ပြောမှ ကြိုက်တယ်ဆိုတော့ ဟောသူနာသူ သီလတွေ ညှိုးပျက်မှ ကြိုက်တယ်ဆိုတဲ့ အဓိပ္ပာယ်ရောက်မကုန်ဘူးလား"

http://www.dhammadownload.com



"မှန်ပါ၊ ဒီအခိုက်မှာယ်ရောက်နေပါတယ်ဘုရား"

"ပညာရှိတွေသိတယ်၊ ကဲ့ရဲ့တယ်၊ ဒါမျိုး မကြိုက်နဲ့နော်၊ နိဗ္ဗာန်မဂ်ဖိုလ်နဲ့ အဝေးကြီးနော်"

"မှန်ပါဘုရား"

"ကဲ...တော်ကြစို့"

- သီလပြည့်က နိဗ္ဗာန ရောက်ရမြန်မကြာ။
- နိဗ္ဗာန်လိုချင် သီလပင် ဖြူစင်စောင့်ကြပါ။
- သီလမဖြူ နိဗ္ဗာန်မူ ရယူဝေးလှပါ။

http://www.dhammadownload.com



# ကူသိုလ်လုပ်ကာမှ အဆင့်ကျလို့တဲ့ဘူရား

{ ၁၄ }

တစ်ချိန်သောနွေကာလဖြစ်၏။ မိမိသည် တစ်နေရာတွင် အနားယူ၍ စာရေးနေသည်။ မိမိ၏အယူအဆမှာ အလုပ်တစ်ခုမှ အလုပ်တစ်ခုသို့ ပြောင်းရွှေ့လုပ်ကိုင်ခြင်းသည်ပင် အနားယူခြင်းဟု ယူဆ၏။

သီးခြား ဘာမျှမလုပ်မကိုင် အနားယူခြင်းမျိုးကိုမူ မိမိမနေတတ်၊ တစ်ချိန်က မိမိသည် ဘာမျှမလုပ်မကိုင် အေးအေး အနားယူမည်ဟု အနားယူကြည့်ရာ စိတ်တွေလေးလာသည်။

သို့ဖြင့် မိမိသည် ယခုအခါမှာတော့ အနားယူသည်မှာ အလုပ်တစ်ခုမှ အလုပ်တစ်ခုသို့ ပြောင်းရွှေ့လုပ်ကိုင်ခြင်းပဲဟု ယူဆကာ အလုပ်ပြောင်းရွှေ့၍သာ အနားယူပါသည်။

မိမိ၏ပင်တိုင်အလုပ်မှာ စာချဖြစ်၏။ အကြားကာလ အအားကာလတွင် တရားဟော တရားပြပေး၏။ စာရေး၏။ မိမိအတွက်မူ

http://www.dhammadownload.com



ညဦးပိုင်းနှင့် နံနက်ပိုင်းကို အချိန်ယူထား၏။ ယင်းအချိန်တွင် မိမိအတွက် သီးခြားအချိန်အဖြစ် ယူထား၏။

ယင်းသို့ဖြင့် အချိန်ကို ဖယားချ၍ သုံးရသော မိမိသည် စာချ၊ တရားဟော၊ တရားပြအလုပ်များမှ အအားယူ အနားယူ၍ စာရေးနေ၏။

မိမိသည် စာရေးသည့်အခါတွင် ဆွမ်းခံ ဆွမ်းစားချိန်မှတစ်ပါး အချိန်ပြည့် စာရေး၏။ ညနေ ၄–နာရီမှ ရေချိုး၊ လမ်းလျှောက်သည်။

ယင်းအချိန်တွင် မိမိထံသို့ မိမိ၏ စာပတ်ပရိသတ်များ၊ တရားနာပရိသတ်များ ရောက်လာတတ်၏။ တစ်နေ့ညနေ ဖြစ်၏။ လာနေကျ ရင်းနှီးသူဒကာတစ်ဦးနှင့် မမြင်ဖူးသော လူစိမ်းဒကာ တစ်ယောက် ရောက်လာသည်။

အသီးသီးနေရာယူ ရှိခိုးပြီးသော် ရင်းနှီးသူဒကာက လူစိမ်း ဒကာဘက်သို့လှည့်ကာ မိမိနှင့်မိတ်ဆက်ပေးသည်။

"သူက (......)ပါဘုရား၊ ဒီ (......)က စခန်းမှူးပါဘုရား၊ ဆရာတော့် စာအုပ်တွေလည်း ဖတ်ဖူးပါတယ်၊ တရားလည်း နာဖူးပါတယ်"

ထိုအခါ မိမိသည် ယင်းဒကာဘက်သို့ လှည့်ကာ စကား ပြောရဲအောင် စကားစပေးလိုက်သည်။

"တရားနာတဲ့အလေ့၊ စာဖတ်တဲ့အလေ့ရှိတာ တော်တော် ကြာပြီလား"

http://www.dhammadownload.com



ဗုဒ္ဓသာသနာဝင်တို့သည် အများအားဖြင့် တရားနာလေ့၊ စာဖတ်လေ့ ရှိသူ ရှားပါသည်။ အထူးသဖြင့် လခစားများမှာ ပို၍ရှားပါသည်။ သို့ကြောင့် မိမိက မေးခြင်းဖြစ်သည်။

"မှန်ပါ၊ မကြာသေးပါဘုရား"

"သူက နဂိုက လူဆိုးဘုရား"

မိမိနှင့် ရင်းနှီးသူက ယင်းလူစိမ်းဒကာ ပြောအပြီးတွင် ဝင်ပြောလိုက်ခြင်းဖြစ်၏။ ထိုအခါ ဒကာက ပြောသည်။

"သူပြောတဲ့အတိုင်းပါပဲ ဘုရား။ တပည့်တော်ဟာ တစ်ချိန်က တော်တော်ဆိုးပါတယ်"

"ကဲ...ယခုတော့ ဘယ်လိုကောင်းသွားလဲ ပြောစမ်းပါဦး၊ ဦးပဉ္ဇင်းတို့က တရတားဟောဆရာ၊ စာရေးဆရာဆိုတော့ မှတ်ရ သားရ သာကေပြုရတာပေါ့"

"တပည့်တော်တို့ အမှုထမ်းဘဝဆိုတော့ တရားနဲ့ ဝေးခဲ့ပါ တယ်ဘုရား"

"အင်း"

"အထူးသဖြင့် ရဲဆိုတော့ ပိုပြီးတော့ တရားနဲ့ဝေးပါတယ် ဘုရား"

"အင်း"

"တစ်ခါက တရားပွဲတစ်ပွဲမှာ လုံခြုံရေးတာဝန်ကျတာနဲ့ လုံခြုံရေးတာဝန်ယူရင်း တရားသံကို အမှတ်မထင် နားဝင်သွား ပါတယ်ဘုရား"

"အင်း...ဘယ်လိုတရားသံလဲ၊ ပြောစမ်းပါဦး"

http://www.dhammadownload.com



"တရားဟောဆရာတော်က တိရစ္ဆာန်တွေပုံပြပြီး 'ဒကာ ဒကာမတို့ အိမ်အောက်တွေမှာရှိနေတဲ့ တိရစ္ဆာန်တွေဟာ တရား နာရမှန်း၊ ဒါနပြုရမှန်း၊ သီလဆောက်တည်ရမှန်း၊ တရားအား ထုတ်ရမှန်းသိလား' လို့ မေးတယ်ဘုရား"

"အင်း"

"ဒီတော့ ပရိသတ်က 'မသိပါဘုရား' လို့ ဖြေတယ်ဘုရား"

"အင်း"

"ဒီတော့ ဆရာတော်က 'အဲဒီ တိရစ္ဆာန်တွေဟာ အိပ်ရမှန်း၊ စားရမှန်း၊ ပျော်ပါးရမှန်း၊ ကာမဂုဏ်ခံစားရမှန်းတော့ မသိဘူးလား' လို့ မေးတော့ 'သိပါတယ်ဘုရား' လို့ ပရိသတ်က ဖြေပါတယ် ဘုရား"

"အင်း"

"ဒါန၊ သီလ၊ ဘာဝနာပြုရမှန်းတော့ မသိ၊ အိပ်၊ စား၊ ပျော်ပါး၊ ကာမဂုဏ်ခံစားမှုလောက်သာ သိတဲ့လူဟာ အိမ်ပေါ် အိမ်အောက်က တိရစ္ဆာန်တွေနဲ့ ဘာထူးသေးလဲလို့ ဆရာတော်က မေးတော့ ပရိသတ်က 'မထူးပါဘုရား' လို့ ဖြေတယ်ဘုရား"

"အင်း"

"အဲဒီ မေး-ဖြေသံလည်းကြားရော တပည့်တော်ဟာ တော်တော်ပဲ ထိတ်လန့်သံဝေရသွားပါတယ် ဘုရား၊ ကြက်သီး မွေးညှင်းလည်း ထပါတယ်ဘုရား"

"အင်း...သူတော်ကောင်းတရား ခ‌တ်ခံပါသူအဖို့ သံဝေ ဖြစ်လောက်၊ ကြက်သီးထလောက်ပါတယ်"

http://www.dhammadownload.com



"အဲဒါနဲ့ တပည့်တော် ဆုံးဖြတ်ချက်ချတယ်ဘုရား၊ ငါတော့ ဒီလိုနေလို့ မဖြစ်တော့ဘူး၊ ငါ့ဘဝဟာ ဘာမှ အာမခံချက်မရှိ သေးဘူးလို့ ဆိုပြီး လမ်းစဉ်ပြောင်းဖို့ ဆုံးဖြတ်လိုက်တယ်ဘုရား"

"အင်း...ဘယ်လိုပြောင်းလဲ"

"အရက်မသောက်တော့ဘူး၊ ဒါန, သီလ လိုက်စားမယ်၊ ဘုရားရှိခိုး ပုတီးစိပ်မယ်ဆိုပြီး ကောင်းမှုကုသိုလ်တွေနိုင်သလောက် ကြိုးစားလုပ်ပါတယ်ဘုရား"

"အင်း"

"အဲဒီလို ကုသိုလ်ကောင်းမှုတွေ နိုင်သလောက် ကြိုးစား လုပ်လို့ တစ်လ နှစ်လလောက်လည်းကြာရော တပည့်တော် စခန်းမှူးဘဝက ရာထူးအချခံရပါတယ်ဘုရား"

"အင်း"

"အဲဒါ သူက **'ကုသိုလ်လုပ်ကာမှ အဆင့်ကျလို့'** တဲ့ဘုရား၊ ဆရာတော့်လျှောက်ချင်လို့ တပည့်တော် ခေါ်တာနဲ့ လိုက်လာ ခဲ့ရပါတယ်ဘုရား"

မိမိနှင့် ရင်းနှီးသူဒကာက ဝင်ပြောခြင်းဖြစ်သည်။ ထိုအခါ မိမိက ပြောလိုက်သည်။

"အင်း...ဟုတ်တာပေါ့၊ မေးစရာပေါ့၊ ကုသိုလ်မလုပ်ခင်က အဟုတ်သား၊ ကုသိုလ်လုပ်ကာမှ ရာထူးကျတယ်ဆိုတော့ မေး စရာပေါ့နော်"

"မှန်ပါဘုရား"

"အဲဒီလိုအဖြစ်မျိုးနဲ့ ပတ်သက်လို့ စကားတစ်ခုရှိတယ်၊ အဲဒါ ကြားရရင် ရှင်းသွားပါလိမ့်မယ်"

http://www.dhammadownload.com



"အမိန့်ရှိပါဘုရား၊ အဲဒါမျိုးကြားချင်လို့ပဲ ဆရာတော်ဆီကို လာခဲ့တာပါဘုရား"

"ဗောဓိပင်ပျိုးတော့ ပေါင်ကျိုးရ၊ ဗောဓိကိုင်းချိုးတော့ ရွှေအိုးရဆိုတဲ့ အဲဒီစကားကြားဖူးလား"

"မကြားဖူးပါဘုရား"

"စကားအဆန်းနော်"

"မှန်ပါဘုရား၊ စိတ်ဝင်စားစရာပဲ"

"အဓိပ္ပာယ်များစွာ သက်ရောက်တဲ့စကား"

"မှန်ပါဘုရား"

"ဗောဓိပင်ဆိုတာဟာ ဘုရားရှင်ရဲ့ ကိုယ်စားတော်ပဲ၊ ဘုရားရှင်ကို ရည်မှန်းပြီး 'ဥဒ္ဒိဿစေတီ' အဖြစ် ကိုးကွယ်ပူဇော်ထိုက်တယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အေး...ဒီတော့ ဗောဓိပင်ပျိုးတယ်ဆိုတာ ဗောဓိပင်စိုက်တာပဲ မဟုတ်လား"

"ဗောဓိပင် စိုက်တယ်ဆိုတာ 'ဥဒ္ဒိဿစေတီ' တည်ထား ကိုးကွယ်တာ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဗောဓိပင်ပျိုးတော့ ပေါင်ကျိုးရ" ဆိုတော့ ဘုရားရှင်ရဲ့ "ဥဒ္ဒိဿစေတီ" တည်ထားကိုးကွယ်ကာမှ ပေါင်းကျိုးရတယ်ဆိုတဲ့ အဓိပ္ပာယ် ရောက်မသွားဘူးလား"

"ရောက်သွားပါတယ်ဘုရား"

http://www.dhammadownload.com



"ဒကာကြီးအဖြစ်နဲ့ တူမနေဘူးလား"

"တူနေပါတယ်ဘုရား"

"ဒီတော့ ကုသိုလ်တရားတွေအပေါ်မှာ သံသယဖြစ်မလာဘူးလား"

"မှန်ပါ၊ သံသယဖြစ်လို့ လာပြီးမေးလျှောက်ပါတယ်ဘုရား၊ သံသယကင်းအောင် ရှင်းပြပါဘုရား"

"ဇောဓိပင်ပျိုးလို့ ပေါင်ကျိုးရတဲ့လူဟာ ဘာကြောင့် ပေါင်ကျိုးလည်းဆိုတော့ ဒီလို...။ တကယ်လို့ သူဟာ ဇောဓိပင်ပျိုးခြင်းဆိုတဲ့ ဥဒ္ဒိဿစေတီ တည်ထားကိုးကွယ်မှု မပြုမိရင် သေကိုသေမှာနော်"

"မှန်ပါဘုရား"

"ယခုတော့ ဇောဓိပင်ပျိုးခြင်းဆိုတဲ့ ဥဒ္ဒိဿစေတီ တည်ထားကိုးကွယ်မှု ကုသိုလ်ပြုလိုက်တော့ ကြီးသောအမှုငယ်၊ ငယ်သောအမှု ပပျောက် ဆိုတာလို သေမလောက်ကြီးတဲ့ မကောင်းကျိုးဒုက္ခဟာ ပေါင်ကျိုးရုံလောက် ငယ်မသွားဘူးလား"

"မှန်ပါ၊ ငယ်သွားပါတယ်ဘုရား"

"ဒီမှာလည်း အဲဒီအတူပေါ့၊ ဒကာကြီးဟာ ကုသိုလ်မှုတွေသာ မပြုမိဘဲ ခုအထိသာ နေမိရင် သေတောင်သေနိုင်တယ်၊ ခုတော့ ကုသိုလ်ပြုမိလို့ သေမယ့်ဒုက္ခဟာ မသေဘဲ ရာထူးကျရုံလောက် ကျတာပဲလို့ မှတ်ပြီး ကုသိုလ်ဆက်ပြီး ကြိုးစားပါ"

"မှန်ပါဘုရား"

ထိုအခါ ရင်းနှီးသူဒကာက မေးလျှောက်ရာ-

http://www.dhammadownload.com



"ဗောဓိပင် ကိုင်းချိုးတော့ ရွှေအိုးရ" ဆိုတဲ့ အဓိပ္ပာယ်ကို ရှင်းပါဦး ဆရာတော်ဘုရား"

"ဗောဓိကိုင်း "ဥဒ္ဒိဿစေတီ" ဆိုတာတော့ အမှက်သတိရှိထားနော်"

"မှန်ပါဘုရား"

"ဒီတော့ ဗောဓိကိုင်းချိုးတယ်ဆိုတာ "ဥဒ္ဒိဿစေတီ" ကို ဖျက်ဆီးတာပဲ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဥဒ္ဒိဿစေတီဖျက်တယ်ဆိုတော့ ကုသိုလ်လား၊ အကုသိုလ်လား"

"အကုသိုလ်ပါဘုရား"

"အကုသိုလ်ဆိုတော့ ကောင်းကျိုးပေးမလား မကောင်းကျိုးပေးမလား"

"မကောင်းကျိုးပေးမှာပါဘုရား"

"မကောင်းကျိုးပေးရမှာ မပေးဘဲ ရွှေအိုးရတယ်ဆိုတော့ ကောင်းကျိုး ဖြစ်မနေဘူးလား"

"ဖြစ်နေပါတယ်ဘုရား"

"အမှန်က အဲဒါ ဆိုးကျိုးပဲ"

"အဲဒီလူဟာ အင်မတန်ကုသိုလ်ကြီးတဲ့လူ၊ ရွှေတွေ သုံးမကုန် စွဲမကုန်ရမယ့်လူ"

"မှန်ပါဘုရား"

http://www.dhammadownload.com



"အဲဒါ ဗောဓိကိုင်းချိုးတဲ့ အကုသိုလ်သွားလုပ်မိတော့ ရွှေတွေ သုံးစွဲမကုန်ရမယ့် အကျိုးမှ ရွှေအိုးတစ်လုံးလောက်သာ ရတဲ့ အကျိုးသို့ ပြောင်းသွားတယ်"

"မှန်ပါဘုရား"

"ဒီတော့ ကုသိုလ်ဟာ အစွမ်းသတ္တိရှိသလို အကုသိုလ် ဟာလည်း အစွမ်းသတ္တိ မရှိဘူးလား"

"ရှိပါတယ်ဘုရား"

"ကုသိုလ်အစွမ်းသတ္တိ လိုချင်လား၊ အကုသိုလ်အစွမ်းသတ္တိ လိုချင်လား"

"ကုသိုလ်အစွမ်းသတ္တိ လိုချင်ပါတယ်ဘုရား"

"ကုသိုလ်အစွမ်းသတ္တိ လိုချင်ရင် ကုသိုလ်ကောင်းမှု ကြိုးစား ပြုပေါ့နော်"

"မှန်ပါဘုရား"

"ကုသိုလ် အကုသိုလ် အကျိုးမပေးသေးခင်တော့ ကုသိုလ် အကုသိုလ်ရဲ့ သတ္တိဟာ မသိသာသေးဘူး၊ အကျိုးပေးပြီဆိုတော့ သိသာတယ်"

"ရှင်းပါဦးဘုရား"

"အကုသိုလ်ဆိုတာ အကြောင်းကံပဲမဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

"အကျိုးပေးရင် ကေန်မုချကို မကောင်းကျိုး ပေးရမှာပဲနော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"ဒါဖြင့် ယခုမျက်မှောက်ဘဝမှာ အကုသိုလ်ကို လုပ်ကိုင်နေပြီး ကောင်းကျိုးရနေသူဟာ ဘယ်လိုလဲလို့ မေးစရာမရှိဘူးလား"

"ရှိပါတယ်ဘုရား"

"အေး...အကုသိုလ်ပြုလုပ်ပြီး ကောင်းကျိုးရနေတယ်ဆိုတာ ယခု မျက်မှောက်ပြုလုပ်တဲ့ အကုသိုလ်ကံက ကောင်းကျိုးပေးနေတာ မဟုတ်ဘူး၊ အတိတ်က ပြုလုပ်ခဲ့တဲ့ ကုသိုလ်သတ္တိက ပေးနေတာ၊ ယခုပြုတဲ့ အကုသိုလ်ကံကပေးရင် မကောင်းကျိုးပဲ ပေးရမှာပဲ၊ ကောင်းကျိုးမပေးဘူးနော်"

"မှန်ပါဘုရား"

"အေး...ဒီလိုပဲ၊ ကုသိုလ်ဆိုတာလည်း အကြောင်းကံပဲ မဟုတ် လား"

"ဟုတ်ပါတယ်ဘုရား"

"အကျိုးပေးရင် ကောန်မှုချကို ကောင်းကျိုးပေးရမှာပဲ နော်"

"မှန်ပါဘုရား"

"ဒါဖြင့် ယခုမျက်မှောက်ဘဝမှာ ကုသိုလ်ကံပြုလုပ်နေပြီး မကောင်းကျိုးရနေသူဟာ ဘယ်လိုလဲလို့ မေးစရာမရှိဘူးလား"

"ရှိပါတယ်ဘုရား"

"အေး...ကုသိုလ်ပြုလုပ်ပြီး မကောင်းကျိုးရနေတယ်ဆိုတာ ယခု မျက်မှောက်ပြုအပ်တဲ့ ကုသိုလ်ကံက မကောင်းကျိုးပေးနေတာ မဟုတ်ဘူး၊ အတိတ်က ပြုလုပ်ခဲ့တဲ့ အကုသိုလ်သတ္တိက

http://www.dhammadownload.com



ပေးနေတာ၊ ယခုပြုတဲ့ ကုသိုလ်ကံက ပေးရင်တော့ ကောင်းကျိုးပဲ ပေးရမှာပေါ့၊ မကောင်းကျိုးမပေးရဘူးနော်"

"မှန်ပါဘုရား"

"အဲဒါကို နားရှင်းရဲ့လား"

"ရှင်းပါတယ်ဘုရား"

"ထပ်ရှင်းရရင် ယခု အလှူလှူတယ်၊ တစ်ရာကုန်သွားတယ် ဆိုပါတော့၊ အဲဒီအလှူက အကျိုးမပေးသေးတော့ တစ်ရာကုန် သွားတယ်ဆိုတဲ့ ဆိုးကျိုးပဲ မတွေ့ရဘူးလား"

"တွေ့ရပါတယ်ဘုရား"

"အေး...သူများဥစ္စာကို သွားပြီးခိုးတယ်ဆိုပါတော့၊ အဲဒီ အကျိုးပေးရင် မကောင်းကျိုးပဲ၊ ယခု မပေးသေးတော့ ပစ္စည်း ဥစ္စာရခြင်းဆိုတဲ့ ကောင်းကျိုးကိုပဲ မတွေ့နေဘူးလား"

"တွေ့နေပါတယ်ဘုရား"

"အဲဒါ ပင်ရင်းကုသိုလ်ကံက အကုသိုလ်ကံတွေ အကျိုးပေး ခွင့် မရသေးခင်တော့ ဒီအတိုင်းပဲနော်၊ ကုသိုလ်လုပ်ရက်ကနဲ့ မကောင်းကျိုးတွေ့ချင်တွေ့မယ်၊ အကုသိုလ် လုပ်ကရက်နဲ့ ကောင်းကျိုးတွေ့ချင်တွေ့မယ်"

"မှန်ပါဘုရား"

"ပင်ရင်းကုသိုလ်၊ အကုသိုလ်တွေ အကျိုးပေးရင်တော့ ကုသိုလ်ကံက ကောင်းကျိုးပဲပေးရမှာပဲ၊ အကုသိုလ်ကံကလည်း မကောင်းကျိုးပဲ ပေးရမှာပဲနော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"ကုသိုလ်အကျိုး အကုသိုလ်အကျိုးကို သဘောပေါက်ပြီလား"

"မှန်ပါ၊ ပေါက်ပါပြီဘုရား"

"အင်း...ဦးပဥ္စင်း အလွတ်ပြောနေတာ မဟုတ်ဘူးနော်"

"မှန်ပါဘုရား"

"ဘုရားရှင်ဟောတဲ့ ပါဠိတော်ကို မြန်မာပြန်ပြီးပြမယ်၊ မှတ်ထားပါ"

"မကောင်းမှု အကုသိုလ်ကံ ပြုလုပ်ထားသူသည်လည်း ယင်းအကုသိုလ်အကျိုးမပေးသေးခင် ကောင်းကျိုးချမ်းသာကို တွေ့မြင်ရသေး၏။

"မကောင်မှု အကုသိုလ်ကံက အကျိုးပေးသောအခါ၌မူ မကောင်းမှု အကုသိုလ်ကံ ပြုသောသူသည် မကောင်းကျိုးကိုသာ တွေ့မြင်ရတော့၏"

"ကောင်းမှု ကုသိုလ်ကံက ပြုလုပ်ထားသူသည်လည်း ယင်းကုသိုလ် အကျိုးမပေးသေးခင် မကောင်းကျိုးကို တွေ့မြင်ရသေး၏။

"ကောင်းမှုကုသိုလ်ကံ အကျိုးပေးသောအခါ၌မူ ကောင်းမှုကုသိုလ်ကံကို ပြုသောသူသည် ကောင်းကျိုးကိုသာ တွေ့မြင်ရတော့၏တဲ့။ အဲဒါ ဓမ္မပဒပါဠိတော် ဘုရားရှင်ဟောတဲ့အတိုင်းကို ဘာသာပြန်တာပဲနော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"ဒီတော့ လူရယ်လို့ဖြစ်လာရင် ကုသိုလ်ရဲ့ ကောင်းကျိုး အကုသိုလ်ရဲ့ မကောင်းကျိုး ဒီလောက်တော့ သက်ဝင်ယုံကြည်မှုရှိအောင် လေ့လာလိုက်စားထားဖို့ မကောင်းဘူးလား"

"ကောင်းပါတယ်ဘုရား"

"အဲဒီလောက်မှ သက်ဝင်ယုံကြည်မှုမရှိရင် ဒကာကြီးနာခဲ့ရတဲ့ တရားလိုပဲ အိမ်ပေါ်အိမ်အောက်မှာရှိနေတဲ့ တိရစ္ဆာန်နဲ့ ထူးဦးမလား"

"မထူးပါဘုရား"

"လူဖြစ်ပြီးတော့ တိရစ္ဆာန်နဲ့ တူရတယ်ဆိုတော့လည်း မကောင်းတော့ဘူးနော်"

"မှန်ပါဘုရား"

"ဒါကြောင့် မတူသည့်အားလျော်စွာ ထူးခြားအောင်သာ ကြိုးစားပါ၊ ကဲ...တော်ကြစို့"

- လူနဲ့ တိရစ္ဆာန်ခြားနားဟန် နှစ်တန်သိရမည်။
- အိပ်–စား–ကာမ သိရုံမျှ မှတ်ကြလူမပြီ။
- အကုသိုလ်ပယ် ကုသိုလ်ဆွယ် တကယ်လူပြီသည်။
- လူမပြီက အပါယ်ကျ ဒုက္ခမလွတ်ပြီ။
- လူပြီလေက ချမ်းသာရ ရောက်ရနိဗ္ဗာန်ဆီ။

http://www.dhammadownload.com



# လူ့ကို ဘုန်းကြီးကခိုးချကောင်းပါသလားဘုရား

{ ၁၅ }

"အပြစ်မဟုတ်သည်၌ အပြစ်ဟု အယူရှိကြကုန်၍ အပြစ်ဟုတ်သည်၌လည်း အပြစ်မဟုတ်ဟု ယူလေ့ရှိကုန်သော မှားသော အယူရှိသော သတ္တဝါတို့သည် ဒုဂ္ဂတိဘဝသို့ ရောက်ရကုန်၏"

"အပြစ်ကို အပြစ်ဟု၊ အပြစ်မဟုတ်သည်ကို အပြစ်မဟုတ်ဟု သိကြကုန်သောကြောင့် ကောင်းသော အယူရှိကြကုန်သော သတ္တဝါတို့သည် သုဂတိဘဝသို့ ရောက်ရကုန်၏"

**(ဓမ္မပဒ)**

အထက်ပါ ဓမ္မပဒလာ တရားတော်ကို လေ့လာကြည့်လျှင် သတ္တဝါနှစ်မျိုးကို တွေ့နိုင်သည်။ ဒုဂ္ဂတိသို့ ရောက်ရမည့်သတ္တဝါ၊ သုဂတိသို့ရောက်ရမည့် သတ္တဝါဟု သတ္တဝါနှစ်မျိုးပင် ဖြစ်၏။

http://www.dhammadownload.com



အမှန်စင်စစ် လူတိုင်း၊ သတ္တဝါတိုင်းပင် သုဂတိဘဝသို့သာ ရောက်ချင်ပါသည်။ ဒုဂ္ဂတိဘဝသို့ မရောက်ချင်ကြပါ၊ မရောက်လိုကြပါ၊ သို့ပါလျက် အဘယ့်ကြောင့် ဒုဂ္ဂတိဘဝသို့ ရောက်ကြရသနည်း။ အဖြေရှာသင့်၏။

အဖြေကား သိသူအတွက် ရှင်းလို့လင်းလို့၊ ရှင်းလင်းလို့ပင်။ သို့တမူ မသိသူအတွက်ကား ခက်လို့ နက်လို့ဖြစ်ကောင်းဖြစ်ပေမည်။

အမှန်စင်စစ် ခက်ရန်မဟုတ်ပေ။ မိမိတို့ သွားရမည့်ဘဝလမ်းကြောင်းအတွက် အကောင်းဖြစ်ရန် စိစစ်သင့်၏။ စုံစမ်းသင့်၏။ လေ့လာသင့်၏။ သို့မဟုတ်ဘဲ ထင်ရာလုပ်က မြုပ်တတ်သည်။ ဒုဂ္ဂတိသို့ ရောက်ရတတ်သည်။

မှန်၏။ တစ်ချိန်က မိမိကြုံခဲ့၏။ မြို့တစ်မြို့တွင် တရားဟောနေစဉ်က ဖြစ်၏။ ဒကာ–ဒကာမတစ်စု ရောက်လာပြီး ဦးချလျှောက်ထား၏။

"ဦးပဉ္ဇင်းဘုရား **လူကို ဘုန်းကြီးက ဦးချကောင်းပါသလား ဘုရား**"

"ကပ်သီးကပ်သပ်၊ ဘယ်ဘုန်းကြီးကများ ဘယ်ကလူကို ဦးချလို့ လာမေးနေလဲ မသိပါဘူး"

"တပည့်တော်တို့ တွေ့လို့ မြင်လို့ မေးလျှောက်တာပါဘုရား"

"ယောက်ျားကို ရှိခိုးတာလား၊ မိန်းမကို ရှိခိုးတာလား"

"ယောက်ျားကို ရှိခိုးတာပါဘုရား"

http://www.dhammadownload.com



"အင်း...မိန်းမရှိခိုးတယ်ဆို ယခု "မိန်းမရှိခိုးသွားမကျိုး" ပြောမလို့၊ ယောက်ျားဆိုတော့ အပြောခက်နေတော့တယ်"

"ဦးပဥ္စင်းကလည်း ပြောရော့မယ်"

"ဘာပြောရော့မယ်လဲ၊ သူများဖြင့် ကောင်းကောင်းပဲနေရတယ်မရှိဘူး၊ ပြဿနာတွေကို ရှုပ်လို့ပဲ"

"တစ်ခါတလေ ကြုံတုန်းဆုံတုန်း မေးရပါတယ်ဘုရား၊ အဖြေပေးပါဦးဘုရား"

"ကျယ်ကျယ်ဝန်းဝန်း နားထောင်နိုင်ပါ့မလား"

"နားထောင်နိုင်ပါတယ်ဘုရား"

"အေး...နားထောင်နိုင်လျှင် ရှင်းပြမယ်"

"မှန်ပါ၊ ရှင်းပါဘုရား"

"တစ်ချိန် ဘုရားရှင်ဟာ ဝေသာလီပြည်မှ သာဝတ္ထိပြည်ဘက်သို့ သံဃာအများနဲ့ ဒေသစာရီကြွချီသွားတယ်"

"မှန်ပါဘုရား"

"အဲဒီရဟန်း သံဃာအများမှာ ဆဗ္ဗဂ္ဂီ ရဟန်းဆိုးတွေနဲ့ သူတို့ရဲ့ တပည့်တွေလည်း ပါတယ်"

"မှန်ပါဘုရား"

"အဲဒီ ဆဗ္ဗဂ္ဂီရဟန်းဆိုးတွေရဲ့ တပည့်တွေက ဘုရားအမှူးရှိတဲ့ သံဃာအများရဲ့ ရှေးကသွားပြီး "ဒီကျောင်းနေရာဟာ ငါတို့ဥပဇ္ဈာယ်ဆရာအတွက် ဒီကျောင်းနေရာဟာ ငါတို့အတွက်" လို့ ဆိုပြီး ကျောင်း–အိပ်ရာ–နေရာ တို့ကို ဦးထားကြတယ်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"တရားစစ်သူကြီး ရှင်သာရိပုတ္တက ဘုရားအမှူးရှိတဲ့ သံဃာတွေရဲ့ နောက်မှ လိုက်ရတဲ့အတွက် ကျောင်းအိပ်ရာ နေရာ မရတော့ဘူးပေါ့"

"မှန်ပါဘုရား"

"ဒီတော့ ရှင်သာရိပုတ္တ အရှင်မြတ်ကလည်း လျှော်သလို သစ်ပင်ရင်းမှာ သီတင်းသုံးနေတာပေါ့"

"မှန်ပါဘုရား"

"ဘုရားရှင်က မိုးသောက်ယာမ်မှာ ထတော်မူပြီး ချောင်းဟန့်တော့ ရှင်သာရိပုတ္တကလည်း ပြန်ပြီး ချောင်းဟန့်တယ်ပေါ့"

"မှန်ပါဘုရား"

"အဲဒါမှတ်ထား၊ သာသနာတော်ရဲ့ ယဉ်ကျေးမှုတစ်ခုပဲ၊ မမြင်ရတဲ့နေရာမှာ တစ်ပါးက ချောင်းဟန့်ရင် တစ်ပါးက ရှိမှန်း သိအောင် ပြန်ပြီးချောင်းဟန့်ရတယ်"

"မှန်ပါဘုရား"

"အဲဒီလို ရှင်သာရိပုတ္တက ချောင်းပြန်ဟန့်တော့ ဘုရားရှင်က 'ဘယ်သူလဲ' လို့ မေးတယ်"

"မှန်ပါဘုရား"

"ရှင်သာရိပုတ္တ အရှင်မြတ်က 'တပည့်တော် သာရိပုတ္တပါ ဘုရား' လို့ ဖြေတယ်"

"မှန်ပါဘုရား"

"အဲဒီဖြေပုံလည်း မှတ်ထား၊ တချို့က မှောင်ကြီးမည်းမည်း ထဲမှာ 'ဘယ်သူလဲ'လို့ မေးရင် 'တပည့်တော်ပါ' လို့ ဖြေတယ်၊

http://www.dhammadownload.com



ဘယ်တပည့်တော်လဲလို့ သိနိုင်မလဲ၊ တပည့်တော်တွေက အများကြီးပဲဟာ"

"မှန်ပါဘုရား"

"တချို့လည်း တံခါးပိတ်ထားတဲ့အခါ အပြင်က ချောင်းဟန့်သို့မဟုတ် တံခါးခေါက်တယ်၊ အထဲက 'ဘယ်သူလဲ' မေးတော့ 'တပည့်တော်ပါ'လို့ ဖြေတတ်တယ်၊ အဲဒီလို မဖြေရဘူး၊ ရှင်သာရိပုတ္တ ဖြေသလို ကိုယ့်နာမည်ထည့်ဖြေရမယ်နော်"

"မှန်ပါဘုရား"

"အဲဒီတော့ ဘုရားရှင်က သာရိပုတ္တ အဘယ်ကြောင့်သင်သည် ဒီနေရာမှာ နေရသနည်း"လို့ မိန့်တော်မူတော့ ရှင်သာရိပုတ္တက အကြောင်းစုံ လျှောက်ထားတယ်"

"မှန်ပါဘုရား"

"အဲဒီအခါမှာ ဘုရားရှင်က ရဟန်းသံဃာတွေကို စည်းဝေးစေပြီး–

"ရဟန်းတို့ ဆဗ္ဗဂ္ဂီရဟန်းတို့၏ တပည့်တို့သည် ဘုရားအမှူးရှိတဲ့ သံဃာတွေရဲ့ ရှေ့မှရှေ့မှ သွားတဲ့ပြီး ဒီကျောင်းဒီနေရာဟာ ငါတို့ ဥပဇ္ဈာယ်ဆရာအတွက်၊ ဒီကျောင်းဒီနေရာဟာ ငါတို့အတွက်လို့ ကျောင်းအိပ်ရာနေရာတွေဦးထားတယ်ဆိုတာ မှန်သလား" လို့ မေးတော်မူတယ်"

"မှန်ပါဘုရား"

"မေးတော့ မှန်တဲ့အတိုင်းပဲ "မှန်ပါတယ်ဘုရား" လို့ လျှောက်ထားရတာပေါ့"

http://www.dhammadownload.com



"မှန်ပါဘုရား"

"အဲဒီအခါမှာ ဘုရားရှင်က အဲဒီရဟန်းတွေကို ကဲ့ရဲ့တော်မူတယ်–

"ရဟန်းတို့၊ အဲဒီ မဂ်ဖိုလ်မမှီး အချည်းနှီးသော ရဟန်းယောကျ်ားတွေဟာ ဘုရားအမှူးရှိတဲ့ သံဃာတွေရဲ့ ရှေ့မှသွားတဲ့ကုန်၍ ဒီကျောင်း၊ ဒီနေရာဟာ ငါတို့ ဥပဇ္ဈာယ်ဆရာအတွက်၊ ဒီကျောင်းဒီနေရာဟာ ငါတို့အတွက်လို့ အဘယ့်ကြောင့် ကျောင်းအိပ်ရာ နေရာကို ဆည်းပူးဘိသနည်း"

"ရဟန်းတို့၊ ဒီရဟန်းတွေ ပြုမိတဲ့ဒီအမှုဟာ မကြည်ညိုသေးသောသူတို့ကို ကြည်ညိုစေခြင်းငှာ ကြည်ညိုပြီးသောသူတို့ကို တိုး၍ ကြည်ညိုစေခြင်းငှာ မဖြစ်နိုင်ပေ"

"ရဟန်းတို့ အမှန်စင်စစ် အဲဒီရဟန်းတွေရဲ့ အဲဒီအမှုဟာ မကြည်ညိုသေးသောသူတို့ကို မကြည်ညိုစေခြင်းငှာ ကြည်ညိုပြီးသော အချို့သူတို့အား အကြည်ညိုပျက်စေခြင်းငှာ ဖြစ်ပေ၏" လို့ ကဲ့ရဲ့တော်မူတယ်"

"မှန်ပါဘုရား"

"ကဲ...ဘုရားကဲ့ရဲ့ခံရတော့ ကောင်းသေးလား"

"မကောင်းတော့ပါဘုရား"

"မည်သူကဲ့ရဲ့ကဲ့ရဲ့ ဘုရားမကဲ့ရဲ့အောင်နေဖို့နှင့်၊ မည်သူမှ မချီးမွမ်း မချီးမွမ်း ဘုရားချီးမွမ်းဖို့ အရေးမကြီးဘူးလား"

"အရေးကြီးပါတယ်ဘုရား"

http://www.dhammadownload.com



"အဲ...ဘုရားရှင်ဟာ အဲဒီလို ကဲ့ရဲ့ပြစ်တင်ပြီးတော့-

၁။ ကိုယ်တိုင်ပြုစု မွေးမြူရန်ခက်ခဲခြင်း၊

၂။ သူတစ်ပါးတို့က ပြုစုမွေးမြူရန် ခက်ခဲခြင်း၊

၃။ အလိုကြီးခြင်း၊

၄။ မရောင့်ရဲနိုင်ခြင်း၊

၅။ အပေါင်းအဖော်၌ မက်မောခြင်း၊

၆။ ပျင်းရိခြင်း

တို့ရဲ့ ကျေးဇူးမဲ့စကားကို မိန့်ကြားတော်မူပြီးလျှင် များစွာသော အကြောင်းဖြင့်-

၁။ ကိုယ်တိုင်ပြုစု မွေးမြူလွယ်ခြင်း၊

၂။ သူတစ်ပါးတို့က ပြုစုလွယ်မွေးမြူလွယ်ခြင်း၊

၃။ အလိုနည်းခြင်း၊

၄။ ရောင့်ရဲလွယ်ခြင်း၊

၅။ ကိလေသာကို စောင့်စားစေခြင်း၊

၆။ ကိလေသာကို ခါထုတ်ခြင်း၊

၇။ ကြည်ညိုဖွယ်ရှိခြင်း၊

၈။ ကိလေသာကို မဆည်းပူးခြင်း၊

၉။ ဝီရိယဖြင့် အားထုတ်ခြင်း

တို့ရဲ့ ဂုဏ်ကျေးဇူးကို မိန့်တော်မူပြီးလျှင် ရဟန်းတို့အား ယင်း အဖြစ်အပျက်နှင့် လျော်လျောက်ပတ်သော တရားစကားကို ဟောကြားတော်မူပြီးနောက် ရဟန်းတို့ကို မေးတော်မူတယ်-

http://www.dhammadownload.com



"ရဟန်းတို့၊ နေရာဦး၊ ရေဦး၊ ဆွမ်းဦးတို့ကို အဘယ်သူသည် ရထိုက်သနည်း" တဲ့"

"မှန်ပါဘုရား"

"အဲဒီအခါမှာ ရဟန်းတွေက သူ့အထင်နှင့်သူ အမျိုးမျိုးဘယ်လိုဖြေကြသလဲဆိုတော့–

၁။ မြတ်စွာဘုရား မင်းမျိုးမှ ရဟန်းပြုသူဟာ နေရာဦး၊ ရေဦး၊ ဆွမ်းဦးတို့ကို ရထိုက်ပါ၏။

၂။ မြတ်စွာဘုရား ပုဏ္ဏားမျိုးမှ ရဟန်းပြုသူဟာ နေရာဦး၊ ရေဦး၊ ဆွမ်းဦးတို့ကို ရထိုက်ပါ၏။

၃။ မြတ်စွာဘုရား သူကြွယ်မျိုးမှ ရဟန်းပြုသူဟာ နေရာဦး၊ ရေဦး၊ ဆွမ်းဦးတို့ကို ရထိုက်ပါ၏။

၄။ မြတ်စွာဘုရား သုတ္တန်ဆောင်ရဟန်းဟာ နေရာဦး၊ ရေဦး၊ ဆွမ်းဦးတို့ကို ရထိုက်ပါ၏။

၅။ မြတ်စွာဘုရား ဝိနည်းဆောင်ရဟန်းဟာ နေရာဦး၊ ရေဦး၊ ဆွမ်းဦးတို့ကို ရထိုက်ပါ၏။

၆။ မြတ်စွာဘုရား ဓမ္မကထိကရဟန်းဟာ နေရာဦး၊ ရေဦး၊ ဆွမ်းဦးတို့ကို ရထိုက်ပါ၏။

၇။ မြတ်စွာဘုရား ပထမဈာန်ရ ရဟန်းဟာ နေရာဦး၊ ရေဦး၊ ဆွမ်းဦးတို့ကို ရထိုက်ပါ၏။

၈။ မြတ်စွာဘုရား ဒုတိယဈာန်ရ ရဟန်းဟာ နေရာဦး၊ ရေဦး၊ ဆွမ်းဦးတို့ကို ရထိုက်ပါ၏။

၉။ မြတ်စွာဘုရား တတိယဈာန်ရ ရဟန်းဟာ နေရာဦး၊ ရေဦး၊ ဆွမ်းဦးတို့ကို ရထိုက်ပါ၏။

http://www.dhammadownload.com



၁၀။ မြတ်စွာဘုရား စတုတ္ထဈာန်ရ ရဟန်းဟာ နေရာဦး၊ ရေဦး၊ ဆွမ်းဦးတို့ကို ရထိုက်ပါ၏။

၁၁။ မြတ်စွာဘုရား သောတာပန် ရဟန်းဟာ နေရာဦး၊ ရေဦး၊ ဆွမ်းဦးတို့ကို ရထိုက်ပါ၏။

၁၂။ မြတ်စွာဘုရား သကဒါဂါမ် ရဟန်းဟာ နေရာဦး၊ ရေဦး၊ ဆွမ်းဦးတို့ကို ရထိုက်ပါ၏။

၁၃။ မြတ်စွာဘုရား အနာဂါမ် ရဟန်းဟာ နေရာဦး၊ ရေဦး၊ ဆွမ်းဦးတို့ကို ရထိုက်ပါ၏။

၁၄။ မြတ်စွာဘုရား ရဟန္တာသည် နေရာဦး၊ ရေဦး၊ ဆွမ်းဦးတို့ကို ရထိုက်ပါ၏။

၁၅။ မြတ်စွာဘုရား ဝိဇ္ဇာသုံးပါးရ ရဟန္တာသည် နေရာဦး၊ ရေဦး၊ ဆွမ်းဦးတို့ကို ရထိုက်ပါ၏။

၁၆။ မြတ်စွာဘုရား အဘိညာဏ် ၆–ပါးရ ရဟန္တာသည် နေရာဦး၊ ရေဦး၊ ဆွမ်းဦးတို့ကို ရထိုက်ပါ၏။

လို့ တစ်ပါးတစ်မျိုး အမျိုးမျိုးလျှောက်ထားကြတယ်”

“မှန်ပါဘုရား”

## ခါ – မျောက် – ဆင်

“အဲဒီအခါမှာ ဘုရားရှင်က ရဟန်းတွေကို–

“ရဟန်းတို့ ရှေး၌ ဖြစ်သည်မှာ ဟိမဝန္တာအရပ်ဝယ် ပညောင်ပင်ကြီးတစ်ပင်ရှိတယ်၊ အဲဒီပညောင်ပင်ကြီးကို အမှီပြုပြီး ‘ခါ–မျောက်–ဆင်’ ဆိုတဲ့ အဆွေခင်ပွန်းသုံးဦးတို့ နေကြတယ်”

http://www.dhammadownload.com



"ရဟန်းတို့၊ အဲဒီ အဆွေခင်ပွန်းသုံးဦးတို့ဟာ အချင်းချင်း မရိုသေ၊ မကိုင်းညွတ်ဘဲ အသက်မွေးခြင်းလည်း သဘောမတူကုန်ဘဲ နေကြတယ်"

"ရဟန်းတို့၊ အဲဒီလိုနေကြရာမှ တစ်ချိန်မှာ အဲဒီ အဆွေခင်ပွန်းတို့မှာ-

"ငါတို့တွင် အသက်အကြီးဆုံးသူကို သိရမူ ကောင်းပေ၏။ ယင်းကို ငါတို့ရိုသေကုန်ရာ၏။ လေးစားကုန်ရာ၏။ မြတ်နိုးကုန်ရာ၏။ ပူဇော်ကုန်ရာ၏။ ထိုသူရဲ့ အဆုံးအမ၌ လည်း တည်ကုန်ရာ၏" လို့ အကြံအစည်ဖြစ်တယ်"

ရဟန်းတို့၊ အဲဒီအခါမှာ ခါနှင့် မျောက်တို့က ဆင်ကို "အဆွေ သင်သည် အဘယ်ရှေးဟောင်းအကြောင်းအရာကို မှတ်မိပါသနည်း" မေးကြတယ်"

"ဒီတော့ ဆင်က "အဆွေတို့ ကျွန်ုပ်ငယ်စဉ်အခါ၌ ဒီပညောင်ပင်ကို ပေါင်ကြား၌ထားကာ ကျော်လွှားသွားပါတယ်၊ အညွန့်အဖျားဟာ ကျွန်ုပ်၏ဝမ်းဗိုက်မှူ ထိပါတယ်၊ အဆွေတို့၊ အကျွန်ုပ်အား အဲဒီအရှေးဟောင်း အကြောင်း အရာကို သိပါတယ်၊ မှတ်မိပါတယ်" လို့ ပြောတယ်"

"ရဟန်းတို့၊ အဲဒီအခါ ခါနှင့်ဆင်တို့က မျောက်ကို "အဆွေ သင်သည် အဘယ်ရှေးဟောင်းအကြောင်းအရာကို မှတ်မိပါသလဲ" လို့ မေးကြပြန်တယ်"

"ဒီတော့ မျောက်က 'အဆွေတို့ ကျွန်ုပ်ငယ်စဉ်က မြေမှာ ထိုင်ပြီးတော့ ဒီပညောင်ပင်ရဲ့ အညွန့်အဖျားကို

http://www.dhammadownload.com



စားရပါတယ်၊ အဆွေတို့ ကျွန်ုပ်ဟာ အဲဒီ ရှေးဟောင်း အကြောင်းအရာကို မှတ်မိပါတယ်' လို့ ပြောတယ်"

"ရဟန်းတို့၊ အဲဒီအခါ မျောက်နှင့်ဆင်တို့က ခါကို "အဆွေ သင်သည် အဘယ်ရှေးဟောင်းအကြောင်းအရာကို မှတ်မိပါသလဲ" လို့ မေးကြတယ်"

"ဒီတော့ ခါက အဆွေတို့၊ ဤမည်တဲ့အရပ်မှာ ပညောင်ပင်ကြီးရှိပါတယ်၊ အကျွန်ုပ်ဟာ အဲဒီအရပ်မှာ အသီးကိုစားပြီး ဒီအရပ်မှာကျင်ကြီးစွန့်ပါတယ်၊ အဲဒီကျင်ကြီး မှာပါတဲ့ အသီးရဲ့မျိုးစေ့ကြောင့် ဒီပညောင်ပင်ဟာ ပေါက် ပါတယ်၊ အဆွေတို့၊ အကျွန်ုပ်ဟာ အဲဒီရှေးဟောင်း အကြောင်းအရာကို မှတ်မိပါတယ်' လို့ ပြောတယ်"

"ရဟန်းတို့၊ ထိုအခါ မျောက်နှင့်ဆင်တို့က ခါကို "အဆွေ၊ သင်ဟာ အကျွန်ုပ်တို့ထက် အသက်ကြီးသူဖြစ် ပါတယ်၊ အသင့်ကို အကျွန်ုပ်တို့ ရိုသေပါကုန်အံ့၊ လေးစား ပါကုန်အံ့၊ မြတ်နိုးပါကုန်အံ့၊ ပူဇော်ပါကုန်အံ့၊ အကျွန်ုပ် တို့ဟာ အသင်၏ အဆုံးအမ၌ တည်ပါကုန်အံ့" လို့ ပြောဆို ကြတယ်"

"ရဟန်းတို့၊ အဲဒီအခါ ခါဟာ မျောက်နှင့်ဆင်တို့ကို ငါးပါးသီလတို့၌ တည်စေတယ်၊ ကိုယ်တိုင်လည်း ငါးပါး သီလ၌ တည်ပြီး ကျင့်တယ်၊ သူတို့အချင်းချင်း ရိုသေခြင်း၊ ကိုင်းညွတ်ခြင်း၊ သဘောတူ အသက်မွေးခြင်းရှိရကား၊ ချမ်းသာစွာ နေလျက် သေသည်ရှိသော် နတ်ပြည်သို့ ရောက် ကြတယ်"

http://www.dhammadownload.com



"ရဟန်းတို့၊ တရား၌ လိမ္မာ၍ ကြီးသူကို ရိုသေသော လူတို့သည် မျက်မှောက်ဘဝ၌လည်း ချီးမွမ်းခံရကုန်၏။ နောင်တမလွန်ဘဝ၌လည်း ကောင်းရာသုဂတိသို့ ရောက်ရကုန်၏ဟူသော ဒီ ခါတို့ အကျင့်မည်တဲ့ အကျင့်မြတ်ဟာ ဖြစ်၏"

"ရဟန်းတို့၊ ယင်းတိရစ္ဆာန်ဖြစ်သော သတ္တဝါတို့သည် ပင်လျှင် အချင်းချင်းရိုသေခြင်း၊ ကိုင်းညွတ်ခြင်း၊ သဘောတူ အသက်မွေးခြင်းရှိလျက် နေကုန်သေးတယ်"

"ရဟန်းတို့ ယင်းသို့ ကောင်းစွာ ဟောအပ်သော ဓမ္မဝိနယ သာသနာတော်မှာ ရဟန်းပြုကြပါလျက် အချင်းချင်း မရိုမသေ မကိုင်းမညွတ် သဘောတူ အသက်မမွေးဘဲ နေကြခြင်းဟာ တင့်တယ်ပါမည်လော"

## ရှိခိုးထိုက် – ရှိမခိုးထိုက်

"ရဟန်းတို့ သီတင်းကြီး အစဉ်အတိုင်း ရှိခိုးခြင်း၊ ခရီးဦးကြိုခြင်း၊ လက်အုပ်ချီခြင်း၊ အရိုအသေပြုခြင်း၊ နေရာဦး၊ ရေဦး၊ ဆွမ်းဦးတို့ကို ခွင့်ပြု၏"

"ရဟန်းတို့ သံဃာ့ပစ္စည်း သီတင်းကြီးအစဉ်အတိုင်း မတားမြစ်အပ်၊ တားမြစ်အပ်သော ရဟန်းအား ဒုက္ကဋ် အာပတ်သင့်၏"

အဲဒီလို မိန့်ကြားတယ်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"ခုမှပဲ ရှိခိုးတာ ရောက်တော့တယ်၊ ပြောလိုက်ရတာ မောရောပဲ"

"မမောပါနဲ့ဦးဘုရား၊ အဲဒီအထဲမှာ သီတင်းကြီး အစဉ် အတိုင်းဆိုတာ ဘယ်လိုပါလဲဘုရား"

"ဝါကြီး၊ ဝါငယ်ကို ပြောတာ၊ ကြီးတဲ့ရဟန်းကို ငယ်တဲ့ ရဟန်း၊ ဝါငယ်တဲ့ရဟန်းက ရှိခိုးရမယ် စသည်ပြောတာပေါ့"

"အမယ်၊ ခုခေတ်တောထွက် ကိုယ်တော်ကြီးတွေက ခေါင်းရင်းကမှ တက်ထိုင်တာဘုရား"

"အင်းပေါ့၊ ဦးပဉ္ဇင်းတို့လည်း တစ်ခါတစ်ခါ ဆရာတော် မှတ်လို့ ရှိခိုးမိတယ်"

"သူတို့က မပြောဘူးလား"

"မပြောဘူး၊ ငြိမ်ခံနေတယ်"

"တော်တော်ဆိုးတဲ့ ကိုယ်တော်ကြီးတွေပဲ ဘုရား"

"အင်း...နောက်တော့ ခဏခဏ တောထွက်ကြီးတွေနဲ့ မှားတာနဲ့ ဆရာတော်ကြီးတွေတောင် ရှိမခိုးမိဖြစ်တယ်"

"မှန်ပါဘုရား"

"ခက်တာက ရှိခိုးသင့်တဲ့ပုဂ္ဂိုလ် ရှိမခိုးလည်း အပြစ်ဖြစ် တယ်၊ ရှိမခိုးသင့်တဲ့ပုဂ္ဂိုလ် ရှိခိုးလည်း အပြစ်ဖြစ်တယ်"

"ဦးပဉ္ဇင်းဘုရား၊ ရှိမခိုးသင့်တဲ့ ပုဂ္ဂိုလ်တွေ ဘယ်လောက် ရှိပါသလဲ ဘုရား"

"အမယ်လေး အများကြီးပဲ၊ ရဟန်းတွေက ရှိမခိုးထိုက် တာကို ပြောတာနော်၊ လူတွေအနေနဲ့ မပြောထားပါဘူး၊ အဲဒါ မှတ်ထား–

http://www.dhammadownload.com



၁။ ရွာတွင်း၌ ဝင်တဲ့ရဟာန်း၊
၂။ လမ်း၌ ရောက်နေတဲ့ရဟာန်း၊
၃။ အမှောင်၌ ရောက်နေတဲ့ရဟာန်း၊
၄။ ရှိခိုးဝပ်ချသည်ကို နှလုံးမသွင်းတဲ့ရဟာန်း၊
၅။ အိပ်ပျော်နေတဲ့ရဟာန်း၊
၆။ ယာဂုသောက်နေတဲ့ရဟာန်း၊
၇။ ဆွမ်းယူရာအရပ်၌ ရဟာန်း၊
၈။ တစ်ဖက်ရန်သူ၌ လည်သွားတဲ့ ဝိသဘာဂရဟာန်း၊
၉။ တစ်ပါးသော အာရုံ၌ စိတ်ဝင်စားနိုက်ရဟာန်း၊
၁၀။ ကိုယ်လုံးတီးရဟာန်း၊
၁၁။ ခဲဘွယ်ကို ခဲစားဆဲရဟာန်း၊
၁၂။ ဘောဇဉ်ကို စားဆဲရဟာန်း၊
၁၃။ ကျင်ကြီးစွန့်နေသော ရဟာန်း၊
၁၄။ ကျင်ငယ်စွန့်နေသော ရဟာန်း၊
၁၅။ အာပတ်ကို အာပတ်ဟု မရှုခြင်း၊ အာပတ်ကို မကုစားခြင်း၊ မိတ္တာအယူကို မစွန့်ခြင်းကြောင့် နှင်ထုတ်ကြောင်း ဥက္ခေပနီယကံ အပြုခံရသည့် ဥက္ခိတ္တကရဟာန်း၊
၁၆။ သီတင်းငယ်ရဟာန်း၊
၁၇။ လူသာမဏေ၊
၁၈။ မိမိနှင့် အယူမတူသော ဓမ္မဝါဒီဘက်သားလည်း ဖြစ်သော နာနာသံဝါသက အဓမ္မဝါဒီ သီတင်းကြီး
၁၉။ မိန်းမ၊

http://www.dhammadownload.com



၂၀။ ပဏ္ဍုတ်၊

၂၁။ ပရိဝါသ်နေသောရဟန်း၊

၂၂။ အရင်းသို့ ငင်ထိုက်သောရဟန်း၊

၂၃။ မာနတ်ပေးခြင်းငှာ ထိုက်သောရဟန်း၊

၂၄။ မာနတ်ကျင့်ဆဲ ရဟန်း၊

၂၅။ အဗ္ဘာန်ထိုက်သော ရဟန်း

အဲဒီပုဂ္ဂိုလ်တွေကို ရဟန်းတွေဟာ ရှိမခိုးထိုက်ဘူး"

"ဒီလိုဆိုတော့ လူကို ရဟန်းတွေက ရှိမခိုးထိုက်ဘူးပေါ့ဘုရား"

"ဘယ်ရှိခိုးထိုက်မလဲ၊ တချို့ ယောက်ျားတောင်မဟုတ်ဘူး၊ မိန်းမရှိခိုးတဲ့ ရဟန်းတောင် ရှိသတဲ့"

"ဘုန်းကြီးတွေကလည်း ဒါလေးမှ မသိဘူးလားဘုရား"

"မသိဆို သိအောင်မှ မလုပ်တော့ ဘယ်သိမလဲ၊ ဒီတော့ အပြစ်ရှိတာ အပြစ်ရှိမှန်း မသိဘူး၊ အပြစ်ရှိမှန်း မသိတော့ ပြုလုပ်တယ်"

"မှန်ပါဘုရား"

"အပြစ်မရှိတာကျတော့ အပြစ်ရှိတယ်ထင်ပြီး ရှောင်တယ်"

"မှန်ပါဘုရား"

"ဒီတော့ သေလည်းသေရော၊ ဒုဂ္ဂတိဘဝရောက်ကုန်ရော ပေါ့"

"သနားစရာပဲဘုရား"

"အေး...အဲဒီသနားစရာထဲ ကိုယ်မပါစေနဲ့"

http://www.dhammadownload.com



"မှန်ပါဘုရား"

"ကဲ...ရှုမခိုးကောင်း ရှုခိုးကောင်း သဘောပေါက်ပြီလား"

"ပေါက်ပါပြီဘုရား"

"ကဲ...ပေါက်ရင် သူ့နေရာနှင့်လျော်အောင် ကြည့်ရှုခိုးပေါ့ နော်၊ ရှုခိုးနည်းတွေ ဗုဒ္ဓမွမ်ပြသနာ (၂) ဖတ်ရတယ်မဟုတ်လား"

"မှန်ပါ၊ ဖတ်ရပါတယ်ဘုရား"

"ကဲ...ဖတ်ရရင် တော်ကြစို့"

❀ ရှုခိုးထိုက်သူ မထိုက်သူ ခွဲယူသိလေပါ။

❀ ရှုမခိုးထိုက် ရှုခိုးထိုက် အမိက်မည်လေပါ။

❀ ရှုခိုးထိုက်သူ မရှုခိုးမှု၊ ထို့တူအမိုက်သာ။

❀ ရှုခိုးထိုက်လည်း တွေ့ရာထဲ ရှောင်ပဲရှုခိုးတာ။

❀ နေရာကိုကြည့် ဌာနသိ ကြည့်၍ရှုခိုးပါ။

http://www.dhammadownload.com



# ဓမ္မကထိကဆိုတာ သွားကျိုးတတ်တယ်

{ ၁၆ }

❀ အကုသိုလ်မှာ မုသာဝါဒ၊ ကုသိုလ်မှာကား သစ္စဝါစာ လေးဆုံးသာတည်း။

❀ သစ္စာဘောက်လှန် မတော်မှန်က ဘေးဒဏ်ရောက်ကာ ပျက်တတ်စွာ၏။

❀ သစ္စာနှုတ်သီး မန္တာန်ကြီးကား သေပြီးသော်မှ ရှင်ပြန်ရ၏။

ယင်းသို့ စသည်ဖြင့် မုသားအကုသိုလ်နှင့် သစ္စာကုသိုလ်တို့၏ အပြစ်အကျိုးတို့ကို အမျိုးမျိုး မော်ကွန်းထိုးခဲ့ကြ၏။ ယင်း မုသားနှင့် သစ္စာကား အရှေ့နှင့်အနောက် တောင်နှင့်မြောက် ကဲ့သို့ တစ်ခုနှင့်တစ်ခု ဝေးကွာလှ၏။ ဆက်စပ်၍မရ။

မှန်၏။ မုသား အကုသိုလ်ဖြစ်သော် သစ္စာ ကုသိုလ်ပျက်၏။ သစ္စာကုသိုလ်ဖြစ်သော် မုသားအကုသိုလ် မဖြစ်နိုင်။ ယင်းသို့ ဖြင့် ယင်းတို့နှစ်ပါးသည် ဆိုင်၍မရပေ။

http://www.dhammadownload.com



"မသူတော်မှာ သစ္စာမကြိုက်၊ မုသားလိုက်၏" အရ သစ္စာ မကြိုက် မုသားလိုက်သော် မသူတော်ဖြစ်မည်၊ သူတော်ကောင်း မဖြစ်နိုင်၊ သစ္စာနှင့် မုသား ဝေးကွာသလို သူတော်နှင့် မသူတော် လည်း ဝေးကွာ၏။ စပ်ဟပ်၍ မရနိုင်ပေ။ သို့ဖြစ်၍ မိမိကိုယ်ကို မိမိ ဝေခွဲဖို့သင့်၏။

အဘယ်သို့ဝေခွဲမည်နည်း။ ငါသည် သစ္စာမကြိုက် မုသား လိုက်သော မသူတော်လုပ်မည်လော၊ သို့မဟုတ် မုသားမကြိုက် သစ္စာလိုက်သော သူတော်ကောင်း လုပ်မည်လော၊ ယင်းသို့ ဝေခွဲရမည်ဖြစ်၏။

ဝေခွဲခဲ့သူ တစ်ဦးနှင့် မိမိသည် ကြုံခဲ့ရ၏။ တစ်ချိန်သော နွေကာလဖြစ်ခဲ့၏။ မိမိသည် မြို့ကြီးတစ်မြို့တွင် တရားဟော နေခိုက် ဖြစ်သည်။ ယင်းမြို့တွင် တရားဟောနေသော မိမိ မိတ်ဆွေ ဓမ္မကထိကတစ်ပါးနှင့် မိမိ သွားတွေ့ဆုံသည်။ မိတ်ဆွေမှာ မိမိထက်ကြီး၏။

ရောက်တယ်ဆိုလျှင် မိမိသည် အရိုအသေရှိခိုး၍ ထိုင်၏။ မိတ်ဆွေသည် နှုတ်ခွန်းဆက်၍ စကားပြော၏။ ယင်းသို့နှင့် တရား ဟောသည့်အကြောင်း ရောက်လာသည်။ ထိုအခါ မိတ်ဆွေက ပြောပြ၏။

"ကိုယ်တော့်ကို မှတ်စရာတစ်ခု ပြောရဦးမယ်"

"မှန်ပါ၊ ပြောပါဘုရား၊ မှတ်ရတာပေါ့"

"တစ်နေ့က (......)ဆရာတော်ကြီး သွားဖူးတယ်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"သွားဖူးတော့ ဆရာတော်ကြီးက 'အေး၊ တရားဟောတယ်ဆိုတာ အင်မတန်ကောင်းတဲ့အလုပ်ကွယ့်' တဲ့"

"မှန်ပါဘုရား"

"အကောင်းထဲမှာ အဆိုးမပါစေနဲ့တဲ့"

"ဒါ...မှန်တာပေါ့ဘုရား၊ အကောင်းထဲ အဆိုးပါလျှင် ဘယ်ကောင်းတော့မလဲဘုရား"

"ပြီးတော့ ဆရာတော်ကြီးက မေးတယ်ဘုရား"

"ဘယ်လိုမေးပါလဲ ဘုရား"

"အကောင်းထဲမှာ အဆိုးမပါစေနဲ့ဆိုတာ မောင်ပဥ္စင်း သိလားတဲ့"

"တင်ပါဘုရား"

"ဒီလိုဆိုတော့ ဘယ်ဖြေရဲတော့မလဲဘုရား၊ အဆိုးတွေက အများကြီးဆိုတော့ ဘယ်အဆိုးမှန်းမှ မသိတာပဲဟာ"

"မှန်ပါ၊ ဟုတ်တာပေါ့ဘုရား"

""ဒါနဲ့ တပည့်တော်က မသိပါဘုရားလို့ ဖြေလိုက်တယ် ကိုယ်တော်ရေ"

"ဒီတော့ ဆရာတော်ကြီးက ဘယ်လို အမိန့်ရှိလိုက်ပါလဲ ဘုရား"

"ဆရာတော်ကြီးကလား၊ မောင်ပဥ္စင်း တရားဟောတဲ့အခါမှာ မုသားမပါစေနဲ့တဲ့ ဘုရား"

"အင်း...ဟုတ်တာပေါ့ ဘုရား၊ တရားဟောပါတယ်ဆိုမှ မုသားပါရင် တရား ဘယ်ဟုတ်တော့မလဲ၊ မတရားဖြစ်သွားမှာပေါ့၊ ဒီတော့ အကောင်းထဲ အဆိုးပါသွားတာပေါ့ ဘုရား"

http://www.dhammadownload.com



"ဒီတော့ တပည့်တော် စဉ်းစားတယ်ဘုရား"

"ဘယ်လို စဉ်းစားပါလဲ ဘုရား"

"အင်း...ဒီ့ ဓမ္မကထိကတွေ သူများတွေသာ လိုက်လိုက်ပြီး ဆရာလုပ်ဟောနေတာ၊ တစ်ခါတလေ ခုလို ကိုယ့်ကို ဆရာလုပ်ဟောမယ့် ဆရာတော်ကြီးတွေရဲ့ တရားကိုးလည်း နာသင့်တယ်လို့ စဉ်းစားမိတယ်ဘုရား"

"ဟုတ်တာပေါ့ ဘုရား၊ ဓမ္မကထိကဆိုတာ သူများကိုတော့ ပါဏာတိပါတက ဘယ်လိုအပြစ်ကြီးတယ်၊ မုသားက ဘယ်လို အပြစ်ကြီးတယ် စသည်ဖြင့် ပြောဟောနေပေမယ့် ကိုယ့်ဘက်ကျတော့ ပရိသတ်သဘောကျအောင်ဆိုပြီး မဟုတ်လုပ်ကြံ ပြောတတ်တယ်ဘုရား"

"ဒါကြောင့် ဆရာတော်ကြီးက သတိပေးတာပေါ့ ဘုရား"

"တပည့်တော်ကိုလည်း ဗေဒင်ဆရာကြီး တစ်ယောက်က ပြောဖူးတယ် ဘုရား"

"ကဲ...ပြောစမ်းပါဘုရား၊ ဘယ်လိုပြောလဲ၊ မှတ်ရပြန်တာပေါ့"

"အရှင်ဘုရားတို့ တရားဟောဆရာနဲ့ တပည့်တော်တို့ ဗေဒင်ဆရာနဲ့ အတူတူပဲတဲ့"

"တင်ပါဘုရား"

"အရှင်ဘုရားတို့လည်း ပရိသတ်အခြေကြည့်ပြီး ဟောရတော့ ဟုတ်တာလည်းပါ၊ မဟုတ်တာလည်းပါတဲ့ ဘုရား"

"တင်ပါဘုရား"

http://www.dhammadownload.com



"တပည့်တော်တို့ ဗေဒင်ဆရာလည်း မေးသူမျက်နှာကြည့်ပြီး ဟုတ်တာရော၊ မဟုတ်တာရော ပြောရတာပဲတဲ့ ဘုရား"

"တင်ပါဘုရား"

"ဒါကြောင့် ဗေဒင်ဆရာတို့ တရားဟောဆရာတို့ဆိုတာ သွားအရင်ကျိုးတတ်တယ်၊ တပည့်တော် ကြည့်ပါလား။ သွားတွေ မရှိတော့ဘူးတဲ့ ဘုရား"

"ဒါကြောင့် တရားဟောတာ ပါဠိတော်လာအတိုင်း ဟောတာဟာ အကောင်းဆုံးပဲဘုရား၊ မှသားပါစရာ မလိုဘူး၊ မကြိုက်လည်း ကိုယ်နှင့်မဆိုင်ဘူး၊ ဘုရားဟောအတိုင်း ဟောတာပဲ"

"ဒါဖြင့် အရှင်ဘုရားနှင့် တပည့်တော်တို့ အကောင်းဆုံးလမ်းပဲ သွားကြပါစို့ဘုရား၊ ပါဠိတော်ပဲ ဟောကြစို့ ဘုရား"

❀ တရားဟောကြား မှားမှသား ရှောင်ရှားဝေးဝေးသာ။

❀ မှသားပြောကြား ဟောခဲ့ငြား သွားများကျိုးတတ်ပါ။

http://www.dhammadownload.com



# ဇေတဒဂ်ဆိုတာ ဘွဲ့ထူးမဟုတ်

{ ၁၇ }

အချိန်ကား ဆောင်းအကုန် နွေဦးသို့ ကူးချိန်ဖြစ်သည်။ ရာသီမှာ မပူလွန်း မအေးလွန်းသော ရာသီဖြစ်သည်။ မိမိမှာ တစ်မြို့မှတစ်ရွာ၊ တစ်ရွာမှတစ်မြို့ စသည် လူးလာတုန့်ပြန် အဖန်ဖန် လှည့်လည်၍ တရားဟောနေချိန်ဖြစ်သည်။ မိမိသည် သွားလာလှည့်လည်၍နေစဉ် ရောက်ရာကြုံရာတွင် စာဖတ်လေ့ ရှိသည့်အလျောက် တစ်နေရာအရောက်တွင်-

"သောက်စားတုံလစ်၊ ဆွမ်းဆီရစ်၍၊ နွမ်းညစ်မျက်နှာ၊ ရှုရာဟောက်ဟက်၊ ခင်းနှီးထက်ဝယ်၊ မျဉ်းစက်မွေ့လျော်၊ ပျော်တစင်းစင်း၊ နိုးတုံလျင်းလည်း၊ အပျင်းခိုခို၊ ကိုယ် တလွန့်လွန့်၊ ဆန့်တငင်ငင်၊ ဘယ်တင်ညာပြောင်း၊ တောင်စောင်းမြောက်လူး၊ မူးတူးရမ်းတမ်း၊ သမ်းတဝေဝေ၊ မပြေအိပ်မှုန်၊ အုန့်တမိုန်းမှိန်း၊ ကိုယ်လက်ဖိန်းလျက်၊ ဝိတက်

http://www.dhammadownload.com



ဖောက်ပြား၊ ကြိုးတကြားမျှ၊ မပွားဘာဝနာ၊ ဆိတ်ညံ့ရာရှင့်၊
ပညာသတိ၊ ရှိနိုင်လှစေ၊ စိတ်မသေွနှင့်”

ဆိုသည့် ဇနကပျို့လာ စာပိုဒ်ကလေးကိုဖတ်ပြီး စဉ်းစားနေစဉ် ဒကာ–ဒကာမတစ်စု ရောက်ရှိလာပြီး ရှိခိုးလျှောက်ထားကြသည်။

“ဦးပဥ္စင်း ကြားပြီးပြီလား ဘုရား”

“ဘာကြားပြီးပြီလားလို့ မေးတာလဲ၊ စကားကလည်း အစမရှိ အဆုံးမရှိနဲ့”

“အမယ်လေး ဦးပဥ္စင်းရယ်၊ တပည့်တော်တို့ တရားသွား နာပါတယ်၊ တရားဟောတဲ့ ဘုန်းကြီးကလည်း သူများအကြောင်း တွေ မကောင်းပြောလိုက်တာ၊ တပည့်တော်တို့ဖြင့် မျက်နှာပူ လိုက်တာ”

“အောင်မယ်...အောင်မယ်...၊ ပြောတဲ့ တရားဟော ဘုန်းကြီးက အရှက်မရှိလို့ လူတွေအများကြားထဲ သူများအကြောင်း မကောင်းပြောရဲတယ် မျက်နှာမပူဘဲ ဒကာမကြီးတွေက မျက်နှာ ပူရသေးလား”

“တရားဟောတဲ့ ဘုန်းကြီးကတော့ ဒေါသဇောနဲ့ ပြောနေလို့ ပူရမှန်း ရှက်ရမှန်း မသိဘူးလား မသိပါဘုရား၊ တပည့်တော် တို့ကတော့ တရားနာမယ်ဆိုပြီး အအေးခါတ်နဲ့ သွားတော့ အေးနေလို့လား မသိပါဘုရား၊ အပူဒေါသနဲ့တွေ့တော့ ပူမှန်း သိတယ် ဘုရား”

“အင်း...ဒီပရိသတ်မျိုးကိုတော့ ဟောသူထက် နာသူအဆင့် မြင့်တဲ့ ပရိသတ်လို့ ဆိုရမှာပဲ”

http://www.dhammadownload.com



"ဘာဖြစ်လို့လဲ ဘုရား"

"ဘာဖြစ်လို့ရမှာလဲ၊ ဒကာမကြီးတွေက အေးအေးသွားပြီး အအေးခေတ်နဲ့ တရားနာရမှန်းသိပြီး အအေးတရားကို နာမယ်ဆိုပြီး တရားမှတ်လို့ နာတယ်ဆိုတော့ အဆင့်မြင့်တယ်ပေါ့"

"ဦးပဉ္ဇင်း သာသနာနဲ့ ဓမ္မအကြောင်း တပည့်တော်တို့ ပြောပြပါဘုရား"

"မောရတဲ့အထဲ တရားပြောခိုင်းနေပြန်ပြီ၊ အဲဒီအကြောင်းတွေ ဗုဒ္ဓဓမ္မပြဿနာများ (၁) (၂) မှာ သူများတွေမေးလို့ ပြောထားပြီးပြီ"

"ဒါဖြင့် ခု မပြောတော့ဘူးလားဘုရား"

"မပြောတော့ဘူး၊ ဒါနဲ့နေပါဦး၊ ခုနက အစကမေးတဲ့ 'ကြားပြီးပြီလား' ဆိုတာ ဘာတဲ့၊ ပြောစမ်းပါဦး"

"ဩော်...ဟုတ်တယ်ဘုရား၊ ဟုတ်တယ်ဘုရား၊ တပည့်တော်တို့ အဲဒါလျှောက်ချင်လို့ လာတာဘုရား"

"ဒီမှာ ဦးပဉ္ဇင်းက မယူသင့်တဲ့ ဘာဘွဲ့ထူးများယူထားလို့လည်း 'ဝိသိဋ္ဌ ဒီဃဘာဏကနှင့် သိရီပဝရဓမ္မာစရိယ' ဆိုတာ အစိုးရအသိအမှတ်ပြု ဘွဲ့တံဆိပ်တွေပဲဟာ"

"ကဲ...ရှင်းပါဘုရား၊ "တေဒင်္ဂ" အကြောင်း"

"တေဒင်္ဂဆိုတာ 'တဒင်္ဂ' ဆိုတဲ့ ပါဠိကို အလွယ်အားဖြင့် 'တေဒင်္ဂ' လို့ ခေါ်တာလို့မှတ်ထား၊ တေဒင်္ဂ–သို့မဟုတ် 'တဒင်္ဂ' မှာ 'တ' တစ်ပုဒ်၊ 'အင်္ဂ' တစ်ပုဒ်လို့ နှစ်ပုဒ်ရှိတယ်၊ 'တ' ကို ဒီဟာ–သို့မဟုတ် ဒီလူလို့ ပြန်ပြီးတော့ 'အင်္ဂ' ကို အမြတ်ဆုံး

http://www.dhammadownload.com



လို့ ပြန်တယ်၊ ပေါင်းလိုက်တော့ "တေဒဂ္ဂ" ဒီဟာအမြတ်ဆုံး၊ (သို့မဟုတ်) "ဒီလူအမြတ်ဆုံး" လို့ ပြန်ရတယ်"

"ဒီတော့ "တေဒဂ်" ဆိုတာ 'ဒီဟာအမြတ်ဆုံး၊ ဒီလူအမြတ်ဆုံး' လို့ အဓိပ္ပာယ်ရတယ်၊ အဓိပ္ပာယ်မပြည့်စုံသေးဘူး"

"ဘယ်လိုမှ အဓိပ္ပာယ်ပြည့်စုံပါလဲဘုရား"

"ကဲ...မှတ်ထား၊ နားလည်အောင်ပြောရရင် ရှင်သာရိပုတ္တအရှင်မြတ်ကနေ ပြောမယ်နော်"

"မှန်ပါ၊ ပြောပါဘုရား"

"ဘုရားရှင်ဟာ တစ်ချိန် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတိုက်မှာ သီတင်းသုံးတော်မူစဉ်-

> **"တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ မဟာပညာနံ ယဒိဒံ သာရိပုတ္တော=** ရဟန်းတို့၊ ဉာဏ်ပညာကြီးကြသည့် ငါဘုရား၏ တပည့်သာဝက ရဟန်းတို့တွင် သာရိပုတ္တသည် အသာဆုံးအမြတ်ဆုံး ဖြစ်ပေ၏"

လို့ ရှင်သာရိပုတ္တကို 'ပညာကြီးသောအရာ၌ အသာဆုံး' လို့ 'ပညာတေဒဂ်' ပေးတော်မူတယ်၊ အဲဒီလို ရှေးက ဂုဏ်ထူးတစ်ခုခုနဲ့ တွဲတက်ရမှ တေဒဂ် အဓိပ္ပာယ်ရှိသွားတယ်၊ ဘွဲ့ထူးဖြစ်သွားတယ်။

"ရှင်မဟာမောဂ္ဂလာန်က 'ဣဒ္ဓိမန္တ တေဒဂ္ဂ'ပဲ၊ 'တန်ခိုးဣဒ္ဓိပါဒ်အသာဆုံး'ပေါ့၊ ရှင်မဟာကဿပက 'ဓုတင်ဆောင်တေဒဂ်' ပေါ့၊ ဒီတော့ တေဒဂ်ထက် အဲဒီရှေ့ကရှိတဲ့ ဂုဏ်ထူးပုဒ်က အရေးကြီးတယ်၊ အဲဒီနှစ်ပုဒ်ကို စပ်မှလည်း အဓိပ္ပာယ်

http://www.dhammadownload.com



ရှိတယ်၊ ဘွဲ့ထူးဖြစ်သွားတယ်၊ တေဒင်တစ်ခုတည်းလည်း ဘွဲ့ထူး မဟုတ်ဘူး၊ နှစ်ခုပေါင်းမှ ဘွဲ့ထူးဖြစ်တယ်။

"ကျမ်းဂန်ဆိုတာ ပေတံတို့၊ မျဉ်းကြိုး၊ မျဉ်းကြောင်းတို့ပဲ၊ အဲဒါနှင့်မညီရင် လက်မခံနိုင်ဟုတ်လား"

"မှန်ပါဘုရား"

"အင်း...ပြောရင်းနှင့် သတိရလို့ ပါရမီတော်ခန်း ပျို့လေး တစ်ပုဒ် ရွတ်ပြဦးမယ်၊ ဘာတဲ့လဲ..."

"ပညာမျက်စိ အမြင်ရှိနှင့် မသိမကြား သူမိုက်အား လျှင် နှစ်ပါးမိန့်ဘွယ် ဆိုရေးကျယ်၏၊ ထိုဝယ်တထည် ပညာသည်အား စီးပွားမိုးတယ် ကြယ်လည်းမတန် တွင် ကျယ်လွန်၏။ အပဏ္ဍိတ ဗာလလူမိုက် သူတို့၌ကား ရောင်မြိုက်ပညာ မထွန်းပါ၍ ယုတ်မာကျိုးနည်း အပြစ် သည်း၏" တဲ့။ အဲဒီ ပျို့ရဲ့ အဓိပ္ပာယ်ဟာ မမှန်ဘူးလား"

"မှန်ပါတယ်ဘုရား"

"အဲဒီအတိုင်းပဲ၊ လူမိုက်နဲ့ လူလိမ္မာ နှစ်လမ်းသွားပဲ၊ လမ်းဆုံးရောက်တော့ သိလိမ့်မယ်၊ ဦးပဥ္စင်းတော့ ဘယ်တော့မှ တရားပွဲမှာ ဒီလို လူမိုက်ပြော–ပြောလိမ့်မယ်လို့ မထင်ပါနဲ့၊ ဘယ် တော့မှ မပြောဘူး"

"မှန်ပါ၊ ဒါနဲ့ မေးပါရစေဘုရား"

"ကဲ...ကဲ...မေးမေး...ဘာများလဲ"

"ဦးပဥ္စင်းဘုရားက ဘာဖြစ်လို့ 'တေဒင်–အရှင် ပညာ ဇောတ' လို့ ဒီ 'တေဒင်' ကို ထည့်ရတာလဲ"

http://www.dhammadownload.com



"အဲဒါက ဒီလို၊ ဦးပဥ္ဇင်းနဲ့ စာရေးဆရာကြီး ဦးသော်ဇင်နဲ့ တစ်ချိန်က တောင်ကြီးမြို့ကို သွားကြတယ်၊ ဟိုရောက်တော့ ဆရာကြီးက တေဒဂ်ဝတ္ထုတွေကို အဟောခိုင်းတယ်၊ ဦးပဥ္ဇင်း လည်း ငြင်းမရတော့ အကျဉ်းချုပ်ပြီး (၁၄)ရက်တိုင်တိုင် ဟော ပေးလိုက်တယ်။

အဲဒီဝတ္ထုတွေဟောနေစဉ် သံဃေဂဖြစ်တယ်၊ နောက် အဲဒီ ကလည်းပြီးရော သပိတ်အိုင်တောရသို့ ပြောင်းရွှေ့ခဲ့တယ်၊ အဲ... ဆရာကြီး ဦးသော်ဇင်က တေဒဂ်ဝတ္ထုတွေကို ကြိုးစွဲမှကူးပြီး 'တေဒဂ်ဝတ္ထု' ဆိုပြီး စာအုပ်ထုတ်တယ်။

"စာအုပ်ထွက်တော့ "အရှင်ပညာဇောတ" သည် တေဒဂ် ဝတ္ထုများကို ဟောကြားပြီးလျှင် သပိတ်အိုင်တောရသို့ သပိတ် တစ်လုံး သုံးထည်သောသင်္ကန်းနှင့် တောထွက်သွားလေပြီ' လို့ စာအုပ်တွေ သတင်းစာတွေမှာ ရေးတယ်"

"ဒီတော့ ပရိသတ်က 'တေဒဂ်ကိုယ်တော်' 'တေဒဂ်အရှင် ပညာဇောတ' လို့ ခေါ်ကြတယ်၊ သိကြတယ်၊ နောက် ဦးပဥ္ဇင်း ကိုယ်တိုင် ဒါနဝတ္ထုစတဲ့ စာအုပ်တွေရေးတော့ ကလောင်နာမည် လိုလာတယ်၊ ဒါနဲ့ တေဒဂ်ဝတ္ထုကလည်း (၂)ကြိမ်တိုင်တိုင် ထွက်ပြီး အများသိ၊ 'တေဒဂ်–အရှင်ပညာဇောတ' လို့ပဲ ကလောင် နာမည် ထည့်မယ်ဆိုပြီး ထည့်လိုက်တယ်"

"ဒါဖြင့် 'တေဒဂ်–အရှင်ပညာဇောတ' ဆိုတာ ကလောင် နာမည်ပေါ့နော်"

"အင်းပေါ့"

http://www.dhammadownload.com



"ရှင်းပါပြီဘုရား"

"ကဲ...နားကြဦးစို့..."

❁ သူများပြစ်များ မတရား ပြောကြားရှောင်သင့်သည်။

❁ ကိုယ့်အပြစ်ပင် ကိုယ်တွင်တွင် ဆင်ခြင်ကြည့်သင့်သည်။

❁ မတရားဟော တရားဟော သဘောကွဲသင့်သည်။

❁ မတရားသာ ဟောလေပါ ရိပ်သာမဟုတ်ပြီ။

❁ ရိပ်သာဆိုတာ အေးရမှာ အေးတာဟောရမည်။

❁ အေးတာဆိုတာ တရားသာ ယုတ်မာမဟုတ်ပြီ။

http://www.dhammadownload.com



# မေတ္တာသုတ် ရွတ်ပါဦးလား

{ ၁၈ }

တစ်ချိန်သော နွေကာလဖြစ်ခဲ့၏။ မိမိသည် ရွာကြီးတစ်ရွာတွင် တရားဟော၏။ တရားမှာ မေတ္တာသုတ်ပင် ဖြစ်၏။ ဟောပုံအခြင်းအရာမှာ–

"မေတ္တာနာမ အတ္တတော အဒေါသော။ မေတ္တာနာမ= မေတ္တာမည်သည်ကား။ အတ္တတော=အဆီအနှစ်သာ အကာမဖက် သက်သက်သော အနှစ်အသား တရားကိုယ်အားဖြင့်။ အဒေါသော=သတ္တဝါအများ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစေလိုသော အဒေါသ စေတသိက်ပင်တည်း"

စသည်ဖြင့် မေတ္တာရဲ့ အနက်သဘောတွေ ရှင်းပြ၏။

ထို့နောက် မေတ္တာမပွားသင့်တဲ့ ပုဂ္ဂိုလ်၊ မေတ္တာ စပြီးတော့ မပွားသင့်တဲ့ပုဂ္ဂိုလ်၊ မေတ္တာပွားတဲ့အခါ အစဉ်အတိုင်း ပွားသင့်ပုံ စသည် ရှင်းပြပြီး လက်ာကို ဆိုခိုင်းသည်။

http://www.dhammadownload.com



၁။ လိင်မတူရာ သေသူမှာ မေတ္တာမပွားရ။
၂။ မုန်းသူတဖြာ လွန်ချစ်မှာ မေတ္တာမစရ။
၃။ လယ်လူတဖြာ ရန်သူမှာ မေတ္တာမစရ။
၄။ မိမိစခါ ချစ်သူမှာ စပါစဉ်တိုင်းပ။
၅။ ပို၍ချစ်သူ ကိုယ့်ရန်သူ ပွားယူစဉ်တိုင်းပ။

လိင်မတူသူမှာ ရာဂဖြစ်တတ်လို့ မပွားရတာ၊ သေသူကို မပွားရတာ၊ သေသူကိုပွားလျှင် ဥပစာရစျာန် အပ္ပနာစျာန်မရနိုင်လို့ မပွားတာ။

မုန်းသူကို မေတ္တာစပြီးပွားလျှင် ဒေါသဖြစ်လာတတ်လို့ မပွားတာ, အလွန်ချစ်သူကို မေတ္တာစပွားလျှင် သောကစသည် ဖြစ်လာတတ်၍ မပွားရတာ။

မမုန်းမချစ် အလယ်အလတ်စား ပုဂ္ဂိုလ်ကို မိမိက ချစ်မြတ်နိုးမှု မရှိရကား ချစ်မြတ်နိုးသူ အရောထားရန်ခက်၍ မပွားမစရတာ၊ ရန်သူမှာတော့ ဒေါသဖြစ်လာတတ်၍ မေတ္တာမစပွားရတာ။

"ငါသည် ရန်ကင်းပါစေ၊ ဆင်းရဲကင်းပါစေ" စသည်ဖြင့် မိမိကိုယ်ကို အဦးစကာ မေတ္တာပွားရ၏။

မိမိကိုယ်ကို ပွားခြင်းမှာ စျာန်ရဖို့မဖြစ်နိုင်သော်လည်း ငါ ချမ်းသာချင်သလို ငါမဆင်းရဲသလို အခြားသတ္တဝါတွေ ချမ်းသာလိုကြ ဆင်းရဲကင်းလိုကြသည်ဟု မိမိကိုယ်ကို သက်သေထားကာ အခြားသတ္တဝါများအပေါ်မှာ အကျိုးလိုလားမှု ဖြစ်လာတတ်၍ မိမိကိုယ်ကို စတင်ပွားခြင်းဖြစ်သည်။

http://www.dhammadownload.com



ထို့နောက် မိမိချစ်ခင်လေးစားအပ်သော ဆရာ စသည်တို့ကို ဤသူတော်ကောင်းသည် ချမ်းသာပါစေ။ ဆင်းရဲကင်းပါစေ။ စသည်ဖြင့် မေတ္တာပွားရသည်။

ယင်းသို့ ဆရာစသည်တို့၌ ပွားများအပ်သော မေတ္တာ အလေ့အလာများ အားရှိလာသောအခါ အလွန်ချစ်ခင်သောသူ မမုန်း မချစ် အလယ်အလတ် ပုဂ္ဂိုလ်နှင့်ရန်သူများကို ပြောင်းပြီး ပွားရမည် စသည်ဖြင့် မိမိသည် ပြောပြ၏။

တစ်ဖန် မေတ္တာသုတ်ကို ရွတ်၍ မေတ္တာသုတ်အတိုင်း ပွားပုံ သို့မဟုတ် မေတ္တာသုတ်လာသည့်အတိုင်း လက်နှင့်ပွားချင်လျှင် ပွားနိုင်ပုံကို ပြောပြ၏။

## သဗ္ဗသင်္ဂါဟိကမေတ္တာ

❀ ဘုံသုံးဆယ့်တစ် ဖြစ်ဖြစ်များစွာ သတ္တဝါ ချမ်းသာ ကိုယ်စိတ် ပြည့်ပါစေ။

❀ ဘုံသုံးဆယ့်တစ် ဖြစ်ဖြစ်များစွာ သတ္တဝါ ဘယာဘေးမှ ဝေးပါစေ။

"အဲဒီမေတ္တာပို့ဟာ သတ္တဝါအားလုံးကို တစ်ခွန်းတည်းဖြင့် နှံ့အောင်ပို့တဲ့ မေတ္တာမို့ပဲ၊ ပါဠိလို '**သဗ္ဗသင်္ဂါဟိကမေတ္တာ**' လို့ ခေါ်တယ်၊ ပြီးတော့-

## ဒုက္ခဘာဝနာမေတ္တာ

❀ လန့်တတ် မလန့်တတ် နှစ်ရပ်များစွာ သတ္တဝါ ချမ်းသာ ကိုယ်စိတ် ပြည့်ပါစေ။

http://www.dhammadownload.com



❀ မြင့်ဖူး မမြင်ဖူး နှစ်ဦးများစွာ သတ္တဝါ ချမ်းသာ ကိုယ်စိတ် ပြည့်ပါစေ။
❀ မြင်အပ် မမြင်အပ် နှစ်ရပ်များစွာ သတ္တဝါ ချမ်းသာ ကိုယ်စိတ် ပြည့်ပါစေ။
❀ ဝေးနေ နီးနေ နှစ်ထွေများစွာ သတ္တဝါ ချမ်းသာ ကိုယ်စိတ် ပြည့်ပါစေ။
❀ ဘဝဇာတ်သိမ်း မသိမ်းများစွာ သတ္တဝါ ချမ်းသာ ကိုယ်စိတ် ပြည့်ပါစေ။
❀ သမ္ဘဝေ-ပဝတ္တိ နှစ်ရှိများစွာ သတ္တဝါ ချမ်းသာကိုယ်စိတ် ပြည့်ပါစေ။

"အဲဒီလိုလည်း ပွားနိုင်တယ်၊ အဲဒါက သတ္တဝါ အားလုံးကို နှစ်ပုံပုံပြီး ကုန်အောင်ပွားတဲ့ မေတ္တာပဲ၊ ပါဠိလိုကတော့ **'ဒုကဘာဝနာ မေတ္တာ'** တဲ့။ ပြီးတော့-

## တိကဘာဝနာမေတ္တာ

❀ ရှည် တို လယ်လတ် သုံးရပ်များစွာ သတ္တဝါ ချမ်းသာ ကိုယ်စိတ် ပြည့်ပါစေ။
❀ ကြီး ငယ် လယ်လတ် သုံးရပ်များစွာ သတ္တဝါ ချမ်းသာ ကိုယ်စိတ် ပြည့်ပါစေ။
❀ ဝိုင်း သေး လယ်လတ် သုံးရပ်များစွာ သတ္တဝါ ချမ်းသာ ကိုယ်စိတ် ပြည့်ပါစေ။

http://www.dhammadownload.com



"အဲဒီလိုလည်း ပွားနိုင်တယ်၊ အဲဒီလိုပွားတာက သတ္တဝါအားလုံးကို သုံးပုံပုံပြီး ကုန်အောင်ပွားတဲ့ မေတ္တာတဲ့။ ပါဠိလိုကတော့ '**တိကဘာဝနာ မေတ္တာ**' တဲ့။

## ဟိတူပသံဟာရမေတ္တာ

"အဲဒီ ယခုပြောခဲ့တဲ့ 'သဗ္ဗသင်္ဂါဟိကမေတ္တာ၊ ဒုကဘာဝနာ မေတ္တာ၊ တိကဘာဝနာ မေတ္တာ' တို့ဟာ သတ္တဝါတွေရဲ့ အကျိုးကို လိုလားပြီးတော့ ပွားတဲ့ မေတ္တာတွေဖြစ်ခြင်းကြောင့် အဲဒီမေတ္တာ (၃)မျိုးကို အကျိုးလိုလားမေတ္တာလို့ ခေါ်တယ်။ ပါဠိလိုကတော့ '**ဟိတူပသံဟာရမေတ္တာ**' တဲ့။ ပြီးတော့–

## အဟိတာပနယနမေတ္တာ

- ❀ တစ်ယောက်သောသူကား တစ်ယောက်အား လှည့်စား အပြု ကင်းပါစေ။
- ❀ တစ်ရပ်ရပ်တွင် တစ်ယောက်မြင် မာန်ဝင်ထေမဲ့ ကင်းပါစေ။
- ❀ ကိုယ်နှုတ်စိတ်ထင့် ဒေါသဖြင့် ပြုကျင့် ဆင်းရဲကင်းပါစေ။

"အဲဒီလိုလည်း ပွားနိုင်တယ်။ အဲဒီလိုပွားတာက သတ္တဝါတွေရဲ့ အကျိုးမဲ့ကို ပယ်ရှားတဲ့ မေတ္တာတဲ့၊ ပါဠိလိုက '**အဟိတာပနယနမေတ္တာ**' လို့ ခေါ်တယ်" စသည်ဖြင့် မိမိသည် မေတ္တာပွားပုံကို ဟောပြ၏။

http://www.dhammadownload.com



ယင်းသို့ ဟောပြောပြီးလျှင် မေတ္တာပွားခြင်းဟာ များစွာ အကျိုးကြီးကြောင်း၊ အဲဒီအကျိုးတွေထဲမှ မေတ္တာပွားကျိုး (၁၁) မျိုးကို ပြောပြမည်။ ဘာတဲ့လဲ။

၁။ ချမ်းသာစွာ အိပ်ရတယ်။

၂။ ချမ်းသာစွာ အိပ်ရာမှ နိုးရတယ်။

၃။ ယုတ်မာဆိုးဝါးသော အိပ်မက်များကို မမြင်မက်ရဘူး။

၄။ လူတွေချစ်ခင်တယ်။

၅။ နတ်တွေ ချစ်ခင်တယ်။

၆။ နတ်တွေစောင့်ရှောက်တယ်။

၇။ မီးမလောင်ဘူး။ အဆိပ်မသင့်ဘူး။ လက်နက်မစူးရှဘူး။

၈။ စိတ်တည်ကြည်တယ်။

၉။ မျက်နှာအဆင်း ကြည်လင်တယ်။

၁၀။ မတွေဝေဘဲ သေရတယ်။

၁၁။ ဒီဘဝ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ထိုးထွင်း၍ မရခဲ့သော် ဗြဟ္မာပြည်သို့ လားရတယ်။

လို့ အဲဒီအကျိုး (၁၁) မျိုး ရတယ်စသည်ဖြင့် မေတ္တာအကျိုးကို ပြပေးလိုက်၏။

## အကျိုးပြလက်ာ

"အဲဒီမေတ္တာအကျိုး (၁၁) မျိုးကို လင်္ကာနဲ့ မှတ်ချင်ရင် ဒီလိုမှတ်ထား-

၁။ အိပ်ရချမ်းသာ

၂။ ချမ်းသာစွာနိုး

http://www.dhammadownload.com



၃။ အိပ်မက်ဆိုးပျောက်
၄။ စောင့်ရှောက်နတ်များ ရင်ဝယ်သားသို့
၅။ လူများလည်းချစ်
၆။ နတ်လည်းချစ်၏
၇။ မီးလျှင်မပူ အဆိပ်ဟူလည်း ထိုတူပြေပျောက်လက်နက်ရောက်လည်း မပေါက်မဝင် ပြီးသာလျှင်ကတည်း။
၈။ အစဉ်စိတ်တည်
၉။ မျက်နှာကြည်၍
၁၀။ သေသည့်ကာလ မတွေ့ရရှင့်
၁၁။ သေကမြဟ္မာ ပြည်သို့သာလျှင် လားရာဆယ့်တစ်မျိုး။

ဤအကျိုးသည် တန်ခိုးမေတ္တာပွားမှုတည်းလို့ မေတ္တာအကျိုးပြလင်္ကာ သင်ပြလိုက်၏။ ယင်းသို့ စသည်ဖြင့် မေတ္တာသုတ်ကို ဟောကာ တရားပွဲ နိဂုံးသတ်လိုက်၏။

အချိန်သည် လူကိုမစောင့်။ တပြောင်းလဲတည်း ပြောင်းလဲနေ၏။ ရက်မှ လ၊ လမှနှစ်သို့ ရွေ့လျက် ရွေ့လျက်ရှိ၏။ မိမိသည် ဗုဒ္ဓ၏ ဓမ္မတို့ကို စဉ်းစားနေမိ၏။

"လမ်းခရီး အားလုံးတို့တွင် အင်္ဂါရှစ်ပါးရှိသော လမ်းခရီးသည် အမြတ်ဆုံးဖြစ်၏။ သစ္စာအားလုံးတို့တွင် အရိယသစ္စာလေးပါးသည် အမြတ်ဆုံးဖြစ်၏။ သဘောတရားအားလုံးတို့တွင် ရာဂကင်းရာ နိဗ္ဗာန်သည် အမြတ်ဆုံးဖြစ်၏။ အခြေနှစ်ချောင်းရှိ သတ္တဝါအပေါင်းတို့တွင် မျက်စိငါးပါးရှိတော်မူသော မြတ်စွာဘုရားသည် အမြတ်ဆုံးဖြစ်၏"

http://www.dhammadownload.com



"ဤအင်္ဂါရှစ်ပါးရှိသော လမ်းခရီးသည်သာလျှင် ဉာဏ် အမြင်စင်ကြယ်ခြင်းအတွက် ခရီးမှန်ဖြစ်၏။ ဤလမ်း ခရီးမှ တစ်ပါးသော ခရီးသည် မရှိတော့ပြီ။ ထို့ကြောင့် သင်တို့ သည် ဤခရီးမှန်ကိုသာ သွားကြကုန်လော့၊ ဤခရီးမှန် သည် မာရ်မင်းမမြင်နိုင်သော လမ်းခရီးတည်း"

"သင်တို့သည် ဤမဂ်ဟူသော လမ်းခရီးအမှန်သို့ သွား ကြကုန်သည်ရှိသော် ဆင်းရဲအဆုံးကို ပြုရကုန်လတ္တံ့၊ ငါသည် ရာဂစသော ဆူးငြောင့်ကင်းသော လမ်းမှန်ကို ကိုယ်တိုင်သိ၍ သင်တို့အား မဂ်ဟူသော လမ်းမှန်ကို ညွှန် ကြားအပ်ပြီ"

"သင်တို့သည် ကိုယ်တိုင် အားထုတ်ကြကုန်လော့၊ ဘုရားရှင်တို့သည် လမ်းမှန်ကို ညွှန်ကြားရုံမျှ ဖြစ်ကုန်၏။ ကျင့်ကြကုန်၍ ကိလေသာကို ရှို့မြိုက်ကြကုန်သူတို့သည် သာ မာရ်မင်းအနှောင်အဖွဲ့မှ လွတ်မြောက်နိုင်ကုန်၏"

"အင်း...လမ်းစဉ်ကတော့ ရှင်းနေတာပဲ၊ လမ်းအတိုင်း လျှောက်ဖို့ကတော့ ဒို့တာဝန်တဲ့၊ လမ်းလျှောက်နည်း ဟောဖို့က ဘုရားရှင်တို့ တာဝန်တဲ့၊ ရှင်းနေတာပဲ၊ သူ့တာဝန်နဲ့ ကိုယ့်တာဝန်"

ထိုစဉ် ဒကာမကြီးတစ်ယောက် ရောက်လာသဖြင့် စဉ်းစား ခန်းရပ်သွားသည်။ ဒကာမကြီးသည် ရှိခိုးပြီးလျှောက်သည်။

"ဦးပဉ္ဇင်း ကျန်းမာပါရဲ့လား ဘုရား"

"အင်း...ကျန်းမာပါတယ်"

http://www.dhammadownload.com



"“တပည့်တော်တို့တော့ တစ်နေ့တစ်နေ့ အိမ်မှာ ဦးပဉ္ဇင်း အကြောင်းပဲ ပြောပြောနေတယ်"

"ဘာတွေများ ပြောနေရလဲ"

"ဩော်...ဦးပဉ္ဇင်း တရားဟောတဲ့ အကြောင်းတွေပါ၊ တခြား မပြောပါဘူး"

"တရားဟောတာ တိုတောင်းတောင်းနဲ့၊ ပြတ်ပြတ်တောက် တောက်နဲ့ ဒီလိုလား"

"မဟုတ်ပါဘူး၊ ဦးပဉ္ဇင်းကလည်း"

"ဒါဖြင့် ဘယ်လိုလည်း ပြောစမ်းပါဦး"

"မောင်(......)ရယ်၊ သူ လက်တွေ့တွေ့တာလေး တပည့် တော်တို့ ပြောတယ်ဘုရား"

"အင်း...ဘယ်လိုပြောလဲ၊ ပြောစမ်းပါဦး"

"မောင်(......)က ဦးပဉ္ဇင်း မေတ္တာသုတ်ဟောပြီးတည်းက မေတ္တာကို ကြိုးစားပို့တယ်တဲ့ဘုရား"

"အင်း...ဟုတ်ပြီ၊ ဒါဆို ဟောရကျိုးနပ်တာပေါ့နော်"

"နပ်ရုံဘယ်ကမလဲ ဦးပဉ္ဇင်းရဲ့"

"ဒါဖြင့် ဘယ်လိုလဲ ပြောပါဦး"

"သူ အဲဒီလို မေတ္တာပို့တော့ အကျိုးထူးရသတဲ့ ဦးပဉ္ဇင်းရဲ့"

"အင်း...ဘယ်လိုအကျိုးထူး ရသလဲ"

"ဒီနှစ် လယ်တွေ ပိုးကျတယ်မဟုတ်လား ဦးပဉ္ဇင်း"

"အင်း...ကျတာပေါ့"

"“မောင်(......)နှင့် လယ်ချင်းယှဉ်နေတဲ့လယ် မောင် (......)ရော ပိုးကျတာပေါ့ ဘုရား"

http://www.dhammadownload.com



"အင်း...အတူတူပိုးကျတာပေါ့"

"မောင်(......)လယ်ဘေးက လယ်ရှင်ကတော့ ပိုးသတ်ဆေးတွေ ဖျန်းသတဲ့ ဘုရား"

"အင်း...ပိုးသတ်ဆေးဖျန်းတော့ ပိုးကျရပ်သွားရောပေါ့နော်"

"ဘယ်ရပ်မလဲ ဦးပဉ္စင်းရဲ့၊ ပိုတောင်ဆိုးသတဲ့ဘုရား"

"အင်း...အင်း..."

"မောင်(......)ကတော့ ပိုးသတ်ဆေး မဖျန်းဘဲ ဦးပဉ္စင်းဟောတဲ့အတိုင်း မေတ္တာပို့သတဲ့ ဘုရား"

"အင်း...အင်း..."

"မေတ္တာပို့ပြီးတော့ 'နင်တို့လည်း ဝအောင်စား၊ ငါတို့ဖို့လည်း ချန်ထားဦး' လို့ ပြောသတဲ့ဘုရား"

"အင်း...အင်း..."

"အဲဒီလို မေတ္တာပို့တော့ မောင်(......)လယ်က ပိုးတွေဟာ လျော့နည်းသွားတယ်တဲ့ ဘုရား။ ဘေးကလယ်ထက် အများကြီး သက်သာပါသတဲ့ဘုရား"

"အင်း...အင်း..."

"အဲဒါနဲ့ ဘေးကလယ်ရှင်က မေးသတဲ့ဘုရား"

"အင်း...အင်း..."

"ခင်ဗျားလယ်က ပိုးသတ်ဆေးလည်းမဖျန်းဘဲနဲ့ ပိုးကျသက်သာတယ်၊ ကျွန်တော့်လယ်ကတော့ ပိုးသတ်ဆေးဖျန်းပါရက်ကနဲ့ ပိုးကျမသက်သာဘူး၊ ခင်ဗျား ဘာလုပ်သလဲလို့ မေးသတဲ့"

http://www.dhammadownload.com



"အင်းပေါ့၊ ဒါ...မေးစရာပေါ့"

"အဲဒီလိုမေးတော့ မောင်(......)က ကျွန်တော်တော့ မေတ္တာပွားတယ်ဗျာလို့ ပြောလိုက်သတဲ့ ဘုရား"

"အင်း...အင်း..."

"နောက် လယ်တော့ရိတ်ပြီး ကောက်လှိုင်းတွေ ပုံတဲ့အခါမှာ မိုးရွာတယ်ဘုရား"

"အင်း...အင်း..."

"ဒီတော့ ဘေးကလယ်သမား ကောက်လှိုင်းတွေရော မောင်(......)ကောက်လှိုင်းတွေရော စိုကုန်တာပေါ့ ဘုရား"

"အင်းပေါ့၊ မိုးရွာတာပဲ မစိုဘဲရှိပါ့မလား"

"ဒီတော့ ဘေးကလယ်သမားက ဦး(......) '**မေတ္တာသုတ်ရွတ်ပါဦးလား**' လို့ ပြောသတဲ့ဘုရား"

"ဟဲ...ဟဲ...လူများ တယ်ခက်တာပဲနော်၊ သူ့နေရာနဲ့သူ အထာကို မသိကြဘူး။ ပိုးကျတာသာ မေတ္တာပွားလို့ရမှာပေါ့၊ မိုးရွာတာကျတော့ ဘယ်ကလာ မေတ္တာပွားလို့ရမလဲ"

"မှန်ပါဘုရား"

"ဘုရားဟောတဲ့ တရားတော်တွေဟာ သူ့နေရာနဲ့သူ အသုံးအများကြီးပဲနော်"

"မှန်ပါဘုရား"

"အဲဒီတရားတော်ကို နေရာတကျ အသုံးချတတ်ရင် ယခုရော နောင်ပါ အကျိုးမများဘူးလား"

"များပါတယ် ဘုရား"

http://www.dhammadownload.com



"များတာတွေ လက်တွေ့ပဲမဟုတ်လား"

"မှန်ပါ၊ လက်တွေ့ပါဘုရား"

"အင်း...ဒါဆိုရင် ဆက်ကြိုးစားဖို့ပေါ့ ဟုတ်လား"

"မှန်ပါဘုရား။ တပည့်တော်တို့လည်း အိမ်မှာအားရင် ဒီတရားကြောင်းပဲ ပြောဆိုဆွေးနွေးပြီး နိုင်သမျှ ကျင့်ကြံနေကြပါတယ်ဘုရား"

"အင်း...အင်း..."

"အရင်တုန်းကဆိုရင် အားအားရှိ အိမ်လည်တယ်ဘုရား"

"အင်း...အင်း..."

"ခုတော့ အားအားရှိ တရားစကားပဲ ပြောဆိုဆွေးနွေးကြတယ်၊ ဦးပဉ္ဇင်းအကြောင်းပဲ ပြောဆိုနေကြပါတယ်ဘုရား"

"အင်း...အင်း...အကျိုးသိမှတော့ အကျုးရှိအောင်သာ ဆက်ပြီး ကြိုးစားလို့ ဦးပဉ္ဇင်းက မှာလိုက်တဲ့အကြောင်း ဦး(......) ကို ပြောနော်"

"မှန်ပါဘုရား"

❀ မေတ္တာလက်နက် လွှန်ထက်မြက် အချက်ကျကျပွားနိုင်စေ။
❀ ဒုတ်,ဓားစွဲကိုင် လက်နက်ပြိုင် မနိုင်မေတ္တာနိုင်သလေ။
❀ မေတ္တာရွှေမိုး ရွာသွန်းဖြိုး သောက်ချိုးနေ့စဉ်နေ့တိုင်းပေ။

http://www.dhammadownload.com



# တရားပွဲမှ ပြဿနာပေါ်ခြင်း

{ ၁၉ }

နွေရာသီ တစ်လတွင်ဖြစ်၏။ မိမိသည် မြို့ကြီးတစ်မြို့တွင် တရားဟောခိုက် ဖြစ်သည်။ ယင်းတွင် မိမိမိတ်ဆွေ ဓမ္မကထိက တစ်ပါးနှင့် အတူဆုံမိသည်။ ထိုအခါ မိတ်ဆွေက ပြောသည်။

"ကဲ...ပြဿနာဆရာကြီးရဲ့ အဲဒီပြဿနာလည်း ရေးပါဦး၊ ရေးဖို့ကောင်းတဲ့ ပြဿနာပဲ"

"ဘယ်လိုပြဿနာလဲ၊ အရင်းမရှိ အဖျားမရှိနဲ့ ဘယ်လို ရေးရမှာလဲ"

"ဟောဒီမှာ အောင်လံမြို့က ပြဿနာပေါ့"

မိတ်ဆွေသည် ပြောပြောပေးပေးပင် မိမိလက်ထဲသို့ ပုံနှိပ်စာရွက် နှစ်ရွက် ကမ်းလိုက်သည်။

မိမိသည် ဖတ်ကြည့်သည်။

http://www.dhammadownload.com



"အောင်လံမြို့ စည်ပင်သာယာရေး နယ်နိမိတ်အတွင်း၌ နယ်လှည့် ဓမ္မကထိကနှင့် တရားပွဲကျင်းပသော ပုဂ္ဂိုလ်တို့ လိုက်နာရန် စည်းမျဉ်း ရေးဆွဲရခြင်း၏ အကြောင်းနှင့် နယ်လှည့် ဓမ္မကထိကနှင့် တရားပွဲကျင်းပသော ပုဂ္ဂိုလ်တို့ လိုက်နာရမည့် စည်းမျဉ်းဥပဒေသ"

**အကြောင်းအရာ။** ။ အောင်လံမြို့ သိမ်ကုန်းဓမ္မာရုံ၌ သာသနာ့ဟိတ အသင်းကြီး၏ကိုယ်စား ဉက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က သံဃာတော်များကိုပင့်၍ တင်ပြ လျှောက်ထားခြင်း–

"သံဃာတော်အရှင်သူမြတ်တို့ဘုရား၊ တပည့်တော်များ၏ အောင်လံမြို့သို့ ရောက်လာကြသော ဓမ္မကထိက အချို့တို့သည် မြတ်စွာဘုရား၏ ဗုဒ္ဓဘာသာတရားတော်များကို ဟောပြောကြရာ၌ မြတ်စွာဘုရား၏ ချမှတ်ပညတ်ထားတော်မူခဲ့သော ဓမ္မဝိနယတို့ကို မလိုက်နာ မလေးစား ဆန့်ကျင်ချိုးဖောက်လျက် ဗုဒ္ဓသာသနာတော်ကြီးကို ထိခိုက်ညစ်နွမ်းမှေးမှိန်စေအောင် သဘင်သည်များကဲ့သို့ ဟစ်အော်၍ သီဆိုခြင်း။

ရှိက်ကာင်ကာ ငိုကြွေးခြင်း၊ ကိုယ်လက်အင်္ဂါ လှုပ်ရှားပြသခြင်း၊ ရဟန်းတို့နှင့်မအပ်စပ်သော မိမိကိုယ်မှာ ဝတ်ရုံထားသော ကေသီ သင်္ကန်း၏အောက်စ(၂)စတို့ကို လက်(၂)ဘက်တို့ဖြင့် ဖြန့်၍ကိုင်လျက် ငွေဆွမ်းခံခြင်း၊ သပိတ်ဖြင့် ငွေဆွမ်းခံခြင်း၊ နှုတ်ပါးစပ်ဖြင့်လည်း လောင်းချင်လှူချင်

http://www.dhammadownload.com



လာအောင် အမျိုးမျိုး ဖြားယောင်းလှည့်ပတ်ကာ ပြောဆို အလှူခံခြင်း စသည်တို့ကို ဗုဒ္ဓဘာသာ၌ သက်ဝင်ယုံကြည်သူ ရဟန်းရှင်လူမှန်သမျှ မကြားဝံ့မနာသာ စိတ်မချမ်းမြေ့ ဘွယ်ရာ မြင်တွေ့ကြားသိနေရပါတယ်ဘုရား။

"ထိုအကြောင်းများနှင့် ပတ်သက်၍ မည်သို့မည်ပုံ ပြုလုပ်ဆောင်ရွက်မှ ဗုဒ္ဓသာသနာတော်ကြီး သန့်ရှင်း၍ အရှည်တည်တံ့ခိုင်မြဲနိုင်မည့်အဖြစ်ကို သိသာထင်ရှားအောင် မိန့်ကြားပါမည့်အကြောင်း ရိုသေလေးစားစွာဖြင့် လျှောက် ထားပါသည် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ ဘုရား"

မိမိသည် ဤမျှအထိ ဖတ်ပြီးသော် သဘောကျလှ၍ ချီးမွမ်း စကား ပြောကြားလိုက်သည်။

"တယ်တော်တဲ့ ဒကာတွေပဲ၊ ဒီလို ဒကာတွေ မြို့တိုင်းမှာ ရှိသင့်တယ်နော်"

"ဒကာတင် ဘယ်ကမလဲ၊တရားကလည်း လိုသေးတယ်"

"အင်း...ဟုတ်တာပေါ့၊ ဆရာ–ဒကာ ညီမှဖြစ်တာပေါ့၊ အောင်လံက ဆရာ–ဒကာ ညီတယ်နော်"

"ကဲ...သူတို့အဖွဲ့ဖွဲ့ပြီး ရေးဆွဲတဲ့ စည်းမျဉ်းဥပဒေကို ဖတ် စမ်းပါဦး"

"အောင်လံမြို့ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း၌ တရားဟောမည့် ပုဂ္ဂိုလ်များ လိုက်နာရမည့် စည်းမျဉ်း–

http://www.dhammadownload.com



၁။ တရားဟောမည့်ပုဂ္ဂိုလ်သည်–

(က) အစဉ်အတိုင်းဖြစ်သော တရားစကား (အနုပုဗ္ဗိကထာ) ကို ငါပြောဟောမည်၊

(ခ) အကျိုးအားလျော်သော အကြောင်းကိုပြလျက် တရားစကားကို ငါပြောဟောမည်၊

(ဂ) အစဉ်သနားခြင်းကို အစွဲပြု၍ တရားကို ငါပြောဟောမည်၊

(ဃ) ဆွမ်းစသော အာမိသကို မငဲ့ကွက်သောစိတ်ရှိသည်ဖြစ်၍ တရားစကားကို ငါဟောမည်၊

(င) မိမိကိုယ်ကိုလည်းကောင်း၊ သူတစ်ပါးကိုလည်းကောင်း မထိပါး မပုတ်ခတ်မူ၍ တရားစကားကို ငါပြောဟောမည်။

"ဤသို့ နှလုံးသွင်းလျက် (ဤငါးမျိုးသော တရားတို့ကို မိမိသန္တာန်၌ဖြစ်စေ၍) တရားဓမ္မ ပြောဟောရမည်။ **(အံ–၂–၁၆၂ နှာ ကို ထောက်မှိသည်)**

၂။ "ရဟန်းတို့ ရှည်စွာသော သီချင်းသံဖြင့် တရားတော်ကို မသီဆို၊ မပြောဟောအပ်၊ သီဆိုပြောဟောသော ရဟန်းအား ဒုက္ကဋ်အာပတ်သည့်၏"ဟူသော ဗုဒ္ဓ၏အာဏာပညတ်တော်ကို တော်လှန်၍ သဘင်သည်တို့ကဲ့သို့ သီချင်းဆိုကာ၊ ငိုကာ၊ မပြောဟောရ" **(ဝိနယပိဋက–စူဠဝဂ္ဂပါဠိ ၂၄၃ နှာကို ထောက်မှိသည်)**

http://www.dhammadownload.com



၃။ "ရဟန်းသည် ရွှေ ငွေကို ကိုယ်တိုင် ခံယူအံ့၊ သို့မဟုတ် ကပ္ပိယကိုခံယူစေအံ့၊ အလှူရှင်တို့က အပ်နှံလှူဒါန်းအပ်သော ရွှေငွေတို့ကို သာယာအံ့၊ ထိုရွှေငွေသည် စွန့်ပစ်ထိုက်၍ ရဟန်းလည်း ပါစိတ်အာပါတ်သင့်၏" ဟူ၍ ပညတ်တော်မူအပ်သော ဗုဒ္ဓ၏ အာဏာတော်ကို နာခံသူဖြစ်ရမည်။ **(ဘိက္ခုပါတိမောက် နိဿဂ္ဂိပါစိတ်၊ ရူပိယသိက္ခာပုဒ်ကို ထောက်မှီသည်)**

၄။ ရွှေငွေကို သံဃာဂိုဏ်း ပုဂ္ဂိုလ် စေတီ နဝကမ္မတို့၏ အကျိုးငှာ ရဟန်းကိုယ်တိုင် မကောက်ခံသင့်၊ သူတစ်ပါးကိုလည်း မကောက်ခံစေသင့်၊ ကောက်ခံသော ရဟန်း၊ ကောက်ခံစေသော ရဟန်းအား ဒုက္ကဋ်အာပါတ်သင့်၏။ ဤသို့ ရတနာသိက္ခာပုဒ် အဖွင့်၌လာသော ပညတ်ဥပဒေကို လိုက်နာသူဖြစ်ရမည်။ **(ကင်္ခါအဋ္ဌကထာ ရတနဝဂ်၊ ရတနသိက္ခာပုဒ်အဖွင့် ၂၆၆ နှာကို ထောက်မှီသည်)**

မှတ်ချက်။ ။ဘုရား၊ တရား၊ စေတီအားနှင့် ကျောင်းအား တတန်နဝကမ် ပယ်ရန်ခွင့်မရှိဟူ၍ ဝိနယသံခိပ်၌ ဆိုသောကြောင့် ရဟန်း၏ ပယောဂမပါ ဒကာ၏ စေတနာ အလျောက် ဘုရားစသည်တို့ကို သမ္ပဒါန်ထား၍ "ဗုဒ္ဓဿ ဒေမ, ဓမ္မဿဒေမ, စေတိယဿ ဒေမ, ဝိဟာရဿ ဒေမ, နဝကမ္မဿ ဒေမ" ဤသို့ ဘုရား တရား စေတီ ကျောင်း ပြာသာဒ် နဝကမ္မအမှုတို့ကို သုံးသပ်၍ လှူခဲ့လျှင် ပယ်ခွင့်မရှိ၍ ဤစည်းမျဉ်း၌ အကျုံးမဝင်ဟု မှတ်ပါ။

http://www.dhammadownload.com



၅။ မည်သည့် ရဟန်းမဆို သက်နိုးစသော ပစ္စည်းတို့ကို ငဲ့ကွက်သောစိတ်မရှိမူ၍ စင်ကြယ်သောစိတ်ထားဖြင့် တရားဓမ္မ ဟောပြောရမည်။ **(နိဒါနဝဂ္ဂ ကဿပသံယုတ်၊ စန္ဒူပမသုတ် ၄၀၂–နှာကို ထောက်မှီသည်)** ”

“တယ်ကောင်းတဲ့ စည်းမျဉ်းဥပဒေပါလား”

မိမိသည် စည်းမျဉ်းဥပဒေကို ဖတ်ပြီးသောအခါ သဘောကျလှ၍ မိတ်ဆွေအား ပြောလိုက်ခြင်းဖြစ်သည်။

“အဲဒီစည်းမျဉ်းဥပဒေသနဲ့သာအညီဟောရလျှင် ဓမ္မကထိကရှားတာပေါ့”

မိတ်ဆွေက ပြန်လည်ပြောခြင်းဖြစ်သည်။ ထိုအခါ မိမိက ပြန်မေးသည်။

“နို့...ခုလည်း ဓမ္မကထိက ရှားသားပဲ”

“ခု...ဘယ်ရှားမလဲ၊ ဓမ္မကထိကတွေ ဖောင်းပွနေလို့”

“ငွေကြေးဖောင်းပွတာသာ ကြားဖူးပါတယ်၊ ဓမ္မကထိကဖောင်းပွတာ မကြားဖူးပါဘူး”

“ယခု ကြားဖူးပြီမဟုတ်လား၊ ယခု အဲဒီလို ဓမ္မကထိကဖောင်းပွလို့ ဥပဒေရေးဆွဲရတာပေါ့၊ ကဲ...စည်းမျဉ်း ဥပဒေကို ဆက်ဖတ်ပါဦး–

တာဝန်ယူ၍ တရားပွဲကျင်းပလိုသော အဖွဲ့ သို့မဟုတ် ပုဂ္ဂိုလ်တို့ လိုက်နာရမည့် စည်းမျဉ်း–

၁။ အောင်လံမြို့ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း၌ တရားဟောရန် အကြောင်းအမျိုးမျိုးဖြင့် ဓမ္မကထိက

http://www.dhammadownload.com



ပုဂ္ဂိုလ်တစ်ပါးပါး ရောက်လာခဲ့သော် တာဝန်ခံပြုလုပ်၍ တရားပွဲကျင်းပလိုသော အဖွဲ့ကဖြစ်စေ၊ သို့မဟုတ် ပုဂ္ဂိုလ်ကဖြစ်စေ တရားဟောခွင့်ပြုရန် ဓမ္မကထိက စိစစ်ရေးအဖွဲ့သို့ လာရောက်လျှောက်ထားသောအခါ အထက်ပါ ဓမ္မကထိက စည်းမျဉ်းများ အတိုင်း ဓမ္မကထိကအား လိုက်နာစေမည်ဟု တာဝန်ခံ လက်မှတ်ရေးထိုးရမည်။

၂။ တရားပွဲကျင်းပလိုသောအဖွဲ့ သို့မဟုတ် ပုဂ္ဂိုလ်တို့သည် ဓမ္မကထိက စိစစ်ရေးအဖွဲ့၏ သဘောတူခွင့်ပြုချက်ကို ရပြီးသောအခါ ငြိမ်ဝပ်ပိပြားရေးကို ရှေးရှု၍ မြို့နယ် ငြိမ်သက်ရေး အခွင့်ပြုချက်ကိုရယူပြီးမှသာ တရားပွဲ ကျင်းပရမည်။ မရမက မကျင်းပရ။

၃။ တရားဟောခွင့်ရပြီးသော ဓမ္မကထိက ပုဂ္ဂိုလ်နှင့် တာဝန်ခံ လက်မှတ်ရေးထိုးသူတို့သည် အထက်ပါ စည်းမျဉ်းတစ်ခုခုကို ဖောက်ဖျက် ကျူးလွန်ခဲ့သော် တရားဟောခွင့်ပြုထားသော အမိန့်ကို ရုပ်သိမ်း ရုပ်စဲ ပြီးဖြစ်သည်ဟု မှတ်ယူကြရမည်။

၄။ တာဝန်ခံလက်မှတ် ရေးထိုးသောအဖွဲ့ သို့မဟုတ် ပုဂ္ဂိုလ် တို့သည် တရားဟောခွင့် ပြုထားသော အမိန့်ရုပ်သိမ်း ရုပ်စဲပြီးဖြစ်သည်ကို သိပါလျက် ဆက်လက်၍ တရား ဟောပြော စေခဲ့သော်လည်းကောင်း၊ သို့မဟုတ် ဓမ္မကထိက စိစစ်ရေးအဖွဲ့ထံ ခွင့်မပန်ဘဲ မိမိသဘော

http://www.dhammadownload.com



အားဖြင့်သာ တရားပွဲ ကျင်းပရာ၌ တရားဟော ဓမ္မကထိကသည် ဓမ္မဝိနယနှင့်အညီ ရေးဆွဲထားသော အထက်ပါစည်းမျဉ်းတစ်ခုခုကို ဖောက်ဖျက်ကျူးလွန် ဟောပြောစေခဲ့သော်လည်းကောင်း၊

ယင်းတရားပွဲကို တာဝန်ယူပြုလုပ်သော အဖွဲ့ သို့မဟုတ် ပုဂ္ဂိုလ်တို့အား ဗုဒ္ဓ၏ သာသနာတော်ကို ဆုတ်ယုတ်ကွယ်ပအောင် အားထုတ်ပြုလုပ်သော **သာသနပစ္စတ္ထိက**=သာသနာ၏ ရန်သူများအဖြစ် သတ်မှတ်၍ ဓမ္မဝိနယနှင့်အညီ သံဃာ၏ အရေးယူခြင်းကို ခံရမည်။

"တယ်ကောင်းတဲ့ စည်းမျဉ်း ဥပဒေပဲနော်၊ ဒီလိုအဖွဲ့တွေ စည်းမျဉ်းတွေ မြို့တိုင်း ရွာတိုင်းမှာ ရှိသင့်တယ်နော်"

မိမိသည် ဖတ်ပြီးသောအခါ မိတ်ဆွေအား လှမ်း၍ပြော လိုက်ခြင်းဖြစ်၏။ ထိုအခါ မိတ်ဆွေက ပြန်ပြောသည်။

"အမြို့မြို့အရွာရွာ ပြန့်နှံ့စေချင်တဲ့ဆန္ဒကြောင့် အရှင်ဘုရားဖို့ သက်သက်ယူခဲ့တာပဲ၊ ပြန့်အောင် အရှင်ဘုရားပဲ ဖြန့်ပေါ့"

"ဖြန့်ဆို ဗုဒ္ဓဓမ္မပြဿနာများ စာအုပ်ထဲမှာပဲ ထည့်ပြီး ဖြန့်ရမှာပေါ့"

"ဖြန့်ပေါ့၊ ဒါလည်း ဗုဒ္ဓရဲ့ ဓမ္မအကြောင်းပြုပြီး ပေါ်လာတဲ့ ပြဿနာ ဗုဒ္ဓဓမ္မပြဿနာပဲဟာ"

"ကဲ...ဒါဖြင့် ဒီစာရွက် တပည့်တော်ပေး၊ သိမ်းထားမယ်၊ နောက် စာရေးချိန်ကျတော့ ထည့်ရေးတာပေါ့နော်"

http://www.dhammadownload.com



"အရှင်ဘုရားသဘောပဲ"

ယင်းသို့ဖြင့် ပြောဆိုဆွေးနွေးပြီး မိမိနှင့်မိတ်ဆွေတို့ လူချင်းခွဲလိုက်သည်။

❀ ဓမ္မကထိက စိစစ်ရ ဘယ်ကကောင်းပါတော့မည်နည်း။
❀ မစိစစ်ရန် တရားမှန် နိဗ္ဗာန်မှန်းကာဟောသင့်တည်း။
❀ အများမငဲ့ ဘုရားငဲ့ မှန်တဲ့တိုင်းသာ ဟောသင့်တည်း။
❀ တရားမငဲ့ အများငဲ့ မှားတဲ့ဟာတွေ ပါမည်တည်း။

http://www.dhammadownload.com



# သံဃိကလိုက်တတ်တယ်

{၂၀}

"**ဝိနယောနာမ သာသနဿ အာယု**=ဝိနည်းပိဋကတ်သည် သာသနာတော်၏ အသက်ဖြစ်၏"

**ဝိနယေ ဌိတေ သာသနံ ဌိတံ**=ဝိနည်းပိဋကသည် လဇ္ဇီသူမွန်တို့ သန္တာန်၌ တည်လျှင် သာသနာတော်သည် မကွယ်ပျောက်ဘဲ ခိုင်မြဲတည်တံ့နေ၏"

ယင်းသို့ အဋ္ဌကထာဆရာတို့ မိန့်တော်မူကြသည့်အားလျော်စွာ ဝိနည်းပိဋကသည် သာသနာတော်တစ်ရပ်လုံး၏ အသက်ပင်ဖြစ်ရကား ဝိနည်းကို ဆောင်ထားသော လဇ္ဇီသူမွန်သည် ဗုဒ္ဓမြတ်စွာက သာသနာတော်ကို မကွယ်ပအောင် စောင့်ရှောက်ရာ ရောက်ပေသည်။

ဝိနည်းပိဋကတ်တော်သည် ဘုရားရှင် တစ်ဆူဆူ ပွင့်တော်မူလာမှ ပေါ်ထွန်းသော တရားတော်ဖြစ်၏။ ယင်းတရားတော်ဖြင့်

http://www.dhammadownload.com



ဟောဖော်ညွှန်ပြအပ်သော အနက်အသားမှာ ရဟန်းတော်များ ကျင့်ဖို့ရာ အဓိသီလသိက္ခာ ဖြစ်၏။

ယင်းသီလသည် လူတို့ စောင့်ထိန်းရိုးဖြစ်သော ငါးပါးသီလ ရှစ်ပါးသီလတို့ထက် အရေအတွက်အားဖြင့်လည်း သာလွန်၏။ ပါဏာတိပါတဝိရတိ သီလချင်းအတူတူ ဖြစ်စေကာမူ ရဟန်းတော်များ၏ သီလသည် သာလွန်၍ စောင့်ထိန်းရ၏။

ပါဏာတိပါတအမှု မပြုမီ အဖော်ရှာခြင်း၊ လက်နက်ရှာခြင်း၊ သတ်ဖို့သွားခြင်းကိစ္စတို့၌ ခြေလှမ်းတိုင်းမှာ အာပတ်အပြစ်ကို ပညတ်တော်မူ၏။ ထို့ကြောင့် ဝိနည်းပိဋကတ် ပညတ်တော်မူအပ်သော သီလကို "**အဓိသီလ**" ဟု ခေါ်ရသည်။

ယင်းအဓိသီလကို မကျိုးမပေါက် မပြောက်မကြားအောင် စောင့်ရှောက်နေသော ရဟန်းတော်သည် ယင်းအဓိသီလ၏ ကျိုးပေါက်ခြင်းဟူသော ဒုစရိုက်မှ ရှက်၏။

ဥပမာ–အမျိုးသား တစ်ယောက်သည် အပေါက်အပြဲ အစုတ် အပြတ် အဝတ်ကိုဝတ်ရမည်မှ ရှက်သကဲ့သို့ ဖြစ်၏။ ယင်းသို့ အဓိသီလ သိက္ခာပျက်ခြင်းမှ ရှက်သော ပုဂ္ဂိုလ်ကို "လဇ္ဇီပုဂ္ဂိုလ်" ဟု ခေါ်ရ၏။

ဝိနည်းပိဋကတ် ကျွမ်းကျင်သော လဇ္ဇီသူတော်စင်သည် ဝိနည်းတော်လာ သိက္ခာပုဒ် အဖြာဖြာကို ကောင်းစွာ နားလည် ၏။

နားလည်သည့်အတိုင်း ထိုသိက္ခာပုဒ်သီလတော်များကို ကိုယ်တိုင်လည်း စောင့်ရှောက်၍ မိမိ၏ ပရိသတ်တို့ကိုလည်း

http://www.dhammadownload.com



စောင့်ရှောက်စေ၏။ ဝိနည်းတော်လာ ကံကြီးကံငယ် အသွယ်သွယ် ကိုလည်း မိမိပရိသတ်အား နားလည်အောင် သင်ပြ၏။

ထိုလဇ္ဇီတပည့် အဆက်ဆက်သည် နောင်အခါ၌ လဇ္ဇီဆရာ အဆက်ဆက်ဖြစ်ရစ်ကာ သာသနာတော်ကို မကွယ်မပျောက် အောင် ဆက်လက် စောင့်ရှောက်၏။

ယင်းသို့ အဆက်ဆက် စောင့်ရှောက်မှုကြောင့် ဗုဒ္ဓမြတ်စွာ သာသနာတော်သည် ကြာရှည်စွာ တည်တံ့နိုင်တော့၏။

ထို့ကြောင့် "**အာနာဂတော သာသနံ လဇ္ဇီ ရက္ခိဿတိ လဇ္ဇီ ရက္ခိဿတိ, လဇ္ဇီရက္ခိဿတိ**" ဟု ရှေးထေရ်မြတ်တို့ ကြွေးကြော်တော်မူခဲ့ကြပေသည်။

"လဇ္ဇီသူမွန် သီလဝန်" ဖြစ်ရခြင်းသည် သာသနာတော်ကို အရှည်တည်တံ့အောင် ဆောင်နိုင်ရုံသာမက သံသရာရေးကို တွေးလိုက်လျှင် အပါယ်ဘေးမှ လွတ်ဖို့ရန် သေချာသောကြောင့်

၁။ ရဟန်းဘဝ၌ နှလုံးမသာမယာ မဖြစ်ရဘဲ "**ဝိပ္ပဋိသာရ**= နှလုံးသာရွှင်မှု" ဖြစ်ရ၏။

၂။ ယင်းနှလုံးသာရွှင်မှုကြောင့် "**ပါမောဇ္ဇ**=အနည်းငယ် ဝမ်းမြောက်မှု၊ နုသောပီတိ" လည်း ဖြစ်ရ၏။

၃။ ယင်းပါမောဇ္ဇကြောင့် ဝမ်းသာရွှင်ပျမှုဟူသော အားကြီး သော ပီတိလည်း ဖြစ်ရ၏။

၄။ ယင်းပီတိကြောင့် ကိုယ်စိတ်နှစ်ပါး၏ အေးမြခြင်း ဟူသော "ပဿဒ္ဓိ" လည်း ဖြစ်ရ၏။

http://www.dhammadownload.com



၅။ ယင်းပဿဒ္ဓိကြောင့် ကိုယ်စိတ်နှစ်ဝ ချမ်းမြခြင်းဟူသော "သုခ" လည်း ဖြစ်ရ၏။

၆။ ယင်းသုခကြောင့် ကိုယ်စိတ်နှစ်ဝ ချမ်းမြခြင်းဟူသော "သုခ" လည်း ဖြစ်ရ၏။

၇။ ယင်းသုခကြောင့် စိတ်သည် ဟိုအာရုံ သည်အာရုံ အဖုံဖုံသို့ မသွားတော့ဘဲ တရားအာရုံ၌သာ တည်ကြည်သော "သမာဓိ" လည်း ဖြစ်ရ၏။

၈။ ယင်းသမာဓိကြောင့် မိ၏ရုပ်နာမ် ခန္ဓာဝယ် ဟုတ်မှန်စွာသိသော "ယထာဘူတဉာဏ်ဒဿနဉာဏ်" လည်း ဖြစ်ပေါ်လာ၏။

၉။ ယင်းယထာဘူတဉာဏ် ရင့်သန်လာသောအခါ ဝဋ်ဒုက္ခတွင် ငြီးငွေ့သော "နိဗ္ဗိဒါဉာဏ်" လည်း ဖြစ်ပေါ်လာ၏။

၁၀။ ယင်းနိဗ္ဗိဒါဉာဏ် ရင့်သန်လာသောအခါ "မဂ်ဉာဏ်-ဖိုလ်ဉာဏ်-ပစ္စဝေက္ခဏာဉာဏ်" တို့သည် အဆင့်ဆင့် ဖြစ်ပေါ်လာ၏။

ယင်းသို့ သီလသည် အထက်မဂ်ဖိုလ်သို့တိုင်အောင် ရနိုင်ရကား သီလကို သီလလောက်မျှသာဟု မယူဆဘဲ မဂ်ဖိုလ်၏ အကြောင်းတရားဟု ယူဆကာ ဝမ်းမြောက်ဝမ်းသာ စောင့်ထိန်းသင့်ပါသည်။

ယင်းသို့ သီလသည် အကျိုးများသဖြင့် လဇ္ဇီပုဂ္ဂိုလ်ဖြစ်လိုသော အမျိုးသားသည် ဝိနည်းပိဋကတ်တော်လာ သိက္ခာ သီလတို့ကို မသိသိအောင် ကြိုးစားရပေလိမ့်မည်။

http://www.dhammadownload.com



ဝိနည်း ပိဋကတ်တော်လာ သိက္ခာသီလတို့ကို မသိသော အမျိုးသားသည် အဘယ်သို့သောနည်းဖြင့် မိမိ၏အဓိသီလကို ပြည့်စုံအောင် စောင့်နိုင်လိမ့်မည်နည်း။

ဥပမာ–နွားပေါင်းများစွာကို ပိုင်သော နွားသူဌေးသည် မိမိသားကို "နွားတွေမပျောက်အောင် စောင့်ရှောက်ထိန်းသိမ်းပါ" ဟု တိုက်တွန်းသောအခါ နွားသူဌေး၏ သားကလေးသည် နွား အရေအတွက်ကိုလည်းကောင်း၊ နွားတို့၏ ဖြူနီကြောင်ကြား စသော ပုံသဏ္ဌာန်အဆင်းကိုလည်းကောင်း မသိပါမူ အဘယ်မှာ နွားတွေကို မပျောက်အောင် စောင့်ရှောက်ထိန်းကျောင်းနိုင်ပါ မည်နည်း။

နွားတွေကို စောင့်ရှောက်ရမည့် နွားသူဌေး၏ သားကလေး နှင့် နွားနှင့်ဆိုင်ရာကို သိဖို့အရေးကြီးသကဲ့သို့ အဓိကသီလကို စောင့်ရှောက်ရာတွင် ဗုဒ္ဓမြတ်စွာ၏ သားရတနာဖြစ်သော လဇ္ဇီ ရဟန်းတော်များသည် သီလသိက္ခာတို့၏ ဆိုင်ရာအကြောင်းကို ကောင်းကောင်းသိဖို့ အရေးကြီးလှပေ၏။

ယင်းသို့ အရေးကြီးသည်ကို အရေးမကြီးသလိုနေခဲ့သော် သိစရာတွေကို မသိတော့။ မသိသော် ထင်ရာမြင်ရာလုပ်တတ်၏။ ယင်းသို့လုပ်သော် အပြစ်ကြီး၏။

တစ်ချိန်ကပြစ်ခဲ့၏။ သာဝတ္ထိပြည်အနီး ရွာငယ်ကျောင်းနေ ရဟန်းတို့သည် အာဂန္တုရဟန်းတွေအတွက် ကျောင်းအိပ်ရာနေရာ ခင်းရသည့်အတွက် အနှောင့်အယှက်ဖြစ်ရကား–

http://www.dhammadownload.com



"ငါ့ရှင်တို့၊ ယခုအခါ ငါတို့သည် အာဂန္တုရဟန်း၊ ခရီးသွားရဟန်းတို့အတွက် ကျောင်းအိပ်ရာနေရာ ခင်းရသဖြင့် အနှောင့်အယှက် ဖြစ်ကုန်၏။ ငါ့ရှင်တို့ ယခုအခါ ငါတို့သည် သံဃိကကျောင်းအိပ်ရာ, နေရာ, အလုံးစုံကို ရဟန်းတစ်ပါးအား ပေးကုန်အံ့၊ ထိုရဟန်း၏ ပစ္စည်းကို သုံးဆောင်ကုန်အံ့" ဟု ကြံစည်ပြီးလျှင် သံဃိကကျောင်း၊ အိပ်ရာ၊ နေရာ အလုံးစုံကို ရဟန်းတစ်ပါးအား ပေးလိုက်ကုန်၏။ အာဂန္တု ရဟန်းတော်တို့သည် ထိုရဟန်းတို့ကို "ငါ့ရှင်တို့ ငါတို့အတွက် ကျောင်းအိပ်ရာနေရာကို ခင်းကုန်လော့" ပြောဆိုကုန်၏"

"ထိုအခါ အာဂန္တုရဟန်းတော်တို့အား "ငါ့ရှင်တို့ သင်တို့အဖို့ သံဃိကကျောင်း, အိပ်ရာ, နေရာတို့ကို အကျွန်ုပ်တို့ ရဟန်းတစ်ပါးအား အလုံးစုံပေးပြီးပြီ"ဟုပြော၏။

"ထိုအခါ အာဂန္တုရဟန်းတော်တို့က "ငါ့ရှင်တို့ သင်တို့သည် သံဃိကကျောင်း, အိပ်ရာ, နေရာတို့ကို စွန့်ကြသလော"ဟု မေး၏။ ရဟန်းတွေကလည်း "မှန်ပေ၏"ဟု လျှောက်ထား၏။ ယင်းအကြောင်းကို အာဂန္တုရဟန်းတော်တို့သည် ဘုရားရှင်အား လျှောက်၏"

"ဘုရားရှင်သည် ထိုရဟန်းတော်တွေကို အမျိုးမျိုးကဲ့ရဲ့ပြီးလျှင် တရားစကားကို မိန့်ကြားကာ ဤသို့ ဟောတော်မူ၏" ရဟန်းတို့–

၁။ အရံ–အရံရာ (ခြံ–ခြံရာ)

၂။ ကျောင်း–ကျောင်းရာ

http://www.dhammadownload.com



၃။ ညှောင်စောင်း, အင်းပျဉ်, ဖုံ, ခေါင်းအုံး
၄။ ကြေးအိုးကြီး၊ ကြေးအိုးစရည်း၊ ကြေးအင်တွဲ၊ ကြေးဖျဉ်း၊ ပွဲခွပ်၊ ပုဆိန်၊ ဓားမ၊ ပေါက်တူး၊ ဆောက်၊
၅။ နွယ်–ဝါး၊ ဖြူဆံမြက်၊ ပြိတ်မြက်၊ မြက်မြေညှတ်၊ သစ်ဘဏ္ဍာ၊ မြေဘဏ္ဍာ၊

"ဤငါးမျိုးသော ဘဏ္ဍာပစ္စည်းတို့ကို သံဃာသည်လည်းကောင်း၊ ဂိုဏ်းသည်လည်းကောင်း၊ ပုဂ္ဂိုလ်သည်လည်းကောင်း မစွန့်ထိုက်ကုန်၊ စွန့်သော်လည်း စွန့်သည်မမည်၊ စွန့်သောရဟန်းအား ထုလ္လစ္စဉ်းအာပတ်သင့်၏" ဟု မိန့်တော်မူ၏။

ယင်းသို့ဖြင့် မိမိကျင့်ရမည့် သီလသိက္ခာကိုမသိ၍ လွန်ကျူးမိ၏။ ယင်းလွန်ကျူးပြစ်သည် ကြီး၏။ ယင်းအပြစ်သင့်မှာကို ရဟန်းရှင်လူတို့ ကြောက်ကြ၏။ ရဟန်းရှင်လူ ဗုဒ္ဓသာသနာဝင်တွေ မဆိုထားနှင့် ဘာသာခြားများပင် ကြောက်ကြ၏။

တစ်ချိန်က ဖြစ်ခဲ့၏။ မိမိသည် တောရကျောင်းတစ်ကျောင်းတွင် နေစဉ် တစ်နေ့သောနေ့ခင်းတွင် ဒကာတစ်ယောက်ရောက်လာပြီးလျှင် ရှိခိုးကာ အလ္လာပသလ္လာပ ပြောဆိုနေ၏။

"ယင်းသို့ ပြောဆိုနေရင်း သံဃိကပစ္စည်းအကြောင်း ရောက်သွားသည်။ ထိုအခါ ဒကာကြီးက ပြောသည်။

"ကုလားတွေလည်း သံဃိကပစ္စည်းတော့ သိပ်ကြောက်တယ်ဘုရား"

"ဟုတ်လား"

"ဟုတ်တယ်ဘုရား"

http://www.dhammadownload.com



"ဘယ်လိုလဲ ပြောစမ်းပါဦး"

"တပည့်တော်တို့ အိမ်ခေါင်းရင်းအိမ်က ကုလားအိမ်ပေါ့ဘုရား"

"အင်း"

"အိမ်ရှင်ကုလားကြီးက သူ့သားကို တီးတိုးတီးတိုးနဲ့ ဆုံးမနေတယ်"

"အင်း"

"တပည့်တော်က ဘာတွေများပြောနေသလဲလို့ အသာနားထောင်နေတယ်ဘုရား"

"အင်း"

"မင်း သံဃိကပစ္စည်းတွေ သွားမလုပ်နဲ့နော်၊ သံဃိကလိုက်တတ်တယ်လို့ ဆုံးမသံကြားလိုက်တယ် ဘုရား"

"အင်း"

"သူ့သားကလည်း ကျွန်တော် သံဃိကပစ္စည်းတွေ မလုပ်ပါဘူးလို့ ပြန်ပြောသံ ကြားတယ်ဘုရား"

ထိုအချိန်မှာ ကျောင်းကန်ဘုရားတွေမှ ဘုရားပုထိုးခေါင်းလောင်း စသည့်တွေကို ခိုးယူကာ နိုင်ငံခြား တိုင်းပြည်များသို့ ရောင်းချနေချိန် ဖြစ်သည်။

"အင်း"

"သံဃိကပစ္စည်းဆိုတာ သိပ်ထိခိုက်တယ်ကွတဲ့ဘုရား"

"အင်း"

"သူတို့ ဆုံးမလို့လည်းပြီးရော တပည့်တော်သိချင်တာနဲ့ အဲဒီ ကုလားအိမ်ဘက် ကူးသွားတယ်ဘုရား"

http://www.dhammadownload.com



"အင်း"

"ဟိုရောက်တော့ တပည့်တော်က ခုနဆုံးမတဲ့ အကြောင်း ကြားသမျှပြောပြပြီး ကုလားကို မေးကြည့်တယ်ဘုရား"

"အင်း"

"ဘယ်လိုလဲ၊ မင်းတို့ ကုလားတွေမှာလည်း သံဃိက အယူရှိသလားလို့ မေးကြည့်တယ် ဘုရား"

"အင်း"

"ဒီတော့ သူက ရှိတယ်ပေါ့တဲ့ဘုရား"

"အင်း"

"ကျောင်းကန်ဘုရားက ပစ္စည်းတွေဟာ သံဃိကတွေပဲတဲ့၊ အဲဒီ သံဃိကပစ္စည်းတွေယူမိရင် ပျက်စီးတတ်တယ်တဲ့ ဘုရား"

"ဟုတ်သားပဲ၊ မြန်မာတွေလည်း ကျောင်းကန်ဘုရား ပစ္စည်း ကို သိပ်ပြီးကြောက်ကြတယ် မဟုတ်လား၊ အပ်ဝင် ပေါက်ဆိန် ထွက် ဆိုပြီးတော့"

"မှန်ပါ၊ မြန်မာတွေ ကြောက်တာတော့ ထားပါတော့ ဘုရား၊ သူတို့ကုလားတွေက သံဃိက ပစ္စည်းကိုကြောက်တာ တပည့် တော်က အံ့သြလို့ပါဘုရား"

"သြော်အဲဒီကုလားဟာ သူကိုယ်တိုင် အဲဒီသံဃိကပစ္စည်း ကြောင့် ပျက်စီးတာကို ကြုံခဲ့ဖူးလို့ ယုံကြည်ပြီး သူ့သားကို ဆုံးမတာဖြစ်မှာပေါ့"

"မှန်ပါ၊ ဒီလိုပဲဖြစ်မယ်ဘုရား"

http://www.dhammadownload.com



"ဒီသံဃိကပစ္စည်းဖြစ်တဲ့ မဝေဖန်ကောင်းတဲ့ ဂရုဘဏ်တွေဟာ ခိုးယူသုံးစွဲတာ မပြောနဲ့၊ တရားသဖြင့် သံဃာတွေ သုံးစွဲတာတောင် မနည်းသတိထားရတယ်"

"မှန်ပါဘုရား"

"သံဃာအား လှူအပ်သည့်လည်းဖြစ်စေ၊ သံဃာလယ်မြေ၌လည်း ပေါ်ပေါက်ဖြစ်ထွန်းသည့်လည်း ဖြစ်စေ၊ သံဃာကလည်း ပစ္စလက္ခတ် မထားဘဲ စောင့်ရှောက်ထားအပ်မယ်ဆိုရင် အဲဒီပစ္စည်းမျိုးဟာ သံဃိကပဲ ဒကာကြီး"

"မှန်ပါဘုရား"

"အဲဒီသံဃိကဖြစ်တဲ့ မဝေဖန်ကောင်းတဲ့ ပစ္စည်းတွေကို ဝေဖန်မယ်ဆိုရင် ဝေဖန်ရာမရောက်ဘူးတဲ့"

"မှန်ပါဘုရား"

"ရဟန်းတို့ မပိုင်ဘူးပေါ့၊ သံဃာသာ ပိုင်တယ်ပေါ့၊ သံဃိကသာ ဖြစ်တယ်ပေါ့"

"မှန်ပါဘုရား"

""လျှော်မျှင်၊ အုန်းဆံ၊ ဝါး စသည်တို့ကို သံဃိကကိစ္စ ငြမ်းဝါးပြုလုပ်၍ စေတီတော်ရဲ့ အလုပ်ကိစ္စမှာ အသုံးပြုပြီးလို့ ပိုနေတဲ့အခါ ပုဂ္ဂလိကအဖြစ်နဲ့ ဝေဖန်ကောင်းသတဲ့ ဒကာကြီးရဲ့"

"မှန်ပါဘုရား"

"တောင်ဝှေး၊ ဆီကျည်တောက်၊ ထီးရိုး၊ ထီးခရိုင်ရဲ့ ဝါးခြမ်းစိတ် ဖိနပ်ချိတ်စရာတုတ် ဤမျှလောက်သော ဝါးကိုလည်း ဝေဖန်ကောင်းသတဲ့နော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"ဂရုဘဏ်ဖြင့် ဂရုဘဏ်ကိုလည်း လဲကောင်းတယ်၊ ထာဝရ ဘဏ္ဍာကိုလည်း လဲကောင်းတယ်တဲ့"

"မှန်ပါဘုရား"

"သံဃိကဘက်က ထာဝရမဟုတ်တဲ့ ဂရုဘဏ်နဲ့ ထာဝရ ဂရုဘဏ်ကို လဲကောင်းတယ်ဆိုတော့ သံဃိကဘက်က မရှုံး စေရဘူးပေါ့နော်"

"မှန်ပါဘုရား"

"ထာဝရဖြစ်တဲ့ ဘဏ္ဍာဖြင့်တော့ ထာဝရဖြစ်တဲ့ ဘဏ္ဍာကို သာ လဲကောင်းတယ်တဲ့"

"မှန်ပါဘုရား"

"အဲဒီလို လဲရာမှာလည်း သံဃိကကျောင်းဟာ ရွာအတွင်း မှာရောက်နေပြီး သံဃာအား ကျေးဇူးမများရင် သံဃာအား ကျေးဇူးများတဲ့ ကျောင်းနှင့်လည်းကပ်နေတဲ့ လူ့အိမ်နဲ့ လဲကောင်း တယ်တဲ့"

"မှန်ပါဘုရား"

"သံဃိကခြံဟာ ကျောင်းတိုက်နဲ့ ဝေးနေပြီးတော့ သစ်ပင် တစ်ထောင်ရှိစေကာမူ သစ်ပင် ငါးရာလောက်မျှ အကျိုးမခံစားရ၊ လူတို့ရဲ့ခြံကား သစ်ပင်ငါးရာသာရှိတယ်၊ သို့ပေမယ့် ကျောင်းနှင့် နီးတဲ့အတွက် စောင့်ရှောက်ဖို့လွယ်ရကား အကျိုးများရင် သံဃာ့ ခြံနှင့် လူ့ခြံ လဲကောင်းတယ်တဲ့"

"မှန်ပါဘုရား"

"သံဃိကဖြစ်တဲ့ နွယ် ဝါး စသည်ကို မိမိရဲ့ကိစ္စအတွက်ယူပြီး တော့ သုံးစွဲတဲ့ရဟန်းဟာ တိုးပွားအောင် ပြုမှုဖြင့် သုံးစွဲရမယ်"

http://www.dhammadownload.com



"မှန်ပါဘုရား"

"ယင်းသို့ တိုးပွားအောင် မပြုဘဲ သံဃိကဖြစ်တဲ့ ကြိမ်၊ နွယ်၊ ဝါးတို့ကို သက်နိုးတန်းစသည် လုပ်ဖို့ရန် ယူပြီးတော့ သုံးစွဲရင် တခြားကျောင်းသို့ ပြောင်းသွားတဲ့အခါ သံဃိက ကျောင်းမှာ ထားခဲ့ရမယ်"

"မှန်ပါဘုရား"

"ကဲ...ဒကာကြီး၊ သံဃိက ပစ္စည်းက ရှောက်မလိုက် ဘူးလား"

"မှန်ပါ၊ လိုက်ပါတယ်ဘုရား"

"အေး...ဒါကြောင့် ဟိုကုလားကြီးက သံဃိကလိုက်တတ် တယ် ပြောတာပေါ့"

"မှန်ပါဘုရား"

"သံဃိကပစ္စည်း ကုလားတွေတောင်ကြောက်တယ်၊ မြန်မာ တွေက မကြောက်တာ အံ့ပါရဲ့နော်"

"မှန်ပါဘုရား"

"ကဲ...ကဲ...လက်ာလေးတစ်ပိုဒ် ကြည့်"

❀ သံဃာပိုင်ဗြား၊ ပစ္စည်းများ သုံးစားရှောင်ကြဉ်ပါ။

❀ မရှောင်ကြဉ်က သံဃိက လိုက်ပရောက်တတ်ရာ။

❀ သံဃိကလိုက် ထိုလူမိုက် ထိခိုက်ပျက်စီးမှာ။

"ကဲ...ကြောက်စရာ မကောင်းဘူးလား"

"ကောင်းပါတယ်ဘုရား"

http://www.dhammadownload.com



"ဝတ္ထုကလေးတစ်ခု ပြကြစို့၊ သံဃာ၊ ကျောင်း၊ ဘုရားနှင့် စပ်သည့် ပစ္စည်းရပ်ကို မထိုက်မလျော် သုံးမိတဲ့အတွက် အလွန် အပြစ်ကြီးကြောင်းပြတဲ့ ဝတ္ထုပေါ့နော်"

"မှန်ပါ၊ ပြပါဘုရား"

"ကဿပဘုရားရှင် လက်ထက်တော်အခါကပေါ့၊ ကျီးကန်း တစ်ကောင်ဟာ ရဟန်းသံဃာတွေရဲ့ သပိတ်ထဲမှ ဆွမ်းကို သုံးကြိမ်တိုင်တိုင် ခံတွင်းပြည့်အောင် ယူစားမိတဲ့အတွက် အဝီစိ ငရဲမှာ ခံရပြီးမှ ဂိဇ္ဈကုဋ်တောင်မှာ ကျီးပြိတ္တာဖြစ်ပြီး ကြီးစွာ သော ဆင်းရဲကို ခံရတဲ့အကြောင်း အဲဒီ ကျီးပြိတ္တာက ရှင်မဟာ မောဂ္ဂလာန်အား လျှောက်ထားတယ်"

"မှန်ပါဘုရား"

"အဲဒါ သံဃိကလိုက်တာပဲ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"နောက် မဃဒေဝလင်္ကာမှာလာတဲ့ လင်္ကာကို ရွတ်ပြမယ် သေသေချာချာ မှတ်ထား"

"သံဃသန္တက၊ ဂဏိကဟု၊ ထိုမှုအပြား၊ ပစ္စည်းများကို ဝေခြားမပြု၊ သိမ်းစုဝှက်ထား၊ သုံးစားကိုသာ၊ ဝန်တိုစွာဖြင့်၊ လာဘမစွေ့၊ ကံညစ်တေကြောင့်၊ သေသော်ပေတာ၊ ယက္ခတသီး၊ စပါးကြီးပြိတ္တာ၊ ဖြစ်ယုတ်မာ၏" တဲ့။

"သံဃ သန္တကဆိုတာ ဘာကိုခေါ်တာလဲ ဘုရား"

"သံဃသန္တကဆိုတာ ပါဠိပေါ့၊ မြန်မာလိုကတော့ သံဃ ပစ္စည်းတဲ့"

http://www.dhammadownload.com



# အရှင်ဘုရား အံ့ဩစရာကြီးပါလားဘုရား

{ ၂၁ }

"ဖွင့်လှစ်သသော မြတ်ရှင်စောတို့ 'ဓမ္မောဟဝေ ရက္ခတိ ဓမ္မစာရိ' မွေ့သိမ်နက်ဘိ ပါဠိထင်ရှားဟော မြွက်ကြားတိုင်း တရားမထောင့် အမှန်စောင့်က စောင့်သည့်တရား စောင့်သူအားကို မမှားဆတ်ဆတ် စောင့်သတတ်တည်း" **(မဃဒေဝ)**

အထက်ပါ မဃဒေဝလင်္ကာကို အပြန်ပြန်အလှန်လှန် ဖတ်ရှုကြည့်ပါလျှင် အဓိပ္ပာယ်မှာ ထင်လင်းစွာ ပေါ်လျက်ရှိပါလိမ့်မည်။ ရှင်းစရာမလိုပါ။ သာဓကပဲ ပြစရာလိုမည်ထင်ပါသည်။

သို့ဖြစ်၍ သာဓကပဲပြပါမည်။ တစ်ချိန်က ဖြစ်ခဲ့သည်။ မိမိသည် တောရတစ်ခုတွင် ဝါဆိုမည့် ဝါတွင်းဥပုသ်နေ့တိုင်း ဥပုသ်သည်တို့အား တရားဟောပေး၏။

http://www.dhammadownload.com



"မှန်ပါဘုရား၊ ဂဏိကကောဘုရား"

"ဂဏိကဆိုတာလည်း ပါဠိပဲ၊ မြန်မာလိုကတော့ ဂိုဏ်း အပေါင်း အများပိုင်ပစ္စည်းပေါ့၊ ခုခေတ်လိုဆို လူတွေအတွက် သမဝါယမ ပစ္စည်းမျိုးလိုပေါ့"

"မှန်ပါဘုရား"

"လာဘမစ္ဆေဆိုတာကကောဘုရား"

"လာဘမစ္ဆေဆိုတာက လာဘမစ္ဆရိယဆိုတဲ့ ပါဠိကို ချော အောင် ရေးထားတာ၊ လာဘ်လာဘအပေါ်မှာ ဝန်တိုတယ်၊ နှမြောတယ်လို့ ဆိုလိုတယ်"

"မှန်ပါဘုရား"

"သေသော်ပေတ-ယက္ခတသီးဆိုတာကကော ဘုရား"

"သေတဲ့အခါ ပေတ-ပြိတ္တာဖြစ်တတ်တယ်၊ ယက္ခ-ဘီလူး ဖြစ်တတ်တယ်ဆိုတာပေါ့"

"ရှင်းပါပြီဘုရား"

"ကဲ...သံဃိကလိုက်တာ သဘောပေါက်ပြီလား"

"ပေါက်ပါပြီဘုရား"

"ကဲ...ပေါက်ရင် တော်ရောပေါ့..."

❀ သံဃပစ္စည်း သုံးစားပြီး စပါးကြီးဖြစ်တတ်သည်။
❀ ပြိတ္တာတဖြာ ဘီလူးပါ ဖြစ်ခါဆင်းရဲသည်။
❀ ထို့ကြောင့်သံဃ လာဘ်လာဘ ရှောင်ကြ ရှားရမည်။

http://www.dhammadownload.com



မိမိသခ်မ်းကျောင်းသို့ အသက်(၆၀)ကျော် ဒကာကြီးတစ်ယောက်သည် နေ့စဉ် နေ့စဉ် တရားလာအားထုတ်၏။ တစ်နေ့ မိမိနှင့် ဒကာကြီး စကားပြော၏–

"ဒကာကြီးမှာ နှစ်ယောက်ထဲလည်းဆိုတယ်၊ လယ်သမားလည်းဆိုတယ်။ ဥပုသ်စောင့်လည်း မပျက်၊ တရားနာလည်း မပျက်ပါလား။ ဘယ်လိုလုပ် ဥပုသ်စောင့်လဲ"

"တပည့်တော်က အကြံထုတ် ဉာဏ်ထုတ် လုံ့လထုတ် စောင့်ပါတယ်ဘုရား"

"ဘယ်လိုအကြံဉာဏ် လုံ့လထုတ်သလဲ?"

"တပည့်တော် ဥပုသ်စောင့်ချင်တော့ တောဖိတ်နေ့မှာ မြက်တစ်ထုံး ပိုရိတ်တယ်ဘုရား၊ မြို့ဖိတ်နေ့မှာ မြက်တစ်ထုံး ပိုရိတ်တယ်ဘုရား၊ မြက်နှစ်ထုံးဆိုတော့ နွားတစ်ရှဉ်း ဝတာပေါ့ဘုရား"

"အင်း...အင်း..."

"ဥပုသ်နေ့ကျတော့ ကျောင်းလာကာနီး မြက်ထည့်ခဲ့တယ်ဘုရား"

"အင်း...အင်း..."

"ပြီးတော့ အိမ်ကအမယ်ကြီးလည်း မှာခဲ့၊ အိမ်နီးချင်းလည်း မှာခဲ့တယ်ဘုရား၊ မြက်ထည့်ပေးဖို့"

"အင်း...အင်း..."

"သူတို့ကလည်း အဲဒီလောက်တော့ ကူညီကြပါတယ်ဘုရား၊ ပင်ပန်းတာမှ မဟုတ်ပဲဟာ"

http://www.dhammadownload.com



"အင်း...အင်း..."

"အဲဒီလို ဉာဏ်ထုတ် ဝီရိယထုတ်ပြီး ဥပုသ်စောင့်ပါတယ် ဘုရား၊ နို့မဟုတ်လျှင် နွားတစ်ဖက်နဲ့ဆိုတော့ ဘယ်စောင့်နိုင် မလဲဘုရား၊ နွားစာက ခက်တာကိုး၊ ခုတော့ ထည့်ကျွေးရုံတော့ ဖြစ်တာပေါ့ဘုရား"

"အင်း...ဟုတ်တာပေါ့၊ တကယ်ကုသိုလ်ယူချင်ရင် မအား တာကို အားအောင် ဒီလိုပဲ စောစောရက်တွေက အချိန်ပို အလုပ် လုပ်ရင် အားနိုင်တာပေါ့နော်"

"မှန်ပါ၊ အားနိုင်တာပေါ့ဘုရား၊ တပည့်တော်လို လူတွေ အများကြီးပဲ၊ မအားလို့ဆိုပြီး ဘယ်မှာ ဥပုသ်စောင့်နိုင်ကြလို့လည်း ဘုရား"

"အင်း...ဟုတ်တယ်"

"ကိုယ်က အားချင်မှအားတာဘုရား၊ မအားချင်ရင် ဘယ် တော့မှ မအားဘူး"

"နို့...နေပါဦးဒကာကြီးရဲ့၊ ဒကာမကြီးကကော တရား ဝါသနာ မပါဘူးလား၊ ဥပုသ်စောင့်တာလည်း မတွေ့ပါလား"

"ဝါသနာပါပါတယ်ဘုရား"

"နို့...ဘာဖြစ်လို့ ဥပုသ်မစောင့်၊ တရားအားမထုတ်၊ တရား မနာတာလဲ?"

"သူက ဒုက္ခိတဖြစ်နေတယ်ဘုရား"

"ဘယ်လိုဖြစ်နေလဲ"

http://www.dhammadownload.com



"သူ့ခြေတောက်က မကွေးနိုင်ဘူးဘုရား၊ တန်းတန်းကြီး ဖြစ်နေတယ်"

"ဘာရောဂါလဲ"

"ဘာရောဂါမှန်း မသိပါဘုရား၊ ဗိန္ဒော ခတ် ပယောဂ နတ် စုံလို့ပါပဲဘုရား။ နည်းအမျိုးမျိုးနဲ့ကုတာ မပျောက်ပါဘူး ဘုရား"

"ဘယ်လောက်ကြာပြီလဲ"

"သုံးနှစ်ကျော်ကျော်ရှိသွားပြီဘုရား"

"ဟ–တော်တော်ကြာသွားပြီပဲ"

"မှန်ပါ၊ ခုတော့လက်လျှော့ထားလိုက်ပါတယ်ဘုရား"

"အို...ဘယ်လက်လျှော့ရမှာလဲ"

"ဒါဖြင့် ဘယ်လိုလုပ်မလဲဘုရား"

"ဦးပဉ္ဇင်းတို့ ဘုရားတရားတော်က ဒုက္ခရောက်နေတဲ့ပုဂ္ဂိုလ်၊ ဒုက္ခပျောက်စေတတ်တယ်မဟုတ်လား ဒကာကြီး"

"မှန်ပါဘုရား"

"ဦးပဉ္ဇင်း အဲဒီအကြောင်း ဟောပြီးပါပြီ"

"မှန်ပါ၊ ဟောပြီးပါပြီဘုရား"

"အဲဒီမှာ ဒီတရားတော်ကို နာကြားအားထုတ်ရင် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ပျောက်မယ်လို့ ဘုရားကိုယ်တိုင် အာမခံထားတာ ရှိတယ်မဟုတ်လား?"

"မှန်ပါ၊ ရှိပါတယ်ဘုရား"

http://www.dhammadownload.com



"ဒီတော့ ဒကာမကြီးကို အဲဒီအကြောင်း ပြောပြပြီး ဥပုသ် နေ့ကျရင်လာပြီး တရားအားထုတ်ခိုင်း၊ တရားနာခိုင်း"

"သူက ထိုင်မှမထိုင်နိုင်တာခက်တယ်ဘုရား"

"အို...မထိုင်နိုင်လို့ မထိုင်တာက အပြစ်မရှိပါဘူး၊ ထိုင် နိုင်ရက်နဲ့ မရှိမသေထိုင်မှ အပြစ်ရှိတာ"

"ဒီလိုဆို ဘယ့်နှယ်လုပ်မလဲ ဘုရား"

"အို...ဘယ့်နှယ်လုပ်ရမလဲ၊ ခေါ်လာပြီး နိုင်သလိုနေပေ့စေ၊ တရားသာအားထုတ်ပါစေ၊ နာပါစေ ဟုတ်လား"

"မှန်ပါဘုရား"

"တရားတော့ သူ့ကို ဝေဒနာ ကမ္မဋ္ဌာန်းပဲ ဟောပြနော်"

"ဘယ်လိုဟောမလဲဘုရား"

"ကျောင်းရောက်လို့ သူများတွေ ထိုင်တဲ့အခါမှာ ကိုယ်ဖာ သာကိုယ် ထိုင်သာသလို ထိုင်ပြီးတော့ နာတဲ့နေရာကို သေသေ ချာချာ ဉာဏ်နဲ့ စိုက်ကြည့်ပြီး ဘာကြောင့်နာလဲ၊ ဘယ်သူနာတာ လဲ၊ ဘယ်လိုနာလဲ၊ နာတာဘယ်သူလဲ စသည်ဖြင့် လူ တစ်ယောက်က လူမမာတစ်ယောက်ကို မေးသလိုမေး၊ ဉာဏ်နဲ့ ကြည့်နေပါစေနော်"

"မှန်ပါဘုရား"

"ပျောက်ချင်တဲ့စိတ်လည်း မထားရဘူး၊ မပျောက်ရကောင်း လားလို့လည်း စိတ်မညစ်ရဘူး၊ နာသဘောကို သိအောင်သာ ကြည့်ခိုင်း ရှုခိုင်း ဟုတ်လား"

"မှန်ပါဘုရား"

http://www.dhammadownload.com



"ယင်းသို့စသည်ဖြင့် မိမိသည် ဒကာကြီးအား ဝေဒနာကမ္မဋ္ဌာန်း ရှုနည်းကို သင်ပေးလိုက်သည်။ ဒကာကြီးလည်း ဝမ်းသာအားရ ပြန်သွားသည်။ ဥပုသ်နေ့ရောက်ပြီ။ မိမိလည်း အမှတ်မထားမိ၊ ဥပုသ်ထွက်သော် ရောက်နေကျအချိန်ထက် စော၍ ဒကာကြီးရောက်လာသည်။ မျက်နှာလည်းရွှင်လို့၊ သို့နှင့် မိမိကမေးလိုက်သည်–

"ဒကာကြီး၊ ဒီကနေ့လာတာ စောလှချည်လား"

"မှန်ပါအရှင်ဘုရား၊ လျှောက်ထားစရာ ရှိတာနဲ့ စောစောပဲ လာခဲ့ပါတယ်ဘုရား"

"ကဲ...ဘာလျှောက်စရာရှိလဲ၊ လျှောက်စမ်းပါဦး"

**"အရှင်ဘုရား၊ အံ့ဩစရာကြီးပါလားဘုရား"**

"ဘာအံ့ဩစရာလဲ ဒကာကြီးရဲ့၊ အရင်းမရှိ အဖျားမရှိ တုံးတိတိနဲ့"

"တပည့်တော် ဒကာမကြီးရဲ့ ဝေဒနာ ပျောက်သွားပြီဘုရား"

"ဘယ်လိုလုပ်လို့ ပျောက်သွားတာလဲ"

"အရှင်ဘုရား ဟောတဲ့တရား တပည့်တော်က သူ့ပြန်ပြီး ဟောတော့ သူကသဘောကျပြီး ဥပုသ်နေ့က လိုက်လာတယ်ဘုရား"

"အင်း...ဦးပဥ္စင်းလည်း မတွေ့ပါလား"

"အရှင်ဘုရားနဲ့ ဘေးတိုက်ဖြစ်နေတာကိုးဘုရား"

"အင်း...အင်း"

http://www.dhammadownload.com



"အရှင်ဘုရား အမိန့်ရှိသလိုပဲ ဝေဒနာရဲ့ သဘောကို သိအောင် ရှုပွားရင်းနဲ့ ဝေဒနာဟာ လျှော့ကျ ပျောက်ကင်းသွားပါသတဲ့ဘုရား"

"ဒါဖြင့် ခုထိုင်နိုင်ပြီပေါ့"

"မှန်ပါ...ခုတော့ ထိုင်နိုင်–ထနိုင် ကွေးနိုင် ဆန့်နိုင်တာပါပဲဘုရား"

"အင်း...အင်း"

"အံ့ဩစရာပဲ ဘုရား။ သုံးနှစ်ကျော်ကျော် ကုမရလို့ ပစ်ထားတဲ့ဝေဒနာ တရားအားထုတ်တာနဲ့ ပျောက်သွားတာ ယုံနိုင်စရာတောင် မရှိပါဘုရား"

"တရားစောင့်တဲ့လူကို တရားက ပြန်စောင့်တယ်ဆိုတာ ဒါပဲပေါ့ဒကာကြီး"

"မှန်ပါဘုရား"

"ကောင်းစွာ အားထုတ်အပ်တဲ့ တရားဟာ ချမ်းသာကို ဆောင်တယ်ဆိုတာလည်း ဒါပဲပေါ့ဒကာကြီး"

"မှန်ပါဘုရား"

"တရားကို နည်းမှန် လမ်းမှန် အားထုတ်ရင် ချမ်းသာရမယ်၊ ဒုက္ခမတွေ့ရဘူး။ ဒုက္ခတွေ့ပါတယ်ဆိုရင် အားထုတ်ပုံမမှန်သေးလို့ဘဲလို့ ဦးပဥ္စင်း ခဏခဏ ပြောတယ်မဟုတ်လား"

"မှန်ပါ ပြောပါတယ်ဘုရား"

"ဒါ...ဘုရားဟောတရားတော်အရ ပြောတာပါ။ ဦးပဥ္စင်းကိုယ်ပိုင်စကား မဟုတ်ပါဘူး၊ ဒါကြောင့် တရားအားထုတ်ရင်

http://www.dhammadownload.com



သုခမရချင်သာ ရှိရမယ်၊ ဒုက္ခတော့ မတွေ့ရဘူးလို့ မှတ်ထားနော် ဒကာကြီး"

"မှန်ပါဘုရား"

"ဒီတော့ တရားအားထုတ်တဲ့အခါ ဒုက္ခတွေ့ရင် အရှုံးတွက်ပဲ သုခတွေ့ရင် အမြတ်ပဲ၊ သုခလည်းမတွေ့၊ ဒုက္ခလည်းမတွေ့ရင် အရင်းတိုင်းပဲပေါ့ ဟုတ်လား"

"မှန်ပါဘုရား"

"ဒီတော့ နည်းမှန် လမ်းမှန်အားထုတ်ရင် ဒုက္ခမတွေ့ရဘူး၊ သုခတွေ့ရမယ်၊ အမြတ်ထွက်မယ်၊ ကဲ...ဆက်သာ ကြိုးစား အားထုတ်ပေတော့ ဒကာကြီး"

"မှန်ပါဘုရား"

- တရားကျင့်က ခုဘဝ မုချချမ်းသာမည်။
- မချမ်းသာက နည်းမကျ ရှောင်ကြဉ်ဝေးဝေးဆီ။
- တရား မတရား ဤနှစ်ပါး ခွဲခြားသင့်လေပြီ။

http://www.dhammadownload.com



# ဓမ္မကထိက ကလည်း တယ်ရှိုးတာပဲ

{ ၂၂ }

လောကတွင် အလုပ်တွေ အများအပြားရှိသည်။ ယင်းတွင် တရားဟောသောအလုပ်သည် မွန်မြတ်သောအလုပ်တစ်ခုအဖြစ် ပါဝင်၏။ ယင်းအလုပ်ကို မွန်မွန်မြန့်မြတ်လုပ်သော် 'ပင့်ရာလိုက်၊ ထားရာနေ၊ ကျွေးတာစား၊ ခိုင်းတာလုပ်' စသည် စသည် လုပ်ရသဖြင့် မွန်မြတ်သော်လည်း သက်သာသောအလုပ်တစ်ခုတော့ မဟုတ်ပါ။ ပင်ပန်းလှပါသည်။

ပန်းပါသည်။ တရားဟောသောအလုပ်သည် ပရိယတ္တိ လုပ်ငန်းဖြစ်၍ ပထမ မိမိကိုယ်တိုင် သင်အံကျက်မှတ်ရ၍ ပင်ပန်း ပါသည်။ ဒုတိယ သူတစ်ပါးတွေကို ဟောပြောရန် စဉ်းစားရ၊ ဟောရန် သွားရ ဟောရ စသည်ဖြင့် ပင်ပန်းပါသည်။

ယင်းတွင် ပထမ မိမိကိုယ်တိုင် ကျမ်းဂန်တတ်ဖြစ်အောင် သင်အံလေ့ကျက်ရသည်မှာ သက်သာလွယ်ကူသော ကိစ္စတစ်ခု မဟုတ်ပါ၊ လွန်စွာ လုံ့လဝီရိယရှိပြီး သဒ္ဓါဆန္ဒရှေ့သွားပြု၍–

http://www.dhammadownload.com



သု=သုဏေယျ=နာကြားရာ၏
စိ=စိန္တေယျ=ကြံစည်ရာ၏
ပု=ပုစ္ဆေယျ=မေးမြန်းရာ၏
ဘာ=ဘာသေယျ=ပြောဆိုရာ၏
ဝိ=ဝိဝရေယျ=ဖွင့်ဆိုရာ၏
လိ=လိက္ခေယျ=ရေးရာ၏
သိ=သိက္ခေယျ=လေ့ကျင့်သင်ကြားရာ၏
ဓာ=ဓာရေယျ=ဆောင်ထားရာ၏။

လို့ဆိုတဲ့ အက္ခရာ (၈)လုံးက စွဲသုံးပါမှသာလျှင် စာတတ်သူ တစ်ဆူ ဖြစ်ပေါ်လာနိုင်သည်။ သို့မဟုတ်က မဖြစ်ပေါ်နိုင်။

ယင်းသို့ မဖြစ်ပေါ်နိုင်သည်ကို ရည်ရွယ်၍ ဦးပေါ်ဦး လျှောက်ထုံးတွင် ဤသို့ လင်္ကာသံပေါက် သီကုံးထားသည်ကို တွေ့ရသည်။

၁။ စာတတ်လက္ခဏာ မှတ်စရာ သုံးဖြာဒုလ္လဘာ၊
၂။ ကျော်နင်းနိုင်ဘိ ပညာရှိ ကထိမှတ်ကုန်ကြ၊

တစ်ဖန် မဟာသုတကာရီမဃဒေဝလင်္ကာသစ်တွင် မန်လည်ဆရာတော်ဘုရားကြီးက ဤသို့တစ်ဖန် ဒုလ္လဘသဘာဝကို ဖော်ပြပြန်သည်။

၁။ ပညာသုတ၊ မရသေးစွာ၊ ကျမ်းဂန်စာကို၊ နှုတ်မှာအမြဲ ဆောင်နိုင်ခဲ၏။
၂။ နှုတ်ထဲလေ့လေ့၊ တတ်နိုင်၍လည်း၊ မမေ့မှတ်စွဲ၊ ဆောင်နိုင်ခဲ၏။

http://www.dhammadownload.com



၃။ ဝမ်းထဲအကယ်၊ ဆောင်မှတ်လွယ်လည်း၊ ဓိပ္ပာယ် အနက်၊ ဝက်ဝက်ဝေခွဲ၊ သိနိုင်ခဲ့၏။

"ထိုခဲသုံးဖြာ၊ လွန်မြောက်ပါမှ၊ ပညာရှိမြတ်၊ ကဝိထွတ်ဟု၊ မချွတ်မှတ်ရာ၊ မိန့်စဥ်လာ၏"တဲ့။ ဒုလ္လဘာသုံးပါးကို လွန်မြောက်နိုင်မှ ကျမ်းတတ်ပညာရှိ ဖြစ်နိုင်သည်။ ယင်းသုံးမျိုးကို လွန်မြောက်ဖို့မှာ ခဲယဥ်းလှ၏။ ပင်ပန်းလှ၏။

ယင်းသို့ ခဲယဥ်းပင်ပန်းစွာနှင့် ဒုလ္လဘာသုံးမျိုးကို လွန်ရန် သင်အံကျက်မှတ်နေရသော စာသင်သားတို့သည်-

၁။ ရခဲ မေ့ခဲသောစာသင်သား၊

၂။ ရလွယ်မေ့ခဲသော စာသင်သား၊

၃။ ရခဲ မေ့လွယ်သော စာသင်သား၊

၄။ ရလွယ် မေ့လွယ်သော စာသင်သားဟူ၍ စာသင်သား လေးမျိုးရှိလေသည်။

သို့ဖြစ်၍ စာတတ်တစ်ဆူဖြစ်ဖို့မှာ မလွယ်ကူ ခဲယဥ်းလှ၏။ ယင်းခဲယဥ်းမှုတွေကို လွန်ပြီး စာတတ်ဖြစ်အောင်-

၁။ ရှာဖွေတွေ့အောင် နှုတ်မှာဆောင် ထို့နောင်မမေ့ရ။

၂။ အတက်နည်းစေ အံသည်းစေ မြဲစေစာပြန်ပ၊ ဟူသော သံပေါက်လင်္ကာများနှင့် ကြိုးစားသင်အံကျက်မှတ်သော် စာတတ်တစ်ဆူဖြစ်လာနိုင်သည်။

မိမိသည် ယင်းသို့ ခဲယဥ်းမှုဒုလ္လဘာတွေကို လွန်နိုင်သမျှ လွန်ခဲ့ပြီး ယခုအခါ ပရိယတ္တိနယ်မြေမှ ပဋိပတ္တိနယ်မြေသို့ ခရီး

http://www.dhammadownload.com



ဆက်ရင်း ပရိယတ္တိခေါ် တရားဟောမှု ပြုလုပ်နေသည်။ ယင်းတွင် ခဲယဉ်းမှုတွေ ကြုံရပြန်သည်။ မှန်၏။ တရားနာပုဂ္ဂိုလ်တို့သည်-

၁။ ရုပ်ကိုသာ ပမာနထား၍ နာသူ ရူပပမာဏပုဂ္ဂိုလ်၊

၂။ အသံကိုသာ ပမာနထား၍ နာသူ သဒ္ဒပမာဏပုဂ္ဂိုလ်၊

၃။ တရားကိုသာ ပမာနထား၍ နာသူ ဓမ္မပမာဏပုဂ္ဂိုလ်

စသည်ဖြင့် ပုဂ္ဂိုလ်တွေများစွာရှိ၏။ ယင်းသို့ များစွာသော ပုဂ္ဂိုလ်တွေ နားလည်သဘောပေါက်ရန် ဟောရသည့် ကိစ္စလုပ်ငန်းမှာလည်း မလွယ်ကူလှ၊ ခဲယဉ်းလှပါ၏။

ယင်းသို့ စသည်ဖြင့် ခဲယဉ်းမှုအမျိုးမျိုးကို မိမိသည် အမျိုးမျိုးပင် ကြုံခဲ့ရ၏။ တစ်ချိန်သောနွေကာလ တရားပွဲတစ်ပွဲမှ အပြန်တွင် မိမိ၏အဖော်ရဟန်းက ပြော၏။

"ဘုန်းကြီးကို (                    )ကျောင်း ဘုန်းကြီးက ပြောတယ်။ **ဓမ္မကထိကကလည်း တယ်ရိုးတာပဲတဲ့**"

"အင်း...ဟုတ်တယ်၊ တရားမဟောခင် ကျောင်းပေါ်ရောက်စက မဟုတ်လား?"

"အဲဒီတုန်းကလည်းပြောတယ်"

"အင်း...အဲဒါ ဘာကိုရည်ရွယ်ပြောတာလည်း မသိဘူး၊ ဒကာ ဒကာမတွေရှိနေရာ ဒကာ ဒကာမတွေကို စကားမပြောဘဲ သူနဲ့ပဲ စကားပြောနေလို့လား မသိဘူး"

မိမိတို့ကျောင်းပေါ်ရောက်သော် ဒကာ ဒကာမများရှိနေသည်၊ မိမိတို့သည် ကျောင်းဘုန်းကြီးအား ရှိခိုးပြီး ဒကာ ဒကာမများ

http://www.dhammadownload.com



ကို ကျောခိုင်းကာ ဘုန်းကြီးနှင့်စကားပြောနေ၏။ ဒကာ ဒကာမ များကို စကားမပြောပါ။

"ဟုတ်မလားမသိဘူး၊ သူက ဒကာ ဒကာမများကို စကား ပြောတဲ့ ဘုန်းကြီးနဲ့တူတယ်၊ ခုဘုန်းကြီးက ဒကာ ဒကာမတွေနဲ့ စကားမပြောဘဲ သူနဲ့သာပြောနေတော့ ဒီဓမ္မကထိက တယ်ရိုးတဲ့ ဓမ္မကထိကလို့ ပြောတာနဲ့တူတယ်"

"အင်း...စင်စစ်တော့ ရိုးတယ်ဆိုတာ အ,တာပါပဲ၊ ဒီဓမ္မ ကထိက တယ်အ,တယ်တာပဲ ပြောတာပေါ့နော်"

"မှန်ပါဘုရား"

"အ,တယ်ပြောပြော ရိုးတယ်ပြောပြော သံဃာနှင့်လူနှစ်ဦး မှာ တပည့်တော်တော့ သံဃာပဲ ဦးစားပေးစကား ပြောရမှာပေါ့၊ လူသက်သက်ဆိုရင်တော့ လူနဲ့ပဲ ပြောရမှာပေါ့ မဟုတ်လား?"

"တချို့က သံဃာနဲ့လူ နှစ်ဦးမှာ လူကို ဦးစားပေးတယ် ဘုရား"

"အင်း...ဒါကြောင့်များ တယ်ရိုးတာပဲ ပြောတာလား မသိ ဘူး"

"ဒါလည်း ဟုတ်မယ်ဘုရား"

"ဒါလည်းဟုတ်မယ်ဆိုတော့ ပြီးတော့ ဘာကလည်း ဟုတ် သေးလဲ"

"ဘာကဟုတ်သေးလည်းဆို...ဘုန်းကြီးတရားဟောနေတော့, သူနဲ့ တပည့်တော်နဲ့ နာနေတုန်းကလည်း သေသေချာချာကြည့်ပြီး "**ဒီဓမ္မကထိကကလည်း တယ်ရိုးတာပဲ**"လို့ တစ်ခါပြောသေးတယ် ဘုရား"

http://www.dhammadownload.com



"အင်း...ဒါကတော့ မလှုပ်မရှက် ငြိမ်ငြိမ်သက်သက်နဲ့ ဣန္ဒြေရရနဲ့ ရယ်စရာ မောစရာ မပါဘဲ ဟောလို့ ပြောတာလား"

"မလျှောက်တတ်ပါဘူးဘုရား၊ တပည့်တော်တော့ ပြန်ပြောလိုက်တယ်ဘုရား"

"ဘယ်လိုပြန်ပြောလိုက်သလဲ"

"ဘုန်းကြီး၊ ဓမ္မကထိကဆိုတာ ရိုးမှကောင်းတယ်လို့"

"နို့...ဟုတ်သားပဲ၊ နာမည်ကိုက ဓမ္မကထိကတဲ့၊ တရားဟောသူတဲ့၊ တရားဟောသူဆိုတာ တရားအတိုင်းနေ၊ တရားအတိုင်းဟော၊ တရားအတိုင်းအပြော၊ တရားအတိုင်း ဆက်ဆံရင် ရိုးရိုးပဲ နေထိုင်ဟောပြော ဆက်ဆံရမယ်မဟုတ်လား"

"ဟုတ်တာပေါ့ဘုရား၊ သူက ဘယ်လိုဓမ္မကထိက တွေ့ထားလို့ ဘယ်လိုဟာ ကြိုက်နေမှန်းမှ မသိဘဲ"

"အင်း...အင်း...ဓမ္မကထိကတွေလည်း အမျိုးမျိုးရှိနေတာကိုး၊ အကြိုက်အကြိုက်ကလည်း အမျိုးမျိုးရှိနေတာပေါ့"

"ဘုန်းကြီး အဲဒီဓမ္မကထိက အမျိုးမျိုးတွေ ပြောပြစမ်းပါဘုရား"

"မူလပဏ္ဏာသ အဋ္ဌကထာဆရာကြီး မဟာဂေါသိဂ်သုတ်အဖွင့်မှာ ဓမ္မကထိက (၄)မျိုးကို ဒီလိုပြထားတယ်-

၁။ လျင်လျင်မြန်မြန် ခုန်ကျော်၍ ဟောတတ်သော "**ဂေါစပမာ ကထိက**"တဲ့၊ ဖွတ်ပမာ ဓမ္မကထိကပေါ့၊ တစ်မျိုးပေါ့။

http://www.dhammadownload.com



၂။ တိုးချီတစ်ခါ ကျယ်ချီတစ်လှည့် နေးချီတစ်ခါ မြန်ချီတစ်လှည့် ဟောတတ်သော "**ပေတဂ္ဂီ ဓမ္မကထိက**" တဲ့၊ ပြိတ္တာမီးပမာ ဓမ္မကထိကပေါ့၊ တစ်မျိုးပေါ့။

၃။ ကြောက်ကြောက်ရွံ့ရွံ့ ငြီးတွားမြည်တမ်းလျက် ဟောတတ်သော "**ဂိလာနုပမာ ဓမ္မကထိက**"တဲ့၊ လူနာပမာ ဓမ္မကထိကပေါ့၊ တစ်မျိုးပေါ့။

၄။ မကြောက်မရွံ့ သန့်ရှင်းပီသစွာ ခရားမှရေလွှတ်သလို ဟောတတ်သော "**နဒီသောတုပမာ ဓမ္မကထိက**"တဲ့၊ မြစ်ရေယဉ်ပမာ ကထိကပေါ့၊ တစ်မျိုးပေါ့။

"အဲဒီလို...အဲဒီလို စသည်ဖြင့် ဓမ္မကထိကတွေ အမျိုးမျိုး ရှိတာပေါ့၊ ယခု ဒီလေးမျိုးထဲမှာ နောက်ဆုံး "**နဒီသောတုပမာ ဓမ္မကထိက**"ဟာ အကောင်းဆုံးပဲ။ အဲဒါပဲ အတုခိုးဟောရမယ်၊ တပည့်တော်တော့ အဲဒါပဲ နှစ်သက်တယ်"

"နို့...နေပါဦးဘုရား၊ သီချင်းဆိုတဲ့ ဓမ္မကထိကတွေဟာ အဲဒီ (၄)မျိုးထဲမှာ ဘယ်အထဲက ပါပါ့မလဲဘုရား"

"အင်း...သီချင်းဆိုတယ်ဆိုတာ ငြီးတွားခြင်း၊ ငိုခြင်းပဲတဲ့၊ ဒီတော့ ဂိလာနုပမာ ဓမ္မကထိကထဲ ပါမှာပေါ့"

"အင်...ဘုန်းကြီးဟောတာ အဲဒီလို မဟုတ်လို့လားမသိဘူး"

"တပည့်တော်တော့ ဒါမျိုးမလုပ်နိုင်ဘူး၊ ကုသိုလ်မရဘဲ ရေကြီးမှာ"

"ဘာဖြစ်လို့လဲဘုရား"

http://www.dhammadownload.com



"မှတ်ထား 'ဓမ္မဂီတ=တရားသီချင်းရယ်၊ ဂီတဓမ္မ=သီချင်းတရားရယ်"လို့ နှစ်မျိုးကို"

"အကျယ်ရှင်းပါဦးဘုရား"

"အေး...အဲဒီ နှစ်မျိုးကို ဟောသူအချို့ရော၊ နာသူတော်တော်များပါ နားလည်ဟန် မတူဘူး"

"မှန်ပါဘုရား"

"အဲဒီ နှစ်မျိုးမှာ 'ဓမ္မဂီတ'ဆိုတာက တရားကို သံတိုသံရှည်နဲ့ တိုးတစ်ခါ ကျယ်တစ်လှည့် နေးတစ်ခါ မြန်တစ်ချီနဲ့ သီချင်းဆိုသလို ချွဲနွဲ့ဟောတာမျိုးကို ဓမ္မဂီတလို့ ခေါ်တယ်"

"မှန်ပါဘုရား"

အဲဒါမျိုးကို ဟောတဲ့လူကလည်း မဟောကောင်းဘူး၊ နာတဲ့လူကလည်း မနာကောင်းဘူး။

"ဘာဖြစ်လို့လဲဘုရား"

"ဘာဖြစ်လို့ရမှာလဲ၊ အဲဒါမျိုးနာတော့ အဲဒီအသံပေါ်မှာ ဟောသူရော နာသူပါမျောပြီး နေတော့တယ်၊ သံဝေဂတွေ, သဒ္ဓါတွေ, ဉာဏ်တွေ မဖြစ်ပေါ်ဘဲ တဏှာရာဂသာလျှင် တိုးပွားစေတတ်လို့ မဟောကောင်း မနာကောင်းဘူး"

"မှန်ပါဘုရား"

"အမှန်က တရားနာတယ် ဟောတယ်ဆိုတာ မဖြစ်သေးတဲ့ သဒ္ဓါသံဝေဂ၊ ဉာဏ်တွေဖြစ်ပေါ်အောင် တဏှာရာဂတွေ ရှော့သွားအောင် ကုန်အောင် နာရ, ဟောရတာ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

http://www.dhammadownload.com



"ခုတော့ ဘာနဲ့တူလဲဆိုတော့ ချဉ်သီးစားမိလို့ ငန်းဖျားကြီး ဖျားနေတဲ့ လူမမာကို ဆရာက ဆောက်တည်ရာမရအောင် နောက်တစ်ခါ ရှောက်ရည်တိုက်တော့ ခေါင်းငိုက်စိုက်နဲ့ သေပွဲဝင်သလိုပေါ့"

"မှန်ပါဘုရား"

"ပုထုဇဉ်တွေဆိုတာ တဏှာ-ရာဂ ငန်းဖျားကြီး ဖျားနေတဲ့ လူမမာတွေပဲ၊ သီချင်းသံရှောက်ရည်တိုက်တော့ တရားပွဲကနေ အပါယ်သို့ ခေါင်းငိုက်စိုက် ဆရာရော ဒကာပါ ကျမှာပေါ့။ အဲဒါမျိုး တပည့်တော်လည်းမလုပ်ဘူး။ အရှင်ဘုရားလည်း ဘယ်တော့မှ မလုပ်နဲ့"

"မှန်ပါဘုရား"

"ရိုးတယ်ပြောပြော၊ အ,တယ်ပြောပြော လုပ်ကိုမလုပ်နဲ့ နော်"

"မှန်ပါဘုရား"

"ဓမ္မဂီတတော့ ရှင်းပြီးပါပြီ။ 'ဂီတဓမ္မ'ကို ရှင်းပါဦးဘုရား"

"**ဂီတဓမ္မ**"ဆိုတာ သံဝေဂနှင့် စပ်ယှဉ်ပြီး ဆိုလွယ်ရွတ်လွယ် သီကုံးထားတဲ့ အောင်ချင်းရှစ်ပါးတို့ သမ္ဗုဒ္ဓေတို့လို သီချင်းမျိုး ကို ခေါ်တယ်"

"မှန်ပါဘုရား"

"အဲဒါမျိုးကို ကြားတဲ့အခါ သတိသံဝေဂတရား၊ ဉာဏ်တရား တွေ ဖြစ်ပွားပြီး တရားရစေနိုင်လို့ နားထောင်နိုင် ဆိုနိုင်တယ် လို့ ဆိုတယ်"

http://www.dhammadownload.com



"မှန်ပါဘုရား"

"အဲဒါမျိုးက နားထောင်တုန်းက သီချင်းအနေနဲ့ နားထောင်ရင်း တရားဆီ ရောက်သွားပြီး သံဝေဂဖြစ်တာ တရားရနိုင်တယ်"

"မှန်ပါဘုရား"

"ဓမ္မဂီတ တရားကို သီချင်းဆန်ဆန် ဟောတာက ဟောသူရော–နာသူပါ တရားအနေနဲ့ ဟောရင်၊ နာရင် တရားပျောက်ပြီး သီချင်းဘက်ပါသွားကာ တဏှာ၊ ရာဂတိုးပွားပြီး အပါယ်ကျတတ်တယ်"

"မှန်ပါဘုရား"

"ပြီးတော့ ဘုန်းကြီးတွေမှာ သံရှည်ဆွဲပြီး ဟောရင် ဟောတိုင်း ဟောတိုင်း အခွန်းတိုင်း အခွန်းတိုင်း အာပတ်သင့်တယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဒါကြောင့် အဲဒီလို သီချင်းသံဆန်ဆန် ဟောတာမျိုး ဟောသူ နာသူ တရားမရလို့ ဘုရားက–

"မဂ်ဖိုလ်မမှီး အချည်းနှီးသော ယောက်ျား၊ သင်သည် ရဟန်းကောင်း ရဟန်းမြတ်တို့ မပြုကျင့်အပ်သော အကျင့်ကို ပြုကျင့်ဘိ၏၊ ရှည်သော သီချင်းသံဖြင့် ဟောခြင်းမျိုးသည် ရဟန်းကောင်းတို့အားမအပ်၊ ရဟန်းတို့၏ အမှုအရာလည်းမဟုတ်၊ အဘယ့်ကြောင့် သင်သည် သီချင်းသံဖြင့် ဟောကြားဘိသနည်း၊

http://www.dhammadownload.com



မိုက်မဲသည့် ရဟန်း၊ သင်ရဲ့ ဟောပုံ ပြောပုံ အလုံးစုံ
သည့် ကာမဂုဏ်ခံစားနေတဲ့ သာမန်လူတန်းစားတွေနဲ့
ဘာများထူးခြားသေးလဲ၊ လူတွေလည်း သင့်လိုပဲ သိဆို
သည်မဟုတ်လော"

စသည်ဖြင့် ကဲ့ရဲ့ရှုတ်ချထားတာကို ဝိနည်းပါဠိတော်မှာ တွေ့ရတယ်၊ ဘုရားရှင်ဟောထားတယ်၊ မိန့်မှာထားတယ်"

"မှန်ပါဘုရား"

"ဂီတဓမ္မ=သီချင်းတရား" နှင့် "ဓမ္မဂီတ=တရားသီချင်း နှစ်ခုကို သေသေချာချာ ကွဲအောင်မှတ်နော်" မကွဲလို့ မဖြစ်ဘူး၊ အဲဒီမှာ "ဘုန်းကြီးတွေအနေနဲ့ကတော့ ဓမ္မဂီတရော ဂီတဓမ္မပါ သီချင်းလို အသံရှည်ဆွဲရင် အာပတ်သင့်မယ်၊ မဆိုကောင်း မဟောကောင်းဘူးလို့ မှတ်ထား"

"မှန်ပါဘုရား"

"ဒီတော့ အဲဒါမျိုးမပါလို့ ရိုးတယ်ပြောတာ ပြောပါစေ၊ ကောင်းတာပေါ့"

"မှန်ပါဘုရား"

"တရားဆိုတာ ပညာရှိကြိုက်၊ အနည်းကြိုက်ပဲ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အများကြိုက်တာက တရားမဟုတ်ပါဘူး၊ ခုနကလို သီချင်းသံလို ဟောမှုကြိုက်တာ၊ အဲဒီအများကြိုက်နောက်လိုက်ရင် ကယ်တင်ရာမရောက်ဘဲနှင့် နှစ်ရာရောက်မှာပေါ့၊ ဒီတော့ 'မကယ်ဆယ်ချင်နေပါ၊ မနှစ်တော့ မနှစ်ပါနဲ့' ဟုတ်လား"

http://www.dhammadownload.com



"မှန်ပါဘုရား"

"ကဲ…ဒါဖြင့် တော်ကြပါစို့"

- တရားဟောရာ ရိုးရိုးသာ ဟောတာကောင်းလေ၏။
- ဆန်းဆန်းဟောက အပယ်ကျ ဒုက္ခကြီးလေ၏။
- ဒုက္ခလွတ်ရန် ရိုးသံမှန် ဟောရန်သင့်လေ၏။

http://www.dhammadownload.com



# ကိုယ်ထောင်တဲ့လှေကား ကိုယ်မဖျက်ဆီးနဲ့

{ ၂၃ }

"ကောင်းဆိုးစစ်၍ ကျိုးပြစ်ရှုမျှော် သိမြင်မျှော်လော့
သူတော်မဟုတ် သူယုတ်တို့၌ တစ်ခိုက်မျှဖြင့် ပေါင်းမိ
သင့်က စိန်နှင့် သံပုရာ အဆိပ်စာသို့ မိစ္ဆာတိမ်းပါး
ယှူဖေါက်ပြား၍ တရားမလျော် မှားယွင်းချော်၏"

"သူတော်သူစင် ပညာရှင်တို့ မိန့်ကြားစကား တစ်
ခွန်းကြားက ပတ္တမြားဆန်ကျိုး အဖိုးပြည်တန် ကေန်
မုချ တစ်လုံးရဖို့ နဂ္ဂဖိုးမွန် ကျိုးကဲလွန်၏"

အထက်ပါ မဃဒေဝလင်္ကာကား မှန်လှ၏၊ အဖန်ဖန်ဖတ်၍ အဖန်ဖန်စဉ်းစားကာ မှန်လှ၏၊ မှန်လှ၏ဟု အဖန်ဖန်ပင် လက်ဖြင့် တီး၍ အံ့ချီးထိုက်ပါပေ၏။

"အဘယ့်ကြောင့်ဆိုသော် တစ်ချိန်သောနေ့ကာလက ဖြစ်၏။ မိမိသည် မြို့တစ်မြို့တွင် တရားဟော၏။ တစ်နေ့ နေ့လယ်တွင်

http://www.dhammadownload.com



ယင်းမြို့ကို ဆွမ်းခံရွာပြု၍ တောရသောက်တည်နေသော တောရ ထေရ်ကျော် ဆရာတော်တစ်ပါးထံသို့ သွားရောက်ဖူးမြော်သည်။

"ရောက်တယ်ဆိုလျှင် တောရကျောင်းမှာ တိတ်ဆိတ်ငြိမ်သက် ကြက်သီးထဖွယ်ပင် ဖြစ်တော့၏။ ဆရာတော်ကား တရားနှလုံးသွင်းနေသည်"

"မိမိတို့သည် ဆရာတော်ကို ဖူးမြော်လိုသည်၊ ဩဝါဒစကား နာကြားလိုသည်။ သို့နှင့် အပြင်မှ ချောင်းဟန့်လိုက်သည်၊ အထဲမှ အသံမကြား၊ နှစ်ခါသုံးခါ ဆက်၍ချောင်းဟန့်တော့မှ အတွင်းမှ ချောင်းဟန့်သံ တစ်ချက်ကြားရသည်"

"ထိုအခါ မိမိတို့မှာ စကားမှ မဟရဲဘဲ ငြိမ်သက်စွာနှင့် အတွင်းသို့ပဲ နားစွင့်နေရသည်။ အတွင်းမှ သင်္ကန်းပြင်သံကြားပြီး မကြာမီ ဆရာတော်သည် အတွင်းမှ အပြင်သို့ ကြွလာသည်"

"ဆရာတော်မှာ ကြည်လင်၏၊ သပ္ပာယ်၏၊ ရိုးသားတည်ကြည်သောအသွင်ကို ဆောင်လျက်ရှိ၏။ ခပ်ကုတ်ကုတ်ကလေး ထိုင်ကာမေး၏-

"ဘယ်ကကြွလာကြပါသလဲ"

"တပည့်တော်တို့ (          )တောရကျောင်းကပါဘုရား၊ ယခု ဒီမြို့မှာ တရားလာဟောပါတယ်ဘုရား"

"အေး...အေး၊ ကောင်းတယ်၊ ကောင်းတယ်"

"ရောက်တဲ့အခိုက် တပည့်တော်တို့ကို ဆုံးမဩဝါဒ ပေးသနားပါဘုရား"

http://www.dhammadownload.com



"ဆုံးမဩဝါဒကတော့ ဘာအထူးပေးစရာ လိုမှာလဲ၊ **'ကိုယ်ထောင်တဲ့လှေကား ကိုယ်မဖျက်ဆီးနဲ့'** ဒါပဲပေါ့"

ဆရာတော်မှာ စကားပြောလျှင် ခပ်ပြတ်ပြတ်ပင် ဟန်ဆောင်မှုမပါ ပွင့်လင်းလှ၏။

"ကိုယ်ထောင်တဲ့လှေကား ကိုယ်မဖျက်ဆီးနဲ့" ဆိုတဲ့ စကားရဲ့ အဓိပ္ပာယ်က ဘယ်လိုပါလည်း ဘုရား"

"ရဟန်းဝတ်တယ်ဆိုတာ နိဗ္ဗာန်သွားမယ်ဆိုပြီး သီလလှေကား ထောင်လာခဲ့တာ မဟုတ်လား"

"မှန်ပါဘုရား"

"မပြုသင့်တာပြုရင် သီလမပျက်ဘူးလား"

"ပျက်ပါတယ်ဘုရား"

"ပြုသင့်တာမပြုရင်ကော သီလမပျက်ဘူးလား"

"ပျက်ပါတယ်ဘုရား"

"သီလပျက်တယ်ဆိုရင် အကုသိုလ်ဖြစ်မယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဒီတော့ ကိုယ်ထောင်တဲ့ သီလလှေကား ကိုယ်ဖျက်ရာမရောက်ဘူးလား"

"ရောက်ပါတယ်ဘုရား"

"အေး...ခုခေတ်ရဟန်းတော်တွေဟာ ကိုယ်ထောင်တဲ့ သီလလှေကား ကိုယ်ဖျက်ဆီးနေကြတာများတယ်"

"မှန်ပါဘုရား၊ များပါတယ်"

http://www.dhammadownload.com



"တို့တော့ ဒီဘဝမှာပဲ တရားရအောင် ခဲမယ်ဆိုပြီး သီလ လေးကားထောင်ပြီး ကြိုးစားနေတာပဲ"

"မှန်ပါဘုရား"

"ဒီဘဝမရလို့ လူ့ပြည်များ ပြန်လာပြီးတော့ လူဖြစ်မှာ သိပ်ပြီးတော့ကြောက်တယ်"

"ခေတ်အနေနဲ့ကြည့်ရင် ကြောက်စရာပါဘုရား"

"လူတွေဖက်ကလည်း လူ့သီလတွေ ချို့တဲ့ကုန်ပြီ"

"မှန်ပါဘုရား"

"ရဟန်းတွေဖက်ကလည်း ရဟန်းသီလတွေ ချို့တဲ့ကုန်ပြီ"

"မှန်ပါဘုရား"

"နောက်တစ်ခါလူဖြစ်ရင် သီလမရှိတဲ့ လူတွေဝမ်းထဲမှာ ပဋိသန္ဓေနေပြီး၊ သီလမရှိတဲ့ ရဟန်းတွေထံမှာ ရှင်ပြုရဟန်းခံရ မယ်ဆိုတော့ ကြောက်စရာမကောင်းဘူးလား"

"ကြောက်စရာပါဘုရား"

"အပါယ်ကျရာမှာထက် ကြောက်စရာကောင်းတယ်"

"မှန်ပါဘုရား"

"အဲဒီ သီလမရှိတဲ့ ရဟန်းတွေထံမှာ တပည့်ခံရမယ်ဆိုတော့ အပါယ်မှာ ကြာမယ်မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ကြောက်စရာအလွန်ကောင်းတယ်နော်၊ မပေါ့နဲ့၊ ကြိုးစား အားထုတ်ကြ"

http://www.dhammadownload.com



"သူများကို တရားဟောရတာ လွယ်တယ်၊ ကိုယ်ဟောတဲ့ တရားအတိုင်း ကိုယ်နေဖို့ရာ ခက်တယ်"

"မှန်ပါဘုရား"

"ကိုယ်ဟောတဲ့ တရားအတိုင်း ကိုယ်နေရင်လည်း သူများတွေကို နည်းနည်းဟောပြီး ကိုယ်က များများကျင့်ဖို့ပဲ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အေး...အဲဒါသတိထား၊ သူများနည်းနည်းဟော၊ ကိုယ်များများကျင့် ဒါပဲ"

"မှန်ပါဘုရား"

"ရဟန်းတွေဟာ ကျင့်စရာတွေ အများကြီး သိသားပဲ၊ မကျင့်တာတွေ များတယ်မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"မကျင့်ရင် အကျိုးမရဘဲ အပြစ်တွေပဲ ဖြစ်မှာ၊ ဒီတော့ အကျိုးယူမလား၊ အပြစ်ယူမလားဆိုတာ ကိုယ်ဖာသာ စဉ်းစားပြီးလုပ်ပေါ့"

"မှန်ပါဘုရား"

"သူများတွေတော့ ဒါနလောက်၊ သီလလောက်၊ သမထလောက်နဲ့ တင်းတိမ်မနေနဲ့၊ ဘာဝနာတရားကို ကြိုးစားလို့ ဟောကြတယ်မဟုတ်လား"

"မှန်ပါ၊ ဟောကြပါတယ်ဘုရား"

"အဲဒီဟောသူ သွားကြည့်ရင် သူ့မှာ သီလလောက်တောင် သိပ်မရှိတာများတယ်နော်"

http://www.dhammadownload.com



"မှန်ပါဘုရား"

"သတိကြပ်ကြပ်ထားပါ"

"မှန်ပါဘုရား"

မိမိတို့သည် ဆရာတော်ကြီးက ဆုံးမစကားများကို နာကြား၍ မဝကြပါ။ သို့သော် ဆရာတော်ကြီး၏ အချိန်ကို လုမယူချင်သည်နှင့် နာကြားမဝဘဲသာ ပြန်ခဲ့ကြရပါသည်။

မိမိတောရသို့ ရောက်သော် မိတ်ဆွေတစ်ပါးနှင့် ယင်းတောရသို့ သွား၍ ဆရာတော်ကြီး ဖူးမြော်ကြောင်းတွေ အစုံပြောပြ၏။ ထိုအခါ မိတ်ဆွေများက ပြောပြ၏။

"အရှင်ဘုရားတို့ ကံကောင်းတာပေါ့"

"ဘာဖြစ်လို့လဲ"

"တပည့်တော်တို့ တစ်ခါတုန်းက တောရတစ်ခုကအပြန် မြို့ပေါ်ရှိ ရိပ်သာဆရာတော်ကြီးတစ်ပါး သွားဖူးမြော်တာ မဆုံးမတဲ့အပြင် မာန်လိုက် ထန်လိုက်တာ စိတ်ကိုကုန်ရော"

"ဟင်...ဘာဖြစ်လို့ မာန်တာလဲ"

"ဆရာတော်ကြီးက သူ့လိုပဲ ပရိသတ်အဝိုင်းအဝိုင်းနဲ့ နေစေချင်တယ်နဲ့တူပါတယ်"

"ဩော်...ခက်ပဲ ခက်ရချည်သေးရဲ့"

"အဲဒီလို ဆရာတော်ကြီးတွေ သွားဖူးမြော်ရတာ စိတ်မကြည်ဘူး၊ ယခု အရှင်ဘုရား စိတ်ကြည်တယ် မဟုတ်လား"

http://www.dhammadownload.com



"ဟာ...စိတ်သိပ်ကြည်တာပေါ့၊ ဝမ်းသာမဆုံးပေါ့၊ ကိုယ်ရဲ့ တောစိတ်ကလေးတွေလည်း မပျောက်သွားဘူး၊ နောက်လည်း သွားဖူးချင်သေးတယ်"

"အဲဒါ စာထဲမှာပါတဲ့ '**မနောဘာဝနီယရဟန်း**' စိတ်နှလုံး ပွားစေတတ်တဲ့ ရဟန်းပေါ့"

"မှန်ပါဘုရား"

"တပည့်တော်တို့ကျတော့ စိတ်နှလုံး တွန့်ဆုတ်သွားတယ်၊ စိတ်နှလုံးမပွားဘူး၊ နောက်လည်း အဲဒီဆရာတော်ကြီးဆီ မသွား ချင်တော့ဘူး"

သာသနာတော်သည် ရှေ့ဘယ်သို့နည်း?

- ❀ ဩဝါဒစကား ဟောမိန့်ကြား စိတ်များကြည်လှပါ။
- ❀ အပြစ်ပြောကြား မာန်ထန်ငြား စိတ်များနောက်လှပါ။

http://www.dhammadownload.com



# သောတာပန်ရဟန်း လူထွက်ပါသေးသလား

{ ၂၄ }

"မြေကြီးထဲတွင် ဝင်မှီတည်နေသော လွန်စွာမြဲခိုင် တံခါးတိုင်ကြီးသည် အရပ်လေးမျက်နှာမှ လေပြင်းမုန်တိုင်းများ လှုပ်ရှားစေခြင်းငှာ မတတ်နိုင်သကဲ့သို့ မဂ်ဉာဏ်ဖြင့် အရိယသစ္စာတို့ကို သိမြင်ပြီးသော သောတာပန်ပုဂ္ဂိုလ်ကို ထိုတံခါးတိုင်ကြီးနှင့်တူသော ပုဂ္ဂိုလ် ဟူ၍ ငါဘုရား ဟောတော်မူသည်"

"သောတာပန်သံဃာ၌ ဤရတနာ၏အဖြစ် နှစ်သက်ဖွယ် ဂုဏ်ရည်မှာလည်း ထူးမြတ်လှပါပေ၏။ ဤမှန်ကန်သောသစ္စာစကားကြောင့် သတ္တဝါတွေ ချမ်းသာပါစေသတည်း"

ဘုရားရှင်လက်ထက်တော်အခါက သောတာပန်ပုဂ္ဂိုလ် အများ အပြားရှိခဲ့ရာ သောတာပန်အဖြစ်ကို ကိုယ်တွေ့ကြုံသူ

http://www.dhammadownload.com



များလည်း ရှိခဲ့၏။ ဘယ်သူသောတာပန်ပဲဟု အကြားအရ သိနေရသူလည်းရှိ၏။ သောတာပန်အဖြစ်မှာ လူအများ၏ အကြားအတွေ့အားဖြင့် ထင်ရှားခဲ့ရာ ထိုသို့ ထင်ရှား လူသိများသော သောတာပန်သံဃာတွင် ဂုဏ်ဖြင့် သစ္စာပြဟန်ကို ပြတော်မူလို၍ အထက်ပါစကားကို ဗုဒ္ဓရှင်တော် မိန့်တော်မူသည်။

## သစ္စာသိမြင်ပုံ

အရိယသစ္စာကို သိရာတွင် "**အနုဗောဓသိ**=လောကီဉာဏ်ဖြင့် သိမှု၊ **ပဋိဝေဓသိ**=မဂ်ဉာဏ်ဖြင့် ထွင်းဖောက်သိမြင်မှု"ဟု အသိနှစ်မျိုးရှိရာ ဤတွင် ပဋိဝေဓအသိခေါ် မဂ်ဉာဏ်အသိကို လို၍ "မဂ်ဉာဏ်ဖြင့် သက်ဝင်သိ၏"ဟု ဆို၏။

မဂ္ဂဘာဝနာဟူသည် မိမိသန္တာန်၌ မဂ်ကိုဖြစ်စေခြင်းတည်း။ ထိုမဂ်ကား ပုဗ္ဗဘာဂ ဝိပဿနာတွင်လည်း ဖြစ်လျက်ရှိရာ ၎င်းမှာ အရိယမဂ် ဆိုက်ရောက်ရေးအတွက်ဖြစ်၏။

သို့ဖြစ်ရာ မဂ္ဂဘာဝနာကား အရိယမဂ် ဆိုက်ရောက်သော အခါ အပြီးအဆုံး အထွတ်အထိပ်သို့ ရောက်ရတော့၏။ ဒုက္ခကို ပိုင်းခြားသိမှု၊ ပရိညာကိစ္စလည်း ဝိပဿနာ၌ ရှိနေလျက်ပင်။ သို့သော် အပြီးတိုင်မရောက်သေး၊ သိမှုမပြီးသေး၊ မဂ်အခိုက်၌ကား အပြီးတိုင် ထွင်းဖောက်ကာ အရှင်းလင်းဆုံးအခြေသို့ ရောက်ခဲ့ရ၏။

ထို့အတူ ဝိပဿနာအခိုက်ကပင် အစဉ်ဖြစ်နေသော သမုဒယသစ္စာကို ပယ်ခြင်းကိစ္စလည်း မဂ်ကျမှ ပြည့်ဝခြင်းသို့ရောက်၏။

http://www.dhammadownload.com



ထို့ကြောင့်ပင် မဂ္ဂသည် နိဗ္ဗာန်ကိုအာရုံပြုသော်လည်း အခြား သစ္စာများကို တစ်ချက်တည်း ဖောက်ထွင်းသိမြင်မှု ပြီးတော့ သည်။

ဤတွင် နိဗ္ဗာန်ကိုသိသည်မှာ "**အရမ္မဏ**=အာရုံပြုသောအား ဖြင့် သိသော" အသိမျိုးတည်း။ ဒုက္ခစသည်ကို သိသော အသိ ကား "**အသမ္မောဟ**=တွေဝေမှုမရှိ သိပြီး ရှင်းလင်းပြီး ဖြစ်နေ သော" အသိမျိုးဖြစ်သည်။ ဤအချက်၌ ဆီမီးဥပမာဖြင့်ပြ၏။ ဆီမီးသည်-

၁။ မီးစာကိုလောင်စေခြင်း၊

၂။ အမှောင်ကိုဖျောက်ခြင်း၊

၃။ အလင်းကိုပြခြင်း၊

၄။ ဆီကိုခန်းစေခြင်း ကိစ္စလေးချက်ကို တစ်ပြိုင်တည်း ပြသကဲ့သို့ မဂ်သည်လည်း-

၁။ ဒုက္ခကိုသိခြင်း၊

၂။ သမုဒယကိုပယ်ခြင်း၊

၃။ မဂ္ဂကိုပွားခြင်း၊

၄။ နိရောဓကို မျက်မှောက်ပြုခြင်းဟူသော ကိစ္စလေးချက် တစ်ပြိုင်နက်တည်း ပြီးစေ၏။

## တံခါးခိုင်နှင့်တူပုံ

မဂ်ဖြင့် ကိစ္စလေးချက်ကို ကိုယ်တွေ့ပိုင်လျက်ရှိသော အရိယာ၌ မဂ်ဖြင့် နိဗ္ဗာန်ကို ဆိုက်တွေ့ရခြင်း၊ "အခါမလင့်

http://www.dhammadownload.com



အကျိုးပေးသော=**အကာလိကမဂ်**"၏ ဂုဏ်အရ အရိယာဖိုလ်ကို ပိုင်နိုင်ခဲ့ ခြင်း၊ ထိုသို့ "ကိုယ်တွေ့=**သန္ဒိဋ္ဌိကမဂ်ဖိုလ်များ**"အရ "ငါမဂ်ဖိုလ် ရပေပြီ"ဟု "**ပစ္စတ္တံဝေဒိတဗ္ဗ**"အရ မိမိကိုယ်တိုင် သိရသော ကြောင့် ထိုအရိယာမှာ "**အပရပ္ပစ္စယ**=ဘုရားမှတစ်ပါး အခြား အားထားယုံကြည်ဖွယ်မရှိသူ" "**ဝေသာရဇ္ဇပ္ပတ္တ**=ယုံမှား အမျိုးမျိုးဖြင့် စိုးရွံ့နေရသောဘဝမှ ယုံမှားကင်း၍ ရဲတင်းသူ" အဖြစ် ရောက်ခဲ့ရာ ထိုပုဂ္ဂိုလ်များမှာ အခြားအယူအဆ တစ်ပါး တို့ကြောင့် အဘယ်မှာ လှုပ်ရှားယိမ်းယိုင်ပါတော့မည်နည်း။

အလွန်ခိုင်ခံ့စွာ စိုက်ထားအပ်သော တံခါးတိုင်ကြီးသည် အရပ်လေးမျက်နှာမှ လေပြင်းမုန်တိုင်းများ မလှုပ်ရှားစေနိုင် သကဲ့သို့ ထိုသောတာပန်ပုဂ္ဂိုလ်ကို ဘယ်လိုအယူမှား တိတ္ထိ အယူအဆမျိုးကမျှ မလှုပ်ရှားစေနိုင်၊ မိမိအမြင်မှ ရွေ့ရှားတိမ်းပါး အောင် မည်သူမျှ မတတ်နိုင်တော့ပေ။ မှန်၏၊ ဘုရားရှင်လည်း ဟော၏–

> "နက်သော တွင်းရှိ၍ မရွေ့ပါး မလှုပ်ရှား ကောင်း မွန်မြဲခိုင်အောင် စိုက်ထားအပ်သော တံခါးတိုင်ကို အရှေ့အနောက် တောင်မြောက် အရပ်လေးမျက်နှာ တို့မှ လေပြင်းမုန်တိုင်းများ မလှုပ်ရှားစေနိုင်ရာ၊ အကြောင်းမှာ တွင်းကလည်းနက် ကောင်းမွန်ခိုင်မြဲ အောင်လည်း စိုက်ထားအပ်သောကြောင့် ဖြစ်၏။

ထို့အတူ သမဏဗြာဟ္မဏအမည်ခံ အကြင်ပုဂ္ဂိုလ် တို့သည် ဒုက္ခ–သမုဒယ–မဂ္ဂ–နိရောဓဟူသော အမှန်

http://www.dhammadownload.com



တရား သစ္စာလေးပါးတို့ကို သိကြ၏။ ထိုသစ္စာတို့ကို သိမြင်ပြီးသောကြောင့်ပင် ထိုသမဏ ဗြာဟ္မဏတို့မှာ ဤသူ တရားထူး သိမြင်သူပဲဟု ဘုရားမှတစ်ပါး အခြားသူ၏ မျက်နှာကို မော်မကြည့်ကြတော့ပေ။

**(သံယုတ်ပါဠိတော်)**

"ဤစကားဖြင့် သစ္စာမမြင် ပုထုဇဉ်တို့နှင့် သစ္စာသိမြင်သူတို့ ဆန့်ကျင်ဘက်အဖြစ်ကိုပြ၏။ ပုထုဇဉ်တို့ကား ဆရာ အမျိုးမျိုး တို့၏ မျက်နှာကို မော်ကြည့်တတ်ကြကုန်၏။ ဤဆရာက တစ်မျိုး ပြောလျှင် လက်ခံ၍ ဆရာတင်တတ်၏။ အခြားဆရာတစ်ယောက် က တစ်မျိုးပြောပြန်လျှင် သက်ဝင်ယုံကြည်တတ်ပြန်၏။

ယင်းသို့ ဆရာအမျိုးမျိုး အယူအဖုံဖုံပြောင်းနိုင်၏။ ဤသို့ ဖြစ်ရသည်မှာ သစ္စာမမြင်၍ အတည်ပြု ဆုံးဖြတ်နိုင်ဖွယ် တရား မတွေ့သောကြောင့်တည်း။ အတည်ပြု ဆုံးဖြတ်နိုင်လောက်အောင် ကိုယ်တွေ့ သစ္စာတရားမျိုးရှိပြီး သောတာပန်တို့ကို မည်သူ တစ်ယောက်မျှ သွေးဆောင် ဖြားယောင်းခြင်း၊ ခြိမ်းခြောက်ခြင်း၊ လှည့်စားခြင်းတို့ဖြင့် ထိုဆုံးဖြတ်ချက်ကို ပျောက်ပျက်အောင် ပြုခြင်း မှာ မတတ်နိုင်ပေ။

## ဖြားယောင်းသွေးဆောင်မရ

အခါတစ်ပါး မြတ်စွာဘုရား တရားဟောနေစဉ် ပရိသတ် အစွန်မှ တရားနာနေသော "သုပ္ပဗုဒ္ဓ" လူနူတစ်ယောက်သည် သောတာပန်ဖြစ်လေ၏။ တရားပွဲပြီး ပရိသတ်စဲသောအခါ မိမိ

http://www.dhammadownload.com



ရသော ဂုဏ်ကို ဘုရားရှင်အား လျှောက်ထားရန် အလာတွင် သိကြားမင်းက စုံစမ်းလို၍ ကောင်းကင်မှနေပြီးလျှင်-

"**သုပ္ပဗုဒ္ဓ**! သင်ကားဆင်းရဲလှ၏၊ သင့်ကို ငါမကုန်နိုင်အောင် မြားမြောင်သော ဥစ္စာပစ္စည်းတွေကို ပေးမည်၊ သင်ကသာ ဘုရားကို ဘုရားမဟုတ်, တရားကို တရားမဟုတ်, သံဃာကို သံဃာမဟုတ်၊ ဘုရားတရားသံဃာတို့ကို အလိုမရှိဟု ပြောရမည်"ဟုဆို၏။

ထိုအခါ "သင်ဘယ်သူနည်း"ဟု သုပ္ပဗုဒ္ဓကမေး၏။ "မိမိ သိကြားမင်းဖြစ်ကြောင်း ပြောသော်-

"အရှက်မဲ့သော သိကြားမိုက် သင့်ကို ငါစကားပင် ဖက်မပြောထိုက်၊ သင်ကား ငါ့ကို လူဆင်းရဲဆို၏။ ငါ့မှာ သဒ္ဓါ-သီလ-သုတ-စာဂ-ပညာ-ဟိရီ ဩတ္တပ္ပ ဆိုတဲ့ သူတော်ကောင်း ဥစ္စာရတနာတွေ ရှိနေ၍ ငါကား လူချမ်းသာဖြစ်၏"ဟု ဆို၏။ သိကြားမင်းလည်း ဤအကြောင်းကို ဘုရားရှင်အား လျှောက်ထားသော် ဘုရားရှင်က-

"သိကြားမင်း သင်ကဲ့သို့ သိကြားအရာ အထောင်မက သုပ္ပဗုဒ္ဓကို ဘုရားမဟုတ် စသည် ပြောဆိုနိုင်း၍ ရမည်မဟုတ်ကြောင်း" မိန့်တော်မူသည်၊ သုပ္ပဗုဒ္ဓလည်း ဘုရားရှင်ထံ မိမိရရှိသောအရိယာဂုဏ်ထူးကို လျှောက်ထားပြီး ပြန်အလာတွင် သားသည်အမေ နွားမက ဖွေ့သတ်၍ သေလွန်ကာ နတ်ပြည်ရောက်ရလေသည်။

**(ဓမ္မပဒ)**

http://www.dhammadownload.com



## ချောက်၍မရ

ဘာရဒ္ဒါဇအနွယ် ပုဏ္ဏားတစ်ယောက်၌ ဓနဉ္စာနီအမည်ရှိသည့် ပုဏ္ဏေးမရှိ၏။ ပုဏ္ဏားကြီးကား အယူမှား ပုဏ္ဏားများကို ကြည်ညို၍ ပုဏ္ဏေးမကား ဘုရားတပည့်သောတာပန်တည်း။ ပုဏ္ဏားကြီးက အယူမှားပုဏ္ဏားများကို ထမင်းကျွေးသောအခါ မစ္ဆရိယမရှိသော ပုဏ္ဏေးမက ပြုစုတတ်သော်လည်း ပုဏ္ဏေးမက ဘုရားအမှူးရှိသော သံဃာများအား ဆွမ်းကပ်သောအခါမူ ပုဏ္ဏားကြီးသည် မစ္ဆရိယရှိရကား အိမ်မှ ရှောင်ပြေးတတ်၏။

တစ်နေ့ ပုဏ္ဏားကြီးသည် အယူမှား ပုဏ္ဏားငါးရာ ထမင်းစားဖိတ်လာပြီးနောက် ပုဏ္ဏေးမကို ပြော၏။

"အို...ရှင်မ၊ နက်ဖြန် ပုဏ္ဏားငါးရာ ထမင်းသုံးဆောင်ချိန် ကြွလာကြလိမ့်မည်။ ရှင်မကား ထိုင်ရင်း ရပ်ရင်းဖြစ်စေ ချောင်းဆိုးချေဆတ်သောအခါဖြစ်စေ "နမောဗုဒ္ဓဿ"ဟု ရဟန်းဂေါတမအား ရှိခိုးလေ့ရှိသည်။ နက်ဖြန်တစ်နေ့တော့ ဤရှိခိုးမှု မပြုပါနှင့်၊ ဤအသံကိုကြားလျှင် ပုဏ္ဏားတွေ စိတ်မချမ်းသာကြ၊ ငါနှင့် ပုဏ္ဏားတွေကို ကွဲအောင် မလုပ်ပါနှင့်"ဟု ဆို၏။ ထိုအခါ ဓနဉ္စနီပုဏ္ဏေးမက-

"အို...ရှင့် ပုဏ္ဏားတွေပဲကွဲကွဲ နတ်ဗြဟ္မာတွေနှင့်ပဲကွဲကွဲ ကျွန်မတော့ ဆရာဘုရားကို သတိရလျှင် "နမောဗုဒ္ဓဿ'လို့ ရှိမခိုးဘဲ မနေနိုင်"လို့ ငြင်းဆန်၏။ ထိုအခါ ပုဏ္ဏားကြီးက-

http://www.dhammadownload.com



"အို...ရှင်မ အိမ်ခြေတစ်ရာရှိသောရွာမှာ ရွာတံခါးကိုပင် ပိတ်နိုင်သေးလျက် လက်နှစ်ချောင်းမျှနှင့် ပိတ်ရသော ပါးစပ်ကလေးကို ထမင်းစားချိန်အတွင်းမျှ မပိတ်နိုင်ဘူးလား" စသည်ဖြင့် အမျိုးမျိုးပြောသော်လည်း ပုဏ္ဏားမကြီးက ငြင်းဆန်မြဲ ငြင်းဆန်နေသဖြင့် ခေါင်းရင်းမှ သန်လျက်ကိုယူပြီး–

"ဟော့...ရှင်မ၊ ရဟန်း ဦးပြည်းကတုံးကို "နမော ဗုဒ္ဓဿ"လို့ ရှိခိုးလျှင် ဟောဒီသန်လျက်ဖြင့် ခြေဖျားမှ ခေါင်းအထိ နုပ်နုပ်ပါအောင် စဉ်းပစ်မည်"ဟု ခြိမ်းချောက်၏။ ဘုရားတပည့်မ အရိယာမည်သည်မှာ ဘုရားနှင့် စပ်လာလျှင် တုန်လှုပ်မြဲ မဟုတ်သည့်အတိုင်း–

"အိုပုဏ္ဏားကြီး...ကျွန်မ၏အင်္ဂါကြီးငယ်ကို ဖြတ်လိုဖြတ်၊ သတ်လိုလျှင် သတ်ပါတော့၊ ဘုရားအဆုံးအမကို မပယ်နိုင်၊ ဘုရားနှင့်ကင်း၍ မနေနိုင်"ဟု ဆိုသော် ပုဏ္ဏားလည်း ဘာမျှမတတ်နိုင်တော့ဘဲ" မင်း ထင်ရာလုပ်တော့"ဟု လက်လျှော့ရလေသည်"**(သံယုတ်ပါဠိ)**

## လှည့်စားမရ

သူရမ္ဗဋ္ဌကား တိတ္ထိတို့၏ တပည့်ဒကာဖြစ်၏။ သူရမ္ဗဋ္ဌ၏ သောတာပန်ဖြစ်ရန် မြင်တော်မူသော ဗုဒ္ဓသည် ဆွမ်းခံကြွလာ၏။ သူရမ္ဗဋ္ဌလည်း ဗုဒ္ဓအား အိမ်ထဲသို့ပင့်လိုက် ဆွမ်းကပ်၏။ ဗုဒ္ဓသည် သူ့အား တရားဟော၏၊ သူကား သောတာပန်ဖြစ်သွား၏။

http://www.dhammadownload.com



ဗုဒ္ဓသည် ပြန်ကြွ၏။ ထိုအခါ မာရ်နတ်က သူရမ္ဗဋ္ဌ၏ မိမိနယ်မှလွတ်–မလွတ် စုံစမ်းလို၍ ဘုရားနှင့်တူအောင် ဖန်ဆင်းပြီးလျှင် သူရမ္ဗဋ္ဌ၏ အိမ်တံခါးသို့ ရောက်လာ၏။ သူရမ္ဗဋ္ဌသည် ဘုရားရှင် ပြန်ကြွလာသည်ဟူသော အမှတ်ဖြင့် ချဉ်းကပ်ကာ ကြွလာခြင်းအကြောင်းကို လျှောက်လေသော် ဘုရားအယောင်ဆောင်သော မာရ်နတ်က–

သူရမ္ဗဋ္ဌ ငါတရား ဟောရခဲ့စဉ်က တရားတစ်ခုကို သတိမထား အမှတ်မဲ့ဟောခဲ့မိသည်။ ခန္ဓာငါးပါးလုံးကို အနိစ္စံ–ဒုက္ခ–အနတ္တဟု ဟောခဲ့မိ၏။ သို့သော် ခန္ဓာတွေအကုန်လုံး သည်သဘောချည်းမဟုတ်၊ မပျက်မစဲ ခိုင်မြဲသောခန္ဓာတချို့ ရှိသေးသည်"ဟု ဆို၏။ ကိုယ်တွေ့တရား မရှိသူဆိုလျှင် ဘုရားပဲဟု အတည်ပြု၍ မာရ်နတ်စကားကို လက်ခံလိုက်မည်သာ ဖြစ်၏။ တရားကိုယ်တွေ့ဖြစ်ပြီး ယုံကြည်ဆုံးဖြတ်ပြီး ဖြစ်နေသော သူရမ္ဗဋ္ဌကား ဤအချက်ကို လက်မခံနိုင်၊ ထို့ကြောင့်စဉ်းစားသည်မှာ–

"ဤစကားသည် အလွန်ဝန်လေးသော စကားဖြစ်၏။ ဘုရားတို့မည်သည် အမှတ်တမဲ့ ဟောမှု မရှိနိုင်၊ ဘုရားရှင်၏ ဆန့်ကျင်ဖက်မှာ မာရ်နတ်ဖြစ်၍ ဤသူသည် မာရ်နတ်ဖြစ်ရမည်"ဟု စဉ်းစားပြီးလျှင် "သင် မာရ်နတ် မဟုတ်လော"ဟု ဆို၏။ မာရ်နတ်လည်း မကွယ်မဝှက်သာ။ ဟုတ်ကြောင်းဝန်ခံရ၏။ ထိုအခါ သူရမ္ဗဋ္ဌက–

http://www.dhammadownload.com



"အို…မာရ်နတ်၊ သင်လိုမာရ်နတ်မျိုးအရာအထောင် လာဖျက်သော်လည်း ငါ၏သဒ္ဓါကို လှုပ်ရှားစေနိုင်မည် မဟုတ်၊ မဟာဂေါတမ ဘုရားရှင်သည် "သဗ္ဗေ သင်္ခါရာ၊ အနိစ္စာ"ကို ကြားရုံမျှမဟုတ် ကိုယ်တွေ့သိသည် အထိ ဖြစ်အောင် ဟောကြားခဲ့ပြီးဖြစ်ရာ သင်လှည့်စား၍ ရမည်မဟုတ်၊ ငါ့အိမ်တံခါးမှာ မနေနှင့်တော့"ဟု နှင်သော် မာရ်နတ်လည်း ကွယ်လေ၏။ ဤအကြောင်းကို ဘုရားရှင်အား လျှောက်ထားလေသော် ဤအကြောင်းအတ္ထုပ္ပတ်အရပင် သူရမ္ဗအား "**အဝေစ္စပသန္နတောဒဂ်**=မတုန်မလှုပ် သက်ဝင်ကြည်ညိုသူများတွင် အထူးချွန်ဆုံးပုဂ္ဂိုလ်"အရာဖြင့် မြှောက်စား ချီးကျူးတော်မူသည်။ **(အင်္ဂုတ္တရဋ္ဌ)**

## သောတာပန္နဒ်ယင်္ဂ

သောတာပန်ပုဂ္ဂိုလ်သည် တရားကို ကိုယ်တွေ့ဖြစ်၍ တရား၌ အတည်ပြု ဆုံးဖြတ်နိုင်ခြင်းကြောင့်ပင်-

၁။ ဘုရား၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း၊

၂။ တရားတော်၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း၊

၃။ သံဃာတော်၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း၊

၄။ အရိယကန္တသီလ=ငါးပါးသီလနှင့် ပြည့်စုံခြင်း။

ဤတရားလေးပါး ၎င်း၌ ထင်ရှားခဲ့သည်။ ၎င်းလေးပါးသည် မဂ်ဖြင့်ပြီးသောကြောင့် "**သောတာပတ္တိယင်္ဂ=သောတာပတ္တိမဂ်၏**

http://www.dhammadownload.com



**အစိတ်အပိုင်း**"ဟု ဆို၏။ ဤတရား ၄–ပါးကို "**ဓမ္မဒါသ=တရားမှန်**"ဟုလည်း ဟောခဲ့၏။

လောကတွင် မှန်ကိုကြည့်သော် မိမိ၏အခြင်းအရာပုံပန်းကို ဖြစ်နေသည့်အတိုင်း အမှန် သိမြင်သကဲ့သို့ ဤတရားမှန်ဖြင့် "ငါအပါယ်မလားတော့ပြီ၊ မဂ်ဟူသော နိယာမဖြင့် မြဲပြီ၊ အထက်မဂ်သာ ရဖို့ရှိတော့သည်"ဟု သိနိုင်၏။ ထို့ပြင်–

၁။ သဗ္ဗုရိသသံသေဝ=သူတော်ကောင်းတို့နှင့် ပေါင်းခြင်း၊

၂။ သဒ္ဓမ္မဿဝန=သူတော်ကောင်းတရားနာခြင်း၊

၃။ ယောနိသော မနသိကာရ=သင့်တင့် ကောင်းမွန်အောင် စိတ်ထားခြင်း၊

၄။ ဓမ္မာနု ဓမ္မပဋိပတ္တိ=မဂ်ဖိုလ်ဓမ္မအားလျော်သော အကျင့်ကို ကျင့်ခြင်း"ဟု လာသော သောတာပတ္တိယင်္ဂ တရားလေးပါးရှိသေး၏။ ထိုသောတာပတ္တိယင်္ဂတရား လေးပါးကား သောတာပတ္တိမဂ်ရရန် ရှေ့အဖို့က ပြည့်စုံစေရမည့်အကြောင်း အင်္ဂါများတည်း။

သာသနာတော်၌ အတည်ပြုဆုံးဖြတ်နိုင်၍ မည်သူမျှမလှည့်စားနိုင်အောင် ခိုင်မာသော ထောက်တည်ရာ ရနေသော သောတာပန်၏ ဤဂုဏ်ရည်ကား အများလိုလားနှစ်သက်ဖွယ်ဖြစ်၍ ထိုဂုဏ်ရှင်မှာ နှစ်သက်ဖွယ် ရတနာအစစ်ဖြစ်ရပေသည်။

"နက်နဲသောဉာဏ်တော်ရှင် သဗ္ဗညုမြတ်စွာဘုရား အကောင်းဆုံး ဟောကြားတော်မူအပ်သော အရိယသစ္စာတို့ကို မဂ်ဉာဏ်ရရှိ ထင်ရှားသိတော်မူကြသော

http://www.dhammadownload.com



သတ္တက္ခတ္တုပရမ သောတာပန် ပုဂ္ဂိုလ်တို့သည် စည်း
စိမ်ယစ်၍ အလွန်အကဲ မေ့လျော့ကြစေကာမူ ရှစ်ကြိမ်
မြောက် ဘဝကို ယူရိုးမရှိတော့ပေ"

"သောတာပန် သံဃာ၏ ရတနာဟု သိနိုင်ဖွယ်
ဤဂုဏ်တော်သည်လည်း ထူးခြားမြတ်လှပါသည်။ ဤ
သစ္စာစကားကြောင့် သတ္တဝါတွေ ချမ်းသာကြပါစေ"

"သစ္စာလေးပါးကို သာမန်ပုဂ္ဂိုလ်တို့၏ ပကတိဉာဏ်ဖြင့်
ထွင်းဖောက် သိမြင်ရေးမှာ အလွန်ဝေးကွာလျက် မထောက်
မမှီနိုင်အောင် နက်နဲလှ၏။ ပဋိပတ်လမ်းစဉ်ဖြင့် လိုက်သူတို့သာ
သိနိုင်၏။

ယင်းပဋိပတ်လမ်းစဉ်ကို လိုက်၍ သစ္စာတို့ကို သိရသော
အခါ အလွန်နက်နဲလှပါတကား။ အလွန် မြင်နိုင်ခဲအောင် သိမ်မွေ့
လှပါတကား။ အလွန်ငြိမ်သက် မွန်မြတ်လှပါတကား။ စိတ်ကူး
ဉာဏ်ဖြင့် သက်ဝင်ရန် မဖြစ်နိုင်သော တရားပါတကား။ လမ်းမှန်
အတိုင်းကျင့်သူ ပညာရှင်များသာ သိနိုင်သော တရားပါတကား
ဟု နားလည်လာတော့သည်။

"ရဟန်းတို့... သစ္စာလေးပါး အမှန်တရားတို့ကို မသိခြင်း
ကြောင့် ငါဘုရားရော သင်တို့ပါ ရှည်လျားလှစွာ သံသရာ
ကာလပတ်လုံး ကျင်လည်ပြေးသွားခဲ့ရပြီ" ဟူသော ဘုရားမိန့်ခွန်း
တော်အရ သစ္စာလေးပါးမသိခြင်းမှာ သံသရာရှည်ခြင်း အကြောင်း
ဖြစ်၍ သစ္စာကို သိခြင်းမှာ သံသရာ ပြတ်စဲကြောင်း ဖြစ်သည်
မှာ သိသာလှပေ၏"

http://www.dhammadownload.com



သစ္စာသိရန် ကြိုးပမ်းသော ယောဂီ၏ ဝိပဿနာသည် ကိလေသာတို့ကို ပယ်လျက်ရှိနေ၏။ ကိလေသာများသာမက ခန္ဓာ အဘိသင်္ခါရတို့ကိုပါ စွန့်ပယ်သည်သာ ဖြစ်၏။ ယင်းသို့ ဝိပဿနာက ကိလေသာ သင်္ခါရတို့ကို အစဉ်မပြတ် ပယ်ခွာပေးလျက်ရှိသောကြောင့်ပင် မဂ်သို့အရောက်မှာ ထိုကိလေသာ သင်္ခါရတို့ကို အကောင်းဆုံး အရှင်းဆုံး ဖြတ်တောက် ပယ်ခွာနိုင်ခြင်းသို့ ရောက်ရတော့သည်။

သို့ဖြစ်ရာ သောတာပတ္တိမဂ်ဖြင့် အဘိသင်္ခါရ ဝိညာဏ်ခေါ် ကမ္မဝိညာဏ်၏ ချုပ်ငြိမ်းခြင်းကြောင့် ခုနစ်ဘဝ အလွန်ထား၍ သံသရာ၌ ရုပ်ခန္ဓာတို့၏ ဖြစ်ခွင့်မရှိတော့ပြီ။

သောတာပန်ကား မဂ်ဖိုလ်နိဗ္ဗာန်ရပြီး မြင်ပြီးဖြစ်၏။ သတ္တဓိဝသည္ဘာ ပျောက်၍ ဓာတ်သဘောလည်း ပိုင်နိုင်စွာ သိပြီးဖြစ်၏။ သယ–အာဒီနဝစသော ဉာဏ်များဖြင့် သင်္ခါရတို့၌ ဆန့်ကျင် ငြီးငွေ့သော ဉာဏ်များလည်း ဖြစ်ခဲ့ဖူး၏။

ဤသို့စသော လက်စကလေးများကြောင့်ပင် သောတာပန်သည် ကာမရာဂ မကွာသေး၍ လူ့စည်းစိမ် နတ်စည်းစိမ်များဖြင့် အမေ့ကြီး မေ့လျော့နေစေကာမူ ထိုလက်စကလေးများကို ပြန်ဖော်လိုသောအခါ လွယ်ကူစွာပင် ဖော်နိုင်တော့သည်။

ရပြီးစာမေ့နေ၍ ပြန်ကျက်သောအခါ လွယ်သကဲ့သို့လည်းကောင်း၊ တစ်စုံတစ်ခုသော အကြောင်းကြောင့် ရှာန်လျော့ကွယ်ပခဲ့သူမှာ ပြန်အားထုတ်လျှင် အလွယ်ပင် ရသကဲ့သို့လည်းကောင်း မှတ်အပ်၏။

http://www.dhammadownload.com



ခုနစ်ဘဝမြောက်၌ ရဟန္တာမဖြစ်မီ အမှတ်တမဲ့ ဓားစသည်ဖြင့် ခုတ်သတ်၍ ရုတ်တရက် သေရစေကာမူ ထိုမျှတိုတောင်းလှသော ကာလကလေးအတွင်းမှာပင် ရဟန္တာဖြစ်ရ၏။ ရဟန္တာမဖြစ်ဘဲ သေရိုးထုံးစံမရှိ။ (ဉာဏဝိဘင်းအဋ္ဌကထာ)

ဤ၌ ရှစ်ခုမြောက်ဘဝကို မယူဆိုသည်မှာ သောတာပန်တို့တွင် အညံ့ဆုံး သတ္တက္ခတ္တုပရမ သောတာပန်ကို ရည်သည်၊ သောတာပန်ဖြစ်ပြီးနောက် အထက်မဂ်ရ မြန်,မမြန်မှာ သဒ္ဓါ ပညာစသော ဣန္ဒြေများ ထက်,မထက်ကို အစွဲပြု၍ဖြစ်၏။

၁။ ထက်မြက်သော ဣန္ဒြေရှိသော သောတာပန်မှာ တစ်ဘဝ ပဋိသန္ဓေနေ၍ ရဟန္တာဖြစ်၏။ ၎င်းကို "**ဧကဗီဇီ**=တစ်ခုသော ပဋိသန္ဓေ မျိုးစေ့ရှိသော သောတာပန်"ဟု ဆို၏။

၂။ နှစ်ဘဝမှ ခြောက်ဘဝအထိ ပဋိသန္ဓေနေသော သောတာပန်ကား အလတ်စား ဣန္ဒြေရှိသူဖြစ်၏။ ၎င်းကို "**ကောလံကောလ**=အမျိုးကောင်းတစ်ခုမှ အမျိုးကောင်းတစ်ခုသို့ ရောက်တတ်သော သောတာပန်"ဟု ဆို၏။

၃။ ခုနစ်ဘဝပဋိသန္ဓေနေသော သောတာပန်ကား နုံ့သော ဣန္ဒြေရှိသူတည်း။ ၎င်းကို "**သတ္တက္ခတ္တုပရမ**=ခုနစ်ကြိမ်အလွန် ပဋိသန္ဓေရှိသူသောတာပန်"ဟု ခေါ်ရသည်။

ပုထုဇဉ်၏သံသရာကား အဆုံးမရှိ. ဘယ်သောအခါ ဆုံးမည်ဟုလည်း အကန့်အသတ်မရှိ၊ သံသရာရှည်သည်နှင့်အမျှ အပယ်ဘေးဒုက္ခ ဇာတိ၊ ဇရာ၊ မရဏစသော ဒုက္ခများကို ကြီးမားများပြားစွာ ခံရပေဦးမည်။

http://www.dhammadownload.com



သို့ဖြစ်၍ ခုနစ်ဘဝနှင့် သံသရာဒုက္ခ လက်စသိမ်းကာ အငြိမ်းကြီးငြိမ်းရမည့် ဤသည့်သောတာပန်၏ ဂုဏ်ပင် မည့်မျှ နှစ်သက်အားရဖွယ်ဖြစ်သည်မှာ ထင်ရှားလှပေသည်။ ထို့ကြောင့် ထိုနှစ်သက်ဖွယ်ဂုဏ်ရှင် သောတာပန်မှာ ရတနာဖြစ်ရပေသည်။

"သောတာပန် ပုဂ္ဂိုလ်မြတ်သည် သောတာပတ္တိမဂ်ဉာဏ် ဝိစိကိစ္ဆာ-သီလဗ္ဗတပရာမာသတရား သုံးပါးနှင့် အချို့ကိလေသာများကို ပယ်ရှားအပ်ပြီးဖြစ်သည်။

"ထိုသောတာပန်ပုဂ္ဂိုလ်မြတ်သည် အပယ်လေးဘုံတို့မှလည်း လွတ်မြောက်ရပေပြီ၊ အဘိဌာနခေါ် ရန့်ရင်းသော အကြောင်းစု အမှုအပြစ်တို့ကိုလည်း ပြုခြင်းငှာ မထိုက်ပေ"

"သောတာပန်သံဃာ၌ ရတနာ၏အဖြစ်၊ ဤနှစ်သက်ဖွယ် ဂုဏ်ရည်သည်လည်း ထူးမြတ်လှပါပေသည်။ ဤသစ္စာစကားကြောင့် သတ္တဝါတွေ ချမ်းသာပါစေ"

ကိလေသာဝဋ် ရှိနေသေးလျှင် သံသရာဒုက္ခခေါ် ဝိပါကဝဋ်ကား ရှိမြဲရှိနေဦးမည်ဖြစ်ရာ ကိလေသာတို့မှာ ဒုက္ခဖြစ်ကြောင်းများသာတည်း။ ထိုကိလေသာဝဋ်ကို ဖြတ်တောက်နိုင်သူမှာ သံသရာဒုက္ခတို့မှ ကင်းလွတ်ရပေတော့သည်။

ထို့ကြောင့်ပင် ကိလေသာဝဋ် အလုံးစုံကုန်ပြီးသော ရဟန္တာတို့၌ ဝိပါကဝဋ်မှာ နောင်အခါ မဖြစ်ပေါ်ရတော့ပဲ ငြိမ်းစဲခြင်းသို့ ရောက်ရသည်။

http://www.dhammadownload.com



သောတာပန်၌ကား ကိလေသာမကုန်သေး၍ ဘဝနှင့် မကင်းရသေးစေကာမူ အပါယ်သို့လားစေတတ်သော ကိလေသာမှန်သမျှ ကုန်ပြီးဖြစ်၍ ကျန်သောကိလေသာတို့၌လည်း အပါယ်သို့ကျစေတတ်သော အစွမ်းသတ္တိမရှိတော့ပြီ။

အပါယ်သို့လားစေတတ်သော ကိလေသာတွေ ဖြတ်တောက်နိုင်သဖြင့် ရအပ်သော ဂုဏ်ထူးတစ်မျိုး အကျိုးတစ်ရပ်ပင်။ အပါယ်လေးပါး မလားရုံသာမက လူ့ဘဝ၌လည်း နိမ့်ကျသိမ်ငယ်သော အမျိုး၌လည်း မဖြစ်ရတော့ဘဲ အထက်တန်းကျသော အမျိုးကောင်းတို့၌သာ ဖြစ်ရတော့သည်။

ကိလေသာထုထည်အားကြီးသော ပုထုဇဉ်တို့၌ အပါယ်လေးပါးကား အိမ်ပမာဖြစ်၏။ ထို့ကြောင့် ကိလေသာအချို့ကို ပါယ်နိုင်၍ အပါယ်မှလွတ်ရသော သောတာပန်တို့၏ ဂုဏ်မှာ နှစ်သက်ဖွယ်သာဖြစ်ရာ ဂုဏ်ရှင်သောတာပန်မှာ ရတနာအဖြစ် ချီးကျူးအပ်တော့သည်။

ကိလေသာရှိလျှင် ကံဖြစ်မြဲတည်း၊ ကံဖြစ်လျှင်လည်း အကျိုးရုပ်နာမ်ဟူသော ဝိပါက ဖြစ်ရမြဲသာတည်း။ သို့ဖြစ်လျှင် ကမ္မဝဋ်မှုကား ဝိပါကဝဋ်၏ မူလအခြေခံဖြစ်၏။ ဝိပါကဝဋ် ကင်းလွတ်ရေးဝယ် ထိုကမ္မဝဋ်ကို ပယ်ရှားနိုင်ခြင်းကို ဂုဏ်ယူဖွယ်အဖြစ် တင်ပြလို၍-

၁။ **မာတုဃာတက** = အမိသတ်ခြင်း၊

၂။ **ပိတုဃာတက** = အဖသတ်ခြင်း၊

၃။ **အရဟန္တဃာတက** = ရဟန္တာသတ်ခြင်း၊

http://www.dhammadownload.com



၄။ **လောဟိတုပ္ပာဒက**=ဘုရားအားသွေးထွက်အောင်ပြုခြင်း၊

၅။ **သံဃဘေဒက**=သံဃာကွဲအောင်ပြုခြင်း၊

၆။ **အညသတ္ထာရုဒ္ဒေသ**=ဘုရားမှတစ်ပါး အခြားဆရာကို ညွှန်းခြင်းဟူသော "**အဘိဌာန**=ခြောက်ပါး" တို့ကို ပြုပြင်ခြင်းကား မထိုက် မိန့်တော်မူသည်။

သောတာပန်ကား ပါဏာတိပါတစသော ကံငါးပါးကိုပင် မပြုသူဖြစ်၍ ပရွက်ဆိတ်၊ ပိုးရွ၊ ခြပုန်းမျှကိုပင် သတ်ရိုးမဟုတ်၊ ဤအဘိဌာနကံကြီးများကို ပြုဖို့အရေးကား ဝေးပေစွ။

သို့ပါလျက် အဘိဌာနခေါ် ဤကံကြီးများကို မပြုဆိုသည်မှာ ပုထုဇဉ်အဖြစ်ကို ကဲ့ရဲ့ရှုတ်ချလို၍ ဖြစ်သည်။ ပုထုဇဉ်အဖြစ်မှာ ကဲ့ရဲ့ဖွယ်ဖြစ်လျှင် ထိုအပြစ်မှ ကျွတ်လွတ်ခဲ့ရသော အရိယာအဖြစ်ကား ချီးမွမ်းဖွယ်အတိဟု ဂုဏ်တင်ပြီးဖြစ်တော့သည်။

ပုထုဇဉ်အဖြစ်ကား အလွန်အပြစ်ကြီးလှ၏။ မာတုဃာတစသော အနန္တရိယကံကြီးတို့ကိုပင် ပြုနိုင်၏။ သောတာပန်ကား မဂ်ဖြင့် ပယ်ပြီးဖြစ်ရာ လွန်စွာသန့်ရှင်း အပြစ်ကင်းသော ဘဝအဖြစ် လိုလားဖွယ် ဖြစ်တော့သည်။

ဤ၌ မပြုထိုက်ဆိုသဖြင့် အဘယ်အခါမှ ပြုမည့်သူ မဟုတ်ကြောင်း သိစေ၏။ ထို့ကြောင့် ဘဝတစ်ပါး၌ပင် မပြုတော့၊ သောတာပန်ပုဂ္ဂိုလ်သည် နောင်ဘဝတစ်ပါး၌ မိမိသောတာပန်အဖြစ်သို့ ရောက်ရှိသည်ကို မသိစေကာမူ မဂ်၏ "မပြောင်းမလွဲ တည်မြဲသော=နိယာမ"သဘောအရပင် အဘိဌာန ခြောက်ပါးကိုလည်း မပြု ပကတိ ပါဏာတိပါတ စသော ကံငါးပါးနှင့်

http://www.dhammadownload.com



အညသတ္တာ ရှုဒွေသဟူသော ဤခြောက်ပါးသော ဌာနတို့ကို လည်း မပြုတော့။

အချို့သော ကလေးသူငယ်များမှာ သူ့အသက်ကို သတ်ရန် အလွန်မလိုလား ရှောင်ရှားတတ်ကြ၏။ သူတစ်ပါးဥစ္စာကိုခိုးရန် လည်း မလိုလား မပြုလုပ်ကြ၊ စားရန် ငါးသေ ငါးရှင်ရောနှော လျှင် ငါးရှင်ကို ဘေးမဲ့လွှတ်၍ ငါးသေကိုသာ ရွေးယူတတ်၏။ အရိယာသာဝကပဲဟု တွေးယူရလောက်အောင် အခြေရှိ နေ တတ်၏။

ထို့ကြောင့် "ဤအချက်နှင့် အရိယာသာဝက ဖြစ်သော ရွာသားကလေးငယ်များ၏ ငါးသေကိုသာ ရွေးယူခြင်း စသည်မှာ သက်သေဖြစ်သည်ဟု အဋ္ဌကထာဆိုသည်။

"သောတာပန်ပုဂ္ဂိုလ်သည် ကိုယ်ဖြင့်ဖြစ်စေ နှုတ်ဖြင့် ဖြစ်စေ၊ စိတ်ဖြင့်ဖြစ်စေ မကောင်းသောပြစ်မှုကို လွန် ကျူးမိစေကာမူ ထိုသောတာပန်မှာ ထိုပြုမိသော ပြစ်မှု ကို ကွယ်ကာဖုံးဝှက်သူ မဖြစ်နိုင်ပေ"

"မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်မြင်ပြီးသော အရိယာ သောတာပန်၏ မိမိပြုသော ပြစ်မှုကို မဖုံးကွယ်ထိုက်သူ ဖြစ်ကြောင်းကို ရှင်တော်ဘုရား ဟောကြားတော် မူအပ်ပေ၏"

"သောတာပန် သံဃာ၌ ဤရတနာဟု သိနိုင် ကြောင်း ဂုဏ်ရည်သည်လည်း ထူးမြတ်လှပါပေသည်။ ဤသစ္စာစကားကြောင့် သတ္တဝါတွေ ချမ်းသာပါစေ"

http://www.dhammadownload.com



"သောတာပန်ပုဂ္ဂိုလ်ကား "အဘိဋ္ဌာန ခြောက်ပါး"ကိုသာ မပြုထိုက်သည်မဟုတ်သေး၊ အနည်းငယ်မျှမပြောပလောက်သော ပြစ်မှုကလေးများကိုပင် ပြုမိသော်လည်း ထိုပြစ်မှုကို ဖုံးကွယ်ခြင်းငှာ မထိုက်တော့ပေ"

"မေ့မေ့လျော့လျော့နေတတ်သူ သောတာပန်ပင်ဖြစ်စေ အပြစ်ကိုဖုံးကွယ် ထိန်ဝှက်မှု မပြုတော့သည်မှာ သာမန်ပုထုဇဉ်များနှင့် မတူ ထူးခြားသော ဂုဏ်တစ်ရပ်ပင်"

အချို့သောမကောင်းမှုမှ ရှက်တတ်သော ဘုရားရှင်အပေါ်မှာ ကြည်ညိုသဒ္ဓါ ကြီးမား ဘုရားအမိန့်တော်ကို ရိုသေလေးစားတတ်သော သူတော်ကောင်း ပုထုဇဉ်ရဟန်းများပင် ဘုရားရှင်က မအပ်ဟု ပညတ်ထားသော သိက္ခာပုဒ်တော်များကို သိလျက်နှင့်ကား လွန်ကျူးမှုမပြုတော့ပေ။ သောတာပန်ရဟန်းမှာ ဆိုဖွယ်ရာမရှိ"

"ဤအချက်ကိုရည်၍ "ငါဘုရားသည် တပည့်သားတို့အား သိက္ခာပုဒ်ကို ပညတ်အပ်၏၊ ထိုသိက္ခာပုဒ်ကို ငါ့တပည့်တို့သည် အသက်ဟူသော အကြောင်းကြောင့်ပင် မကျူးလွန်ကြ"ဟု ဟောတော်မူသည်"

"လောက၌ အပြစ်ရှိသော လောကဝဇ္ဇ ပညတ်တော်အတွက် အပြစ်ရှိသော ပဏ္ဏတ္တိဝဇ္ဇဟု သိက္ခာပုဒ်နှစ်မျိုးရှိရာ ပါဏာတိပါတ စသောအမှုသည် လောက၌လည်း အပြစ်ရှိ၏။ ကျူးလွန်သော ရဟန်းသည်လည်း ပညတ် ပြစ်ရောက်၏။ ထိုသိက္ခာမျိုးကို လောကဝဇ္ဇ သိက္ခာပုဒ်ဟု ဆို၏။ ထိုလောကဝဇ္ဇ

http://www.dhammadownload.com



သိက္ခာပုဒ်မျိုးကို သောတာပန်ပုဂ္ဂိုလ်များ မည်သည့်အခါမှ မကျူး လွန်ကြ”

သစ်ပင်ဖြတ်ခြင်းစသောအမှု၌ လောကပြစ် မရှိ ပညတ်တော် အတွက်သာ အပြစ်သင့်ရ၏။ လူသာမဏော မိန်းမတို့နှင့် တမိုး တရံတည်းသော ကျောင်း၊ အိမ်၌ အတူတကွ အိပ်ခြင်း စသော လဟုက အာပတ်မျိုးမှာ စိတ်မပါဘဲသင့်သော အစိတ္တကအာပတ် လည်းရှိရာ ထိုအာပတ်မျိုးကား ပညတ်တော်ကို နားမလည်မှု ကြောင့် အချို့ရဟန္တာများပင် သင့်တတ်သေး၍ ထိုကဲ့သို့သော ပဏ္ဏတ္တိဝဇ္ဇ သိက္ခာပုဒ်တို့၌ကား သတိလွတ်ကင်း မေ့လျော့ခြင်း ကြောင့် သင့်တတ်သေး၏”

“ထိုကဲ့သို့ ဖြစ်တတ်သော အပြစ်မျိုးကိုရည်၍ “သောတာပန် ပုဂ္ဂိုလ်သည် ကိုယ်ဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ၊ စိတ်ဖြင့်ဖြစ်စေ မကောင်းသော ပြစ်မှုကို လွန်ကျူးမိစေကာမူ”ဟု ဟောတော် မူသည်”

“ဤ၌ ကိုယ်ဖြင့် လူသာမဏော မိန်းမများနှင့် တမိုးတရံ တည်း အိပ်ခြင်းစသည် မကောင်းမှုပြုမိတတ်သေး၏ (မသိဘဲ)

နှုတ်ဖြင့် သမ္ဖပ္ပလာပ ဖရုသဝါစာ စသည်များကို ပြောမိ တတ်သေး၏။ စိတ်ဖြင့် လောဘ ဒေါသဖြစ်ခြင်း၊ ရွှေငွေသာယာ ခြင်းစသော မကောင်းမှု ပြုမိတတ်သေး၏။

“ပုထုဇဉ်များကား အပြစ်ရောက်သော်လည်း အချို့ မိမိ အပြစ်ကို ဖုံးကွယ်ထိန်ဝှက်ထားတတ်၏။ ဤကား ပုထုဇဉ်၏ မရိုးဖြောင့်မှုပင်တည်း”

http://www.dhammadownload.com



"ဖြောင့်မှန်သော=ဥဇုပ္ပဋိပန္နဂုဏ်" ရပြီး သောတာပန် ပုဂ္ဂိုလ်များ၌ကား ထိုသို့မရိုးမဖြောင့်မှုမျိုး မရှိတော့၊ မိမိ မသိသဖြင့် ပြုမိသော အမှု "မအပ်–မပြုထိုက်"ဟု သိလျှင် သိတင်းသုံးဖော်များထံ မိမိအပြစ်ကို ဖော်ပြကုစားတတ်၏။ နောက်ထပ် မကျူးလွန်တော့ပြီဟုလည်း စောင့်စည်းတတ်၏"

"နိဗ္ဗာန်ကို မြင်ပြီးရပြီး သောတာပန်၏ ထိုသို့ မဖုံးကွယ်ထိုက်သူ အဖြစ်ကို ဘုရားရှင် ဟောတော်မူ၍ ထိုဘုရားစကားတော်အရ မဖုံးကွယ်ထိုက်သူ ဖြစ်ကြောင်းကို သိနိုင်ပေသည်"

"မိမိသည် သောတာပန်၏ ဂုဏ်ရည်တွေ အများပြားဖော်ပြနေသည်မှာ အခြားကြောင့်မဟုတ်၊ မိမိကိုယ်ကို သောတာပန် ဟုတ်,မဟုတ် သောတာပန်ဟု ပြောဆိုသူများကိုလည်း သောတာပန် ဟုတ်,မဟုတ် ချိန်ဆနိုင်ရန်နှင့် မိမိအားမေးထားသော ပြဿနာကို ဖြေရန်ဖြစ်ပါသည်။

စာရှုသူသည် သောတာပန် ဂုဏ်ရည်များကို အထပ်အထပ် ဖတ်ရှုပြီးလျှင် သောတာပန်အစစ်ဖြစ်အောင် ကြိုးစားပါလေ၊ သောတာပန် အတုများကိုလည်း ရှောင်ရှားပါလေ။

မိမိကို သောတာပန်အတုနှင့် တွေ့သူ ဒကာတစ်ဦးက တစ်ချိန်သော နွေကာလက မြို့ကြီးတစ်မြို့တွင် တရားဟောစဉ် မေးခဲ့ဖူး၏–

**"အရှင်ဘုရား သောတာပန် ရဟန်း လူထွက် ပါသေးသလား?"**

"လူမထွက်တော့ဘူး ဒကာကြီး"

http://www.dhammadownload.com



"အကိုးသာဓက ပြပါဦးဘုရား"

"လူမထွက်တော့ဘူးဆို ပြီးတာပါဘဲ၊ အကိုးသာဓကလေး ဘာလေးနဲ့ ရှုပ်လိုက်တာ"

"မရှုပ်ပါနဲ့ဘုရား၊ အကိုးသာဓက သိရတော့ ခိုင်လုံတာပေါ့"

"အကိုးသာဓကတော့ ဟိုမဟာဝဂ္ဂ သံယုတ် ပါဠိတော် ဗလကရဏီယဝဂ် နဒီသုတ်အရ ပြောတယ်လို့ အကိုးသာဓက မှတ်ထား"

"အဲဒီသုတ်မှာ ဘယ်လိုဆိုပါလဲဘုရား"

"လာလာသေးတော့တယ်၊ အကိုးပြ ပြီးတော့လည်း ဘယ်လို ဆိုပါသေးလည်းတဲ့"

"အဲဒါလေး နည်းနည်းတော့ ပြောပြပါဘုရား"

"...အဲဒီသုတ္တန်မှာ သောတာပန်ရဟန်းကို မင်းစတဲ့ ပုဂ္ဂိုလ်တွေက အာရုံငါးပါး ကာမဂုဏ်တရားတွေနှင့်ပြပြီး လူထွက်ဖို့ တိုက်ရိုက်ဖိတ်ကြားသော်လည်း သောတာပန်ရဟန်းဟာ လူမထွက် တော့ဘူးတဲ့"

"မှန်ပါဘုရား"

"ဘာဖြစ်လို့လည်းဆိုတော့ သောတာပန်ရဟန်းရဲ့ စိတ်ဟာ ရှည်စွာသော ကာလပတ်လုံး ဆိတ်ငြိမ်ခြင်း၌ ညွတ်ကိုင်းရှိုင်း သောကြောင့် သောတာပန်ရဟန်းဟာ လူထွက်လိမ့်မည် ဆိုတဲ့ အကြောင်းမရှိဘူးတဲ့ ဒကာကြီး"

"မှန်ပါဘုရား"

http://www.dhammadownload.com



"ဒီလိုဆို ဒီခေတ်မှာ တရားပြဆရာတော်တွေ တရားဟော ဆရာတော်တွေ လူထွက်တာ သောတာပန် မဟုတ်လို့ပေါ့ ဘုရား"

"အင်းပေါ့၊ သောတာပန်ရဟန်းဟာ ဘယ်လူထွက်တော့ မလဲ"

"မှန်ပါဘုရား"

"သောတာပန် ရဟန်းဟာ လူမထွက်ရုံတွင်မကသေးဘူး၊ ရှိသေးတယ် ဂုဏ်ထူးတစ်ခု"

"အမိန့်ရှိပါဦးဘုရား"

"သောတာပတ္တိမဂ်ဆိုတဲ့ လောကုတ္တရာတရားကို ထိုးထွင်း သိမြင်ထားတဲ့ သောတာပန်ရဟန်းဟာ "**မေထုနံပဋိသေဝိဿမိ= မေထုန်မှီဝဲပါအံ့**"လို့ မေထုန်မှီဝဲချင်တဲ့ စိတ်မျှတောင် မဖြစ်ဘူးတဲ့ ဒကာကြီး"

"မှန်ပါဘုရား"

"အဲဒါကတော့ လူသောတာပန်နှင့် ရဟန်းသောတာပန် ထူးခြားချက်လို့လည်း ဆိုနိုင်တယ် ဒကာကြီး"

"မှန်ပါဘုရား"

"လူသောတာပန်က အိမ်ထောင်ပြုသေးတယ်၊ ရဟန်း သောတာပန် အိမ်ထောင်ပြုဖို့ မဆိုထားနဲ့ လူလည်းထွက်ဘူး၊ မေထုန်လိုတဲ့ စိတ်လည်းမဖြစ်ဘူးတဲ့"

"မှန်ပါဘုရား"

http://www.dhammadownload.com



"ဘာဖြစ်လို့ မေထုန်မှီဝဲလိုတဲ့ စိတ်မျှတောင် မဖြစ်တာလည်း ဆိုတော့ ရထားတဲ့ သောတာပတ္တိမဂ်တရားက အချင်းခပ်သိမ်း မပျက်စီးနိုင်တဲ့ တရားဖြစ်နေလို့တဲ့"

"မှန်ပါဘုရား"

"အဲဒါက ဝိမတိဋ္ဌိကာရဲ့ အဆိုလို့ အကိုးသာဓကကို မှတ်ထား"

"မှန်ပါဘုရား"

"သောတာပန်ရဲ့ အကျိုးတွေက ကြီးလေတော့ သောတာပန်ဖြစ်အောင်လည်း ကြိုးစားနော်"

"မှန်ပါဘုရား"

"ဒီခေတ်မှာ သောတာပန်အမည်ခံပြီး ကျောင်းတွေလုရိပ်သာတွေလု ချိပ်ပိတ် စသည်တွေ ရှိတယ်မဟုတ်လား?"

"ရှိပါတယ်ဘုရား"

"ဝေးဝေးရှောင်နော်"

"မှန်ပါဘုရား"

"ပြီးတော့ အတွင်းဝင်ကြည့်၊ အတွင်းမှာ စီးပွားရေးပြဿနာတွေ ရှုပ်လို့နော်"

"မှန်ပါဘုရား"

"ဝေးဝေးရှောင်နော်"

"မှန်ပါဘုရား"

"ကဲ–တော်ကြစို့…

http://www.dhammadownload.com



"သူတစ်ပါးတို့၏ မလျော်သော အပြစ် အနာ အဆာတို့ကို မကြည့်ရှုရာ၊ သူတစ်ပါးတို့၏ ကောင်းမှု၊ မကောင်းမှု ပြု,မပြုကို မကြည့်ရှုရာ၊ မိမိ၏ ကောင်းမှုပြု, မပြုကိုသာလျှင် ကြည့်ရှုရာ၏။

- သောတာပန်အား ဂုဏ်ရည်များ များပြား လှသည်သာ။
- သောပန်စစ် အမြန်ဖြစ် စင်စစ်ကြိုးစားပါ။
- သောတာပန်သာ ဖြစ်သောခါ သိမှာကိုယ့်ကိုသာ။

http://www.dhammadownload.com



# အစရက်သောက်ခြင်းဘူရားမကြိုက်

{ ၂၅ }

"မှုးယစ်စေတတ်သော စိမ်၍ ချက်၍ ပြုအပ်သော အရက်အမျိုးမျိုး မစိမ်မချက်ဘဲ အလျှဉ်းဖြင့် ပြင်းလာသော ခနိရည် ထန်းရည်စသည်နှင့် မူးယစ်စေတတ်သော ဘိန်းဖြူ ဘိန်းမည်း၊ ဆေးခြောက် စသော အရာအားလုံးကို မေ့လျော့စေတတ်သည့်အတွက် ပါဠိလို "မဇ္ဇ"ဟု ခေါ်၏"

သောက်စား သေစာ အခါမဲ့လှည့် ပွဲကြည့်လောင်း
စား ဆိုးဝါးမိတ်ဆက် အပျင်းဖက်သော် ယွင်းပျက်
ဥစ္စာ ကုန်ကြောင်းသာ ခြောက်ဖြာ ဝေးဝေးရှောင်"
အရ–

၁။ အရက်သေစာ သောက်စားခြင်း၊

၂။ ညအချိန်မဲ့ လျှောက်သွားခြင်း၊

http://www.dhammadownload.com



၃။ ပွဲလမ်းသဘင် ကြည့်ရှုခြင်း၊

၄။ လောင်းကစားခြင်း၊

၅။ မိတ်ဆွေယုတ်နှင့် ပေါင်းဖော်ခြင်း၊

၆။ ပျင်းရိခြင်း ဤခြောက်ပါးသည် ဥစ္စာပျက်စီးခြင်း အကြောင်း ဘုရားရှင် ဟောတော်မူခဲ့သည်။ ယင်းဒေသနာတော် အရ အရက်သောက်ခြင်း စသည်သည် ဥစ္စာ ပျက်စီးကြောင်းဟု သိရသည်။

ထို့အပြင် အရက်စသည် သောက်စားခြင်းကြောင့် အပြစ် ခြောက်ပါး ဖြစ်နိုင်ကြောင်းကိုလည်း ဘုရားရှင် ဟောတော်မူခဲ့၏။ ထိုအပြစ်ခြောက်ပါးကား–

"ဥစ္စာဆုံးပါး ခိုက်ရန်ပွားခဲ့ နာဖျားခြင်းကြောင်း မကောင်း သတင်း တွင်းအင်္ဂါလှန် ပညာဉာဏ်လည်း အားနည်းအောင်ပြု ဤခြောက်ခု သောက်မှု သေရည် ပြစ်"အရ–

၁။ ဥစ္စာကုန်ခန်း ပျက်စီးခြင်း၊

၂။ ခိုက်ရန်ပွားများခြင်း၊

၃။ ရောဂါအမျိုးမျိုး ဖြစ်စေတတ်ခြင်း၊

၄။ ဂုဏ်သရေမဲ့ ကျော်စောမဲ့ခြင်းကို ဖြစ်စေတတ်ခြင်း၊

၅။ လျှို့ဝှက်ဖုံးကွယ်ထိုက်သော ကိုယ်အင်္ဂါများကို လှစ်ပြ တတ်ခြင်း၊

၆။ ပညာဉာဏ်ကို အားနည်းအောင် ပြုတတ်ခြင်း ဟူသော အပြစ်ခြောက်ပါးတို့ဖြစ်လေသည်။

http://www.dhammadownload.com



## ဥစ္စာပျက်စီးခြင်း

မူးယစ်နေသော အရက်သမားမှာ မိမိပစ္စည်း မိမိကာကွယ်စောင့်ရှောက်ရမှန်းမသိ ဖြစ်နေရာ ခိုးသူလုယက်ခံရခြင်းစသည်ဖြင့် ပစ္စည်းကုန်တတ်၏။ ပကတိစိတ်များမရှိဘဲ ပြောင်းလဲ ဖောက်ပြန်နေသူဖြစ်ရာ ပင်ကိုယ်က နှမြောတတ်သူ ဖြစ်စေကာမူ နှမြောရမှန်းမသိ၊ အသုံးအဖြုန်း ခွဲခြားတတ်သူ ဖြစ်စေကာမူ အသုံးမပြုအဖြုန်းသာ ပြုတော့၏။

အရက်သမားသည် အရက်သာမက အခြားအပျော်အပါးလောင်းကစား စသည်လည်း ဖက်တတ်ရာ အရက်ဖိုးကုန်ရုံသာမက အခြားကုန်ဖွယ်ရာတွေ များပြားလာ၍ ဥစ္စာတွေကုန်တော့သည်။

ရှေးက ဘုရားအလောင်း သူဌေးကြီးသည် ကုသိုလ်တွေပြု၍ သိကြားမင်းအဖြစ် ရောက်ခဲ့၏။ ကျန်ရစ်သော သူဌေးကြီး၏ တစ်ဦးတည်းသောသားမှာ အရက်သမားဖြစ်ကာ ဥစ္စာတွေအမျိုးမျိုးဖြုန်းရာ နောက်ဆုံးရှိသမျှ ကုဋေလေးဆယ်ကုန်၍ ခွက်လက်စွဲ တောင်းစားရသော ဘဝသို့ ရောက်ရ၏။

ထိုအခါ အဖဖြစ်ခဲ့ဖူးသော သိကြားမင်းက အလိုခပ်သိမ်းပေးတတ်သော အိုးကို ပေးအပ်ပြီး "ဤအိုး မကွဲသမျှ ပစ္စည်းမကုန်နိုင်၊ မင်းသတိထား"လို့ မှာကြားပြီး ပြန်သွားလေ၏"

ထိုအခါမှစ၍ အရက်ပြန်သောက်ပြီး ဖြုန်းတီးလေရာ တစ်နေ့သောအခါ အရက်မူးမူးနှင့် အိုးကိုမြှောက်မြှောက်ဖမ်းနေရင်း လွတ်ကျကာ အိုးကွဲလေတော့၏။

http://www.dhammadownload.com



ထိုအခါမှစ၍ ပြန်လည်တောင်းစားရသော ဘဝရောက်ကာ နောက်ဆုံးတွင် သူတကာ အိမ်နံရံမှီလျက် ကိုးကွယ်ရာမဲ့ သေဆုံးရရှာတော့၏။ (ဇာတ်အဋ္ဌကထာ)

## ခိုက်ရန်ပွားခြင်း

အရက်မူးသမားကား အရူးတစ်မျိုးပင်ဖြစ်၏။ ပါဠိလိုသော် **"သုရာမတ္တက"**ခေါ်၏။ **"အရက်ရူး"**ဟု မြန်မာပြန်ရ၏။ မှန်၏။ အရက်သောက်သူသည် ဒုစရိုက်အမျိုးမျိုးကို ဖြစ်စေတတ်သော ဆိုးဝါးသောသူ ဖြစ်၏။

အင်္ဂုတ္တရပါဠိတော်၌ အရက်သောက်မှုကို ကြိမ်ဖန်များစွာ ထပ်တလဲလဲ ပြုသူသည် ငရဲ, တိရစ္ဆာန်, ပြိတ္တာဘဝသို့ ရောက်ရကြောင်း အရက်သောက်ခြင်း၏ အပေါ့ဆုံးအပြစ်မှာ အရူးအနှမ်း ဖြစ်တတ်ကြောင်း ဟောတော်မူ၏။

အရူးမည်သည် သူတစ်ပါးအား ဆဲရေးတတ် ရိုက်ပုတ်တတ် သကဲ့သို့ အမူးသမားလည်း ပင်ကိုယ်က ယဉ်ကျေးသူ ဖြစ်စေကာမူ မူးသောအခါ၌ ကိုယ်နှုတ်နှစ်ပါးဖြင့် ရမ်းကားတတ်သူ ဖြစ်တော့၏။

ထို့ကြောင့် ပြန်လှန်ပြီး အရိုက်ခံရခြင်း၊ အဆဲခံရခြင်း စသည်ဖြင့် ရန်များလှသည့်ပြင် မင်းပြစ် မင်းဒဏ်လည်း ခံရတတ်၍ အပြစ်များလှပေသည်။

http://www.dhammadownload.com



## ရောဂါဖြစ်ကြောင်း

အရက်သောက်များလျှင် ရောဂါအမျိုးမျိုး ဖြစ်တတ်ကြောင်း ယခုခေတ် ဆေးဖက်ပညာရှင်များက ဤသို့ ဖော်ပြကြသည်။ အရက်သည်-

၁။ နွေဥတု၌ တင်ကူး၍အပူမိစေတတ်၏၊
၂။ မျက်စိမြင်ခြင်းကို ချွတ်ယွင်းစေတတ်၏၊
၃။ အရွယ်မရောက်မီ အိုမင်းစေတတ်၏၊
၄။ အစာကြေခြင်းကို ချွတ်ယွင်းစေနိုင်၏၊
၅။ ကျောက်ကပ်ကို ဥပါဒ်ပေးတတ်၏၊
၆။ အသည်း ကျွဲပခုံးနာနှင့် ကျောက်ကပ်ရှိ ရောဂါတို့ကို ဖြစ်စေတတ်၏၊
၇။ ရူးသွပ်သောရောဂါ၊
၈။ ဆီးရောဂါ၊
၉။ လေနာရောဂါ၊
၁၀။ ပန်းသေ ပန်းညှိုးရောဂါတို့ကို ဖြစ်ပွားစေတတ်၏။
၁၁။ ရောဂါတစ်ခုခုရရှိလာခဲ့သော် အရက်အရှိန်ကြောင့် ကုသ၍ ရနိုင်ခဲသည်ဟု ဖော်ပြကြသည်။

အချို့က တော်ရုံသောက်လျှင် ဆေးဖြစ်သည်ဟု ဆင်ခြေပေးကြ၏။ သိပ္ပံပညာရှင်တို့ကဆို၏၊ သွေးနီဥကလေးတို့သည် အောက်ဆီဂျင်ဓာတ်ကို အသားမျှင်များသို့ ပို့ဆောင်ပေး၏။ ကောင်းစွာ ကျန်းမာနေခြင်းမှာ ၎င်းသွေးနီဥကလေးများ သန့်စွမ်းနေခြင်းမျှသာ ဖြစ်၏။ အရက်သည်ကား ယင်းသွေးနီဥကလေး

http://www.dhammadownload.com



များ၏ သန့်စွမ်းနေမှုကို အဆမျှားစွာ ယုတ်လျော့သွားစေ၏”လို့ ဆို၏။

ယင်းသို့ဆိုသော် “ကျန်းမာရေးအတွက် သောက်ရပါသည်” ဆိုသူများအတွက် ကျန်းမာရေး ရ,မရ စဉ်းစားသင့်ပေ၏။ တစ်ဖန် တော်ရုံနဲ့ အားရသူ ရှားလှ၏။

မှန်၏၊ ရသတဏှာအောက် ဆိုးဝါး ယုတ်ညံ့သော အရာ မရှိဟု အဋ္ဌကထာလာတိုင်း ဘေးမမြင်ရအောင် စွဲသည့်အခါ အားရတင်းတိမ်သည်ဟု မရှိဘဲ အလွန်အကျွံ ဖြစ်လာမြဲတည်း။

တိကနိပါတ် အင်္ဂုတ္တိုရ်၌ အိပ်မှု, အရက်သောက်မှု မေထုန်မှု များကို မရောင့်ရဲ တင်းမတိမ်နိုင်သော အချက်များ အဖြစ်ဟော တော်မူခဲ့၏။

အချို့မှာ ရောဂါအခြေအနေ မလှ၍ ဆေးဆရာက အရက် ဖြတ်ရန် ပြောသော်လည်း မဖြတ်နိုင်ဘဲ အသက်နှင့်လဲ၍ သေ သည့်အထိ အရက်စွဲသွားသည်မှာ ရသတဏှာ၏ ဆိုးဝါးပုံပင် ဖြစ်သည်။

ရှေးက ဗာရာဏသီပြည်၌ ငါးပါးသီလ စောင့်ထိန်းသော **“သောတ္ထိယ”**အမျိုးဟု ရှိရာ ထိုအမျိုး၌ တစ်ဦးတည်းသော သားသည် ဗေဒင်သုံးပုံ တဖက်ကမ်းအထိ တတ်မြောက်သော ပညာရှိတစ်ယောက်ဖြစ်၏။

သူကား အရက်သမားများ၏ ပရိယာယ်ဖြင့် လှည့်ပတ် ဖြားယောင်းချက်အရ အရက်စွဲသွားရာ ဖခင်က အမျိုးပျက်မည့် အရေး စီးပွားပျက်မည့်အရေး စသည်ဖြင့် အရေးအမျိုးမျိုးပြ၍ တားမြစ်သော်လည်း တားမြစ်မရပေ။

http://www.dhammadownload.com



နောက်ဆုံး အရက်မဖြတ်လျှင် နှင်ထုတ်မည်ပြောသော်လည်း မရ၊ ပြောမရသည့်အဆုံးတွင် ဖခင်က သားကိုရုံးခေါ်သွားကာ သားအဖြစ်မှ စွန့်လွှတ်လျက် နှင်ထုတ်လိုက်လေ၏။ နောက်အခါ တောင်းစားရသော ဘဝရောက်ကာ ကိုးကွယ်ရာမဲ့ သေသွားရလေ၏။ **(ဇာတ်အဋ္ဌကထာ)**

## အကျော်အစောမဲ့ခြင်း

အရက်မူးသမား မပြုနိုင်သော မပြုရက်သော အရာဟူ၍ မရှိ၊ အရက်သောက်မှုကား အားလုံးဒုစရိုက်စု အမှုအပြစ်တို့၏ ဖြစ်ကြောင်း အခြေခံမကောင်းမှုဖြစ်၏။

ယင်းအရက်အရှိန်ကြောင့် ကျေးဇူးကြီးလှသော မိဘ၊ ဆရာသမားတို့ကိုပင် ရိုက်နိုင် သတ်နိုင်၏။ အလွန်ချစ်လှစွာသော ဇနီး သားသမီးတို့ကိုပင် ရိုက်နှက် သတ်ဖြတ်နိုင်၏။

အရက်သမားကား မကောင်းသောအပြုအပြောမှန်သမျှ ပြုနိုင်ပြောနိုင်သည်ချည်းပင် ဖြစ်၏။

ရှေးက အသားမပါလျှင် မစားတတ်သော အရက်သမားဘုရင်တစ်ပါးမှာ မူးရူးနေစဉ် အသားမရကြောင်း လျှောက်ထားသော စားတော်ချက်အား မိမိရင်ခွင်၌ ရှိသောသားတော်လေးကို လည်လိမ်သတ်ကာ ချက်ပြုတ်ရန်ပစ်ပေးလိုက်၏။

နောက်တစ်နေ့ အမူးပြေ၍ သတိရသောအခါ နောင်တအကြီးအကျယ်ရကာ ယူကြုံးမရဖြစ်ရ၏။ **(ဇာတ်အဋ္ဌကထာ)**

http://www.dhammadownload.com



ထို့ကြောင့် အရက်သမားမည်သည် လူကဲ့ရဲ့ ခံရခြင်း မင်းဒဏ်သင့်ရခြင်း စသည်ဖြင့် မကောင်းသတင်းသာ ထွက်ရလေသည်။

## ဖုံးသင့်သောအင်္ဂါများကိုလှစ်ပြတတ်ခြင်း

ဂုဏ်သရေရှိသူများမှာ လူရှေ့သူရှေ့၌ အင်္ကျီပုဆိုး စသည်ဖြင့် ဖုံးသင့်သောကိုယ်အင်္ဂါတို့ ဖုံးလျက် သွားလာနေထိုင်တတ်ကြ၏။ အရက်သမားကား လှစ်မပြအပ်သော အင်္ဂါမရှိ၊ မကောင်းမှုများ၏ အကာအကွယ်မှာ အရှက်အကြောက်ဖြစ်ရာ အရက်မူးနေသူ၌ အရှက်အကြောက်မှာ ဗလာဖြစ်နေ၍ ယင်း၌ရှက်ဖွယ် အမှုဟု မရှိတော့ချေ။

သာမန်ပုဂ္ဂိုလ် မဆိုထားနှင့် အရှင်သာဂတလို ပုထုဇဉ်ဈာန်အဘိညာဉ်ရ တန်ခိုးကြီး အရှင်ကိုပင် အရက်က အရှက်အကြောက် မရှိအောင် ပြုနိုင်၏။

ဗုဒ္ဓရှင်တော်သည် စေတီယတိုင်း၌ ဒေသစာရီ လှည့်လည်တော်မူစဉ် "**ဘဒ္ဒဝတိကာ**"မည်သောရွာသို့ ကြွတော်မူလေရာ ထိုရွာအနီး သရက်ပင်ဆိပ်၌ နဂါးကြီးတစ်ကောင် ရှိလေသည်။

နွားကျောင်းသားတွေ ဆိတ်ကျောင်းသားတွေ လယ်သမားတွေ ခရီးသွားတွေက ဗုဒ္ဓရှင်တော်ကို ဘဒ္ဒဝတိကာသို့ ကြွတော်မူသည်ကို မြင်ကြ၍ ဘဒ္ဒဝတိကာရွာရောက်လျှင် သရက်ပင်ဆိပ်သို့ မကြွဖို့ရန်၊ ထိုသရက်ပင်ဆိပ်မှာ အဆိပ်ပြင်းထန်သော နဂါးကြီးရှိကြောင်းကို လျှောက်ထားကြလေ၏။

http://www.dhammadownload.com



ဗုဒ္ဓရှင်တော်က ဘာမှပြန်၍ မိန့်တော်မမူဘဲ ဆိတ်ဆိတ်ပင် နေတော်မူကာ ဘဒ္ဒဝတိကာသို့ ကြွရောက်သီတင်းသုံးတော်မူလေသည်။

ထိုအခါ နောက်ပါ သံဃာတော်အများတွင် အပါအဝင်ဖြစ်သော အရှင်သာဂတသည် သရက်ပင်ဆိပ်ဝယ် ရသေ့၏ ကျောင်းသင်္ခမ်းဝင်း၌ နဂါးကြီးရှိကြောင်းကို သိပါလျက် ထိုကျောင်းဝင်းသို့ ကြွ၍ နဂါးကြီးနေရာ မီးတင်းကုတ်သို့ ဝင်ပြီးလျှင် ကမ္မဋ္ဌာန်းအာရုံယူကာ တင်ပလ္လင်ဖွဲ့ခွေ ထိုင်နေလေ၏။

နဂါးကြီးသည် အရှင်သာဂတကို မြင်လျှင်မြင်ခြင်း ပြင်းထန်သော ဒေါသဖြစ်၍ နဂါး၏အခိုးအငွေ့များကို လွှတ်လေ၏။ အရှင်သာဂတလည်း သူ့ထက်သာအောင် ဈာန်အဘိညာဉ် အစွမ်းဖြင့် အခိုးအငွေ့တွေကို ပြန်၍လွှတ်၏။

နဂါးကြီးသည် သူ့ဂုဏ် အပျက်မခံနိုင်ဘဲ မီးတောက်မီးလျှံတွေကို တောက်လာစေ၏။ အရှင်သာဂတလည်း မီးတောက်မီးလျှံဖြစ်အောင် သမာပတ်ဝင်စားပြန်၏။ ထိုနည်းဖြင့် နဂါးကြီး အစွမ်းတုန်း၍ အရှုံးပေးမှ အရှင်သာဂတလည်း ဘဒ္ဒဝတိကာရွာသို့ ကြွတော်မူလေ၏။

အရှင်သာဂတ၏ နဂါးကြီးနှင့် တန်ခိုးပြိုင်၍ နိုင်လာကြောင်း သတင်းသည် ကောသမ္ဗီမြို့တိုင်အောင် ချက်ချင်းပျံ့နှံ့သွားလေ၏။

ဗုဒ္ဓရှင်တော်လည်း ဘဒ္ဒဝတိကာရွာ၌ သီတင်းသုံးတော်မူပြီးနောက် ကောသမ္ဗီပြည်သို့ ကြွတော်မူပေရာ ကြည်ညိုရင်းစွဲဖြစ်ကြသော ဥပါသကာကြီးတို့သည် အရှင်သာဂတကို ကြည်ညို

http://www.dhammadownload.com



အားကျလှ၍ "အရှင်ဘုရား၊ ဘာကိုရဖို့ ခဲယဉ်းပါသနည်း၊ ဘာကို နှစ်သက်တော်မူပါသနည်း၊ အရှင်ဘုရားတို့ ဘာကို စိမ်ပေးရမည်" ဟု လျှောက်၏။

ထိုအခါ အရှင်သာဂတ ဘာမှမပြောဘဲနေစဉ် ဆဗ္ဗဂ္ဂီ ရဟန်းတွေက ဝင်ရောက်၍ပြောကြသည်မှာ "ဥပါသကာတို့ ခိုကလေးများ ခြေထောက်အသွေးအရောင်ကဲ့သို့ နီနေသော အရက်အကြည်သည် ရဟန်းများမှာ ရလည်းရခဲ၏။ နှစ်လည်းနှစ်သက်၏။ ထိုအရက်ကို စီမံကြပါသလား"ဟု ပြောကြလေ၏။

မူလကပင် သဒ္ဓါတရားကောင်းလှသော ဥပါသကာတို့သည် ထိုအရက်ကို အိမ်တိုင်းစေ့ ကပ်လှူကြလေ၏။ အရှင်သာဂတလည်းသောက်၍ အရက်မူးကာ ယိုင်တီယိုင်တိုင်နှင့် ဆွမ်းခံပြန်လာခဲ့ရာ မြို့တံခါးပေါက်အရောက်မှာ ထိုးလဲပါတော့သည်။

ဘုရားရှင်သည် ရဟန်းများနှင့်အတူ ဆွမ်းခံ ပြန်လာတော်မူသောအခါ လဲနေသောအရှင်သာဂတကို တွေ့ရ၍ "သာဂတကို ဆွဲခေါ်ခဲ့ကြ"ဟု မိန့်တော်မူလေသည်။

ရဟန်းတော်များသည် ဘုရားရှင်၏ မိန့်ကြားချက်အရ အရှင်သာဂတကို တွဲယူခဲ့၍ ကျောင်းတိုက်သို့ရောက်သောအခါ ဘုရားရှင်ဖက်သို့ ဦးခေါင်းထား၍ ချထားကြလေသည်။

အရှင်သာဂတသည် ပြောင်းပြန်ပြန်လျက် ဘုရားဖက်သို့ ခြေလှည့်၍ အိပ်ပြန်လေသည်။ ထိုအခါ ဗုဒ္ဓရှင်တော်က ရဟန်းများကို မေးတော်မူသည်မှာ–

http://www.dhammadownload.com



"ရဟန်းတို့ သာဂတသည် ရှေးတုန်းက ငါဘုရားအပေါ်၌ ရိုသေကျိုးနွံခြင်း ရှိသည်မဟုတ်လော?"

"မှန်ပါဘုရား"

"ယခုတော့ ရိုသေကျိုးနွံမှု ရှိသေးရဲ့လား?"

"မရိုသေမကျိုးနွံတော့ပါဘုရား"

"သာဂတသည် သရက်ပင်ဆိပ်က နဂါးကြီးနှင့် တန်ခိုး ပြိုင်ခဲ့ဖူးသည်မဟုတ်လော?"

"မှန်ပါဘုရား"

"ယခု နဂါးကြီးနှင့် ပြိုင်နိုင်ဦးမှာလား"

"မပြိုင်နိုင်တော့ပါဘုရား"

"ရဟန်းတို့ အကြင်အရက်ကို သောက်မိ၍ သညာကင်းသူ သတိလစ်သူဖြစ်ရတယ်။ ထိုအရက်ကို သောက်ထိုက်ပါ့မလား?"

"မသောက်ထိုက်ပါဘုရား"

"ရဟန်းတို့၊ သာဂတရဲ့ အရက်သောက်မှုသည် ရဟန်းများ နှင့် မလျောက်ပတ်၊ မအပ်စပ်သောအမှုဖြစ်၏။ လူများအကြည်ညို ပျက်စရာဖြစ်၏"

သို့ဖြစ်၍ "သေရည်အရက်ကို သောက်ခြင်းကြောင့် ပါစိတ် အာပတ်သင့်စေ"ဟူသော ဉ်သိက္ခာပုဒ်ကို ပညတ်တော်မူလေ သည်။

အရှင်သာဂတသည် နဂါးကြီးနှင့် တန်ခိုးပြိုင်စဉ်က လောကီ ဈာန်အားလုံး အပြီးအဆုံး ရရှိတွင်မက တန်ခိုးအမျိုးမျိုးကို ဖန်ဆင်း နိုင်လောက်အောင် အဘိညာဉ်ပါ ရနေသော ပုဂ္ဂိုလ်ပေတည်း။

http://www.dhammadownload.com



ထိုရှာန်အဘိညာဉ်များသည် သေရည်အရက် ဝင်သည်နှင့် တစ်ပြိုင်နက် အလိုလိုပျောက်ကွယ်ကြလေပြီ။ သေရည်အရက်ကား ဤမျှလောက်ပင် ဂုဏ်ကိုလ်တရားများကို မေ့လျော့ပျက်ပြားစေ၍ ဖုံးသင့်သောအင်္ဂါများကို လှစ်ပြလေ၏။

## ပညာအားနည်းအောင်ပြုတတ်ခြင်း

ပညာဟူသည် သတိ သညာတို့နှင့် တွဲလျက်သိရှိ၊ သညာကင်းနေသော အရက်မူးသမား၌ သတိကောင်းကောင်း မရှိတော့ရာ ပညာလည်း အားနည်းရတော့၏။ အရှင်သာဂတ အသိဉာဏ်ကင်းမဲ့လျက် မရှက်မကြောက် မရှိမသေ ဖြစ်ရသည်ကိုပင် ထောက်ထားသင့်လေသည်။

ထို့ကြောင့် ရှေးခေတ် ယခုခေတ် ဘယ်ခေတ် ဘယ်အခါမှ ပညာရှိ သူတော်ကောင်းများ မလိုလားဘဲ ရှောင်ရှားခဲ့ စက်ဆုပ်ခဲ့သော အရက်သေစာကို အခါခပ်သိမ်း ရှောင်ထိုက်ပေသည်။

ယင်းသို့ အပြစ်ဒေါသ အာဒီနဝ များလှ၍ ရှောင်ရှားထိုက်သော အရက်ရှောင်သူ ဒကာတစ်ယောက်နှင့် မိမိတွေ့ဆုံခဲ့၏။ တစ်ချိန်သော နွေကာလက ဖြစ်ခဲ့၏။ မိမိသည် တောရကျောင်း တစ်ကျောင်းတွင်နေစဉ် တစ်နေ့သ၌ ဒကာတစ်ယောက် ရောက်လာသည်။

ရှိခိုးဦးချပြီး ထိုင်ကာ မိမိနှင့်တရားဓမ္မအကြောင်း ဆွေးနွေးပြောကြားနေစဉ် အရက်အကြောင်း ရောက်သွားသည်။ ထိုအခါ ဒကာကြီးက သူ့ကို အရက်သမားထင်မှာ စိုး၍ထင့် "တပည့်

http://www.dhammadownload.com



တော် အရက်မသောက်ဘူးဘုရား"ဟု မိမိအား ကြိုတင်လျှောက်ထားသည်။

ထိုအခါ မိမိက ဘယ်လိုများ အရက်ရဲ့ အပြစ် ဒေါသ အာဒီနဝကိုမြင်လို့ အရက် မသောက်တာလည်း ဒကာကြီးဟု မေးသည်။

ထိုအခါ ဒကာကြီးက ပြောသည် "တပည့်တော်တို့ ငယ် ဆရာက ဆုံးမလို့ဘုရား"

"ဆရာက တယ်ဆုံးမကောင်းပါလား။ ဘယ်လိုများ အရက် မသောက်အောင် ဆုံးမထားသလဲ"

"တစ်နေ့ တပည့်တော်ကိုမေးတယ်ဘုရား"

"အင်း...ဘယ်လိုမေးသလဲ"

"ဟေ့ကောင် အရက်သောက်တာ ဘုရားကြိုက်သလားတဲ့ ဘုရား"

"အင်း...ဒကာကြီးက ဘယ်လိုဖြေသလဲ"

"တပည့်တော်က မကြိုက်ပါ ဘုရားလို့ ဖြေလိုက်တယ် ဘုရား"

"ဒီတော့ ဆရာတော်က အေး...ဘုရားမကြိုက်တဲ့ အရက် သောက်တဲ့လူဟာ ငရဲကျမဲ့ လူမိုက်ပေါ့တဲ့ဘုရား"

"ဟုတ်တာပေါ့ အရက်အပြစ်တွေက များတာကိုး၊ ဒီတော့ ငရဲကျမှာပေါ့"

"မှန်ပါဘုရား"

http://www.dhammadownload.com



"ဒကာကြီးဟာ ဆရာကောင်း သမားကောင်းနဲ့ တွေ့ပြီး အရက်သမားမဖြစ်တာ သိပ်ကံကောင်းတယ်"

"မှန်ပါဘုရား"

"ဒါကြောင့် ဘုရားရှင်ကလည်း မိတ်ကောင်း ဆွေကောင်း ဆရာကောင်း အရေးကြီးကြောင်း များစွာ ဟောတာပေါ့"

"မှန်ပါဘုရား"

"မိတ်ကောင်း ဆွေကောင်း ဆရာသမားကောင်း လက်မလွှတ်နဲ့နော်"

"မှန်ပါဘုရား"

"ကဲတော်ကြစို့..."

❀ အရက်သမားဟာ လောကမှာ လွန်စွာမိုက်လေသည်။

❀ အမိုက်ဘဝ လွတ်လိုက ရှောင်ကြအရက်ရည်။

http://www.dhammadownload.com



## ခိုးသူ့ခါးပြကြီးငါးမျိုး ပြောပြပေးပါဘုရား

{ ၂၆ }

လောက၌ နေရသူမှန်လျှင် အမှန်ပင် တွေ့ကြုံရမည့် သဘောများဖြစ်၍ "**လောကဓံတရား**"ဟုခေါ်သော တရားရှစ်ပါးရှိ၏။ ယင်းတို့ကား-

၁။ **လာဘ**=လာဘ်ရခြင်း၊

၂။ **အလာဘ**=လာဘ်မရခြင်း၊

၃။ **ယသ**=အခြွေအရံပေါ်များခြင်း၊

၄။ **အယသ**=အခြွေအရံမရှိခြင်း၊

၅။ **နိန္ဒာ**=ကဲ့ရဲ့ခံရခြင်း၊

၆။ **ပသံသာ**=ချီးမွမ်းခံရခြင်း၊

၇။ **သုခ**=ချမ်းသာခြင်း၊

၈။ **ဒုက္ခ**=ဆင်းရဲခြင်းတို့တည်း။

http://www.dhammadownload.com



ဤတရားရှစ်ပါးကား တစ်လှည့်စီ လှည့်၍ ဖြစ်လေ့ရှိ၏။ ဘုရားသော်မှ မလွတ်ကင်း၊ ဘုရားရှင်မှာ တစ်ခါတစ်ရံ မကုန် ခမ်းနိုင်အောင် လာဘ်ပေါသီပါ၏။ တစ်ရံတစ်ခါမူ ရှားရှားပါးပါး နှင့် ကြုံရ၏။

ဝေရဥ္ဇာပြည်တွင် ဝါကပ်တော်မူစဉ်က မုယောဆွမ်းကြမ်း ကို ဘုဉ်းပေးတော်မူ၏။ တစ်ချိန်က ကေနဥ္စာပုဏ္ဏားရွာ၌ ဆွမ်း ခံစဉ် လူတွေအား မာရ်နတ်လှည့်ဖြားထားမှုကြောင့် ဆွမ်းလောင်း ရန် အမှတ်မရ ဖြစ်နေ၍ သပိတ်ချည်း သက်သက်ဖြင့် ထွက်ခွာ တော်မူခဲ့ရ၏။

နတ်,လူ,ဗြဟ္မာ, သတ္တဝါများစွာတို့၏ အတုမဲ့ ချီးမွမ်းသံကို ခံယူရသော်လည်း စိဉ္စမာဏ်ရဲ့ စွပ်စွဲခံရခြင်း၊ သုန္ဒရီရဲ့ စွပ်စွဲခံရခြင်း စသည်ကို အကြောင်းပြု၍ မလိုလားသူများကဲ့ရဲ့မှုကိုလည်း ခံတော် မူရ၏။

ဖလသမာပတ်ချမ်းသာ နိရောဓသမာပတ် ချမ်းသာဟူသော ချမ်းသာအတိနှင့် ကြုံရသော ရှင်တော်မြတ်မှာ တစ်ခါတစ်ရံ ခါးတော်နာခြင်း၊ ဝမ်းတော်လားခြင်း စသော ဒုက္ခနှင့် ကြုံတော် မူရ၏။

ဘုရားသော်မှ တွေ့ကြုံရသော ထိုသဘောများမှာ ဘယ် သူမဆို ကြုံရမည်သာ ဖြစ်သောကြောင့် "လောက၏ တရား၊ လောကရှိနေသမျှ ဆုတ်ဖယ်ရှောင်သွားခြင်းမရှိ ဖြစ်နေမည့် တရားများ"ဟု ဆိုရမည်။

http://www.dhammadownload.com



## ရဟန္တာ၏စိတ်

ဤ၌ လောကဓံကြောင့် မတုန်လှုပ်ခြင်းကို ရဟန္တာ၏ စိတ်သာ၊ အခြားသူ၏ စိတ်မဟုတ်ဟု အဋ္ဌကထာဖွင့်ပြ၏။ အကောင်းဆုံး အပြည့်စုံဆုံး မတုန်လှုပ်မှုကို ယူလို၍ ဖွင့်ပြခြင်း ဖြစ်သည်။

ရဟန္တာ အရှင်မြတ်တို့မှာ ကောင်းသော အာရုံ မကောင်း သောအာရုံ ကြုံတွေ့သောအခါ ကောင်းသောအာရုံကို မကောင်း အာရုံအဖြစ် မကောင်းသော အာရုံကို ကောင်းသောအာရုံအဖြစ် မိမိလိုသလို ပြောင်းလွဲရှုနိုင်အောင် စိတ်ကို အစိုးရသည့် တာဒိ ဂုဏ်နှင့် ပြည့်စုံကြသည်ဖြစ်ရာ ကျောက်တောင်ကြီးသည် လေ တို့ကြောင့် မလှုပ်ရှားသကဲ့သို့ ထို့အတူ ကဲ့ရဲ့ခြင်း ချီးမွမ်းခြင်း တို့ကြောင့် လှုပ်ရှားခြင်းမရှိသော ပညာရှိများအဖြစ် ဘုရားရှင်၏ ချီးကျူးခြင်းခံရ၏။

## အခြားပုဂ္ဂိုလ်များ

ရဟန္တာမှတစ်ပါး အခြားအရိယာပုထုဇဉ်များ၌လည်း ဒုတိယ ထိုက်သင့်သလောက် ရနိုင်သည်သာ ဖြစ်၏။ ပုထုဇဉ်နှင့် အရိယာ သာဝက လောကဓံ ကြုံကြရာ၌ ကွဲပြားခြားနားပုံ ဘုရားရှင် လောကသုတ်၌ ဟောထားတော်မူ၏။

ပုထုဇဉ်ကား ဖြစ်လာသော လောကဓံ၏ အမြဲမရှိသည် အဖြစ် ဆင်းရဲသည်၏အဖြစ် ဖောက်ပြန်ပျက်စီးတတ်သော

http://www.dhammadownload.com



သဘောရှိသည်၏ အဖြစ်ကို မဆင်ခြင်တတ်၊ ထို့ကြောင့် သူ့စိတ်မှာ လောကဓံတို့၏ သိမ်းကျုံးလွှမ်းမိုးမှုကို ခံရ၏။

အကောင်းလောကဓံနှင့် ကြုံရသောအခါ ထိုလောကဓံအလိုက် လိုက်ပျော်တတ်၏။ အဆိုးလောကဓံ အလိုက် လိုက်စိတ်ဆင်းရဲရ၏။

အရိယာသာဝကကား လောကဓံ၏ "အနိစ္စ=ပျက်စီးတတ်သော သဘော" "ဒုက္ခ=ဆင်းရဲတတ်သော သဘော" များကို စဉ်းစားဆင်ခြင်တတ်၏။

ထိုသို့ ဆင်ခြင်တတ်သောကြောင့် လောကဓံက သူ၏စိတ်ကို မလွှမ်းမိုးနိုင်၊ အကောင်းနှင့်ကြုံလည်း အကောင်းအလိုက် ပျော်လွန်းမှုမရှိ၊ အဆိုးနှင့် ကြုံရသော်လည်း အဆိုးကို ဆန့်ကျင်၍ စိတ်ဆိုးမှု၊ စိတ်ဆင်းရဲမှုမရှိ။

ဤ၌ အရိယာသာဝကကိုသာ လောကဓံ မတုန်လှုပ်သူအဖြစ် ဟောခဲ့၏။ သို့သော် လုံးဝ မစဉ်းစားတတ်သော ပုထုဇဉ်ကိုသာ ဆိုခြင်းဖြစ်ရာ အရိယာကို မမီစေကာမူ အချို့ ပုထုဇဉ်များ၌ တရားသဘော ဆင်ခြင် စဉ်းစားမှုမရှိတတ်၍ အထိုက်အလျောက် လောကဓံကို ခံနိုင်ရရှိသူများကိုလည်း တွေ့နိုင်သည်။

## စဉ်းစားတတ်သူများ

"ဘုရားဟော **"ကမ္ဗသာကာ"** သဘောကား လောကဓံကြောင့် မတုန်လှုပ်ရန် ဖြေဆေးသဖွယ်ဖြစ်၏။ ဗုဒ္ဓသာသနာဝင်များ၌ အဆိုးလောကဓံနှင့် ကြုံရသောအခါ "ကမ္ဗသာကာ"

http://www.dhammadownload.com



ပေါ့၊ ကံအတိုင်းပေါ့၊ ကံကို ဘယ်သူ လွန်နိုင်တာမှတ်လို့” စသော အတွေးများဖြင့် အချို့သူတို့ စိတ်ကို နှိမ်လေ့ရှိကြ၏။

ယင်းသို့ နှိမ်လေ့ရှိ၍ ကြာသော် စိတ်ဓာတ်များ ရင့်ကျက်လာရ၏။ အဆိုးလောကဓံနှင့် တွေ့သော် မတုန်လှုပ်သကဲ့သို့ အကောင်းလောကဓံနှင့် ကြုံရသောအခါ၌လည်း “ကံရှိတုန်းသာ ကံကုန်လျှင် ပျက်မှာပဲ”ဟူသော အတွေးကြောင့် မော်ခြင်း၊ ပျော်ခြင်း မရှိတတ်”

ဆိုခဲ့ပြီး အရိယာတို့ အနိစ္စ=ပျက်တတ်သော သဘောကို တွေးတတ်သကဲ့သို့ အချို့မှာ အနိစ္စ–ဒုက္ခ–အနတ္တသဘော တွေးတော စဉ်းစားခြင်းဖြင့်လည်း ဖြေလေ့ရှိကြ၏။ “အားလုံး အနိစ္စချည်းပဲ ဘယ်မှာ မြဲမှာလဲ၊ ကိုယ်အစိုးရတာမှ မဟုတ်ဘဲ၊ သူ့သဘောအတိုင်း ဖြစ်ကြတာပဲ” စသော အတွေးများဖြင့် စိတ်ကို နှိမ်လေ့ရှိကြ၏။

ယင်းသို့ နှိမ်ဖန်များ၍ ကြာသော် ပို၍ ခံနိုင်ရည်ရှိလာ၏။ အကောင်းတွေ့၍လည်း ပျော်မဆုံး၊ မော်မဆုံး မရှိလှ။ အဆိုးတွေ့ရလည်း စိတ်သက်သာရာ ရ၍ တုန်လှုပ်မှု မရှိကြ။

## မင်္ဂလာ – အမင်္ဂလာ

“ဘုရားသော်မှ မလွန်နိုင်ဘဲ တို့တတွေ ဘာပြောစရာရှိမလဲ” ဟူသော အတွေးမျိုးဖြင့်လည်း အချို့ ဖြေကြ၏။ ဤသို့ စသည်ဖြင့် ဖြေစရာတရားသဘောဖြင့် တွေးတောဆင်ခြင်၍ လောကဓံဒဏ်ကို ခံနိုင်ရည်ရှိလာ၏။

http://www.dhammadownload.com



ယင်းသို့ တရားသဘောဖြင့် ဖြေနိုင်၍ ပကတိအခြေ ကြွေ မပျက်ခြင်းမှာ မင်္ဂလာပင်ဖြစ်၏။ အကောင်း လောကဓံနှင့် တွေ့ ရသော် တကြွကြွ တမော်မော် ပျော်မဆုံးဖြစ်ခြင်းမှာ ကြွေ ပျက်ခြင်း၊ ဖောက်ပြန်ခြင်းဖြစ်၍ တုန်လှုပ်ခြင်းပင်။ ထို့ကြောင့် မင်္ဂလာမဖြစ်၊ အဆိုးနှင့် ကြုံရ၍ စိတ်ဆင်းရဲခြင်း၊ ဝမ်းနည်း ညှိုးငယ်နေခြင်းတို့မှာ ဆိုဖွယ်ရာမရှိ အမင်္ဂလာသာပါပေ။

## ကဲ့ရဲ့ ချီးမွမ်းခြင်း

အချို့ လာဘ်မရခြင်း စသော လောကဓံကို အတော်အတန် ခံနိုင်ရည်ရှိသူပင် ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းကြောင့်ကား မတုန်ဘဲ မနေနိုင်ဖြစ်ရ၏။ အချို့ သူတစ်ပါး အကဲ့ရဲ့ခံရသောအခါ "အို… ချီးမွမ်းကဲ့ရဲ့ ခုနစ်ရက်ပေါ့၊ ဘာအရေးစိုက်နေစရာရှိလဲ" ဟု ဂရုမထားဘဲ နေနိုင်ကြ၏။

ဤစကားမှာ ဘုရားဟောအရပင်ဖြစ်၏။ ဘုရားရှင် ရာဇဂြိုဟ် ပြည်၌ သီတင်းသုံးတော်မူစဉ် အရှင်သာရိပုတ္တရာ စသော ပုဂ္ဂိုလ် အများအပြား ရဟန်းပြုခဲ့၏။ ထိုအခါ လူအများက ကဲ့ရဲ့ကြ၏။

ထိုအကြောင်း ရဟန်းများ လျှောက်ထားသောအခါ ဘုရား ရှင်က ရဟန်းတို့…ထိုအသံမှာ ကြာရှည်စွာ ဖြစ်နေလိမ့်မည် မဟုတ်၊ ခုနစ်ရက်သာ ရှိနေလိမ့်မည်" ဟု မိန့်တော်မူ၏။

## အတုလဥပါသကာ

အတုလ ဥပါသကာက ဘုရားရှင်အား မိမိတရား နာလာ ကြောင်း လျှောက်၏။ "တရားနာ ပြီးပြီလော"ဟု မေးတော်

http://www.dhammadownload.com



မူသော် "မြတ်စွာဘုရား ရှင်ရေဝတထံသွားရာ ရှင်ရေဝတက စကားမပြော၊ ရှင်သာရိပုတ္တက အဘိဓမ္မာတရားတွေ အများကြီး ဟောသည်။ ရှင်အာနန္ဒကတော့ တရားနည်းနည်းလေး ဟောလိုက်သည်။ ယင်းသို့ဖြင့် ထိုအရှင်တွေကို စိတ်ဆိုးပြီး ဘုရားရှင်ထံ ရောက်လာကြောင်း လျှောက်ထား၏။

ထိုအခါ ဘုရားရှင်က "အတုလ...လောက၌ ဘုရင်ကိုလည်း အချို့ကဲ့ရဲ့ကြ၊ ချီးမွမ်းကြ၊ ငါဘုရားကိုပင် ကဲ့ရဲ့သူ ကဲ့ရဲ့ကြ၊ ချီးမွမ်းသူ ချီးမွမ်းကြ၏။ လူမိုက်တို့ ကဲ့ရဲ့သည်မှာ လိုရင်းမဟုတ်၊ ပညာရှိများ မကဲ့ရဲ့ ချီးမွမ်းခံရအောင် ဂရုစိုက်ရမည်။

ဤကဲ့ရဲ့ခြင်းမှာ ယခု ခေတ်ပေါ် တရားသဘောမဟုတ်၊ ရှေးလက်ဟောင်း သဘောတရားဖြစ်၏။ ဆိတ်ဆိတ်နေသူကိုလည်း ကဲ့ရဲ့ကြ၏။ စကားများသူကိုလည်း ကဲ့ရဲ့ကြ၏။ နှိုင်းချိန်ပြောတတ်သူကိုလည်း ကဲ့ရဲ့ကြ၏။

လောက၌ အကဲ့ရဲ့ မခံရသူမရှိ၊ တကယ် အကဲ့ရဲ့ ခံရသူက တကယ် အချီးမွမ်းခံရသူဟု ရှေးကလည်း မရှိဘူး၊ နောင်လည်း ရှိမည်မဟုတ်။ ယခုလည်း မရှိ"ဟု ဟောတော်မူ၏။ **(ဓမ္မပဒ)**

## ခံနိုင်ရည်ရှိသောရဟာန်း

ရှေးက ရဟာန်းတစ်ပါး အိမ်တစ်အိမ်၌ ဆွမ်းခံရင်း ထိုအိမ်နှင့် အကျွမ်းတဝင်ဖြစ်နေ၏။ နောင်အခါ တရားအားထုတ်၍ ရဟန္တာဖြစ်၏။ ထိုအိမ်၌ ထိုအရှင် ဝင်ထွက်သွားလာသည်ကို

http://www.dhammadownload.com



မြင်ရသော နတ်တစ်ဦးက ထိုရဟန်း ပျက်စီးမှုမလိုလား၊ အကျိုးကိုသာ လိုလားသည်ဖြစ်၍ ထိုအိမ်က အိမ်ရှင်မယောင်ဆောင်ကာ ရဟန်းထံသွား၍ အရှင်ဘုရား...မြစ်ဆိပ်၊ မြို့ဝ-လမ်းမ-သဘင်နေရာတိုင်းတွင်ပင် "အရှင်ဘုရားနှင့် တပည့်တော်မအကြောင်း ဘာလိုလိုပြောဆိုနေကြပါသည်"ဟု လျှောက်ထား၏။

ရဟန်းတော်က ပြန်လည် အမိန့်ရှိသည်မှာ "ဆန်နှင့်ကျင်ဘက်ပဲ့တင်ခတ်လာသော အသံတို့ကား အများအပြားပင်၊ ရဟန်းမည်သည်မှာ ထိုအသံကို ခံနိုင်ရည်ရှိရသည်၊ ထိုအသံကြောင့် ညစ်နွမ်းခြင်း မဖြစ်နိုင်၊ တောထဲ၌ လေတိုက်တိုင်း လန့်သော သမင်ပမာ အသံကို လန့်နေသော ရဟန်းကို စိတ်ပေါ့သူဟု ဆိုကြကုန်၏။ ထိုရဟန်းမျိုးအား အကျင့်မပြည့်စုံနိုင်"ဟု မိန့်တော်မူလိုက်၏။

## လောကဓံ မခံနိုင်က အကျင့်ပျက်ရ

ဤရဟန်း၏ တရားမှာ ကဲ့ရဲ့ခံရ၍ ကိုယ်မှာ ဘာမှမဖြစ်၊ ကဲ့ရဲ့သံ လန့်နေလျှင် အလုပ်ပျက်ရုံသာဟု စဉ်းစားရန်ဖြစ်၏။ မည်သည့် လောကဓံနှင့်ကြုံကြုံ မတုန်လှုပ်ဖို့ အရေးကြီးသည်။ တုန်လှုပ်က လောကဓံ ထွက်ပေါက်ရှာကာ အကျင့်ပျက်တတ်သည်။

ယင်းသို့ အကျင့်ပျက်တတ်ပုံကို မိမိအား အမေးခံရသော ပြဿနာဖြေရင်းနှင့်ပင် ရှင်းလင်းသွားပါလိမ့်မည်။ တစ်ချို့သော

http://www.dhammadownload.com



နွေကာလကဖြစ်၏။ မိမိသည် မြို့ကြီးတစ်မြို့တွင် တရားဟော၏။ နေ့လည်တွင် ဒကာတစ်ယောက် ရောက်လာ လျှောက်ထား၏။

"အရှင်ဘုရား သာသနာတော်မှာ ခိုးသူ ခားမြကြီးငါးမျိုး ရှိတယ်လို့ ပြောသံကြားဖူးပါတယ်ဘုရား၊ အဲဒီ ခိုးသူ ခားပြကြီး ငါးမျိုး ပြောပြပေးပါဘုရား"

"ဘယ်က...ဘယ်ကများ ကပ်သီးကပ်သပ် ကြားလည်း မသိပါဘူး ဒီဒကာကြီးနှယ်"

"ဒီလိုပဲ နားစွန်နားဖျား ကြားဖူးတာပဲဘုရား"

"ဒါဖြင့် ခုတော့ နားစွန်ကနေ နားရင်းမှာ ကြားချင်လို့ လာမေးတာပေါ့ဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ကဲ...ဒါဖြင့် နားရင်းနှင့် ထောင်ပေတော့"

"မှန်ပါ၊ ထောင်ပါမယ်ဘုရား"

"ဘုရားရှင် လက်ထက်က ရဟန်းအများက ဝဇ္ဇီတိုင်း ဝဂ္ဂုမုဒါမြစ်ကမ်းမှာ သီတင်းသုံးကြတယ်၊ အဲဒီအချိန်က ဝဇ္ဇီတိုင်း မှာလည်း ဝတ်မွတ်ခေါင်းပါးတဲ့ ဘေးသင့်နေတယ်၊ ဆွမ်းခံလို့ မရကြဘူးပေါ့၊ လာဘ်မရတဲ့ လောကဓံ ကြုံနေတယ်ပေါ့နော်"

"မှန်ပါဘုရား"

"အဲဒီလို လာဘ်မရတဲ့ လောကဓံကြုံတော့ ရဟန်းတွေ စုဝေးပြီး လာဘ်မရတဲ့ လောကဓံ ထွက်ပေါက်ရရေး တိုင်ပင် ကြတယ်..."

http://www.dhammadownload.com



"ငါတို့သည် အဘယ်သို့သောနည်းဖြင့် ညီညွတ်ဝမ်းမြောက် ကုန်သည်ဖြစ်၍ ဆန့်ကျင်ဘက်စကား မပြောကြားကုန်ဘဲ ချမ်းသာစွာ ဝါလပတ်လုံး နေရပါကုန်အံ့နည်း။ ဆွမ်းဖြင့်လည်း မပင်ပန်းဘဲ နေရပါကုန်အံ့နည်း"

အဲဒီလို တိုင်ပင်တော့ ကိုယ့်အယူနဲ့ကိုယ် အသီးသီး အကြံဉာဏ်ပေးကြတယ်။

၁။ ငါ့ရှင်တို့ ငါတို့ လူတို့၏ အမှုကြီးငယ်ကို ဆောင်ရွက်ပေးကြကုန်စို့၊

၂။ ငါ့ရှင်တို့ ငါတို့ လူတို့၏ တမန်သည် အမှုကို ဆောင်ကြကုန်စို့

၃။ ငါ့ရှင်တို့ ငါတို့ "မည်သည့်ကိုယ်တော်ဟာ ဈာန်ရပုဂ္ဂိုလ်ဖြစ်တယ်၊ မည်သည့်ကိုယ်တော်ဟာ သောတာပန်ဖြစ်တယ်၊ မည်သည့်ကိုယ်တော်ကမူ ရဟန္တာဖြစ်တယ်" စသည်ဖြင့် တစ်ပါး၏ဂုဏ်ကို တစ်ပါးက လူတို့အား ပြောကြားကြစို့"လို့ အသီးသီး အကြံဉာဏ်ပေးတယ်"

အဲဒီလို နောက်ဆုံးနည်းကို အားလုံး သဘောတူပြီးတော့ မိမိတို့မှာမရှိသောဂုဏ်ကို လူတို့အား ကြွားဝါပြီးတော့ ပြောကြားကြတယ်တဲ့ ဒကာကြီး"

"မှန်ပါဘုရား"

"အဲဒီလို ပြောတော့ လူတွေက လွန်စွာ ကြည်ညိုကြသဖြင့် မိမိတို့ မစားရက်၊ မသောက်ရက် သားသမီး, မိဘတို့ကိုမျှ မကျွေးရက်သော အစားအစာများ လှူဒါန်းကြသတဲ့"

http://www.dhammadownload.com



"မှန်ပါဘုရား"

"လာဘ်ယူတဲ့ လောကစံထွက်ပေါက်ရှာလိုက်တော့ လာဘ်ရတဲ့ လောကစံနဲ့ ပြုံးမနေကြဘူးလား"

"ပြုံးနေကြပါတယ်ဘုရား"

"သီတင်းကျွတ်လျှင် ဘုရားရှင်ထံ အဖူးအမြော် လာရိုးထုံးစံရှိသည့်အတိုင်း အဲဒီရဟန်းတွေဟာ ဘုရားရှင်ထံ လာကြတော့ ဘုရားရှင်က သိတော်မူလျက်နှင့် စကားစရအောင် "သင်တို့ဝါတွင်း၌ ချမ်းသာစွာ နေခဲ့ကြရရဲ့လား၊ ဆွမ်းကိစ္စလည်း မပင်ပန်းဘဲ မျှတကြရဲ့လား"လို့ မေးတော်မူတယ်"

"မှန်ပါဘုရား"

"ဒီတော့ ရဟန်းတွေက ချမ်းသာစွာ နေခဲ့ရကြောင်း စသည် လျှောက်ထားတာပေါ့နော်"

"မှန်ပါဘုရား"

"ဘုရားရှင်ကလည်း ဘယ်ပုံတယ်နည်းနေလို့ ချမ်းသာစွာနေခဲ့ရသလဲစသည် မေးပြန်တာပေါ့၊ ဒီတော့ ရဟန်းတော်တွေက သူ့အကြံအစည်အားလုံး သူတို့ပြောပုံတွေကို ဘုရားရှင်ထံ လျှောက်ထားတာပေါ့နော်"

"မှန်ပါဘုရား"

"ဒီတော့ ဘုရားရှင်က ဒီရဟန်းတော်တွေကို...

"ရဟန်းတို့ သင်တို့အလုပ်ဟာ ရဟန်းများနှင့် မလျော်သော အလုပ်ဖြစ်သည်၊ အလွန်ထက်သော သားလှီးဓားဖြင့် ဗိုက်ကို ဖြတ်လှီးလိုက်ရတာက တစ်ဘဝသာ အသက်

http://www.dhammadownload.com



သေ၍ နောင်အရှည် ငရဲမကျနိုင်သဖြင့် ကောင်းသေး၏၊ သက်သာသေး၏”

“ဝမ်းရေးအတွက်ကြောင့် မဟုတ်မမှန် လုပ်ကြံညာ ဖြန်း၍ မိမိဂုဏ်ကို ပြောမှုရသော အစားအစာကို စားရခြင်း ကြောင့်ကား သေလျှင် အပါယ်သို့ ရောက်ဖွယ်ရာရှိသဖြင့် မကောင်း မြတ်ချေ”

လို့ ကဲ့ရဲ့တော်မူပြီးလျှင် သူခိုးဓားပြ ငါးမျိုးကို ဆက်လက် ဟောပြတော်မူတယ် ဒကာကြီး”

“မှန်ပါဘုရား”

“ရဟန်းတို့ ဤသာသနာ၌ ခိုးသူဓားပြကြီး ငါးယောက်တို့ ထင်ရှားရှိကုန်၏...

၁။ ရဟန်းတို့ ယုတ်မာသော ရဟန်းတစ်ပါးသည် “ငါသည် ရာထောင်များစွာ တပည့်ပရိသတ်များ ခြံရံလျက် ရွာနိဂုံး မင်း နေပြည်များသို့ လှည့်လည်ကာ ဒကာ–ဒကာမတို့၏ အရိုအသေ မြတ်နိုးပူဇော်မှုကို ဘယ်တော့များ ခံရပါ့မလဲ”လို့ ကြံစည်ပြီးတော့ ယင်းကဲ့သို့ အရိုအသေ မြတ်နိုးပူဇော်ခံရအောင် ကြိုးစားအားထုတ် သဖြင့် အရိုအသေမြတ်နိုး ပူဇော်ခံရတယ်”

အဲဒီ ရဟန်းဟာ သာသနာတော် ကြီးပွားရေး သတ္တဝါ အများတို့ အကျိုးစီးပွားရေးကို မရည်ရွယ်ဘဲ သာသနာတော်ကို မှီပြီး မိမိကြီးပွားရေးကိုသာတွေး၍ ရှေးရှု၍ အားထုတ်သော ပထမသူခိုး ဓားပြကြီးပဲ ဒကာကြီး”

“မှန်ပါဘုရား”

http://www.dhammadownload.com



"သာသနာတော် ကြီးပွားရေးနှင့် ပုဂ္ဂိုလ်ကြီးပွားရေး အဖွဲ့ အစည်းကြီးပွားရေးကိုတော့ ခွဲသိနော်"

"မှန်ပါဘုရား"

၂။ ရဟန်းတို့ ယုတ်မာသော ရဟန်းတစ်ပါးသည် "ဘုရားရှင် ဟောကြားအပ်သော တရားတော်ကို သင်ကြားပြီးတော့ မိမိ၏ ကိုယ်ပိုင်ဥစ္စာ ပြုလုပ်ကာ သူကိုယ်တိုင် ကြံစည်၍ သိသကဲ့သို့ သူပိုင်နည်းလုပ်ကာ ပြော၍ ဟော၍ တရားတော်ကို ခိုးယူ၏၊ အဲဒီရဟန်းဟာ ဒုတိယ ခိုးသူဓားပြကြီးပဲ ဒကာကြီး"

"မှန်ပါဘုရား"

၃။ ရဟန်းတို့ ယုတ်မာသော ရဟန်းတစ်ပါးသည် စင်ကြယ်စွာ မြတ်သောအကျင့်ကို ကျင့်နေရသော ရဟန်းတော်ကို မမြတ်သော အကျင့်ဖြင့် စွပ်စွဲကာ သီလမရှိဘူးလို့ ပြောတယ်၊ အဲဒီရဟန်းဟာ တတိယ ခိုးသူဓားပြကြီးပဲတဲ့ ဒကာကြီး"

"မှန်ပါဘုရား"

၄။ ရဟန်းတို့ ယုတ်မာသော ရဟန်းတစ်ပါးသည် သံဃိကပစ္စည်းဖြစ်သော ကျောင်း၊ ဥယျာဉ်စောင်း၊ ခေါင်းအုံး စသည်တို့ကို လူတို့အားပေးတယ်၊ အဲဒီရဟန်းဟာ စတုတ္ထ ခိုးသူဓားပြကြီးပဲ"

"မှန်ပါဘုရား"

၅။ ရဟန်းတို့ ယုတ်မာသော ရဟန်းတစ်ပါးသည် မိမိမှာ မရှိသော ဈာန်မဂ်ဖိုလ်တရားကို ရှိဟန်ဆောင်၍ လူတို့အား ပြောဆို၏။ "ထိုရဟန်းကား တစ်ယောက် နှစ်ယောက်မက

http://www.dhammadownload.com



တစ်လောကလုံးကို လိမ်ရာကျသောကြောင့် အကြီးကျယ်ဆုံး သူခိုးဓားပြကြီးတည်း” တဲ့ ဒကာကြီး”

“မှန်ပါဘုရား”

“ကဲ...ဒကာကြီး သိချင်တဲ့ သာသနာတော်မှာ အကျော် ဖြစ်တဲ့ ခိုးသူဓားပြကြီးငါးမျိုး သိရပြီမဟုတ်လား”

“မှန်ပါ၊ သိရပါပြီဘုရား”

“ဘာ့ကြောင့် သူခိုးဖြစ်ရတာလဲဆိုရင် အဆိုးလောကဓံ မခံနိုင်လို့ အကောင်းလောကဓံနဲ့ ကြုံချင်လို့ ဖြစ်ရတာတွေ မဟုတ်လား”

“ဟုတ်ပါတယ်ဘုရား”

“ဒီတော့ အဆိုးလောကဓံကြုံကြုံ မဖြုန်မှ မတုန်မှ ခိုးသူ ဓားပြဘဝမှ လွတ်မယ်၊ ဒါ့ကြောင့် လောကဓံကြုံ မတုန်လှုပ် အောင် ကြိုးစားပါနော်”

“မှန်ပါဘုရား”

“ကဲ...တော်ကြစို့”

❀ ကောင်းဆိုးတရား တွေ့ကြုံငြား သတိထားနိုင်စေ။
❀ သတိမထား မေ့၍သွား ခိုးသားဖြစ်နိုင်ပေ။
❀ ခိုးသားဖြစ်က အပါယ်ကျ ဒုက္ခဖြစ်မည်လေ။

http://www.dhammadownload.com



# မနောချမ်းသာအောင် ကျင့်သုံးနေပါတယ်ဘုရား

## { ၂၇ }

အချိန်ကား တိတ်ဆိတ်ငြိမ်သက်သောအချိန်ဖြစ်၏။ တောတွင်းတွင် ပို၍ ငြိမ်သက်တိတ်ဆိတ်လှ၏။ သီတင်းကျွတ်ခါနီးဖြစ်၍ တောမှာ သာယာစအချိန်ဖြစ်၏။

မိုးအားနည်း၍ နေရောင်များသောဘက်သို့ ရောက်လာသဖြင့် ရေသံလည်း နည်း၍လာချေပြီ။ စိုစွတ်သည့်အခြေအနေမှ ခြောက်သွေ့တဲ့ဘက်သို့ ရောက်လာချေပြီ။

မိမိမှာမူ ပူသည်၊ အေးသည်၊ စိုသည်၊ ခြောက်သည် ပမာဏမပြုနိုင်။ တောရကျောင်းတွင်ရှိခိုက် မှီခိုအားထားနေသူ စာသင်သားများအား စာချပေးရန်နှင့် ချဉ်းကပ်လာသူ ဒကာ–ဒကာမများအား တရားဟော၊ တရားပြရန် တာဝန်ရှိ၏။ တရားကျင့်ရေးလည်း တာဝန်ရှိနေ၏။

http://www.dhammadownload.com



သူ့တာဝန် ကိုယ့်တာဝန်ဟု တာဝန်နှစ်ရပ်ရှိရာ ကိုယ့်တာဝန် မကျေမှာ အလွန်စိုးရိမ်သည်။ တာဝန်ကျေအောင် ထမ်းဆောင်ရသော မိမိအဖို့ အားချိန်၊ နားချိန်ဟူ၍ မရှိပါ။

တစ်နေ့ညနေ စာဝါချပြီးချိန်ဖြစ်၏။ ဖျော်ရည်ကပ်ရန် ကျောင်းဒကာများ ရောက်လာသည်။ ဖျော်ရည်ကပ်ပြီးလျှင် မိမိထံလာသော စာများကို ကပ်သည်။

မိမိသည် စာများဖတ်သောအခါ လက်ရေးမသိသော ဘယ်ကလာမှန်းမသိသော စာကို အလျင် ဖတ်လေ့ရှိသည်။ သို့ဖြင့် စာအိတ်အများမှ တစ်အိတ်ကို ဖောက်ဖတ်လိုက်သည်...

၁၅–၁၀–၇၈

အရှင်မြတ်ဘုရား...

"ရိုသေစွာ စာရေးလျှောက်ထားပါသည်ဘုရား၊ တပည့်တော် တရားရှူမှားရင်း အိပ်ပါသည်ဘုရား။ နှစ်နာရီလောက်နိုးတာနဲ့ တစ်ပြိုင်နက် တပည့်တော် တစ်ကိုယ်လုံးမှာ ညင်ညင်သာသာလေးပဲဘုရား။

အပ်ချစရာ မရှိအောင် တဖြတ်ဖြတ် တလှုပ်လှုပ် တညိမ့်ညိမ့် တသဲသဲ တစ်ကိုယ်လုံး ဖြစ်ပျက်နေတာ တွေ့ရပါတယ်ဘုရား။

"သတိထားချုပ်တော့မယ်"လို့ အသိကလေးဖြစ်လာပါတယ်ဘုရား။ ရပ်သွားလိုက်၊ ပြန်ဖြစ်လိုက်နဲ့ သုံးချိန်ဖြစ်ပါတယ်ဘုရား။

http://www.dhammadownload.com



ယခုလည်း ဆက်လက် ကြိုးစားနေပါတယ်ဘုရား၊ ဟိုစခန်း ရက်ကဆိုရင် သမာဓိမြဲအောင် အားထုတ်ရတာ ဟန်ကျပါ တယ်ဘုရား။

အာစီးထည့်ထားသလိုပါပဲ၊ အရှင်မြတ်ရဲ့ မေတ္တာ စေတနာတော်ကြောင့် တရားမြဲသူတွေ များကြပါတယ် ဘုရား။ တရားအနှစ်တွေကြီးပဲ ဟောလို့ တရားတော် တန်ဖိုး လည်း မဖြတ်နိုင်ပါဘုရား။

"ခြေသုတ်ပဆိုး မြွေစွယ်ကျိုး"ကဲ့သို့ အရာရာမှာ ပလွှား ဟန်ဆောင်ခြင်းမရှိ ကင်းစင်ရင် အရာရာမှာ အောင်မြင်ပြီး ချမ်းသာမယ်လို့လည်း သဘောပေါက်လာပါတယ်ဘုရား။

တစ်နေ့ တပည့်တော် စကြံလျှောက်ရင်း တရားရှုပွား ပါတယ်ဘုရား၊ သတ်တော့မည့်နွားကြီး နွားသတ်ရုံဆွဲသွား တော့၊ သေခါနီးသလို တစ်လှမ်းချင်း တစ်လှမ်းချင်းနဲ့ တရား ရှုပွားတော့ အလိုလို သေရွာသွားရတော့မလို ထင်လာပြီး "ဟင်...ဟုတ်ပါလား၊ လှမ်းနေတဲ့ တစ်လှမ်း တစ်လှမ်းကာ လှမ်းတိုင်း လှမ်းတိုင်း သေရွာသို့ သွားနေပါပေါ့လား၊ မိနစ် စက္ကန့်မခြား သေရွာနှင့် နီးနေပါပြီလား"လို့ သဘောပေါက် ပါတယ် ဘုရား။

အရှင်မြတ်ထံ စာရေးလျှောက်ထားရတာ ကြောက် တော့ ကြောက်ပါတယ်ဘုရား၊ အကြောက်စွန့်၍ ရေး လျှောက်ရတာပါ။

http://www.dhammadownload.com



လောကီထဲမှာ လူတွေနှင့် ပြောဆိုဆက်ဆံပါသော်လည်း သူတော်စင် အရှင်မြတ်များရဲ့ အတုမှီ၍ အတုယူ၍ "ရေမရှိ မြစ်လယ်ခေါင်၊ ထင်းမရှိ တောသုံးထောင်" ပါဘုရား။

မနောချမ်းသာအောင် ကျင့်သုံးနေပါတယ်ဘုရား။ အရှင်မြတ်ရဲ့သာဝက အရှင်မြတ်သွန်သင်ပြသဆုံးမသော တရားစကားများကို အမြဲနာယူလျက်ပါဘုရား။

ဆုံးမဩဝါဒ များများပေးပါဘုရား။ ဆုံးမဩဝါဒများများ ရပါစေလို့ ဆုတောင်းပါတယ်ဘုရား။ နိဗ္ဗာန်ရမယ်ဆိုလျှင် ဆုံးမရုံမက ဝဋ်ဒုက္ခ ခန္ဓာကိုယ်ကိုပင် စွန့်ပယ်ရန် အသင့်ပါဘုရား။

"ပွင့်လင်းစွာ ဆက်ဆံခြင်းဟာ ယဉ်ကျေးမှုတစ်ရပ်"လို့ သတ်မှတ်ပါတယ်ဘုရား၊ ဆုံးမဩဝါဒခံယူပါတယ်ဘုရား၊ ဆရာတော်အရှင်မြတ်ရဲ့ အမိန့်ကို ဘယ်အခါမှ မလွန်ဆန်ပါဘုရား။ အမြင်မှန်ရရန် စာနဲ့ရေး၍ မြန်မြန်ဆုံးမပါဘုရား။

"နာမ်ခေတ်မှာ ဉာဏ်ကပ်"ပါမှ တပည့်တော်တို့ အထွတ် အမြတ် ကိုးကွယ်တော်မူတဲ့ ဘုရားရှင်ရဲ့ ဂုဏ်ကျေးဇူး၊ အရှင်မြတ်တို့ရဲ့ တရားမေတ္တာ ဂုဏ်ကျေးဇူးဟာ အထူးပဲ ပေါ်လွင်စေပါတယ်ဘုရား။

တရားနာယူရတာလည်း မြတ်နိုးပါတယ်ဘုရား။ တပည့်တော်ထံ ဆုံးမစကား၊ တပည့်တော်နှင့် တွေ့တဲ့အခါမှာလည်း ဆိုဆုံးမစရာလေးတွေရှိရင် ဆုံးမတော်မူပါဘုရား။

http://www.dhammadownload.com



ကျန်းမာ ချမ်းသာစွာနှင့် သာသနာတော်အကျိုး၊
လောက အကျိုးကို သည်ပိုးတော်မူနိုင်ပါစေဘုရား"

**သတိမလွတ်ကြိုးစားလျက်**

**ကျန်းမာစွာနှင့်**

**(......)**

မိမိမှာ စာဖတ်ပြီးသော် စဉ်းစားနေသည်။ အတန်ကြာသော် ရှေ့တွင်ရှိနေသော ကျောင်းဒကာများက မေးလျှောက်တော့မှ စဉ်းစားခန်း ပြတ်သွားသည်။

"ဘုန်းဘုန်း စာဖတ်တာလည်း အကြာကြီးပဲ၊ စဉ်းစားနေတာလည်း အကြာကြီး၊ စာထဲ ဘာတွေများပါလဲဘုရား"

"စာက စိတ်ချမ်းသာစရာတွေပါတယ်၊ သူများတွေ ဖတ်ကြည့်ရင်လည်း အတုယူစရာ အားကျစရာလည်း ကောင်းတယ်"

"ဒီလိုဆို တပည့်တော်တို့လည်း အဲဒီစာပေးဖတ်ပါလား ဘုရား၊ အတုခိုးရအောင်ပေါ့ ဘုရား"

"နေဦး၊ နေဦး၊ ဒီစာက သိမ်းထားရမယ့် စာပဲ၊ ဦးပဥ္စင်းက စာတွေဖတ်ပြီး သိမ်းထားရမယ့် စာဆိုရင် သေသေချာချာ သိမ်းထားတယ်၊ သိမ်းမထားရမယ့်စာဆိုရင် ဆုတ်ဖြဲပစ်လိုက်တာပဲ၊ သိမ်းထား ရှုပ်တာပဲပေါ့၊ ဒီစာကတော့ မှတ်မှတ်ရရ သိမ်းထားပြီးနောက် ပြန်စာရေးတော့မှ ပြန်စာနဲ့ တွဲဖတ်နော်"

"မှန်ပါဘုရား၊ ဘယ်တော့ ဘုန်းဘုန်းက ပြန်စာရေးမလဲ ဘုရား"

"နောက် အားတော့မှပေါ့"

http://www.dhammadownload.com



"ဒီလိုဆိုတော့ ဟိုစာရှင်ကလည်း ပြန်စာကို အကြာကြီး မျှော်ပြီး ဖတ်ရမှာပေါ့ဘုရား"

"အင်းပေါ့၊ တချို့စာများ (၂)နှစ်၊ (၃)နှစ်တောင် ကြာတယ်"

"ဟိုက မေ့တောင် မေ့မှာပဲနော် ဘုန်းဘုန်း"

"မေ့လည်း ဘယ်တတ်နိုင်မှာလဲ၊ အားမှ မအားတာပဲ"

ယင်းသို့ဖြင့် နေ့ကိုရက်စား၊ ရက်အား လမျို၍ နှစ်သို့ ချင်းခဲ့ပြီ။ တစ်နေ့ နေ့ခင်း အားလပ်ခိုက်တွင် စာကို ပြန်ဖတ်ကာ ပြန်စာကို ရေးရတော့၏။

**သို့**

**(……)**

**ပြန်ကြားသိစေလိုက်ပါသည်…**

ဆုံးမစာ လိုလား၍ ပြန်စာမျှော်ပြီး ထည့်လိုက်တော့ ပြန်စာကို မျှော်နေမည်လို့တော့ ထင်ပါသည်။ သို့သော် ဦးပဥ္ဇင်းမှာလည်း အပြင်ထွက် တရားဟောရ၍ မအားပါ။

ကိုယ့်နေရာ ကိုယ်ပြန်ရောက်တော့လည်း နွေဘက်က ပျက်ကွက်ခဲ့တာတွေ ထေမိအောင် စာသင်သားများအား စာချရ၊ ဥပုသ်နေ့များတွင်လည်း တရားဟော တရားပြနှင့် မအားလပ်၍ စာမပြန်နိုင်ခဲ့ပါ။

တရားရှုပွားရင်း အိပ်လို့ တရားပေါ်ပုံကို သိရတော့ ဝမ်းသာပါသည်။ "သတိထားချုပ်တော့မယ်"လို့ ပေါ်လာတဲ့ အသိကလေးကလည်း သိပ်ပြီးတော့ ကောင်းပါသည်။

http://www.dhammadownload.com



"ခြေသုတ်ပုဆိုး မြေစွယ်ကျိုး" ကဲ့သို့ ဥပမာတင်ပြီး တရားသဘောပေါက်တာဟာလည်း အလွန်တရာ တန်ဖိုးရှိပါတယ်။ တရားဟာ အမြဲလည်း ရှုပွားနေမယ်၊ မှန်လည်း မှန်ကန်မယ်ဆိုရင် ယခုလို ဥပမာမျိုးတွေ ထင်ဟပ်လာပြီး အသိအမြင်တွေ တိုးတက်လာပါတယ်။ အသိအမြင်တွေ တိုးတက် လာလျှင်လည်း အမူအကျင့်ဆိုးတွေ ပျောက်ပျောက်သွားပြီး အမူအကျင့်ကောင်းတွေ ပေါ်ပေါ်လာပါတယ်၊ အဲဒါဟာ တရားရဲ့ ကျေးဇူးတရားရဲ့ သတ္တိပဲ။

စကြံလျှောက်ရင်း ထင်တဲ့ နွားသတ်ရုံပို့မယ့် နွားကြီး ပမာ ထင်လာတာဟာလည်း အလွန်တရာ ကောင်းပါတယ်၊ အမှန်စင်စစ် သတ္တဝါတွေဟာ သေရွာနှင့် တစ်ချိန်ထက် တစ်ချိန် နီးနီးနေပါတယ်။

အဲဒီလို သေရွာနှင့် နီးနေမှန်းသိတော့မှလဲ တရားက မြဲမြဲမြံမြံ မလွတ်တမ်း ကြိုးစားမှာပေါ့။ ကြိုးလဲ ကြိုးစားပေါ့။ ကိုယ့်သေဘေးဟာလည်း အမှန်စင်စစ်တော့ နီးလှပါတယ်။

တွေးပြီးတော့ ကြောက်မနေပါနဲ့။ အကျိုးရှိတဲ့ စာတွေ ရေးလျှောက်တာတော့ ရေးလျှောက်ပါ။ ဖတ်ရကျိုး၊ ပြန်ပြေရကျိုးလည်း နပ်ပါတယ်။ ကျန်းမာချမ်းသာကြောင်း စာတွေတော့ မရေးနဲ့၊ မဖတ်ချင်ဘူး။ အချိန်နှမြောတယ်။

သူတော်စင် အရှင်မြတ်များ အတုယူပြီး "ရေမရှိ မြစ်လယ်ခေါင်၊ ထင်းမရှိ တောသုံးတောင်" ပမာပြုပြီး

http://www.dhammadownload.com



နေထိုင်ပုံကိုဖော်ပြလို့ သဘောကျလှပါတယ်။ ရှုပ္ပားနေရင် ဒီလိုဖြစ်တာဟာလည်း သာဓကတစ်ရပ်ပေါ့။

"မနောချမ်းသာအောင် ကျင့်သုံးနေထိုင်တယ်" ဆိုတဲ့ စာကို ဖတ်ရတော့ ဝမ်းသာပါတယ်။ အများတွေလည်း သိရအောင်ဆိုပြီး အချိန်အားမှ စာပြန်ရတော့ ပြန်စာတော့ နောက်ကျတယ်ပေါ့။ ဒါပေမယ့် ပြည့်ပြည့်စုံစုံလည်း ရေးရ၊ အများလည်း သိရတော့ နောက်ကျရကျိုး နပ်ပါတယ်နော်။

ဆုံးမဩဝါဒ များများပေးပါဆိုတော့ ဘုရားရှင်ရဲ့ သားတော် ရှင်ရာဟုလာကို သတိရပါတယ်။ ရှင်ရာဟုလာဟာ နေ့စဉ်နေ့စဉ်ပဲ သဲတွေကို ဆုပ်ဆုပ်ပြီး "ငါသည် ယနေ့ ဘုရားရှင်ထံမှ ဒီမျှ အဆုံးအမဩဝါဒတွေ ရပါမူကား ကောင်းလေစွ"

"ငါ၏ ဥပဇ္ဈာယ်ဆရာမြတ်ထံမှ အဆုံးအမ ဩဝါဒတွေ ဒီမျှ ရပါမူကား ကောင်းလေစွ"လို့ သဲဆုပ်မျှ၊ သဲဆုပ်မျှ တစ်ပါး တစ်ပါးထံမှ အဆုံးအမဩဝါဒတွေ လိုလားပါသတဲ့။

တချို့က ဆုံးမဩဝါဒပေးတာကို နားပူနားဆာလုပ်တယ်။ မန်တယ် ထင်တယ်။ အချိန်မရလို့ တိုတိုတောင်းတောင်းပြောတာ ဆုံးမတာပဲ။ မန်တာ မဟုတ်ပါဘူး။

အမြင်မှန်က ရနေပြီပဲ။ ဆက်လက်ပြီး တိုးတက်ရန် သတိဝီရိယ၊ ပညာတရား လက်ကိုင်ထားပြီး ဆက်လက်ကြိုးစားပေါ့။ စာရေးဖို့အချိန်က ရှားရှားပါးပါးမို့ သည်းခံပါ။

http://www.dhammadownload.com



"နာမ်ခဲတတ်မှာ ဉာဏ်ကပ်ပါမှ" ဘုရားရှင် ဂုဏ်ကျေးဇူး၊ ဆရာ့ဂုဏ်ကျေးဇူး အထူးပေါ်လွင်စေတယ်ဆိုတဲ့ အသိ တစ်လုံးရတာဟာ အင်မတန် တန်ဖိုးရှိပါတယ်။ အဲဒီလို အသိဉာဏ်မျိုးရရန် ဆက်လက်ပြီး ကြိုးစားပါ။

ဟောခဲ့ပြီးတဲ့ တရားတွေပဲ အပြန်ပြန်အလှန်လှန် နာယူပြီး ဆက်လက်ကျင့်သုံးပါတော့။ အဲဒီတရားတော်တွေဟာ ဗုဒ္ဓရဲ့ အဆုံးအမတွေပဲ။ ဦးပဥ္စင်း အဆုံးအမတွေထက် အဖိုးတန်ပါတယ်။

တရားပွဲချိန်ရောက်တော့ နောက်ထပ် အဆုံးအမတွေ ဟောရတာပေါ့။ အဲဒီတော့မှပဲ အဆုံးအမတွေ နာယူပါတော့။ ယခုတော့ ဤမျှနှင့်ပဲ ကျေနပ်ပါတော့။

**ကျန်းမာပါစေသော်**
**ကျန်းမာစွာနှင့်**
**တေဇဂ်–အရှင်ပညာဇောတ**

- တရားအရသာ ခံစားကာ နေတာကောင်းလှသည်၊
- တရားလိုလား မတရား ရှောင်ရှားကောင်းလှသည်။
- ဆုံးမစကား မြဲလိုလား ကျင့်အားသန်ရမည်။
- ကျင့်အားသန်က နိဗ္ဗာန ရောက်ရမကြာပြီ။

http://www.dhammadownload.com



# နိဂုံး

## ရေးစ ရေးပြီးချိန်

ဤမျှသော စကားအစဉ်ဖြင့် ရေးမြို့နယ် အစင်ရွာ မွန်စိန်တောရတွင် အပန်းဖြေအနားယူနေခိုက် ၁၃၄၀ ပြည့်နှစ် တန်ခူးလဆုတ် ၂ ရက်နေ့မှစတင်၍ ရေးသားအပ်သော ဤဗုဒ္ဓဓမ္မပြဿနာများ(၄)သည် ၁၃၄၀ ပြည့်နှစ် ကဆုန်လဆန်း ၇ ရက်နေ့တွင် ဘေးမသီ ရန်မခ အန္တရာယ်မမြှေးရှာဘဲ ပလိဗောဓိ ကြောင့်ကြမရှိ အဆုံးတိုင်ဘိ အပြီးရောက်ပါသည်။

## ကျေးဇူးဆပ်ပါ၏

ဤဗုဒ္ဓဓမ္မပြဿနာများ(၄)ကို ရေးသားရသော ကောင်းမှုများဖြင့် မိမိအပေါ်တွင် ကျေးဇူးဉပကာရ အထူးရှိကြပေကုန်သော မိဘနှစ်ပါး၊ ဆရာသမားများ၊ ရဟန်းဒကာ ရဟန်းဒကာမ

http://www.dhammadownload.com



များ၊ ပစ္စည်းလေးပါး ဒကာ ဒကာမများ၊ ဆွေမျိုးဉာတကာများ၊ မိတ်ဆွေသင်္ဂဟအများတို့အား ကျေးဇူးတုံ့ပြန်ဆပ်ပါ၏။

## အမှာစေပါ၏

ဤဗုဒ္ဓဓမ္မပြဿနာများ(၄)ကို ရေးသားရသော ကောင်းမှုကုသိုလ်၏ အဖို့ဘာဂကို 'မြင့်မိုရ်စကြဝဠာ, ပမာဆယ်စု, နှိူင်းမတုအောင်, ဗဟုပကာရ, ဂုဏ်ကြီးလှသား, မိဘနှစ်ဖြာ, မြတ်ဆရာနှင့် ရာဇသေနင်း, ရောင်းရင်းငယ်ဖော်, ဆွေတော်မျိုးစပ်, အရပ်နေစု, စတုပစ္စယာ, ဒါယကာ ဒါယိကာမ, ဂေါစရဂံ, နိယံမပြတ်, နိစ္စဗဒ်ဖြင့် ယုတ်မြတ်ကြည်ဖြူ, ပေးလှူတတ်စွာ, မြို့ရွာပတ်ကုံး, သိမ်းကြုံးလုံးစုံ, နိဂုံဇနပဒ, ဝေးနီး စသည့်၊ ရှိကြထိုထို, များလှူဗိုလ်ပါ၊ ကိုယ်ကိုစောင့်တတ်, နတ်နှင့်တကွ, ဘုမ္မ-ရုက္ခာ, အာကာသစိုး, တန်ခိုးမဟိဒ်, ပုညဖိဒ်နှင့်, ဂုဏ်ဟိတ်မြင့်မား, သိကြားသက္က, ဝါသဝနှင့်, လောကစောင့်လျှင်း, နတ်မင်းလေးဖြာ, သာတာဂိရိ, ဟေမဝတ, က္ကန္တ-စိတ္တ, စသည့်တွက်ဘွဲ့, နှစ်ဆယ့်ရှစ်ဦး, နတ်စစ်မှူးဟု, အထူးမည်ရ, အဋ္ဌဝီသ, ယက္ခမဟာ, သေနာပတိ, ထိုပြီတဆွေ, ရေပင်လယ်သွား, သူတော်များအား, စောင့်ကြွားတတ်သည့်, မဏိမေခလာ, တဖြာထိုဤ, အလိုဖြည့်တတ်, သူရဿတီ, ဒေဝီကျော်စွ, နတ်မယ်လှနှင့်, ဒသက္ကာသရ, လောကသဟာယ်, ဝန်းပတ်ရံခြံ, မဟာမြို့တို့, ပြောဟုံဆူဆူ, မိုးသူမိုးသား, မြေဘွားရေပေါက်, ထိုရွှေလောက်တိ, ထက်အောက်ဝန်းကျင်, များပုံရင်အား, အကြွင်ရှိသမျှ, မကျန်ရအောင်, စေ့ငမသွေ, "အမျှ-အမျှ-အမျှ" ဝေသည့်, ရစေငါ့နှယ် အတူတည်း။

http://www.dhammadownload.com



## ဆုတောင်းလွှာ

ဤဗုဒ္ဓဓမ္မပြဿနာများ(၄)ကို ရေးသားရသော ကောင်းမှုကုသိုလ်တို့ကြောင့် အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်တော်ကို ချမ်းသာသောအကျင့်၊ လျင်မြန်သော အသိဉာဏ်တို့ဖြင့် ထိုးထွင်းသိမြင်၍ သုံးပြင်ဘုံသား ဝေနေယျ သတ္တဝါအများကို တရားစည်ကြီး သောင်းတိုက်ဟီးအောင် ရိုက်တီးနှိုးဆော် ဟောဖော်ညွှန်ပြ၍ နိဗ္ဗာန်ထုတ်ချောက် အရောက်ပို့ဆောင် ကယ်တင်နိုင်သည့်ကိုယ် ဖြစ်ရပါလို၏။

## တောင်းပန် အိုက်တွန်းလွှာ

ဤဗုဒ္ဓဓမ္မပြဿနာ(၄)၌ တိမ်းပါးချွတ်ချော် မလျော်ကန်ရာ အဖြာဖြာတို့ အကယ်စင်စစ် သတိလစ်ကာ ပါဝင်မိကုန်ငြားအံ့၊ ယင်းတို့ကို ပညာရှိအများ အပြစ်မထားဘဲ ပယ်ရှားနိုင်ကြပါစေကုန်သတည်း။ ဗုဒ္ဓမိန့်ဟ လမ်းစဉ်ကျသည့် အပြစ်ကင်းပ လမ်းပြဒေသနာ ကျင့်စရာအဖြာဖြာတို့ကိုလည်း စိတ်မှာစွဲကာပ် သတိချပ်၍ မပြတ်ပုံသေ ကျင့်ကြံနိုင်ကြပါစေကုန်သတည်း။

**တေဒင်-အရှင်ပညာဇောတ**
ဝိသိဋ္ဌဒီဃဘာဏကနှင့် သိရီပဝရဓမ္မာစရိယ
မွန်စိန်တောရ
ရေးမြို့နယ်၊ အစင်ရွာ။